

ပေါင်နှင်းဩ
လျှို့ဝှက်နဂါးခုနစ်ဖော်
တွဲပေါင်းချုပ်
ဇာတ်လမ်းစ_ဆုံး
ဒီဇိုင်းပန်းချီ ခင်ကျော်ဝိုး

| | |
|---|---|
| | စာမူခွင့်ပြုချက်အမှတ် ၆၇၅/၉၈ (၁၂) |
| | မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၂/၉၉ (၁) |
| | ပထမအကြိမ် |
| | ၁၉၉၉-ခုနှစ်၊ ဇူလိုင် |
| တန်ဖိုး | ကျပ်နှစ်ရာတိတိ |
| အုပ်ရေ | ၅၀၀ အုပ် |
| မျက်နှာဖုံးပန်းချီ | ဝင်းကျော်စိုး |
| ကာလာခွဲ | **SUNN** |
| အတွင်းနှင့်မျက်နှာဖုံး ပုံနှိပ်သူ | ဒေါ်ခင်စန်းမြင့် (၀၅၄၄၉) ဟသ်ာ **OFFSET** အမှတ်-၁၁၊ ၁၂၅လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | မောင်နှင်းဆွေ (၀၉၈၃-မြ) ပန်းလက်ဆောင်စာပေ ၅၁၆၊ ပုလဲ (၄) လမ်း၊ (၅) ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်။ |


# မောင်နှင်းဆွေ

## [illegible]နဂါး[illegible]

( သိုင်းဘာသာပြန်အသစ်စက်စက် )

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှတိုးတက်မည်
စည်းကမ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အခန်း ( ၁ )

### သွေးနှံ့ခံဝံ့ပုလွေဖြူ။

ပင်လယ်ရေပြင် အပြာရောင်၏ သည်ဘက်တွင် ဖွေးဖွေးလှသော သဲသောင်ပြင်ကြီး ရှိနေသည်။

သည့်နောက် ကျောက်စွန်း၊ ကျောက်ဆွယ်၊ ကျောက်ဆောင်များလည်း ရှိသည်။

ညဦးလေပြည်သည် ပင်လယ်ရေမျက်နှာပြင်ပေါ်မှ ဖြတ်သန်းလာခဲ့သဖြင့် ဆားငွေ့ပါသော ရေစိမ်းနံ့များ သင်းနေလေသည်။

ညဥ့်ဦးလေပြည်က မြူးကြွစွာ တိုက်ခတ်လျက်ရှိသဖြင့် ပြာလွင်သော ပင်လယ်ရေပြင်အထက် ကောင်းကင်၌ တိမ်ဖြူစအနည်းငယ်တို့မှာ တအိအိ ရွေ့လွင့်နေကြသည်။

ကောင်းကင်အောက်ခြေဘက်မှ နှင်းမြူခိုးတို့ဖြင့် ဝေ့ဝိုက် ဆိုင်းထင်လျက်ရှိ၏၊

မဆုံးနိုင်သော ပင်လယ်ရေပြင်ကျယ်၏ မိုးကုပ်စက်ဝိုင်းအစဆီတွင် ကောင်းကင်ပြာနှင့် နီလာရောင် ပင်လယ်ရေပြင်ပြာတို့ ထိစပ်လျက် ရှိကြ၏၊

ပေါ့ဟိုင်တည်းခိုရိပ်သာ ဟု အနီရောင်စာလုံးကြီးများနှင့် ရေးထားသော အဆောက်အအုံတစ်ခု။

ကျောက်တုံးကျောက်ဆောင်ပေါ်များသော ကမ်းခြေဖြစ်သည်မို့ တည်းခိုရိပ်သာ အဆောက်အအုံကို ကျောက်တုံးကျောက်ပြားများနှင့် ဆောက်လုပ်ထားခြင်းပင် ဖြစ်သည်။

ပင်လယ်ဒီရေနှုန်းစဉ်အတက်အကျရှိသော်လည်း အဆောက်အအုံမှာ ကျောက်ဆောင်တစ်ခုပေါ်တွင်မှ တည်ရှိနေသဖြင့် ပင်လယ်ဒီရေမှ လွတ်ကင်းနေလေသည်။

တည်းခိုရိပ်သာသည် ရှေးဆန်သော အဆောက်အအုံပုံစံဖြစ်သည်။ တစ်ထပ်တည်းသာရှိသော်လည်း ကျောက်ဆောင်ပေါ်တွင် အဆောင်ရှည်ကြီး ပြုလုပ်ထားပြီး အခန်းပေါင်းများစွာ ဖွဲ့ထားသည်။

ရိပ်သာပေါ်မှ လှမ်း၍ကြည့်လျှင် ပေါ့ဟိုင်ပင်လယ်ပြင်ကြီးကို အပေါ်စီးက မြင်ရလေ၏။



ဤပင်လယ်ဆိပ်ကမ်းဝန်းကျင် တစ်ဝိုက်တွင် ပေါ့ဟိုင်တည်းခိုရိပ်သာအပြင် အခြားသော ထမင်းဆိုင်၊ စားသောက်ဆိုင်၊ အရက်ဆိုင်များ အများအပြားပင် ရှိနေသည်။ အစားအစာမျိုးစုံ၊ အရက်မျိုးစုံ၊ ကုန်ပစ္စည်းမျိုးစုံရနိုင်သည်။

ပေါ့ဟိုင် တည်းခိုရိပ်သာတွင် အခြားသော နေရာများထက် အခန်းခ သောက်နှုန်းခ ကြီးမြင့်သော်လည်း အကောင်းကြိုက်သူများကတော့ ပေါ့ဟိုင်မှာ တည်းခိုလေ့ရှိတတ်ကြ၏။

လူဝကြီး တုံစီပေ။

တည်းခိုရိပ်သာပိုင်ရှင်။

သူ့ပါးစပ်တွင် ဆေးပြင်းလိပ်တုတ်တုတ်ကြီး တစ်လိပ်ကို အမြဲတမ်းခဲထားလေ့ရှိ၏။ သူခဲထားသည့် ဆေးပြင်းလိပ်ကြီးနည်းတူ သူ့ကိုယ်လုံး ကိုယ်ထည်ကြီးမှာလည်း တုတ်တုတ်ခဲခဲကြီးပင်ဖြစ်၏။

စည်ပိုင်းကြီးတစ်လုံး ထောင်ထားသည့်အလား မှတ်ထင်ရသည်။

သူ့မျက်နှာဝိုင်းဝိုင်းစက်စက်ကြီးမှာ အပူအပင် အကြောင့်အကြကင်း၍ ပျော်ပျော်ရွှင်ရွှင် နေတတ်သည့် ဟန်ပန်မျိုးရှိသည်။

စူးရှတောက်ပြောင်သော မျက်လုံး အစုံကမူ ပါး ... မြက်ဟန်၊ သွက်လက်ဖျတ်လတ်ဟန် အသွင်များကို ... ထားကြ၏။

ပြီးနောက် အသေအချာ အကဲခတ်ကြည့်ရှုနိုင်မည်ဆိုလျှင် ယင်းမျက်လုံးများအတွင်း၌ လျှို့ဝှက်မှု တစ်စုံတစ်ရာအား ဖုံးကွယ်ထားသည်ကိုလည်း တွေ့ရှိလိမ့်မည်ဖြစ်သည်။

ပိုင်ရှင်လူဝကြီး တုံ့စီပေ။ သူအမြဲတမ်း ပျော်ပျော်ရွှင်ရွှင် နေတတ်လေ့ရှိသော်လည်း ယနေ့နံနက်တွင်မူ မျက်နှာထားက တည်ကြည်ငြိမ်သက်နေသည်။

လူဝကြီးမျက်လုံးများက ပင်လယ်ဆိပ်ကမ်းတွင် ရပ်ထားသော ရွက်သင်္ဘောကြီးတစ်စင်းကိုသာ ပြတင်းပေါက်မှလှမ်းကြည့်အကဲခတ်နေလေသည်။ ၎င်းသင်္ဘောကြီး၏ ရွက်ကြီးများပေါ်၌ ဝံပုလွေရုပ်ကြီးများ ရေးဆွဲထားပေသည်။

'ပိုင်လန်း' ဟူသော အနီရောင် စာလုံးကြီးများကိုလည်း သင်္ဘောဦးပိုင်း၌ ရေးထားသည်။

အဓိပ္ပာယ်မှာ 'ဝံပုလွေဖြူ' ဟူ၍ဖြစ်၏။

'ပိုင်လန်း....ပိုင်လန်း....ပိုင်လန်း'

'ဝံပုလွေဖြူ...ဝံပုလွေဖြူ...ဝံပုလွေဖြူ'

လူဝကြီးသည် ရွက်သင်္ဘောကြီး၏ အမည်ကို နှုတ်မှတီးတိုး ရွတ်ဆိုပြီး အခန်းထဲမှ ထွက်လာခဲ့၏။ ရိပ်သာဧည့်ခန်းထဲသို့ ရောက်လာလျှင် နံနက်ခင်း စားသောက်နေသူ ဆယ်ဦးခန့်ကို တွေ့ရသည်။ ဧည့်သည်များကို ဧည့်ကြိုလုလင်များက ပြုစုလျက်ရှိကြ၏။

လူဝကြီးသည် ငွေသိမ်းစားပွဲ နောက်မှ သူထိုင်နေကျ ကုလားထိုင်ကြီးပေါ်တွင် ထိုင်နေလိုက်၏။ မီးခဲသနေသော



ဆေးပြင်းလိပ်ကြီးကို မီးညှိလိုက်ပြီးလျှင် အငွေ့များ အူအူထွက်လာအောင် ဖွာနေလေသည်။

တည်းခိုရိပ်သာ အဝင်ဝတံခါးဝမှာ အေးမြသောပင်လယ်လေစိမ်းတို့ဝင်မလာအောင် အထဲမှ ချက်ထိုးထားရ၏။

အပြင်ဘက်မှ ဧည့်သည်ရောက်လာလျှင် လူခေါ် ခေါင်းလောင်းကြိုးကို ဆွဲလိမ့်မည်။ ထိုအခါ ခေါင်းလောင်းသံကြားရမည်။ သူက တံခါးကိုသွား၍ဖွင့်ပေးရန် စီစဉ်ထားလေသည်။

ပိုင်ရှင်လူဝကြီးသည် ထိုအဝင်တံခါးကို မျက်နှာမူ၍ ထိုင်နေခြင်းပင်ဖြစ်၏။

မိမိမျက်နှာမူထားသော တံခါးမှ အန္တရာယ်တစ်ခုခု ဝင်ရောက်လာလေမည်လား။ ဤယနေ့နံနက်တွင် လူဝကြီးသည် အလိုလိုနေရင်း စိတ်လေးနေသည်။

'ပိုင်လန်း....ပိုင်လန်း....ပိုင်လန်း'

လူဝကြီး၏စိတ်တွင်းမှ တီးတိုးရေရွတ်နေမိသဲ့၊ ဤပိုင်လန်းသင်္ဘောကြီးသည် လွန်ခဲ့သော ညဉ့်သန်းခေါင်ခန့်က ကမ်းခြေသို့ ဆိုက်ကပ်လာခဲ့၏။

ဝံပုလွေဖြူ—

လက်နက်ကိုင် လူဆိုးဂိုဏ်းကြီးတစ်ဂိုဏ်း၏ လျှို့ဝှက်အမည်ပင်။ လူဆိုးခေါင်းဆောင်ကြီး ဟန်ဆုကျွမ်းကိုယ်တိုင်သင်္ဘောပေါ်၌ ပါလာသည်ဟု သတင်းရရှိထားသည်။

တံခါးဝ၌ တပ်ဆင်ထားသော ခေါင်းလောင်းမှ အသံမြည်သံများ ပေါ်ထွက်လာ၏။ အပြင်ဘက်တွင် ဧည့်သည်

ရောက်လာကြောင်း သိလိုက်ရ၏။ တံခါးစောင့် ချိန်တုရှူးက သူ့တာဝန်ကို ထမ်းဆောင်ရန် ဟန်ပြင်လိုက်၏။

လူဝကြီး တုံစီပေက ခဏစောင့်ကြည့် အကဲခတ်ရန် ချိန်တုရှူးကို လက်ဟန်ခြေဟန် လုပ်ပြလိုက်သည်။

ချိန်တုရှူး တံခါးဖွင့်မပေးသေးချေ၊

စေတ္တစောင့်ကြည့်နေသည်။

အပြင်ဘက်မှ ဖိနပ်သံ၊ စကားပြောသံများကို ကြားနေရ၏။ အနည်းဆုံး လူဆယ်ယောက်ခန့် ရှိလိမ့်မည်။

အပြင်ဘက်မှ မေါင်းလောင်းကြိုးကို ထပ်ဆွဲလိုက်ပြန်၏။ သည်တစ်ခါ စိတ်ရှည်လက်ရှည် ဆွဲလိုက်ခြင်းမဟုတ်၊ ခပ်ကြမ်းကြမ်း ဆောင့်ဆွဲလှုပ်ယမ်းလိုက်ပုံရ၏။

ကျယ်လောင်သော ခေါင်းလောင်းမြည်သံများက ထွက်ပေါ်လာသည်။

လူဝကြီး တုံစိပေက တံခါးကိုဖွင့်ပေးလိုက်ရန် ချိန်တုရှူးကို လက်ရိပ်ပြလိုက်၏။

မကြာမီ တံခါးပွင့်သွားလေသည်၊

တံခါးပေါက်မှ ဝင်လာသည့်လူကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် လူဝကြီး၏ မျက်လုံးများက စူးရှတောက်ပသွားလေသည်။

ဝင်လာသူသည် ဆိုင်ရှင်လူဝကြီးနှင့် မျက်နှာချင်းဆိုင် တည့်တည့်တွင် ရပ်လိုက်၏၊

ထိုလူ၏မျက်နှာထား တင်းမာမှိုင်းမှုန်လွန်းလှသည်။



ကျောက်ရုပ်မျက်နှာ၊ လူသေမျက်နှာမျိုး ဖြူဖပ်ဖြူရော်နှင့်။ သေးငယ်စူးရှသော သူ့မျက်လုံးများက လူဝကြီးကို တည့်တည့်မတ်မတ် စိုက်ကြည့်နေသည်။

ထိုသူ၏နောက်တွင် လူဆယ့်ငါးယောက် ပါလာ၏၊

သူတို့၏ရင်ဘတ်တွင် 'ပိုင်လန်း' ရေးထားသော သုံးမြှောင့်ရင်ထိုးတံဆိပ်များ တပ်ဆင်ထားကြ၏။

စာလုံး၏အောက်တွင် အဖြူရောင် ဝံပုလွေရုပ်များကို မြင်ရသည်။

ပိုင်လန်းဝံပုလွေဖြူများ ရောက်လာခဲ့ချေပြီ။

သူတို့ လက်နက်မျိုးစုံ ကိုင်ဆောင်ထားကြ၏။ အညိုရောင်ဝတ်စုံများကို အားလုံး ဆင်မြန်းထားကြပြီး ပိုင်လန်းအဖွဲ့တံဆိပ်ခတ်နှိပ်ထားသော သံဦးထုပ်များကို ဆောင်းထားကြလေသည်။

သူတို့အားလုံး ကျန်းမာရေးကောင်း၍ သန်မာထွားကျိုင်းသူများချည်းသာ ဖြစ်ကြ၏၊

ဦးဆောင်ဝင်လာသူ၏ မျက်နှာ၌ သန့်စွမ်းမည်းနက်သော မုတ်ဆိတ်မွေးကြီးများ ထူထပ်သိပ်သည်းစွာ ပေါက်လျက်ရှိ၏၊

'သူဟာ ခါးဝိဇ္ဇာ လီအန်ချူ'

လူဝကြီး တုံစီပေက မြင်လျှင်မြင်ချင်းပင် အတပ်သိလိုက်၏။ လီအန်ချူကား ပိုင်လန်း လူဆိုးဂိုဏ်းတွင် ဂိုဏ်းချုပ်မဟုတ်သော်လည်း အထူးအရေးပါသူ ဖြစ်လေသည်။

ရက်စက်သည့်နေရာတွင် နှစ်ယောက်မရှိ။ ယုတ်မာသည့်နေရာတွင် ဆာမ်းကုန်သည်။

ပေါ့ဟိုင်ပင်လယ်၊ ပင်လယ်ဝါ၊ အာရှတရုတ်ပြည်ပင်လယ်နှင့် တောင်တရုတ်ပင်လယ်တို့တွင် လှည့်ပတ်ကျက်စားနေသည့် ပင်လယ်ဓားပြ သိုင်းသမားတစ်ယောက်ပင် ဖြစ်သည်။

'ခင်ဗျားဟာ ဒီတည်းခိုခန်းပိုင်ရှင်လား'

'ဟုတ်...ဟုတ်ပါတယ်'

'နာမည်ပြောစမ်း၊ ဘယ်သူလဲ'

'တုံစီပေပါခင်ဗျာ'

ဓားပိဇ္ဇာ လီအန်ချူ၏မျက်နှာမှာ အေးစက် တင်းမာလှ၏၊ သူက ခြောက်ကပ်ကပ်အသံနှင့် ရယ်မောလိုက်သည်။ သူနှင့်ပါလာသူများက လူကြီးကို ဝန်းရံသားလိုက်ကြသည်။

'ခင်ဗျား ကျုပ်မေးတာ မှန်မှန်ဖြေရမယ်'

'ဟုတ်ကဲ့...မေးပါခင်ဗျာ'

'ဒီမှာ ဧည့်သည် ဘယ်နှစ်ယောက် တည်းခိုနေသလဲ'

'၃၆ ယောက် ရှိပါတယ်'

'သွား...အဲဒီလူတွေကို အကုန်လုံး ဒီအခန်းထဲခေါ်လာခဲ့'

'ဟုတ်...ဟုတ်ကဲ့'

ဆိုင်ရှင်လူကြီးသည် လွန်စွာ ကြောက်ရွံ့ ကျိုးနွံသော အမူအရာဖြင့် ဓားပိဇ္ဇာရှေ့မှ ထွက်ခွာသွား၏။

မကြာမီ လူများက အခန်းထဲသို့ တဖွဲဖွဲ ရောက်ရှိလာသည်။ နောက်ဆုံးရောက်လာသည့်အဖွဲ့နှင့်အတူ လူကြီးလည်း ပြန်ပါလာ၏၊ စုစုပေါင်း ၃၆ ယောက်တိတိပင် ဖြစ်သည်။

'အားလုံး ဒီနေရာမှာ တန်းစီရပ်နေကြ'



ဟု ဓားပိဇ္ဇာက အမိန့်ပေးလိုက်၏။ ရောက်လာသူများသည် အတန်းသုံးတန်း စီလိုက်ကြသည်။ တစ်တန်းလျှင် ၁၂ ယောက်စီ ဖြစ်သည်။

'ကွမ်ချီရှီ ဒီကိုလာစမ်း၊ သူတို့အထဲမှာပါသလား၊ သေသေချာချာ လိုက်ကြည့်စမ်း'

ဟု လီအန်ချူကဆိုလိုက်လျှင် ဝံပုလွေဖြူအဖွဲ့သား တစ်ဦးက ရှေ့သို့ ထွက်လာ၏။ ထိုသူ၏မျက်နှာကိုမြင်ရလျှင် လူကြီး တုံစီပေသည် မသိမသာ မျက်စိမျက်နှာ ပျက်သွားရသည်။

ကွမ်ချီရှီ။ သေးညှက်ပုကွသော ကိုယ်ခန္ဓာရှိ၏။ မျက်နှာက စုတ်ချွန်းချွန်း၊ မေးစေ့ပေါ်တွင်ထူထပ်သိပ်သည်းစွာ ပေါက်နေသော မုတ်ဆိတ်မွေး တိုတိုလေးများ ထားရှိ၏။

လူက သေးသက်ပုကွသလောက် လေးလံလှသော စကြာ ဓားဝိုင်းနှစ်လက်ကို ကိုင်ဆောင်ထား၏။ ဘယ်တစ်လက် ညာတစ်လက်။ စူးရှစွာ ဝင်းလက်တောက်ပလျက်ရှိကြသည်။

ကွမ်ချီရှီကား ယခင်က 'စန်မင်ချူအိ' (လမ်းစဉ်သုံးရပ်) အဖွဲ့ကြီးတွင် တာဝန်ထမ်းဆောင်ဖူးသည့် အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ လွန်ခဲ့သော သုံးနှစ်ကနဦး သူသည် စန်မင်ချူအိ အဖွဲ့ကြီးကို သစ္စာဖောက်၍ ဗိုင်လန်း (ဝံပုလွေဖြူ) အဖွဲ့ကြီး ထဲသို့ ကူးပြောင်း ဝင်ရောက်သွားခဲ့သူ ဖြစ်သည်။

ကွမ်ချီရှီသည် တန်းစီ၍ ရပ်ပေးထားသော လူတစ်ဦးချင်း စီကို လိုက်လံစစ်ဆေး ကြည့်ရှုနေလေတော့၏။

'ခင်ဗျားတို့မျက်နှာမှာ မျက်နှာဖုံးတွေတပ်ထားရင် အခု ကတည်းက ခွာပေးထားနော်၊ နောက်ကျမှ ဒီကိစ္စ ပေါ်လာရင် ခင်ဗျားတို့ ပြင်းပြင်းထန်ထန် အပြစ်ပေးခံရမယ်'

ဓားဝိဇ္ဇာလီအန်ချူက ကျယ်လောင်စွာ သတိပေးနေခိုက် လမ်းစဉ်သုံးရပ် အဖွဲ့ကြီးမှ သစ္စာဖောက်၍ ထွက်ပြေးသွားခဲ့ပြီးလျှင် ယခုအခါ ဝံပုလွေဖြူ အဖွဲ့ဝင်တစ်ဦး ဖြစ်နေပြီဖြစ်သော ကွမ်ချီရှိက လူတစ်ဦးချင်းစီကို စေ့စေ့စပ်စပ် လိုက်လံစစ်ဆေး ကြည့်ရှုနေလေသည်။

လူအားလုံးကို စစ်ဆေးကြည့်ရှု ပြီးသွား၏၊ သို့သော် မသင်္ကာဖွယ်ရာ တစ်စုံတစ်ဦးကိုမျှ မတွေ့ရဘဲရှိသဖြင့် ကွမ်ချီရှိသည် စိတ်ပျက်လက်ပျက် ဖြစ်သွား၏၊

'ဘယ့်နှယ်လဲကွ…မတွေ့ဘူးလား'

'မတွေ့ပါဘူးဆရာ၊ သူတို့အထဲမှာ မပါဘူး'

'မဖြစ်နိုင်ဘူး၊ မနေ့ညကတင်ပဲ ဒီတည်းခိုရိပ်သာကို ဟောတက် လွင်ပြင်က ဧည့်သည်သုံးဦး ရောက်လာသတဲ့၊ အဲဒီသုံးဦးဟာ ဘယ်မှာလဲ၊ ဘယ်ကိုရောက်သွားသလဲကွ…ဟေ'

ဓားဝိဇ္ဇာဟာ ဆိုင်ရှင်လူဝကြီး တံစီးပကို စူးစူးစိုက်စိုက် ကြည့်၍ မေးလိုက်၏။ သူ့မျက်လုံးများဟာ မီးလျှံများ ပန်းထွက်နေသည့်ပမာ ဒေါသကြောင့် နီရဲလျက်ရှိ၏၊ မျက်နှာထားကြီးကလည်း ကြောက်မက်ဖွယ်ရာ အေးစက်ထင်းမာ နေပေသည်။



'တင်…ဝက်ပုတ်ကြီး၊ ခင်ဗျားကိုကျုပ်မေးနေတယ်၊ ညတုန်းက ရောက်လာတဲ့ ဟောတက်လွင်ပြင်က ဧည့်သည် သုံးယောက် ဘယ်မှာလဲ၊ ခင်ဗျား ဘယ်မှာဝှက်ထားသလဲ'

'ညတုန်းက ဘယ်ဧည့်သည်မှ ရောက်မလာပါဘူး၊ မယုံရင် ဒီဧည့်သည်လက်ခံစာအုပ်ထဲမှာ ကြည့်နိုင်ပါတယ်ခင်ဗျာ'

လူဝကြီးက ဧည့်လက်ခံ စာအုပ်ကြီးကို တလေးတစား အမူအရာနှင့် ဓားဝိဇ္ဇာကို ကမ်းပေးလိုက်သည်။ ဓားဝိဇ္ဇာသည် စာအုပ်ကြီးကို ဒေါသကြီးစွာ ဆုပ်ဖြဲပစ်လိုက်ပြီးလျှင်—

'ခင်ဗျား ကျုပ်တို့ လိမ်ဦး'

'ဗုန်း'
'အား'
'ဂွတ်'
'အိ'
'ဗုတ်'

'အမယ်လေး'

ကြီးမားသော လက်သီးကြီးများက လူဝကြီး၏ ခန္ဓာကိုယ် အနှံ့အပြားသို့ အရှိန်ပြင်းစွာ အဆက်မပြတ် ကျရောက်သွား၏။ ကြီးမားဝဖိုင့်သော လူဝကြီးသည် ဒယီးဒယိုင် လဲကျသွားလေသည်။

'အဲဒါ ခင်ဗျား ကျုပ်ကို လိမ်ဦး'

'အား'

ခြေထောက်နှင့် အကန်ခံလိုက်ရသဖြင့် လူဝကြီးသည် အဝတ်ထုပ်ကြီးတစ်ခုပမာ လွင့်ထွက်သွားရပြန်၏။ လူဝကြီး၏ ပါးစပ်မှ သွေးများ စတင်စီးကျလေတော့သည်။

'ညက ဘယ်သူမှမလာပါဘူး....ယုံပါခင်ဗျာ'

'ခင်ဗျား ခုထိလိမ်နေတုန်းပဲ၊ ကျုပ်တိတိကျကျ သတင်းရထားလို့ လာခဲ့တာ၊ ဒီလူသုံးယောက်အနက် အရပ်ပုပုနဲ့လူက ချွန်စိုးလင်းလို့ခေါ်တယ်၊ ဟို မုတ်ဆိတ်နဲ့ ထောင်ထောင်မောင်းမောင်းလူက ယွမ်လို့ခေါ်တယ်၊ ဟို ဝတ်စုံဖြူနဲ့ရောက်လာတဲ့ မိန်းမချောလေးနာမည်က မီစီတဲ့၊ ကဲ....ခင်ဗျား ကျုပ်ကို ဘာပြောဦးမလဲ'

ဓားဝိဇ္ဇာက တိတိကျကျပြောဆိုလိုက်လျှင် လူဝကြီး ထုံစိပေသည် အလွန်အခင်း တုန်လှုပ်ချောက်ချားသွားရ၏။

မိမိ၏တည်းခိုရိပ်သာသို့ ညက ဧည့်သည်သုံးဦးရောက်လာသည်ကို အပြင်လူများလုံးဝမသိ၊

သူတို့ အထူးလျှို့ဝှက်စွာ ရောက်လာခဲ့ကြခြင်းပင်။

မိမိ၏လက်အောက်တွင် အလုပ်လုပ်နေကြသူ အားလုံး ဆယ့်သုံးယောက်တိတိ ရှိသည်။

သူတို့အထဲတွင် တစ်စုံတစ်ယောက်သည် သတင်းပေးဖြစ်နေသည်မှာ ထင်ရှားလှသည်။

'ကဲ...ခင်ဗျား အသက်နဲ့ကိုယ် အိုးစားမကွဲချင်ရင် ပြောပြပေတော့၊ ညကရောက်လာတဲ့လူသုံးယောက် ဘယ်မှာလဲ'

ဓားဝိဇ္ဇာလီအန်ချူက မေးလိုက်ပြန်၏၊

လူဝကြီးက —



'ကျုပ်ကိုမေးမနေနဲ့၊ ခင်ဗျားတို့လိုချင်တဲ့အဖြေ ကျုပ်ဆီက ဘယ်တော့မှရနိုင်ဘူး'

'ကောင်းပြီ....ခင်ဗျားကပဲ ခေါင်းမာနိုင်သလား၊ ကျုပ်ကပဲ ခင်ဗျားဗိုက်ထဲက စကားတွေထွက်လာအောင် လုပ်နိုင်မလားဆိုတာ ကြည့်ကြသေးတာပေါ့'

ဓားဝိဇ္ဇာက လူဝကြီးအားချုပ်နှောင်ထားရန် သူ့နောက်လိုက်များကို အမိန့်ပေးလိုက်သည်။

သူကိုယ်တိုင်ကမူ အခန်းလယ်မှာရှိသော မီးလင်းဖိုကြီးရှိရာသို့ လျှောက်သွားသည်။

သူ့တောင်းဘီအိတ်ထဲမှ ကွမ်းသီးလုံးသာသာအရွယ်ခန့်ရှိသော သံလုံးတစ်လုံးကို မီးဖိုထဲသို့ပစ်ထည့်သည်။

ထိုသံလုံးနီရဲလာသောအခါ မီးဖိုဘေးတွင် အဆင်သင့်ရှိသော ညှပ်နှင့် သံလုံးကိုညှပ်ယူလိုက်သည်။

'ဟေ့....ဝက်ပုပ်ကြီးရဲ့ပါးစပ်ကို ဖြဲထားကြစမ်း၊ သူက သံလုံးမီးခဲကိုမျိုပြီးမှ ငါမေးတာကိုဖြေမှာကွ၊ ဟဲ....ဟဲ....ဟဲ....'

အလွန်ကောက်ကျစ်ယုတ်မာသောအစီအစဉ် ဖြစ်၏။

ဓားဝိဇ္ဇာ၏ နောက်လိုက်များက လူဝကြီး မလှုပ်နိုင်အောင် ချုပ်ကိုင်ထားကြသည်။

လူနှစ်ယောက်ကလည်း လူဝကြီး၏ပါးစပ်ကို အတင်းဖြဲပေးထားသည်။

'ဟေ့....ဝက်ပေါကြီး၊ ကျုပ်မေးတာကိုဖြေတော့မလား၊ ညကလာတဲ့လူသုံးယောက် ဘယ်မှာလဲ၊ မြန်မြန်ပြောဗျို့....'

မပြောလို့ရှိရင်တော့ ဒီသံလုံးကို ခင်ဗျားဗိုက်ထဲကိုရောက်သွားအောင် လုပ်ပေးဖို့ ကျုပ်မှာ တာဝန်ရှိသဗျနော်'

ဆိုင်ရှင်လူကြီးကား ခေါင်းမာလှ၏။

တစ်လုံးတစ်ပါဒမျှပြန်မပြောဘဲ ဓားဝိဇ္ဇာကိုသာ စူးစူးစိုက်စိုက် ကြည့်နေလိုက်သည်။

ဓားဝိဇ္ဇာလီအန်ချူသည် မီးဖုတ်ထားသောသံလုံးကို လူကြီး၏ ပါးစပ်ထဲသို့ ထိုးသွင်းတော့မည်ဟု ဟန်ပြင်လိုက်သည်။

ထိုစဉ် မျက်နှာကြက်ပေါ်၌ အပေါက်သုံးပေါက်ဖြစ်သွားသည်။

အပေါက်တစ်ခုဆီမှ လူတစ်ဦးစီ ခုန် ဆင်း လာ ကြသည်။

တစ်ယောက်ကား ဂင်တိုတို့ပုကွကွ။

နောက်တစ်ယောက်က ထောင်ထောင် မောင်းမောင်း မုတ်ဆိတ်နှင့်။

နောက်တစ်ယောက်ကား မြင်းစီးကိုယ်ကျပ်ဝတ်စုံဖြူ ဝတ်ဆင်ထားသော မိန်းမလှမိန်းမချောလေးတစ်ဦးပင် ဖြစ်သည်။

'မိတ်ဆွေကြီး လီအန်ချူ—ကျုပ်နာမည်က ချန်စိုးလင်းပါ'

'ကျုပ်က ယွမ်ပါခင်ဗျာ'

'ကျွန်မကတော့ ရှင် သိပ်တွေ့ချင်နေပါတယ်ဆိုတဲ့ မင်စီပါတဲ့ ရှင်'



နောက်ဆုံးစကားဆိုလိုက်သူ မိန်းမချောလေး နောက်ကျော၌ သားရေနွယ်ကြိုးဖြင့်ဆိုင်းထားသော ရှည်မျှောမျှော ပုံသဏ္ဌာန်ရှိသည့် အနီရောင်သေတ္တာငယ်တစ်လုံးကို လွယ်ပိုးထား၏။

၎င်းသေတ္တာပေါ်၌ 'ပိုင်လန်း၏ထိပ်တန်း လျို့ဝှက်ချက်များ' ဟူ၍ အနက်ရောင်စာလုံးများနှင့် ရေးသားထားသည်ကို တွေ့ရလေသည်။

ဓားဝိဇ္ဇာလီအန်ချူသည် ထိုအနီရောင်သေတ္တာကိုမြင်သည်နှင့် မျက်လုံးများစူးရှဝင်းလက် တောက်ပ သွားလေသည်။

သူက ဝတ်စုံဖြူရှင်မိန်းမချောလေး မင်စီရှိရာသို့ပြေးသွားမည်အပြု....

'မသွားနဲ့'

ဟု အော်သံနှင့်အတူ လက်သီးကြီးတစ်လုံးက လီအန်ချူ၏ နားထင်တည့်တည့်သို့ အရှိန်ပြင်းစွာ တိုးဝင်လာလေသည်။

တည်းခိုရိပ်သာပိုင်ရှင်လူကြီး၏ လက်ချက်ပင်ဖြစ်သည်။

လှုပ်ရှားမှု၏လျင်မြန်ခြင်း မသင်မှတ်ချိန်တွင် အလစ်အငိုက် ခံလိုက်ရခြင်းကြောင့် ဓားဝိဇ္ဇာလီအန်ချူမှာ မရှောင်နိုင်။

နားထင်အား မောင်းဆုံကြီးတင်ခုနှင့် အထိုးခံလိုက်ရသကဲ့သို့ မချိမဆံ့ ပုံသဏ္ဌာန်ဖြင့် လွင့်ထွက်သွား ရလေသည်။

အထယ်၍သာ ထိုနေရာတွင် သာမန်လူသားတစ်ဦး ဖြစ်ခဲ့လျှင် တစ်ချက်တည်းနှင့်ပင် ပုံလျက်သားလဲကျသွားလိမ့်မည် ဖြစ်၏။

လီအန်ချူမှာအား အဆင့်မြင့် သိုင်းသမား ဖြစ်နေသည့်အတွက် နားထင်၌ပူထူသွားရုံသာ ခံစားလိုက်ရ၏။

ယင်းသည့်နောက်မှာတော့ ပေါ့ဟိုင်တည်းခိုခန်းအတွင်း၌ ကြောက်ခမန်းလိလိ တိုက်ပွဲကြီးတစ်ပွဲ စတင် ဖြစ်ပွားလေတော့၏။

အခန်းကြီးတစ်ခုလုံး ဝုန်းဒိုင်းကျဲမျှ ဆူညံနေလေတော့သည်။

တည်းခိုခန်းပိုင်ရှင် လူဝကြီးထုံစီပေသည် အမှန်အားဖြင့် ထိပ်တန်းသိုင်းသမားကြီး ဖြစ်နေလေသည်။

သူသည် ညကရောက်လာသည့် ညီသည်သုံးဦးဘက်မှ ပါဝင်တိုက်ခိုက်လျက် ရှိသည်။

ဓားဝိဇ္ဇာ လီအန်ချူ ဦးဆောင်လာသည့် ပိုင်လန်းလူဆိုးများအားလုံး အဆင့်မြင့်ဓားဝိဇ္ဇာချည်းများသာ ဖြစ်နေကြသည်၊

သူတို့၏တိုက်ကွက်များကား ဆန်းကြယ်သည်နှင့် အမျှ ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။

ပိုင်လန်းလူဆိုးများက စုစုပေါင်း ဆယ့်ခြောက်ယောက်၊ လူကြီး ထုံစီပေတို့အဖွဲ့က လေးယောက်။

ရန်သူတို့က မိမိတို့ထက် အင်အား လေးဆ များသည်ကို လူဝကြီး သတိပြုမိလိုက်သည်။



ထို့အပြင် ပိုင်လန်းလူဆိုးများသည် ဝတ်စုံဖြူရှင် မင်စီ၏ ကျောဘက်၌ လွယ်ပိုးထားသော ဧထုပ်နီကို သဲသဲမဲမဲ ရယူရန် ကြိုးပမ်းနေမှန်းကိုလည်း သိလိုက်ရ၏။

လူပုကုချန်စိုးလင်းနှင့် မုတ်ဆိတ်ယွမ်တို့သည် မိန်းမချောလေး မင်စီ၏အပေါ်မှခွာမထွက်ကြဘဲ သူမ၏အသက်လုံခြုံရေးအတွက် ပြင်းထန်စွာခုခံ၍ ကာကွယ်ပေးနေကြသည်။

ရန်သူအများစုကလည်း မင်စီကိုသာ သဲသဲမဲမဲ ဝိုင်းရံတိုက်ခိုက်လျက်ရှိလေသည်၊

အစွမ်းထက်မြက်သူများ အချင်းချင်း ဖြစ်ပွားလျက်ရှိသော တိုက်ပွဲမို့ ပညာသားမျိုးစုံကိုသုံး၍ တိုက်ခိုက်နေကြခြင်းပင် ဖြစ်၏၊

ရက်စက်ကောက်ကျစ် ပါးနပ်သော သိုင်းသမားများချည်းဖြစ်ရာ တိုက်ပွဲမှာ ကြောက်ခမန်းလိလိ ပြင်းထန်နေလေသည်။

ပညာသားပါစွာ ကောက်ကျစ်စဉ်းလဲစွာ ရက်စက် ကြမ်းကြုတ်စွာ တိုက်ခိုက်နေကြခြင်းပင် ဖြစ်သည်။

မိန်းမချောလေး မင်စီနှင့် အဖွဲ့ဝင်သုံးဦးမှာ ထိပ်တန်း ဓားဝိဇ္ဇာများ ဖြစ်ကြလေသည်။

ပိုင်လန်းအဖွဲ့ဝင်တို့မှာ တစ်ဦးပြီးတစ်ဦး အသက်နှင့်ခန္ဓာကိုယ် အိုးစားကွဲနေကြရသည်။

ပေါ့ဟိုင် တည်းခိုရိပ်သာပိုင်ရှင် လူဝကြီး ထုံစီပေမှာလည်း ကျဆုံးသွားခဲ့ရရှာသည်။

နေ့ခင်းဆုံး....

ဓားဝိဇ္ဇာ လီအန်ချူ ဘက်တွင်အသက်ရှင်နေရစ်သူ နောက်လိုက်နှစ်ဦးသာ ကျန်တော့၏။

မိန်းမချောလေး မင်စီ ဘက်၌မူ မုတ်ဆိတ်ယွှမ်တစ်ဦး တည်းသာကျန်သည်။

မင်စီနှင့် မုတ်ဆိတ်ယွှမ်တို့မှာ ဒဏ်ရာကိုယ်စီရနေကြပြီဖြစ်သည်။

သူတို့၏ ကိုယ်ခန္ဓာနှင့် အင်္ကျီအဝတ်အစားများတွင် သွေးများ ပေကျံစွန်းထင်းနေလေသည်။

'မင်စီ...နင်အသေမခံနဲ့၊ နင့်မှာရှိနေတဲ့ ကျွဲသည်းဟာ သိပ်အရေးကြီးတယ်၊ နင့်အသက်သက် အရေးကြီးတယ်'

မုတ်ဆိတ်ယွှမ်က မင်စီကို ပြောလိုက်၏။ မင်စီမှာလည်း အားအင်းပါးလှသည်။

မုတ်ဆိတ်ယွှမ်၏ ဆိုလိုချက်ကို ကောင်းစွာသဘောပေါက်လိုက်သည်။

သူမ၏ကျောပြင်ပေါ်၌ ပိုးထားသော သေတ္တာနီလေးမှာ လူအသက်ပေါင်းများစွာထက် တန်ဖိုးကြီးလှ၏။ မိမိတို့ သုံးဦး ဤသေတ္တာနီကို ရရှိဖို့အတွက် အမျိုးမျိုးအဖုံဖုံ ကြိုးပမ်းခဲ့ရသည်။

အသက်ကို အကြိမ်ကြိမ် စွန့်၍စွန့်စားခဲ့ရသည်။

ဤသေတ္တာနီအတွင်း၌ အဖိုးမဖြတ်နိုင်သော စာချွန်စာတမ်းများ ပါရှိပါသည်။



ထိုစာချွန်စာတမ်းများ၌ အမျိုးသားတိုင်းပြည်ကြီးတစ်ခုလုံးအတွက် သေရေးရှင်ရေး ပြဿနာများ ပါဝင်နေလေသည်။

ဤသေတ္တာနီကို စန်မင်ချူအဖို့ လမ်းစဉ်သုံးရပ် အဖွဲ့ကြီး ရှိရာသို့ သယ်ဆောင်ပို့ပေးရဦးမည်။

ဤစာချွန်စာတမ်းများ စန်မင်ချူအဖို့ အဖွဲ့ချုပ်ကြီးသို့ မရောက်မီ မိမိသေသွား၍ မဖြစ်သေး။

ဤသို့ မိန်းမချောလေးမင်စီ နက်နက်နဲနဲ သုံးသပ်လိုက်မိ၏။

သူမ သုံးသပ်မိသလို သူမနှင့် လုပ်ဖော်ကိုင်ဖက် သေဖော်သေဖက် မုတ်ဆိတ်ယွှမ်ကလည်း သုံးသပ်မိပုံရသည်။

သို့သော်....

သူမအနေနှင့် ကိုယ်လွတ်ရုန်းထွက်သွားရန် ဝန်လေး တွန့်ဆုတ်နေမိသည်။

မုတ်ဆိတ်ယွှမ်တစ်ယောက်တည်း ထားရစ်ခဲ့လျှင် သေမင်းရှေ့မှာ စွန့်ပစ်ထားခဲ့ခြင်းနှင့် တူနေပေလိမ့်မည်။

ဤသို့ မင်စီ ချီတုံချတုံ ရှိနေခိုက်....

'မင်စီ....ဘာလုပ်နေတာလဲ'

ကြောက်မက်ဖွယ်ကောင်းလှသော မုတ်ဆိတ်ယွှမ်၏ အသံကြီးက ပေါ်ထွက်လာသည်။

ထိုအခါကျမှပင်....

မင်စီ ဆုံးဖြတ်ချက်တစ်ရပ်ကို အခိုင်အမာ ချလိုက်တော့သည်။

'ဟေး—ဟား—ဟား....ဟား'

မင်းစီသည် သူမအား ရစ်ဆိုင်းနေသော ခေါသမားအား နတ်သမီးခုနစ်ဖော် ခေါကွက်နှင့် ခြောက်လှန့်ပြီးနောက်— ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ခုန်ထွက်လိုက်လေသည်။

သူမ၏ ခုန်ပျံလှုပ်ရှားဟန်မှာ ပျံလွှားငှက်မလေးပမာ ပေါ့ပါးလှသည်။

'အား'

မင်းစီခုန်ထွက်သွားသော ပြတင်းပေါက်သို့ ပြေးကပ်လိုက်သည့် ပိုင်လန်းခေါသမား။

မုတ်ဆိတ်ယွှမ်၏ ထိုသူကို အချိန်မီတားဆီးထားလိုက်နိုင်သည်။

ထိုသူသည် ပြတင်းပေါက်ဝ၌ပင် ပုံလျက်သား လဲကျသွားသည်။

ခေါဝိဇ္ဇာ လီအန်ချူနှင့် နောက်လိုက်လူဆိုးတစ်ဦးတည်းသာ ကျန်တော့၏။

ခေါဝိဇ္ဇာလီအန်ချူကား နာမည်နှင့်လိုက်အောင်ပင် ခေါသိုင်းကျွမ်းကျင်လှသည်။

မိမိအနေနှင့် လီအန်ချူကို အနိုင်ရလိမ့်မည်မဟုတ်၊ မုတ်ဆိတ်ယွှမ် သဘောပေါက်လာသည်၊

ခေါဝိဇ္ဇာ လီအန်ချူနှင့် သူ့နောက်လိုက်။



မိမိကို သုတ်သင်ပစ်ရေးထက် ထွက်ပြေးလွတ်မြောက်သွားသော မင်းစီနောက်သို့ ထက်ကြပ်မကွာလိုက်ရန်ကို သာ၍ဘာဒရူ နေကြ၏၊

ဤအချက်ကိုလည်း နားလည်နေမိ၏၊

မုတ်ဆိတ်ယွှမ်သည် လီအန်ချူနှင့်သူ့နောက်လိုက်ကို မင်းစီ နောက်သို့လိုက်ရန် အခွင့်အလမ်း လုံးဝမပေး၊ မင်းစီ လွတ်မြောက်သွားနိုင်သည့် အချိန်ကာလအထိ သူတို့ကို ဆွဲငင်ထိန်းသိမ်းဟန့်တားရန် ကြိုးပမ်းနေခဲ့လေသည်။

မုတ်ဆိတ်ယွှမ်မှာ ခေါဒဏ်ရာအချက်ပေါင်းများစွာ ရရှိထားသူဖြစ်ရာ ကြာကြာရပ်တည်နိုင်စွမ်း မရှိချေ၊

သွေးအထွက်လွန်၍ မျက်လုံးများ စတင်ပြာဝေစ ပြုနေပြီဖြစ်သည်။

* * *

## အခန်း (၂)

### ချူအိချင်မြို့မှဂိုဏ်းချုပ်

ဝန်းကျင်အားလုံးအား နှင်းမြူများ လွှမ်းခြုံသွားသဖြင့် မှုန်မှုန်ဝေဝေရှိနေသည်၊

အချိန်မှာ ညဦးစောစောပိုင်းမျှသာ ရှိသေးသော်လည်း လူသူအသွားအလာ ပြတ်လပ်သည့်နေရာမျိုးမို့ အသံဗလံတို့က ပကတိ တိတ်ဆိတ်နေသည်။

ဆောင်းလေအတိုးလိုက်တွင် အနီးတစ်ဝိုက်ရှိ သစ်ပင်ကြီးများအထက်မှရွက်ဝါရွက်ဟောင်းများကြွေစဲသံ၊ ညပိုးကောင်



မွှားကောင်လေးများ၏ တကျည်ကျည် မြည်ကြွေးသံလောက်သာ ရှိနေသည်။

နေရာအား ယန်စီမြစ်ကြီး၏ လက်တက်တစ်ခုဖြစ်သော ဟန့်မြစ်ပေါ်တွင်ရှိနေသည့် ဆိုင်ယန်မြို့ကလေး မြစ်ကမ်းနဖူး ပေါ်တွင် တည်ရှိသော မြို့တိုင်းလိုလို များသောအားဖြင့် သန့်သန့်ရှင်းရှင်း၊ နေချင့်စဖွယ် ရှိတတ်၏။

ဆိုင်ယန်မြို့၌မူ သန့်ရှင်းမှုမရှိ။

သပ်ရပ်မှုမရှိ။

မြို့အတွင်း၌ ဖောက်လုပ်ထားသော လမ်းမကြီးငယ်တို့ သည်လည်း ပြောင့်ပြောင့်တန်းတန်းမရှိ ကွေ့ကွေ့ကောက် ကောက်နှင့်။

အဆောက်အဦးတို့မှာလည်း ပုံပန်းမကျသော ရှေးဟောင်း အဆောက်အဦးများသာ။ ဤမြို့တွင် နေထိုင်ရသည်မှာ ပျင်းရိ ငြီးငွေ့ဖွယ်ရာ ကောင်းလှသည်၊

တိုင်းပြည်ကြီး အခြေအနေ မငြိမ်မသက်နှင့် ဆိုးဆိုးရွားရွား ရှိနေချိန်။

မကြာသေးမီက ကျွမ်းဆုကျေးရာဇ်ဘုရင်ကြီး နတ်ရွာစံတော်မူသည်၊

ကျေးရာဇ်ကို ဘုရင်မကြီး တူဇီကိုယ်တိုင် မသေခင်တစ်ရက်၌ အဆိပ်ခတ်ခဲ့သည်ဟု ကောလာဟလ ပြန့်နှံ့နေပေသည်။

ကျေးရာဇ်ဘုရင်၌ ထီးနန်းရိုက်ရာကို ဆက်ခံရန်နန်းညွှန့်နန်း လျာ သားတော် မထွန်းကားခဲ့။

ထိုအခါ....

ကေရာဇ်၏ တူတော်ဖြစ်သူ ဖုရိမင်းသားလေးက ဧကရာဇ် ဆွမ်တုံ ဟူသော ဘွဲ့အမည်နှင့် ဘိသိက်ခံတော်မူခဲ့သည်။

ဖုရိမင်းသားလေးမှာ ကလေးသာသာ လူမမည် အရွယ်မျှသာရှိသေးပေရာ နတ်ရွာစံ ဧကရာဇ်ကြီး၏ညီတော် မင်းသားချန်က ဖုရိမင်းသားလေးကို ရင်ခွင့်ပိုက်၍ နန်းတွင်းရေးရာများကို စီမံခန့်ခွဲ အုပ်ချုပ်နေချိန်။

မင်းပြောင်းမင်းလွှဲကာလ ဤသမယတွင် ဆိုင်ယန်မြို့လေးကို အုပ်ချုပ်နေရသော အာဏာပိုင်တို့သည်လည်း ဇဝေဇဝါ ယောင်တိယောင်ချာ ရှိနေပုံရသည်။

နဂါးပလ္လင်ပေါ်မှာ ကလေးငယ်ကို တင်ထားပြီးညံ့ဖျင်းတဲ့ လူတစ်ယောက်က ရင်ခွင်ပိုက် အုပ်စိုးနေချိန် ဟူ၍ လူအများက မကျေမနပ်နှင့် ပြောဆိုသံများကို ပြန်လည် ကြားယောင်နေမိသည်။

သူသည် နှင်းတဖွဲဖွဲကျနေသော လမ်းမပေါ်တွင် အေးမြလှသော အချမ်းဓာတ်ကို ခိုက်ခိုက်တုန်အောင် ခံစားရင်း ခပ်သွက်သွက် လျှောက်နေရာမှ တိုင်းရေးပြည်ရေးများကို အစဉ်မပြတ် တွေးတောနေမိလေသည်။

သက်ဆိုင်ရာ တာဝန်ရှိသူတို့ ဖရိုဖရဲနှင့် ပေါ့ပေါ့လျော့လျော့ ရှိလာသည်မို့ ဆိုင်ယန်မြို့ကလေးမှာ ကျီးလန့်စာစားဖြစ်နေလေသည်။



မသူတော်များ၊ ဒုစရိုက်သမားများ ဘေးရန်ကိုကြောက်ရွံ့ကြရသဖြင့် ညဉ့်မိုးချုပ်သည်နှင့် အိမ်ထဲမှ အိမ်ပြင်သို့ မထွက်ဝံ့ကြတော့။

သို့မို့ ကြောဇ်ထင်သည်။

ဆိုင်ယန်မြို့တွင်းရှိ လမ်းမကြီးငယ်များပေါ်တွင် စောစောစီးစီး၌ပင် လူသူအသွားအလာ ပြတ်လတ် သွေ့ခြောက်လျက်ရှိနေသည်။

ဤသို့ တိတ်ဆိတ်ငြိမ်သက်နေသော ညဉ့်ဦးပိုင်းကာလတွင် သူက အရှေ့မြို့ရိုးဘက်ဆီသို့ ခပ်သွက်သွက်သွားနေလေသည်။

တစ်မြို့လုံး မှောင်ကျနေသည်ကတော့ အမှန်ပင်။ မြို့ထဲဝယ် တစ်ယောက်တည်း လှုပ်ရှားနေသော သူ့ပုံသဏ္ဌာန်အရိပ်မည်းမည်းကို မည်သူကမှ စိတ်ဝင်စားမိလိမ့်မည် မဟုတ်။

သူကလည်း ယခုလို တစ်မြို့လုံး မှောင်ကျနေသည်ကိုပင် ကျိတ်၍ သဘောကျနေမိသေးသည်။

သူ့အတွက် လှုပ်ရှားသွားလာရသည်မှာ ပို၍လုံလုံခြုံခြုံ ရှိသည် မဟုတ်ပါလော။

သူက လျှို့ဝှက်မှုကို အလွန်လိုလားသူ။

ညဉ့်မင်းသား....

ညဉ့်လူ။

သူ လှုပ်ရှားလမ်းလျှောက်ပုံမှာ နှေးကွေး လေးလံလွန်းလှသည်ဟု ထင်ရသည်။

သူ့ခြေလှမ်းများမှာ အားအင်မပါဘဲ ချည့်နဲ့နေပုံရသည်။

ထည် သစ်ပင်ကြီးများ၏ မှောင်ရိပ်ကျရာ လမ်းနံဘေးတွင် ဆပ်လျှောက်နေစဉ် ရှေ့ကိုက်အနည်းငယ်အကွာ၌လမ်းမီးတိုင် တစ်တိုင်ကို လှမ်းမြင်ရ၏။

လမ်း တစ်လျှောက်လုံး၌ ဤမီးတိုင်ကိုသာ တွေ့ရသေးသည်။

လမ်းဘေးရှိ ကျောက်ခုံကြီးတစ်ခုပေါ်တွင် တင်၍ထွန်းညှိထားခြင်းပင် ဖြစ်၏။

တိရစ္ဆာန်အသေကောင်၏အဆီ ထည့်ထွန်းထားခြင်း ဖြစ်၍အဝေးမှပင် ညှော်နံ့များ နံစော်နေသည်။

ပထမ လက်နက်ပုန်းတစ်စင်းလွှတ်၍ မီးတိုင်မှမီးကို ငြိမ်းသတ်လိုက်မည်ဟု စိတ်ကူးမိသည်။

သို့ရာတွင်....

လူသူအသွားအလာပြတ်လတ်လှသည့်ဤနေရာတွင်အန္တရာယ်မရှိနိုင်ဟု ယူဆကာ ရှေ့သို့ ဆက်လက်လျှောက်လာခဲ့သည်။

မီးတိုင်ရှေ့သို့ သူရောက်လာ၏။

မီးရောင်ကြောင့် သူ့အသွင်သဏ္ဌာန် ပီပီပြင်ပြင် ပေါ်လာသည်။

ပခုံးပေါ်တွင် နှစ်းကာ ခြုံထည်မည်းမည်းကြီး တစ်ခုကို လွှမ်းခြုံထား၏။

သူ့ခြေထောက်တစ်ဖက်မှာ မသန်မစွမ်းဟန်ဖြင့် ချိုင်းထောက်တစ်ခုကို အားပြုထားသည်။



သူ့အား ဒုက္ခိတတစ်ယောက်။ နှင်းဆာခြုံထည်ကြီးမှ စ၍ သူ့ကိုယ်ပေါ် ဝတ်ဆင်ထားသည့် အဝတ်အစားများမှာ များစွာ ဟောင်းနွမ်း စုတ်ပြတ်၍နေလေပြီ။

သူ့အသက်မှာ နှစ်ဆယ့်ငါးနှစ်ခန့်မျှသာ ရှိဦးမည်ဟု ခန့်မှန်းရ၏။

အနည်းငယ် နှာမကျွန်းမှုနှင့် ပင်ပန်းနွမ်းနယ်မှုကို ခံစားနေရသည့် အသွင်မျိုး ဆောင်နေသည်။

ဆီနှင့်ဇ ဇီးဝေးနေသော ဆံပင်များအလည်းနဖူးပြင်ထက်သို့ ဖရိုဖရဲ ဝဲကျနေကြ၏။

သူ့မျက်နှာသည် အသက်အရွယ်နှင့်မမျှအောင် အိုမင်းရင့်ရော်နေပေသည်။

သူ့သွင်ပြင်သဏ္ဌာန် ဟန်မှန်မှာ အခြေအနေမဲ့ ဒုက္ခိတ တစ်ဦး၊ သို့တည်းမဟုတ်၊ အမှောင်လောကမှ ဒုစရိုက်သမားတစ်ဦး၏ အနေအထားမျိုး။

သူ့မျက်နှာထက်တွင် အရေးအကြောင်းကို သတိကြီးစွာ ထားလာသည့် အမူအရာမျိုးလည်း ရှိ၏။

သူ့မျက်လုံးအစုံအမူ စူးရှတောက်ပ၍ ပါးနပ်ထက်မြက်မှုရှိခြင်းကို ထင်ဟပ်ဖော်ပြလျက်ရှိသည်။

ဒုက္ခိတ လူရွယ်သည် မီးတိုင်အား ခပ်မြန်မြန် ဖြတ်သန်းလိုက်ပြီးနောက် ထော့ကျိုးထော့ကျိုးနှင့်အမှောင်ထဲသို့တိုးဝင်သွားပြန်လေသည်။

သည်တစ်ကြိမ်တွင်မူ သူ့ခြေလှမ်းများက အထူးပင် သွက်လက်လာသည်။

သူ ရောက်လိုသည့်နေရာသို့ အမြန်ဆုံး ရောက်ချင်လာသည့် ပုံစံမျိုး ဖြစ်၏။

ခြေလှမ်းများ သွက်လာသလောက် မျက်လုံးများကလည်း အငြိမ်မနေ။

ဘေးဝဲယာ ပတ်ဝန်းကျင်များကို အမြဲတမ်းလှည့်ပတ် လေ့လာရင်း လျှောက်လာနေခြင်းပင်။

ဤမျှ သတိထားစွာ၊ ပါးနပ်လိမ္မာစွာ လှုပ်ရှားနေသော သူ့နောက်သို့ အရိပ်မည်းမည်းတစ်ခုက အဆက်မပြတ် ကပ်ပါလာနေလေသည်။

ဤအချက်ကို ဒုက္ခိတလူရွယ်က သတိမပြုမိရှာချေ။

ဆိုင်ယန် မြို့ရိုးကြီးကို နောက်ခံပြု၍ တည်ရှိနေသော အဆောက်အဦးမည်းမည်းကြီး တစ်ခုကို သူက လှမ်း၍မြင်လာရသည်။

ရှေးဟောင်း အဆောက်အဦးပျက်ကြီး တစ်ခုပင် ဖြစ်သည်။

ချူမင်းဆက်ခေတ်က မြို့စားကြီးတစ်ပါး နေထိုင်သွားခဲ့သော စံအိမ်ပျက်ကြီးဟု အဆိုရှိသည်။

ဤနေရာတွင် လမ်းမှာ တဖြည်းဖြည်း ကျဉ်းမြောင်းသွားသည်။

လမ်း၏ လက်ဝဲတွင် မြင့်မားသော အုတ်တံတိုင်းကြီးရှိနေသလို လက်ယာဘက်တွင် ဘုရားကျောင်းပျက်ကြီးတစ်ခုမှပြိုကျနေသော အုတ်ကျိုးအုတ်ပဲ့များ စုပုံနေသည်။



သူ ရှေ့သို့ ခပ်သွက်သွက် လျှောက်လာစဉ် လမ်းမှမျက်နှာချင်းဆိုင် အရပ်မှ မြင်းရထားတစ်စီး အပြင်း မောင်းနှင်လာသည့် အသံကို ကြားလိုက်ရ၏၊

အလေ့အကျင့်ရှိထားသော သူ့နားများကစစ်မြင်းရထားသံဖြစ်ကြောင်း ခွဲခြားသိလိုက်သည်။

မြင်းသုံးကောင်တပ်ရထားဖြစ်ပုံရ၏။ တစ်ခဏအတွင်းအနီးကပ် ရောက်လာသဖြင့် သူသည် လမ်းဘေးသို့ ပြေး၍ ကပျာကယာ ဝပ်နေလိုက်ရ၏။

ဆိုင်ယန်မြို့စားကြီး၏ ကင်းလှည့်ရထား၊ ရထားပေါ်တွင် အနီရောင် မီးအိမ်တစ်လုံး ချိတ်ဆွဲထားသည်၊ မီးအိမ်၏အလင်းရောင်ကြောင့် မြို့စားကြီး၏ ရဲမက်လေးငါးဦး ရထားပေါ်တွင် ပါသွားသည်ကို မြင်လိုက်ရ၏။

စစ်မြင်းရထားသည် တစ်ခဏအတွင်း သူ့ကို အဟုန်ပြင်းစွာ ကျော်ဖြတ်သွားသည်။

သူသည် လမ်းဘေးတွင် ဝပ်နေရာမှ မတ်တတ်ရပ်လိုက်သည်၊

မနီးမဝေးတွင် ရှိနေသော အဆောက်အဦးကြီးရှိရာသို့ ခပ်သွက်သွက် ခြေလှမ်းများနှင့် ချဉ်းကပ်သွားသည်။ မှုန်မှုန်မည်းမည်း အဆောက်အဦးကြီးရှေ့သို့ ရောက်လာလေသည်။

အဆောက်အဦးကြီးမှာ လူသူ အသုံးမပြုဘဲနှစ်ပေါင်းများစွာ စွန့်ပစ်ထားသဖြင့် ပြိုကျ ပျက်စီးနေလေပြီ။ ဤနေရာတွင် အနီးအပါးသို့ ချဉ်းကပ်ဝံ့သူ နည်းပါးလှ၏၊

လသာညများတွင် ခါးနှစ်လက် ကိုင်ဆွဲထားသော ရှေးခေတ်စစ်သည်တော် အဝတ်အစားဆင်ထားသည့် တစ္ဆေကြီး တစ်ကောင်သည် ဤအဆောက်အဦးရှေ့တွင်သွားလာလှုပ်ရှား နေတတ်လေ့ရှိသည်ဟု လူအချို့က ဆိုကြသည်။

တစ်ခါတစ်ရံ လူသူ ကင်းမဲ့နေသော အဆောက်အအုံပျက်ကြီးမှ ခေါင်းလောင်းထိုးသံများ ကြားရလေ့ ရှိသည်ဟုလည်း ဆိုတတ်ကြပြန်သည်။

ဟုတ်သည်မဟုတ်သည်အပထား၊ ဆိုင်ယာန် မြို့သူမြို့သားများကတော့ ဤအဆောက်အအုံကြီးကို 'ခါးနှစ်လက်တစ္ဆေ စံအိမ်ကြီး' ဟု အမည်ပေးထားကြ၏။

ညဘက်မဆိုထားနှင့် နေ့ဘက်မှာပင် ဤအဆောက်အအုံပျက်ကြီး အနီးသို့ ချဉ်းကပ်ဝံ့သူ ရှားလှ၏။ အကြောင်းမူ သတ္တိကောင်းသူ ဖြစ်စေ အဆောက်အအုံကြီးအနီးသို့ ချဉ်းကပ်လိုက်သည်နှင့် အတွင်းမှ ညည်းသံညူသံများ၊ ကျားပွတ်သံ လိုလို ဘာလိုလို အသံများ၊ ခါးချင်းခုတ်နေသည့် အသံများနှင့် လေးလံသည့် အရာဝတ္ထုကြီးများ ဝုန်းဒိုင်း ပြုတ်ကျသံများ စသည့် အသံတစ်ခုခုကို ကြားရလေ့ရှိသည် ဆို၏။

ခါးနှစ်လက်တစ္ဆေ စံအိမ်ကြီးနှင့် မြို့ရိုးကြားတွင် ရှိနေသည့် ရှေးဟောင်းသချိုင်းအုတ်ဂူများကလည်း ကြက်သီးထစရာပင် ဖြစ်သည်။ အဆောက်အအုံကြီးမှာ ချောက်ချားဖွယ် တည်ရှိနေလေသည်။

ချိုင်းထောက်နှင့် လူရွယ်၊ ဒုက္ခိတ ညမင်းသား။



လူတိုင်း မကပ်ဝံ့သော အဆောက်အအုံပျက်ကြီးရှေ့တွင် ခေတ္တ ရပ်လိုက်သည်။

အုတ်ကျိုးအုတ်ပဲ့များစုပုံနေသော အဝင်ပေါက်မှ အထဲသို့ ဝင်သွားမည် ပြုလိုက်၏။

ထိုစဉ်....

သူ့နောက်ဖက်ဆီမှ မည်းမည်း အရိပ်သဏ္ဌာန်တစ်ခုက လွှားခနဲ သူ့အပေါ်သို့ ပြေးကပ်လာသည်။

အသံကြားသည်နှင့် သူက နောက်သို့ လှည့်ပြီးဖြစ်နေသည်။ မည်းမည်းအရိပ်က သူ၏ဦးခေါင်းကို တစ်စုံတစ်ခုဖြင့် ရိုက်နှက်လိုက်သည်။ သူက ကိုယ်ခန္ဓာကို တစ်ဖက်သို့ အသာယို့၍ တိမ်းရှောင်ပေးလိုက်သည်။

အရိပ်မည်း အရှိန်လွန်ထွက်သွားသည်။

'ဝှ'

'ဂုတ်'

လက်ထဲမှ ချိုင်းထောက်နှင့် အရိပ်မည်းကို လွှဲ၍ ရိုက်ချလိုက်ခြင်း ဖြစ်သည်။ အရိပ်မည်းသည် အသံပင်မပြုနိုင်။ မြေပေါ်သို့ လဲကျ ငြိမ်သက်သွားသည်။

'ဝီး...ဝီး...ဝီး'

ပေါက်ခါးသုံးစင်း တစ်ပြိုင်နက် ဝင်လာပြန်သည်။ အရပ်မျက်နှာ သုံးမျိုးမှ လာခြင်းဖြစ်သည်။ သူက မြေပြင်ပေါ်တွင် ဝပ်ချလိုက်ပြီး လူးလိမ့်ရှောင်ပေးလိုက်ရသည်။

'ဟား....ဟား....ဟား....ဟား....ဟား'

အသံခပ်အုပ်အုပ်နှင့် ရယ်သံ။ သူတို့သုံးဦးက သူ့ကို ကြိုက်ပုံစံမျိုး ဝိုင်းရံထားကြောင်း သိလိုက်ရ၏။

'ဟေ့....မင်းငြိမ်ငြိမ်လေး ရပ်နေပါ'

အမှောင်ထဲမှ အမိန့်ပေးသံက ပေါ်လာ၏။

'မင်း ဘယ်သူလဲ၊ ဘာကိစ္စနဲ့ ဒီကိုလာရတာလဲ'

'ခင်ဗျားတို့ကရော ဘယ်သူတွေလဲ'

'ဒါ မင်းသိစရာမလိုဘူး၊ ငါမေးတာကိုသာ ဖြေဟေ့၊ မင်း ဘယ်သူလဲ'

အမှောင်ထဲမှအသံက ခက်ထန်မာကျောလာသည်။

'ကျုပ် ဘယ်သူဘယ်ဝါဆိုတာလဲ ခင်ဗျားတို့သိဖို့ မလိုဘူး'

'မင်းက ဘာပြုလို့ မဖြေနိုင်ရတာလဲ'

'ခင်ဗျားတို့ ခေါင်းဆောင်နဲ့ တွေ့မှ ဖြေမယ်'

'ဒီလိုလား....ကိုယ့်လူက အလာကြီးပဲ'

'ခင်ဗျားတို့ခေါင်းဆောင်နဲ့ ကျုပ် ဆွေးနွေးစရာ ကိစ္စရှိတယ်'

အမှောင်ထဲမှ အသံရှင်သည် ခေတ္တ တိတ်ဆိတ်သွားသည်။ စဉ်းစားဆင်ခြင်နေပုံရသည်။ အတန်ကြာမှ---

'မင်းဘယ်သူလဲဆိုတာမသိရဘဲနဲ့ မင်းနဲ့ တို့ခေါင်းဆောင်ကို တွေ့ခွင့်မပေးနိုင်ဘူး'

'ချူအိချင်မြို့ကလာတဲ့ဂိုဏ်းချုပ်ဆိုရင် ခင်ဗျားတို့ခေါင်းဆောင် သိလိမ့်မယ်'



'ကောင်းပြီ၊ ဒီလိုဆိုရင် လာ လိုက်ခဲ့၊ ဟို့ကျတော့မှ ဟုတ်ရင် မင်းခေါင်းကို ရိုက်ခွဲမယ်'

သူတို့ သူ့ကို ညွှန်းမှူးစီနေသော အဆောက်အအုံကြီးထဲသို့ ခေါ်ဆောင်လာခဲ့ကြ၏။ ရှေ့ဆုံးမှ လမ်းပြသွားနေသူ၏ လက်ထဲတွင် မီးအိမ်တစ်လုံးပါသည်။

အဆောက်အအုံကြီးထား ရှေးဆန်သလောက် အတွင်းပိုင်းတွင် အဆောင်ဆောင်အခန်းခန်းနှင့် ခမ်းနားကြီးကျယ်လှသည်။ အချို့နေရာများတွင် ပျက်စီးယိုယွင်းနေသော်လည်း အချို့နေရာများ၌ အကောင်းပကတိနီးပါးရှိသေး၏။

ဒုက္ခိတ ညမင်းသား---

သူ ဆိုင်ယန်မြို့တွင်း၌ လှုပ်ရှားခဲ့စဉ်က ချိုင်းထောက်ကို အားပြု၍ ထော့နင်းထော့နင်းလမ်းလျှောက်ခဲ့၏။ အဆောက်အအုံပျက်ကြီးထဲရောက်လာသောအခါ သူ၏ချိုင်းထောက်ကြီးကို အသုံးမချတော့။ လူကောင်းပကတိ ဖြစ်လာတော့သည်။

သူတို့သည် ကြောင်လိမ်လှေကားအတိုင်း မြေတိုက်ထဲသို့ ဆင်းလာခဲ့ကြသည်။ မြေတိုက်ခန်းမှာ အတော်ပင် ကြီးမား ကျယ်ဝန်းကြောင်းကို တွေ့ရသည်။ အိုတ် အင်္ဂတေများနှင့် အခိုင်အခံ့ ပြုလုပ်ထားသည့်အပြင် ကျောက်ပြားကြီးများဖြင့်လည်း မွမ်းမံထားလေသည်။

ကျယ်ဝန်းသော မြေတိုက်ခန်းထဲတွင် မီးဘုတ်၊ မီးတိုင်များ ထွန်းညှိထားသဖြင့် လင်းလင်းကျင်းကျင်းရှိနေသည်။

မြေတိုက်ခန်းသည် အပြင်ပန်းက ပျက်စီး ယိုယွင်းနေသည့် အဆောက်အအုံကြီးနှင့် ဘာမျှမဆိုင်သလို ဖြစ်နေသည်၊

မြေတိုက်ခန်းထဲသို့ရောက်ရှိလာကြပြီးနောက် တစ်ယောက်က ခလုတ်တစ်ခုကိုနှိပ်လိုက်ရာ သူတို့ဆင်းလာခဲ့သည့်အပေါက်မှာ ပြန်၍ပိတ်သွားလေသည်၊ သူတို့ ရှေ့သို့ ဆက်လျှောက်လာခဲ့ကြသည်၊

မြေတိုက်ထဲတွင် ကိုယ်ကျပ်ဝတ်စုံနက်များ ဆင်တူ ဝတ်ဆင်ထားသူအချို့ကို တွေ့ရ၏၊

မြေတိုက်ခန်း၏ တစ်ခုသော အခန်းငယ်ရှေ့သို့ရောက် သူတို့ ရပ်တန့်လိုက်ကြသည်၊ ပြီး အခန်းဝတွင်ကာထားသည့် လိုက်ကာစကို မ၍ အထဲသို့ ဝင်လာခဲ့ကြ၏။

အခန်းတွင်းရှိ စားပွဲတစ်လုံးတွင် လူတစ်ဦးသည် စာရွက်စာတန်းများကို စိတ်ဝင်စားစွာ လှန်လှောကြည့်ရှုရင်း အလုပ်ရှုပ်နေသည်၊

'ဗိုလ်မင်းခင်ဗျား — ချူအိချင်မြို့ကလာတဲ့ ဂိုဏ်းချုပ် ဆိုသူ ရောက်လာပါတယ်'

ဦးဆောင်ခေါ်လာသူက သတင်းပို့လိုက်တော့မှ စာရွက်စာတမ်းများနှင့် အလုပ်ရှုပ်နေသူသည် ခေါင်းမော့လာ၏၊ ဗိုလ်မင်းဆိုသူ၏မျက်နှာတွင် အံ့သြလေးစားသော အမူအရာများကို ဖော်ပြလိုက်သည်။

ဗိုလ်မင်းဆိုသူသည် ရောက်လာသောဧည့်သည်ကို ပျာပျာသလဲထ၍ အရိုအသေပြုလိုက်၏။



ချူအိချင်မြို့ကလာတဲ့ဂိုဏ်းချုပ်။

ဗဟိုကေရာဇ်၏ လျှို့ဝှက်ထောက်လှမ်းရေးဌာနတွင် အမှုထမ်းလျက်ရှိသော ဗိုလ်မှူးလေး ဇူဆင်ကျောင်း၏ စကားဝှက် အမည်ပင် ဖြစ်၏။

ဗိုလ်မှူးလေးဇူဆင်ကျောင်းသည် မျက်နှာထက်မှ ရုပ်ဖျက်ထားသော အရာဝတ္ထုများကို ဖယ်ရှားပစ်လိုက်ရာ ချောမောသန့်စင်သောရုပ်သွင်က ဘွားခနဲပေါ်လွင်လာလေသည်။

ဗိုလ်မှူးလေးဇူဆင်ကျောင်း၏ မျက်လုံးများမှာ စူးရှတောက်ပလွန်းလှသည်။

မေးရိုးသွယ်သွယ်၊ နှုတ်ခမ်းပါးပါးနှင့် မျက်ခုံးမွေးထူထူ၊

စာရွက်စာတမ်းများနှင့် အလုပ်ရှုပ်နေမိသူ လူရွယ်မှာ ဗဟိုကေရာဇ်၏ အထောက်တော်တပ်ဖွဲ့မှ တပ်မှူးလေး ဟွာတိုး ဖြစ်လေသည်။

'ဗိုလ်မှူးဇူဆင်ကျောင် တစ်ယောက်တည်းလား'

နယ်မြေတာဝန်ခံတပ်မှူးလေးဟွာတိုးက ဗဟိုကေရာဇ်ဌာနချုပ်မှဆင်းလာသော ဗိုလ်မှူးလေးဇူဆင်ကျောင်ကို မေးလိုက်၏

'ဟုတ်ကဲ့၊ ကျွန်တော်တစ်ယောက်တည်းပါပဲ'

'ဗိုလ်မှူးလာမယ်ဆိုတာ ကျွန်တော်တို့ဆီကို ဘာဖြစ်လို့ ကြိုတင်အကြောင်းမကြားတာလဲ'

'ဌာနချုပ်အာ ကျွန်တော့်ကို အရေးတကြီးနဲ့ အမနီး အတန်း လွှတ်လိုက်တာမို့ ကြိုထင်အကြောင်းမကြားနိုင်ခဲ့တာပါ'

'ကိစ္စအာ တော်တော်အရေးကြီးသလား ဗိုလ်မှူး'

'အရေးကြီးတယ်၊ လျှို့ဝှက်ထိပ်တန်းကိစ္စပဲ၊ နေက်ကျမှ ကျွန်တော် အသေးစိတ်ရှင်းပြမယ်'

* * *

## အခန်း ( ၃ )

### နဂါးခုနစ်ကောင် လျှို့ဝှက်ဆွေးနွေးပွဲ

အနက်ရောင်ကိုယ်လုံးနှင့် အဝါရောင်မျက်လုံးပိုင်ရှင်သည့် တစ်စုံတစ်ခုကို ချောင်းမြောင်းနေသည့် အနေအထားဖြင့် ငြိမ်သက်စွာရှိနေသည်။

ချောင်းမြောင်းနေသည်ထက် အာရုံစူးစိုက်နေသည်ဆိုက ပိုမှန်ပေမည်။

သူသည် ဝပ်နေရာမှ အမြီးကို အသံမပြည်စေအောင် ကျေနပ်စွာ လှုပ်ယမ်းပုတီခတ်နေသည်။

အနီရောင်ရွှဲလုံးအလေးတစ်ခုသည် လေထဲသို့ဝီခနဲမြောက်တက်သွားသည်။

ယင်းနှင့် တစ်ပြိုင်တည်းစက္ကန့်မဆိုင်း အနက်ရောင်သတ္တဝါသည် လေထဲသို့ခုန်ပျံ၍ထိုးအုပ်လိုက်လေသည်။

ကြောင်နက်ကြီးမဟူရာကိုယုယစွာပွေ့ပိုက်၍ဝင်လာသော မိန်းမချောလေးက ပုဂ္ဂိုလ်ကြီးရှေ့တွင် ရှိသောလေးစားဟန်ဖြင့် ကျို့ကျို့လေး ဝင်ထိုင်လိုက်သည်။

'သမီးတော်ပြန်လာပြီကိုး၊ အကြောင်းထူးများရခဲ့ပြီလား'

ပုဂ္ဂိုလ်ကြီးက တည်ကြည်ခန့်ညားစွာ မေးလိုက်၏။ မိန်းမချောလေးက လှပစွာပြုံး၍ ဖြေလေသည်။

'ပါပါတာဝန်ပေးထားတဲ့ကိစ္စနဲ့ ပတ်သက်လို့ အနည်းငယ် တင်ပြစရာ ပါလာခဲ့ပါတယ်'

နဂ္ဂရွာဝေနယ်စားကြီးတိုက်ချီနှင့် သမီးတော် မင်းသမီးလေး တိုက်မေလီတို့သည် အရေးကြီးသော အကြောင်းအရာ တစ်ရပ်ကို ထပ်မံဆွေးနွေးနေကြသည်။

'သမီးတော်တို့ အပူတပြင်းလိုက်ရှာနေတဲ့ နဂါး ခုနစ်ကောင်ဟာ တောင်ပင်လယ်ဆိပ်ကမ်းကို ခရီးဆက်သွားပြီလို့ သတင်းရပါတယ် ပါပါ'

သမီးငယ်၏စကားကြောင့် ကုလားထိုင်ပေါ်တွင် ထိုင်နေသည့်နယ်စားကြီးတိုက်ချီ၏ မျက်နှာထက်တွင် လေးနက်သော အသွင်သဏ္ဌာန်များ ပေါ်ပေါက်လာသည်။ အနည်းငယ်လည်း မျက်နှာတင်းမာလာသည်။



'သမီးတော်ရခဲ့တဲ့သတင်းက ခိုင်လုံရဲ့လား'

'ခိုင်လုံတိကျပါတယ် ပါပါ၊ သမီးတော်တို့ မြို့ထဲမြို့ပြင် အနှံ့ သုံးရက်တိုင်တိုင် ထောက်လှမ်းသတင်းယူခဲ့ရာမှ ရလာတဲ့ သတင်းပါ'

နယ်စားကြီးတိုက်ချီသည် ပေါင်ပေါ်တွင် တင်ထားသော လက်နှစ်ဖက်ကို လက်ဖဝါးချင်း ပွတ်သပ်ကာ စဉ်းစားဟန်ပြုလိုက်သည်။

တစ်စုံတစ်ခုကို အလေးအနက် တွေးတောနေဟန်ဖြင့် ငြိမ်သက်သွားပြန်သည်။

နာကြည်းခံပြင်းဟန်အရိပ်အသွင်များက သူ့မျက်လုံးများအထဲတွင် ပေါ်ပေါက်၍လာသည်။

ပြီးမှ စကားသံလေးတစ်ခွန်းက ထွက်ပေါ်လာလေသည်။

'အင်း—ဒီအတိုင်းဆိုရင် ပါပါတို့ဟာ တောင်ပင်လယ် ဆိပ်ကမ်းကို လိုက်ကြရဦးမှာပေါ့'

'မှန်လှပါ ပါပါ'

နုငယ်ပျိုမျစ်သော မင်းသမီးလေးတိုက်မေလီ၏ မျက်နှာမှာလည်း တင်းမာသယောင်ယောင် ရှိနေသည်။

နာကြည်းခံပြင်းနေပုံရသည်။

နယ်စားကြီးတိုက်ချီသည် ထိုင်နေရာမှ ထလိုက်၏။

ပြတင်းပေါက်ရှိရာသို့ ချဉ်းကပ်သွားသည်။

ပိုးခန်းဆီးစကို လိပ်တင်လိုက်သည်။

အပြင်ဘက်မှ လရောင်မှာ ရှန်းမြစွာ တောက်ပနေသည်။ တသွင်သွင် တငြိမ့်ငြိမ့်စီးဆင်းနေသော ယန်စီမြစ်ကြီးကို ထင်လင်းသဲကွဲစွာ မြင်နေရသည်။

ရွက်သင်္ဘောကြီး၏ ဦးပိုင်း အထပ် ကုန်းပတ်ပေါ်တွင် ဖွဲ့စည်းသော ဧည့်ရိပ်သာခန်းဖြစ်ရာ မြစ်ပြင်ကျယ်အဝန်းကို အပေါ်စီးမှ ကောင်းစွာမြင်တွေ့နေရ၏။

ရွက်သင်္ဘောကြီး၏ ဦးပိုင်းတွင် လွှင့်ထူထားသော နယ်စားကြီး၏ အထိမ်းအမှတ် အလံတော်သည် ညဥ့်လေပြည်တွင် တလူလူလွင့်နေသည်။

ထိုအလံတော်သည် အနီရောင်နှင့် အဝါရောင်တို့ဖြင့် ရေးခြယ်ထားသော နဂါးပျံ အရုပ်ကြီးမှာ ကြွားကြွားဝင့်ဝင့်ရှိလှပေ၏။

မင်းသမီးလေး တိုက်မေ့လီသည် နယ်စားကြီးအပါးသို့ ရောက်လာသည်။

'ပါပါ....'

နယ်စားကြီးသည် သမီးတော်၏မျက်နှာပြင်ကို စောင်းငဲ့ကြည့်တော်မူလိုက်သည်။

'အခုလို ရာသီမှာဆိုရင် တောင်ပင်လယ်ကမ်းခြေမှာ ရာသီဥတု သိပ်ဆိုးရွားပါတယ် ပါပါ၊ ပါပါ၏ ကျန်းမာရေးဟာ သိပ်မကောင်းလှဘူး၊ သမီးတော် တစ်ယောက်ထည်းပဲ တောင်ပင်လယ်ကို ခရီးလွှဲပါရစေ ပါပါ'

နယ်စားကြီးသည် သမီးတော်၏လျှောက်တင်ချက်ကို ကြားရလျှင် ဦးခေါင်းကို ညင်သာစွာ ခါယမ်းသည်။



'မဖြစ်ဘူး သမီးတော်၊ ပါပါကိုယ်တိုင်ပါမှ ဖြစ်မယ်'

'ဘာဖြစ်လို့လဲ ဘုရား'

'သမီးတော် ရင်ဆိုင်ရမယ့် ရန်သူတွေက အတားအဆီးတွေဟာ အဓိမ္ပတန်ကြီးမားတယ်၊ သမီးတော်က အသက်ငယ်သေးတယ်၊ အတွေ့အကြုံ နုသေးတယ်၊ ပါပါသမီးတစ်ယောက်တည်း မလွှတ်ချင်ဘူး'

မင်းသမီးလေး တိုက်မေ့လီ၏မျက်နှာလေးမှာ အိုမင်းနေသည်။

ဝမ်းနည်းဆာယောင်လည်း ရှိနေသည်။

အောက်နှုတ်ခမ်းကို အပေါ်သွားဖြင့် တင်းတင်းကိုက်ထားမိလေသည်။

'နဂါးခုနစ်ကောင် အရေးအခင်းဟာ ဘာတို့လူမျိုးတစ်မျိုးလုံး၊ တိုင်းပြည် တစ်ပြည်ထောင်လုံးနဲ့ပတ်သက်နေတယ်၊ အခုဆိုရင် သမီးတော် ကြားသိပြီးတဲ့အတိုင်းပဲ၊ တိုင်းပြည်ကြီးဟာ မငြိမ်မသက် ဖြစ်နေတယ်၊ မင်းသားချန်ဟာ ရင်ခွင်ပိုက် မင်းသားလေး ဖုရိကို ဗန်းပြပြီး တိုင်းပြည်ကိုထင်သလို အုပ်ချုပ်နေတယ်၊ ဒါကို မှူးကြီးမတ်ရာ သေနာပတိ အများစုက မကျေနပ်ကြဘူး'

နယ်စားကြီးက တိုင်းရေးပြည်ရေးအခြေအနေများကို ရှင်းလင်း ပြောပြနေသည်။ မင်းသမီးလေးက ငြိမ်သက်စွာနားထောင်နေသည်။

'ကွေကျိုပြည်နယ်မှာဆိုရင် နဂါးပလ္လင်ကိုမလိုလားတဲ့ဆူပူလှုပ်ရှားမှုတွေ ပြင်းပြင်းထန်ထန် ဖြစ်နေပြီ၊ ကွမ်စီပြည်နယ်

မှာ ဆိုရင်လဲ အမတ်ကြီး ဝေးချီဟာ နေပြည်တော်အရောက် လာတဲ့ မင်းမှုထမ်းသုံးရာကျော်ကို ကွပ်မျက်ပြီးဧကရာဇ်ရဲ့အမိန့် အာဏာကို ဆန့်ကျင်နေပြီ'

'နဂါးခုနစ်ကောင်ဆိုတာ ဘာလဲဟင်၊ သမီးတော်ကိုရှင်း ပြပါဦးပါပါ၊ သမီးတော် အခုထက်ထိ အဲဒီနဂါးခုနစ်ကောင် ဆိုတဲ့ စကားလျှို့ဝှက်ချက်ကို အဓိပ္ပာယ်ဖော်လို့ မရသေးဘူး'

'မကြာသေးခင်က ယူနန်ပြည်နယ်က ချန်ဆားမြို့တော်မှာ လျှို့ဝှက်ဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့တယ်၊ အဲဒီဆွေးနွေးပွဲမှာ နန်းတွင်းက အရေးပါတဲ့ မှူးမတ်ကြီးသုံးပါးရယ်၊ သေနာပတိကြီး သုံးဦးရယ်၊ နိုင်ငံခြားဧည့်သည်တစ်ဦးရယ်စုစုပေါင်း ခုနစ်ဦး ပါဝင်တယ်'

'မှန်လှပါ ပါပါ'

'အဲဒီ ဆွေးနွေးပွဲက နဂါးပလ္လင်ပေါ်က ရင်ခွင်ပိုက် မင်းသားကလေး ဖုရီကို ဖြုတ်ချဖို့ ဆုံးဖြတ်ခဲ့တယ်၊ အဲဒီ ဆုံးဖြတ်ချက်ကိုချန်ဆား ဆုံးဖြတ်ချက်လို့ခေါ်တယ်၊ နဂါးခုနစ်ကောင် ဆုံးဖြတ်ချက်လို့လဲ ခေါ်တယ်'

'မှန်လှပါ ပါပါ'

'အဲဒီ နဂါးခုနစ်ကောင်ဟာ ဘယ်သူလဲ၊ သူတို့ရဲ့ လျှို့ဝှက် ဆွေးနွေးပွဲက ဘာတွေ ဆုံးဖြတ်ခဲ့သလဲ၊ အဲဒါကို အချိန်မီသိ ဖို့ လိုတယ်၊ ဒါကြောင့် ပါပါဟာ အဲဒီနဂါး ခုနစ်ကောင် နောက်ကို အခုလို အပူတပြင်း လိုက်နေတာပဲ'



နဂါးခုနစ်ကောင်ကိစ္စ အခုမှပင် ရှင်းလင်းသွား၏။ မင်း သမီးလေးတိုက်မေလီ၏ မျက်နှာလေးမှာ အရွယ်နှင့်မမျှအောင် ရင့်ကျက်တည်ကြည်သွားရသည်။

နယ်စားကြီးတိုက်ချီသည် အပြင်ဘက်တွင် တသွင်သွင် စီး ဆင်းနေသော ဟန်စီမြစ်ရေပြင်ကို ခေတ္တမျှလှမ်းပေး ကြည့်ရှု နေပြီးနောက် အခန်းထဲတွင် တပ်ဆင်ထားသည့်ငွေမောင်းကို လက်ခတ်ဖြင့် ခပ်သာသာ ထုလိုက်လေသည်။

'ဒူ—ဟူ—ဟူ…ဟူ'

မောင်းသံကြောင့် အခန်းထဲသို့ သန်မာ ထွားကျိုင်းသည့် လူကြီးတစ်ဦး ဝင်လာသည်။

သူသည် ပိုးဘောင်းဘီရှည်ကြီးတစ်ထည်ကို ဝတ်ဆင်ထား ပြီး ခန္ဓာကိုယ်အထက်ပိုင်းတွင် ဗလာကျင်းထားသည်။

ကြွက်သားများကအမြောင်းမြောင်းထနေသောရင်အုပ်ကြီး သာ ကျယ်ပြန့်လှသည်။

လက်မောင်းအိုးကြီးများကလည်း တုတ်ခိုင်လှ၏။ ခေါင်းကို တော့ စိမ်းပြောင်နေအောင် ရိတ်ထားလေသည်။

သူသည် ရိုကျိုးသောအသွင်ဖြင့် နယ်စားကြီးအား….

'မိန့်တော်မူပါ သခင်ကြီး'

'ကိုင်း—ရင်ဖူး၊ သင်္ဘောကို ဆိပ်ကမ်းက ခွာပေတော့ တော'

'မှန်ပါ—သခင်ကြီး'

'တို့များ ဟန်မြစ်ထဲကိုဝင်ရမယ်၊ ဆိုင်နန်မြို့ကို သွားကြစို့ ရဲ့…'

နယ်စားကြီး၏ ရွှက်သဘော်ကြီးမှာ ယန်စီမြစ်အမ်းရှိရှာစီမြို့ ဆိပ်ကမ်းတွင် ခေတ္တဆိုက်ကပ်ထားခြင်း ဖြစ်သည်။ မာလီနှမ်းကြီး ရင်ဖူးသည် အခန်းထဲမှ ထွက်သွားလေသည်။

ပြီးနောက် နယ်စားကြီးသည် လက်စွဲတော်တစ်ဦးအား စာပို့ခိုကိုးကောင် သွားယူခိုင်းလိုက်၏။

အသင့်ရေးပြီးသား စာကိုးစောင်ကို ခိုခြေထောက်များတွင် တပ်ဆင်ထားသည့် သတ္တုကြုတ်ဘူးကလေးများထဲသို့ ထည့်သွင်းစေလိုက်သည်။

မကြာမီ ခိုကိုးကောင်သည် နဂါးပျံ ရွှက်သဘော်ကြီး ဦးပိုင်းရှိ အခန်းထဲမှ ကောင်းကင်ယံသို့ တစ်ခုကောင်ပြီး တစ်ကောင် ပျံတက်ပြေးသွားလေတော့သည်။

ကောင်းကင်ယံသို့ တစ်ကောင်ပြီးတစ်ကောင် ပျံတက်သွားသော စာပို့ခိုများကို ပြတင်းဝမှရပ်၍ကြည့်၍ ငေးနေသော နယ်စားကြီးအပါးသို့ သမီးတော်တိုက်မေလီ ရောက်လာလေသည်။

'ထမင်းဟင်းလျာတွေဟာ ဟိုအုပ်ဆောင်းအောက်မှာအရာမယွင်းဘဲ ညနေခင်းကအတိုင်းပဲ ရှိနေပါသေးတယ်၊ ပါပါဘာပြုလို့ နံနက်စာမသုံးဆောင်တာလဲဟင်'

'ပါပါ မနက်က အစားအစာ သိပ်စားချင်စိတ်မရှိဘူး'

တိုက်မေလီသည် မိမိဖခင်တစ်ယောက် အလွန်အမင်း စိတ်ပန်းလူလန်း၍ စိတ်နေကြောင်း ရိပ်မိလိုက်၏။

သက်ရှယ်အိုမင်းသည်နှင့်အမျှ ကျန်းမာရေးကလည်း ကျဆင်းစပြုနေပြီ။



နဂါးကြီး ခုနစ်ကောင်ပမ်းရမည့် အရေးအခင်းကလည်း မလွယ်ကူလှ။

ထိုနဂါးကြီးများသည် ထိတ်ထိတ်ကြဲ ပုဂ္ဂိုလ်ကြီးများဖြစ်ကြသည်။

နန်းတွင်း မှူးမတ်ကြီး သုံးဦး၊ တပ်မတော်သေနာပတိကြီး သုံးဦး၊ နိုင်ငံခြားသည့်သည်တစ်ဦး ပေါင်း ခုနစ်ဦး ရောမနဂါးကြီးခုနစ်ကောင်ပင် ဖြစ်သည်။

'ညစာ စားပွဲမှာထိုင်ပါဦး ပါပါ၊ သမီးလဲဆာဆာလောင်လောင် အနည်းငယ်ရှိတယ်၊ လာ...ပါပါ'

တိုက်မေလီသည် နယ်စားကြီးကိုဆွဲ၍ စားသောက်ဆိုင်ထဲသို့ ခေါ်လာခဲ့ရ၏။

အစားအစာများကို စားသောက်နေစဉ် တိုက်မေလီအနယ်စားကြီးကို ယုံကြည်စိတ် အပြည့်အဝနှင့်သန့်ငြာန် စကားတစ်ခွန်း ပြောလိုက်သည်၊

'ပါပါ၊ ဟို...နဂါးကြီးခုနစ်ကောင်ကို ဖမ်းတဲ့ပွဲမှာသမီးတော် အသက်စွန့်ပြီး တာဝန်ယူပါ့မယ်'

'သမီးတော်စကားကြားရတာ ပါပါဝမ်းမြောက်ဝမ်းသာ ဖြစ်မိတယ်၊ ဒါကြောင့်လဲ ပါပါဟာ သမီးတော်ကို သားတစ်ယောက်လို အားကိုးခဲ့တာပေါ့'

'လူမျိုးနဲ့ တိုင်းပြည်ရဲ့အရေးအခင်းဟာ ပါပါနဲ့သမီးတော်တို့ရဲ့ အခုကြိုးပမ်းမှုပေါ်မှာ မူတည်နေတယ် ဆိုတာသမီးတော်သဘောပေါက်ပါတယ်'

'ကောင်းပါလေ့...ကောင်းပါလေ့'

နယ်စားကြီး၏ မျက်လုံးများသည် စူးရှတောက်ပလာလေသည်။

ဤအချိန်တွင်နေဂါးပျံရှက်သင်္ဘောကြီးမှာရွာစီမြို့ဆိပ်ကမ်းမှ စတင်ထွက်ခွာစပြုပြီဖြစ်သည်။

ဤသင်္ဘောကြီးပေါ်၌ နယ်စားကြီး၏ ရဲမက်တော် ငါးဆူတိတိ လိုက်ပါလာပေသည်။

* * *

## အခန်း (၄)

### အနီရောင်အန္တရာယ်သေတ္တာ

ပေါ့ဟိုင် ပင်လယ်ကမ်းခြေရှိ ပေါ့ဟိုဗီ တည်းခိုရိပ်သာမှ ထွက်ပြေး လွတ်မြောက်လာသော မိန်းမချောလေးမင်စီ။ သူမနှင့်အတူ ရှည်မျော့မျော့ ပုံသဏ္ဍာန်ရှိသည့်သေတ္တာနီနီကလေး တစ်လုံး ပါလာသည်။

သူမသည် ဆိုင်နန်မြို့ရှိ မထင်မရှား ပျော်ပွဲစားရုံကလေး တစ်ရုံ၏ အပေါ်ထပ်တွင် ရောက်နေသည်၊

သူမ ငှားထားသည့်အခန်းကလေးမှာ ကျဉ်းမြောင်းသောလည်း သပ်ရပ်သည်။

သန့်ရှင်းမှု ရှိသည်။

ပျော်ပွဲစားရုံရှေ့ရှိ လမ်းမကြီးကိုလည်း အပေါ်စီးမှ ကောင်းစွာ မြင်ရနိုင်သည်။

ဤပျော်ပွဲစားရုံ၌ သူမအမည်ကို ဘွားဘွားဟူကျိုဟုပြောထားသည်။

မျက်နှာကိုလည်း အသက်ခြောက်ဆယ်ခန့်အရွယ် အဘွားကြီးပုံစံမျိုးဖြစ်အောင် ရုပ်ပြောင်းရုပ်လွှဲ ပြုလုပ်ထား၏။

ပင်ကိုက အနီရောင်ဖြစ်သော သေတ္တာလေးကိုလည်း အဖြူရောင်ဆေးများ အပေါ်က ထပ်သုတ်လိုက်ပြီးဖြစ်သည်။

ဘွားဘွားဟူကျိုအဖြစ် ရုပ်ပြောင်းထားသော မင်စီသည် အပေါ်ထပ် သူမအခန်းထဲတွင် စာတစ်စောင်ကိုခပ်သုတ်သုတ် ရေးနေသည်။

သူမ ရေးနေသည့်စာလုံးအလေးများမှာ သေးငယ်လှ၏။

စာရေးပြီးသောအခါ တစ်ခေါက်ပြန်ဖတ်လိုက်သည်။ ပြီးနောက် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး စာရွက်ကို အခေါက်ငယ်လေးတစ်ခုဖြစ်အောင် ခေါက်လိုက်လေသည်။

စာရွက်ကို ခေါက်လိုက်ပြီးနောက် စားပွဲပေါ်တွင် ချထားလိုက်ကာ အခန်းပြတင်းပေါက်ရှိရာသို့ လျှောက်လာခဲ့ပြန်သည်။

အပြင်ဘက်တွင် ညနေပိုင်းသို့ ဆိုက်ရောက်ခဲ့ပြီးဖြစ်သဖြင့် အမှောင်ရိပ်က ဆိုင်းတင်စပြုနေသည်။



မင်လယ်နှင့် နီးသည့်အရပ်ဒေသမို့ အမှောင်ရိပ်က ယခုလို စောစီးစွာ ကျလာဟန်တူသည်။

ဆောင်းဥတု ဖြစ်သည်မို့လည်း နှင်းငွေ့နှင့်မြူခိုးများအထည်း ရှိက်ထားသည်။

ဘွားဘွားဟူကျိုအဖြစ် ရုပ်ဖျက်ထားသော မင်စီသည် ခိုငယ်တစ်ကောင်ကို လှောင်အိမ်ထဲမှထုတ်ယူလိုက်၏။

စားပွဲပေါ်မှ စာရွက်ခေါက်ကလေးကိုယူကာ ခိုခြေထောက်တွင်ရှိသည့် ငွေကြုတ်ဘူးကလေးထဲသို့ ထည့်သွင်းလိုက်သည်။

'ကဲ... ဒီသတင်းက သိပ်အရေးကြီးနေတော့ ဆက်သွယ်ရေးစခန်းကို ချောချောမောမောရောက်အောင် မြန်မြန်သွားပို့ပေါ့ကွယ်၊ ဘယ်ကိုမှ သဲထိုးမနေနဲ့နော်'

လူတစ်ယောက်အား စကားပြောသကဲ့သို့ ခိုငယ်အား မှာကြားလိုက်ပြီးလျှင် ပြတင်းပေါက်သို့ နှဉ်းကပ် သွားသည်။

အောက်ဘက်မှ အရိပ်အခြည်ကိုကြည့်ပြီး ခိုကလေးကို လွှတ်လိုက်သည်။

ခိုကလေးသည် မှိုင်းပြာမှုန်ဝါနေသည့် ကောင်းကင်ဘက်သို့ တစ်ဟုန်ထိုး ပျံသွားလေသည်။

မင်စီက ခိုကလေးပျံတက်သွားသည်ကို ငေးမောကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်မိသည်။

နောက်တစ်နာရီခန့်အကြာတွင် ရှဘီဘခါကို အပြင်ဘက်မှ တံခါးခေါက်သံ ပေါ်ထွက်လာသည်။

'ဒေါက်....ဒေါက်....ဒေါက်....ဒေါက်'

မင်စီသည် တံခါးပေါက်ဝသို့ ပြေးကပ်လိုက်သည်။

'ဒေါက်...ဒေါက်....ဒေါက်....ဒေါက်'

တံခါးကိုအပြင်ဘက်မှ ထပ်ခေါက်သည်။

'အပြင်ကဘယ်သူလဲ'

ဟု အသံခပ်အုပ်အုပ်နှင့် အမေးပြုလိုက်သည်၊

အပြင်ဘက်မှ ပြန်ဖြေသံပေါ်လာသည်။

'ကောင်းကင်က ပေးအပ်တဲ့ တာဝန်နဲ့လာခဲ့တာ၊ တံခါးမြန်မြန်ဖွင့်ပါ'

ယောကျ်ားတစ်ဦး၏အသံ ဖြစ်သည်။

မင်စီ အချိန်ဖြုန်းမနေ၊

တံခါးကိုသွက်လက်စွာ ဖွင့်ပေးလိုက်သည်။

အသက်ခြောက်ဆယ်ခန့် အဘိုးအိုတစ်ဦး အခန်းထဲသို့ဝင်လာသည်။

'ခိုနိုဝိုလိုက်တဲ့စာရရချင်း ထွက်လာတာ'

ဝင်လာသူအဘိုးအိုက ဆို၏။

ထိုသူမှာလည်း မင်စီကဲ့သို့ပင်ရှာဖွေ ကြသူ ဖြစ်သည်။ သူ့အား အထောက်တော်ရှိလျူး။

သူတို့နှစ်ဦးသည် အာလာပသလ္လာပများကို ပြောနေချိန်မရ၊ လိုရင်းကိုစွကိုသာ စတင်ပြောဆိုကြ၏၊



ပေါ်ဟိုင်တည်းခိုရိပ်သာတွင် စံပုလွေဖြူအဖွဲ့သားများက မိမိတို့ကိုသုတ်သင်ရှင်းလင်းရန် ကြိုးစားကြသည်။ မိမိတစ်ဦး တည်းသာ လွတ်မြောက်သည်။

တည်းခိုရိပ်သာပိုင်ရှင် အမည်ခံ လူဝကြီး ထုံစီပေနဖို့ မှတ်ဆိတ်ယွမ်တို့အဖွဲ့သားများ သေဆုံးသွားကြသည်ဟု မိန်းမချောလေး မင်စီက စတင်ပြောလိုက်သောအခါ—

'ဒီမှာ—မင်စီ၊ အပိုစကားတွေပြောမနေနဲ့၊ နဂါးခုနစ်ကောင် နှင်နဲ့ပါလာရဲ့လားဆိုတာကိုပဲ ငါသိချင်တယ်၊ပါလာရင် နဂါးခုနစ်ကောင် ငါ့ကိုမြန်မြန်ပေး၊ ငါ့နောက် က စံပုလွေတွေ အရိပ်လိုလိုက်နေကြတယ်၊ ငါဒီနေရာက မြန်မြန် ထွက်သွားမှ ဖြစ်မယ်'

ရှိလျူးက စိတ်မရှည်သလိုပြောလိုက်၏။

'ကျွန်မ ရှင့်ကို အခြေအနေပြည့်ပြည့်စုံစုံ ရှင်းပြနေတာပါ၊ ကျွန်မအနေနဲ့ ဒီပစ္စည်းကို ဘယ်လိုအသက်စွန့်ပြီး ကာကွယ် ထိန်းသိမ်းထားရတယ်ဆိုတာ ရှင့်အနေနဲ့လေးနက် စေချင် တယ်'

'ငါနားလည်ပါတယ်'

'ရှင်လဲ ဒီပစ္စည်းကို ကျွန်မဆီကယူဆောင်သွားတဲ့ အခါ ဒီပစ္စည်းကို ရှင့်အသက်လိုတန်ဖိုးထားစေချင်တယ်'

'ဒီစကားတွေပြောမနေနဲ့၊ ငါက နင့်ထက်ဝါရင့် ဆိုတာ နင်သိဖို့ကောင်းတယ်'

မိန်းမချောလေးမင်းစီက နဂါးခုနစ်ကောင် ပါရှိသော သေတ္တာဖြူဖြူကလေးကို ရှီလျှုအားထုတ်ပေးလိုက်သည်။

ထိုအခါ…

ရှီလျှုသည် သေတ္တာကိုလက်နှင့်ဆ'ကြည့်ရင်း ဦးခေါင်းကို ခါနေသည်။

'ဒီပစ္စည်းမဟုတ်ဘူး'

'ဘာပြုလို့လဲ'

ဟု မင်းစီက စိတ်တိုသံကလေးနှင့်မေး၏။

'ဟိုသေတ္တာကအနီရောင်၊ ပိုင်ထန်း၏ ထိပ်တန်းလျှို့ဝှက်ချက်များဆိုတဲ့ စာတန်းကိုလဲရေးထားတယ်'

'ရှင် လူအပဲ၊ရှင်ဟာ အင်မတန် အတွေးအခေါ်ညံ့ဖျင်းတယ်၊ လူကိုသာရှပ်ဖျက်ပြီး ပစ္စည်းကိုရှပ်ဖျက် မထားရင်တယ်လိုအကျိုးဆက်တွေ ပေါ်ပေါက်လာနိုင်တယ် ဆိုတာရှင်မတွေးမိတာများအံ့ပါရဲ့'

မင်းစီသည် ဒေါသထွက်နေဟန်ဖြင့်ပြောလိုက်ပြီး ပေးအံ့ဆဲဆဲ သေတ္တာကို ရှီလျှုအားမပေးတော့ဘဲ ပြန်လည်ရှပ်သိမ်းထားလိုက်၏။

'ပေးလေ'

ဟု ရှီလျှုကတောင်းလိုက်သည်။

မင်းစီ ခေါင်းခါလိုက်၏။

'ရှင့်ကို ကျွန်မမပေးတော့ဘူး'



'ဘာဖြစ်လို့'

'ရှင့်ဦးနှောက်ဟာသေးငယ်တယ်၊ သေးငယ်တဲ့ဦးနှောက်တစ်ခုဟာ အင်မတန်အဖိုးထိုက်တန်တဲ့ဒီပစ္စည်းကို လုံလုံခြုံခြုံထားနိုင်မယ်ထင်တယ်၊ ထိန်းသိမ်းနိုင်မှာမဟုတ်ဘူး'

'နင် အချိန်ဖြုန်းမနေနဲ့၊ ဝါနေဘက်က ဝံပုလွေဖြူတွေ တန်းစီပြီးလိုက်နေတယ်လို့ နင့်ကိုငါပြောပြီးပြီ'

ရှီလျှုက မင်းစီ၏လက်ထဲမှ သေတ္တာကိုလုယူရန် ကြိုးစားလိုက်သည်။

'သွားစမ်း'

'ဗုဘ်'

'အား'

မင်းစီသည် ရှီလျှု၏ရင်ဘတ်ကို လက်သီးနှင့်ထိုးပစ်လိုက်ရာ ရှီလျှုသည် နောက်ဘက်သို့လန်ထွက်သွား၏။ ဤ လက်သီးချက်ကို 'ချွန်းဖ'ဟုခေါ်လေသည်။

'အောင်မယ်....နင်ကလား'

ရှီလျှုသည် မျက်နှာနီမြန်းသွားကာ မင်းစီကို'ဟန်းချွင်'ခေါ် ဝိုက်လက်သီးတစ်လုံး ပြေး၍သွင်းလိုက်၏။

ဝေ့ဝိုက်၍ဝင်လာသော လက်သီးအဟုန်မှာ ပြင်းထန်လှသော်လည်း မင်းစီက လက်ဝါးကိုထောင်၍ 'တန်ဖ'ဖြင့် ဆီးတားထားလိုက်၏။ လက်ဝါးစောင်းဖြင့် ကာထားလိုက်ခြင်းပင် ဖြစ်သည်။

မင်စိ၏လက်ဝါးဖြင့် ကာထားလိုက်သော 'တဲန်ဖ' မှာ အတွင်းအားသုံးလိုက်ရသည်ဖြစ်ရာ ရှီလျှူး၏ လက်ကောက်ဝတ်မှာ ကျိုးကျေသွားလုမျှ နာကျင်စွာ ခံစားသွားရ၏။ မျက်နှာကြီးက ရှုံ့မဲ့သွားရလေသည်။

တစ်ဆက်တည်းမှာပင် မင်စိသည် ရှီလျှူး၏ ဆံပင် ဖုတ်သိုက်ကြီးကို လှမ်း၍ ဆောင့်ဆွဲလိုက်၏။ သူ့မျက်နှာမှ မျက်နှာဖုံးအတု ကွာထွက်သွားလျှင် ရှီလျှူး၏ မူလရုပ်သွင် ပေါ်လာလေတော့သည်။

အရုပ်ဆိုး အကျည်းတန်လှသော မျက်နှာ၊ မျက်လုံးမျာ၊ အမွေး၏။ သွားများက ခေါနေလိုက်သေး၏။ ရှီလျှူး မဟုတ်ပေ။ မင်စိ၏ လှပသော မျက်လုံးလေးများသည် အံ့ဩဟန်ဖြင့် ပြောင်းလဲသွားရလေသည်။

'ယား'

အခြေအနေကို တစ်ဒင်္ဂအတွင်း၌ ပိုင်းဖြတ်လိုက်မိသည်ဖြစ်ရာ မင်စိသည် ရှီလျှူးအဖြစ် ရုပ်ဖျက် ဟန်ဆောင်လာသောသူ၏ လည်မျိုးသွေးကြောမကြီးကို သိမ်းငှက်လက်သန်းတိုက်ကွက်ဖြင့် ကုတ်ခြစ်ဖမ်းချုပ်ထားလိုက်၏။

'အ....အမယ်လေး....လွှတ်ပါ'

'မလှုပ်နဲ့၊ လှုပ်ရင် ရှင့်သွေးကြောကို ဖြတ်ပစ်လိုက်မယ်'

'မ....မလှုပ်ပါဘူး၊ အား....အား....နာတယ်'

'ပြောစမ်း၊ ရှင်ဘယ်သူလဲ၊ မှန်မှန်ပြော'

'အား....အား....ပြောပါ့မယ်'



'မှန်မှန်ပြော၊ ခပ်မြန်မြန်ပြော'

'ငါ့နာမည် ချီးမာစု'

'ဘယ်အဖွဲ့ကလဲ'

'ပိုင်လန်း (ဝံပုလွေဖြူ)'

'ရှီလျှူအစစ်အကြောင်း ပြောစမ်း၊ ရှင်ကရှီလျှူ အဖြစ် ရုပ်ဖျက်လာတော့ ရှီလျှူအစစ်ကို ရှင် သတ်ခဲ့တယ် မဟုတ်လား'

'ငါမသတ်ပါဘူး၊ သူတို့သတ်လိုက်ကြတာပါ'

'သူတို့ဆိုတာ ဘယ်သူလဲ'

'ဓားဝိဇ္ဇာ လီထန်ချူ'

မင်စိ၏မျက်နှာလေးက မှုန်ကုပ်တင်းမာသွား၏။ ပေါ့ဟိုင် တည်းခိုရိပ်သာတွင် မိမိနှင့် လုပ်ဖော်ကိုင်ဘက်များကို အဆိပ်ဖြင့် သုတ်သင်သွားခဲ့သော လူသတ်သမား။

မိမိအသက်သည်ပင်လျှင် သီသီကလေး လွတ်မြောက်သွားခဲ့ပုံကို တွေးမိရင်း မင်စိ၏ မျက်လုံးလေးများသည် မီးစင်းဝင်း တောက်လာလေသည်။

'ဟော့....တံခါးဖွင့်စမ်း'

'ဝုန်း—ဝုန်း—ဝုန်း'

အပြင်ဘက်မှ တံခါးကို တွန်းသံ၊ ရိုက်သံ၊ ဆန်ကျောက်သံများ ရုတ်တရက် ပေါ်ပေါက်လာသည်။ ထိုအခါ ချီးမာစုသည် အားတက်လာဟန်ဖြင့် ပြုံးလိုက်၏။

မင်းစီက ချီးမာစုကို မေးလိုက်သည်။

'အပြင်က ဘယ်သူတွေလဲ'

'ဟဲ…ဟဲ…ဟဲ…ငါ့လူတွေပေါ့၊ ဓားဝိဇ္ဇာ လီအန်ချုလဲ ပါတယ်၊ နင် အဖမ်းခံလိုက်ရပါ၊ နင့်အသက်ကိုချမ်းသာပေးဖို့ ဓားဝိဇ္ဇာကို ငါ မေတ္တာရပ်ခံပေးမယ်'

'ယား'

'အား'

နုနယ်ပျိုမျစ်သော မင်းစီ၏ ဆုံးဖြတ်ချက်အ ရဲရင့် ပြတ်သားလှ၏။

သူမ၏ သိမ်းငှက်လက်သည်းများကို လှုပ်ရှားလိုက်ရာ ဝံပုလွေဖြူဂိုဏ်းသား ချီးမာစုသည် မချိမဆံ့ အော်ဟစ်၍ လဲကျသွား၏။

'ရှမ်း....'

မင်းစီသည် သူမ၏ ခါးတွင် ခါးပတ်ကဲ့သို့ ပတ်ထားသော ပါးလွှာလှသည့် သက်တန့်ရောင်ဓားကို ဆွဲချွတ်လိုက်၏။

ဓားမှ ပျံ့ထွက်လာသောအရောင်များသည် အခန်းထဲတွင် ပြိုးပြိုးပြက်ပြက် ဝင်းလက်သွားလေတော့သည်။

'ဂျုံး…ဂျိမ်း…ဂျိမ်း…ဂျိုင်း'

အပြင်ဘက်မှ တံခါးကို ဆောင့်ဖွင့်လိုက်ပုံရ၏၊ တံခါးရွက် ပြုတ်ထွက်သွားပြီးလျှင် အရိပ်မည်းများက အခန်းထဲသို့ တပျော်တပါးကြီး ဝင်လာကြသည်။



'ဟား....ဟား...ဟား...ယား'

'အား....အား....အား....အား'

ဓားသိုင်းဘုရင်မလေး မင်းစီပင် ဖြစ်တော့သည်။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း၌ အခန်းထဲတွင် အသက်ကင်းမဲ့သော အဝိညာဏက ခန္ဓာကိုယ်ကြီးများ အထပ်လိုက် အပုံလိုက် ဖြစ်သွားလေသည်။

မင်းစီ၏ ဓားသိုင်းကွက်များအား လျှပ်ပြက်ဘိသည့်နှယ် မြန်ဆန်သွက်လက်၏။ မျက်စိဒနောက်စရာ ကောင်းလောက်အောင် ရှုပ်ရှက်ခတ်နေသည်၊

အခန်းထဲသို့ဝင်လာသူတိုင်း အသက်နှင့်ခန္ဓာ အိုးစားကွဲကြရသည်။ အခန်းထဲသို့ အရဲတိုး၍ ဝင်လာဝံ့သူ မရှိတော့ဘဲ တန့်သွားသည်။

သို့သော် တံခါးဝ အပြင်ဘက်မှ လှမ်း၍ အခန်းထဲသို့ လက်နက်ပုန်းများ ပစ်သွင်းနေကြပြန်သည်။

သာမန်လိုဆိုပါက အဆက်မပြတ် ပစ်လွှတ်နေသော လက်နက်ပုန်းများကြောင့် ခန္ဓာကိုယ်တစ်ခုလုံး ဆန်ခါပေါက် ဖြစ်သွားသင့်၏။ မင်းစီက မူ ဓားသိုင်းစက်ကြာလှည့်၍ လက်နက်ပုန်းများ၏ အန္တရာယ်ကို ရှောင်ရှားပေးနေသည်၊

ထိုစဉ်—

'ဂျောင်း....'

မင်းစီ ကျောပြု၍ ရပ်နေသော ပြတင်းပေါက် ဘောင်သို့ သံချိတ်တစ်ခု လာ၍ချိတ်လိုက်၏။ အထိတ်တလန့်ဖြင့် မင်းစီ

လှည့်ကြည့်လိုက်ရာ ပြတင်းပေါက်နှင့် မလှမ်းမကမ်းရှိ အိမ်ခေါင်မိုးပေါ်မှ လူတစ်ယောက်ကို တွေ့ရ၏။

ကြိုးတစ်ချောင်းက ထိုအိမ်ခေါင်မိုးပေါ်သို့ အဆင်သင့် သွယ်တန်းထားပြီးသား။

အိမ်ခေါင်မိုးပေါ်တွင် တွေ့ရသောလူက သူသွယ်တန်းထားသော ကြိုးကို အသုံးပြု၍ မိမိ ရှိနေရာသို့ ကူးလာရန် မင်စီကို လက်ဟန်ခြေဟန်နှင့် အချက်ပြနေလေသည်။

မင်စီ ဘာလုပ်မည်နည်း။

တံခါးဝတွင် ဝံပုလွေဖြူများ အုပ်စုလိုက် စောင့်နေကြသည်။

တံခါးပေါက်မှ ပြေးထွက်ရန် မလွယ်ကူချေ။ ချောင်ပိတ်မိနေသလို ရှိနေချေသည်။

အိမ်ခေါင်မိုးပေါ်မှ သူ့ဘက်သို့ကူးလာရန် ခေါ်နေသူကိုလည်း မင်စီမသိ။

မမြင်ဖူးချေ။

လူစိမ်းတစ်ဦးမျှသာ ဖြစ်လေသည်။

သူမ၏အတွေ့အကြုံများကို ပြန်လည်စဉ်းစားကြည့်သည်။ တစ်ခါတစ်ရံ ဤသို့မထင်မှတ်သော ကယ်တင်ရှင်မျိုး ပေါ်လာတတ်သည်။

မင်စီသည် စဉ်းစားမနေတော့။

နဂါးခုနစ်ကောင် လျှို့ဝှက်ချက် သေတ္တာကို ကျောမှာ စနစ်တကျ လွယ်ပိုးချိန်မရ၊



လက်နှင့် ကပျာကယာပွေ့လိုက်ပြီးလျှင် ပြတင်းပေါက်မှ ခုန်ထွက်လိုက်တော့၏။

တစ်ဖက် ခေါင်မိုးပေါ်သို့ တန်းလန်း ဆက်သွယ်ထားသော ကြိုးစမှ ကျွမ်းကျင်လျင်မြန်စွာ တစ်ဖက်သို့ ကူးသွားလိုက်သည်၊

'ဟား....ဟား—ဟား'

တစ်ဖက်ခေါင်မိုးပေါ်မှလူ၏ ရယ်သံ၊

ထိုသူ၏ လက်ထဲတွင် ဝင်းလက်တောက်ပသော ဓားတစ်လက်ကို မြင်ရ၏၊

မင်စီ ဦးနှောက်ရှုပ်ထွေးသွားတည်။ အံ့ထိတ်တလန့်ရှိသွားမိရသည်၊

'နင့်လက်ထဲကသေတ္တာကို ငါ့ဆီ ပစ်ပေးလိုက်စမ်း၊ ငါပြောသလိုလုပ်၊ မလုပ်ရင် ကြိုးကိုဖြတ်ချလိုက်မယ်'

တစ်ဖက်လူက အမိန့်ပေးနေသည်။

မင်စီသည် အဆောက်အဦးနှစ်ခု၏အလယ် လေထဲတွင် တွဲလောင်းအနေအထားမျိုး ရှိနေသည်၊

ဘယ်ဘက်လက်ကလည်း သေတ္တာကို သတိရှိစွာပွေ့ပိုက်ထားရသေးသည်။

'ဟေ့....သေတ္တာကိုပစ်ပေးလိုက်စမ်း၊ မပေးဘူးလား'

'မပေးဘူး'

'ကောင်းပြီ'

'ဒုတ်'

'အား'

ခေါင်မိုးပေါ်ကလူသည် ဆုံးဖြတ်ချက်မြန်သူ ဖြစ်ခဲ့၏။ သူကကြိုးကိုဖြတ်ချလိုက်ရာ မင်စီ၏လက်ထဲမှ သေတ္တာလေးသည် ရုတ်တရက် အောက်သို့လွတ်ကျသွားလေသည်။

မင်စီမှာမူ ကြိုးစပေါ်တွင်တန်းလန်းကြီးပါသွားလျက် တစ်ဖက်နံရံသို့ အဟုန်ပြင်းစွာ ပြေး၍ဝိုက်လိုက်၏။

သို့သော်....

မင်စီသည် သတိကောင်းလှ၏။

အုတ်နံရံကြီးနှင့် မရိုက်မိခင် ကြိုးစအား လက်လွှတ်လျက် အောက်သို့ခုန်ချလိုက်၏။

ကိုယ်ဖော့၍ ခုန်ချလိုက်သော်လည်း လမ်းပေါ်သို့ကျသွားသောအခါ မြေပွတ်တိုင်လည်သွားသလို ခံစားလိုက်ရသည်။ လမ်းမပေါ်မှ ရုတ်တရက်ပြန်မထနိုင်ဘဲရှိသည်။

သို့ရှိနေစဉ် ...

မင်စီသည် ထူးဆန်းသော မြင်ကွင်းတစ်ခုကို မြင်နေရသည်။

မိမိလက်ထဲမှ လွတ်ကျသွားသော သေတ္တာလေးကို အဖွဲ့နှစ်ဖွဲ့က လုနေကြသည်။

သူတို့နှစ်ဖွဲ့သည် တစ်ဖက်နှင့်တစ်ဖက် သဲကြီးမဲကြီး တိုက်ခိုက်နေကြလေသည်။

အဖွဲ့တစ်ဖွဲ့ကို ပါးလွှာသောအဖြူရောင် ကိုယ်ကျပ်ဝတ်စုံဆင်မြန်းထားသည့် မိန်းမလှလေးတစ်ဦးက ဦးဆောင်နေ၏။

သူမ၏ အနီးတွင် ဆေးမှ လူထွားကြီးတစ်ဦးကို တွေ့ရသည်။



ထိုလူထွားကြီးသည် ခေါင်းတုံးပြောင်အောင် ရိပ်ထားသည်။

'ရှစ်....'

တိုက်ပွဲအခြေအနေကို သုံးသပ်လျက် အကြံထုတ်နေသော မင်စီ၏ ညာလက်မောင်းရင်းသို့ အဆိပ်အပ်တစ်စင်း စူးဝင်လိုက်သည်။

မျက်လုံးများ တဒင်္ဂအတွင်း ပြာဝေသွားရလေသည်။

ထို့နောက် သတိရတစ်ချက် မရတစ်ချက်။

သူမကို လူတစ်ဦးက ပွေ့ချီ၍ မြင်းရထားတစ်စီးပေါ်သို့ တင်လိုက်လည်း။

'ရပြီဟေ့...ရပြီ'

ဟု ဝမ်းသာအားရ အော်သံတစ်သံကိုလည်း ကြားလိုက်ရသလိုရှိ၏။ ထို့နောက်တွင် မင်စီသည် သတိလစ်မေ့မြောသွားလေသည်။

* * *

## အခန်း (၅)

### နိုင်ငံခြားသား အဘိုးအို

ရွက်သင်္ဘောကြီးများ ဆိုက်ကပ်ရာဆိပ်ကမ်းခြေ။ ရေလုပ်ငန်းများ အခြေစိုက်ရာဖြစ်သောကြောင့် ပေါ့ဟိုင်တမ်းခြေသည် စည်ကားလှသည်။

ကမ်းနားတစ်လျှောက်ရှိ အစား အသောက်ဆိုင်များ၊ ထမင်းဆိုင်များ၊ အရက်ဆိုင်များ၊ ပျော်ပွဲစားရုံများမှာလည်း အချိန်မရွေးအခါမရွေး မိုးလင်းမှ မိုးချုပ်တိုင် လူသူ ဧည့်ပရိသတ်များ အမြဲမပြတ် စည်စည်ကားကား ရှိနေတတ်သည်။



သင်္ဘောသားများ၊ ဆိပ်ကမ်းကုန်တင်ကုန်ချအလုပ်သမားများ၊ ဆိပ်ကမ်းဝန်ထမ်းများ စသည့် အောက်ခြေလူတန်းစားများမှစ၍ ပင်လယ်ရပ်ခြားကုန်သည်ကြီးများ၊ ရွက်သင်္ဘောမာလိန်မှူးများ၊ သူဌေးသူကြွယ်များ၊ အထောက်တော်အရာရှိများ စသည့်အထက်တန်းစားများအထိ ဧည့်ပရိသတ် စုံလင်လှလေသည်။

သည်အထဲတွင် အမျိုးအမည် ခွဲခြားဖော်ပြရန် ခက်ခဲသည့် လူစားမျိုးများကိုလည်း ဆိပ်ကမ်းထမင်းဆိုင် အရက်ဆိုင်များတွင် တွေ့ရတတ်လေသည်။

နေသာသော နွေလယ်ခင်းတစ်ခုပင်ဖြစ်၏။

ဆိပ်ကမ်းရှိ ယောယန်ဂျင်းအမည်ရှိ ပျော်ပွဲစားရုံအတွင်း၌ ထုံးစံအတိုင်း ဧည့်ပရိသတ်များ စည်ကားနေသည်။ ယောယန်ဂျင်းဟူသည်ကား နိုင်ငံခြားသားအဘိုးကြီးဟု အမည်အဓိပ္ပာယ် ထွက်လေသည်။

ထိုနိုင်ငံခြားသားအဘိုးကြီး ပျော်ပွဲစားရုံထဲတွင် ဓားခုတ်ရာ ဗန်းလန်းဖြတ်ကြီးတစ်ခုရှိသော လူရွယ်တစ်ယောက်သည် ဆိုဇီအဝရှိ ကောင်တာတွင် သူအလိုရှိသော အရာများကိုမှာကြားနေသည်။

'ဟေ့ အရက်တစ်အိုးနဲ့ ကြက်ကြော်တစ်ပွဲ ပေးစမ်းဟေ့'

ကောင်တာနောက်မှ အခြားဝယ်သူများနှင့် အလုပ်ရှုပ်နေသော စားပွဲထိုးမိန်းကလေးက မကြားသဖြင့် သူကဒေါပွကာ ကောင်တာကိုလက်ဝါးကြီးနှင့် ဖြန်းခနဲ ပုတ်သိုက်သည်။

စားပွဲကိုပုတ်လိုက်သံကြောင့် မိန်းကလေးက သူ့ကိုအထိတ်တလန့် လှမ်းကြည့်သည်။ သူ့မျက်နှာထက်မှ ကြောက်မက်ဖွယ်ဓားခုတ်ရာကြီးနှင့် မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး ထိုးထိုးထောင်ထောင်များကြောင့် မိန်းကလေးမှာပို၍တုန်လှုပ်သွားရလေသည်။

'တော့…ငါ့ကိုအရက်တစ်အိုးရယ် ကြက်ကြော်တစ်ပွဲရယ် ပေးပါလို့ ပြောနေတာ မကြားဘူးလား'

'ဟုတ်…ဟုတ်ကဲ့…ဦး…ဦးလေး'

'ထွီ…ငါ့ကို ဦးလေးလို့မခေါ်နဲ့၊ တခြားဟာတစ်ခုခု ပြင်ခေါ်လိုက်စမ်း'

ဓားခုတ်ရာပိုင်ရှင်က မျက်နှာရှုံ့ရှုံ့မဲ့မဲ့နှင့် ပြောလိုက်၏။

အမှန်မှာလည်း သူသည် မျက်နှာကဓားခုတ်ရာကြီးကြောင့် အရုပ်ဆိုး အကျည်းတန်နေခြင်း ဖြစ်သော်လည်း အသက်အရွယ်အားဖြင့် လူလတ်ပိုင်းလောက်သာ ရှိပါသေး၏။

'ဟုတ်…ဟုတ်ကဲ့ အစ်ကိုကြီး၊ အစ်ကိုကြီး မှာတာတွေ အမြန်ဆုံးရောက်လာအောင် စီမံပေးပါ့မယ်နော်၊ ခဏစောင့်ပါရှင်'

သူ့ကိုအစ်ကိုကြီးဟုခေါ်လိုက်မှ ဓားခုတ်ရာသည် သဘောကျသွားပုံရ၏။

စောစောက တင်းမာသော သူ့လေသံသည် အနည်းငယ် ပျော့ပျောင်းသွားသည်။



'ကောင်းပြီလေ…စောင့်ဆိုလဲ စောင့်ရတာပေါ့၊ ဒါပေမယ့် မကြာစေနဲ့နော်'

'ဟုတ်ကဲ့ရှင့်၊ မကြာစေရပါဘူး'

သူက ကြက်ကြော်ကြော်နေသည်ကို ကောင်တာရှေ့မှပင် ရပ်၍စောင့်နေသည်။

သူ့မျက်နှာက ခက်ထန်ကြမ်းတမ်း၍ ကြောက်ဖက်ဖွယ်အသွင်ကို ဆောင်ထားသော်လည်း သူ့ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည့် အဝတ်အစားများကတော့ တန်ဖိုးကြီးမားလှသည်။ သားနားလှသော အဝတ်အစားများ ဖြစ်လေသည်။

သူ့ကိုကြည့်ရသည်မှာ မိုက်မိုက်ကန်းကန်း စွန့်စွန့်စားစားဖြင့် သင်္ဘောအဆင့်ဆင့်စီးတာ ကုန်သွယ်တန်းလေ့ရှိသည့် ပင်လယ်ကူးကုန်သည်တစ်ဦး ဖြစ်ပုံရလေသည်။

သူ၏ညာဘက်ချိုင်းကြားထဲ၌ ဓားရှည်တစ်ချောင်း ညှပ်ထား၏။ သူသည် သိုင်းပညာတတ်ကျွမ်းသူဖြစ်ကြောင်းသိသာလှသည်။

ဤအချိန်တွင် ဆိုင်တံခါးပေါက်မှ သင်္ဘောသားဝတ်စုံဝတ်ထားသည့်လူရွယ်တစ်ယောက် ဝင်လာသည်။ သူ့အမူအရာမှာ အရေးတကြီး ကိစ္စတစ်ခု ရှိနေပုံရသည်။ ကမူးရှူးထိုး သုတ်သုတ်ပျာပျာနှင့် ဖြစ်သည်။

သူ ကမူးရှူးထိုးနိုင်မှုကြောင့် ကောင်တာရှေ့မှာ ရပ်တန့်စောင့်ဆိုင်းနေသော အမာရွတ်နှင့်လူကို ဝင်တိုက်လိုက်မိသည်။

'အား–မတော်လို့ပါခင်ဗျာ'

'ဘာမတော်လို့လဲ၊ လူတစ်ယောက်လုံးရပ်နေတာတောင် မမြင်ဘူးလား၊ ခင်ဗျား မျက်လုံးကန်းနေသလား'

နဂိုကပင် အလိုလိုစိတ်တိုနေသော ဓားခုတ်ရာက သူ့အား ဝင်တိုက်မိလိုက်သူကို ဒေါကြီးမောကြီးနှင့် ပြောလိုက်သည်။ တစ်ဆက်တည်း သင်္ဘောသား၏အင်္ကျီရင်ဘတ်ကို ကြမ်းတမ်းသော သူ့လက်ဝါးကြီးဖြင့် ဆွဲယူဆုပ်ကိုင်လိုက်သည်။

'ခင်ဗျားစိတ်မဆိုးပါနဲ့၊ မတော်မိလို့ပါ၊ ကျွန်တော် လူတစ်ယောက်ကို အရေးကြီးတဲ့ကိစ္စရှိလို့ ရှာတာပါ'

'မြန်မြန်သွားစမ်းကွာ၊ နို့မဟုတ်ရင် မင်းလည်ပင်းကို ငါ လိမ်ချိုးလိုက်မိလိမ့်မယ်'

ဓားခုတ်ရာက သင်္ဘောသားကို ဒေါသကြီးစွာ ဆောင့်၍ တွန်းပစ်လိုက်၏။

ထိုအခါ သင်္ဘောသားလူရွယ်၏မျက်နှာက တင်းမာသွားသည်။ သူ့မျက်လုံးများ အေးစက်သွားသည်။

'ဒီမှာ မတော်တဆဖြစ်တဲ့ကိစ္စမို့ ကျုပ်က ခင်ဗျားကို တောင်းပန်ခဲ့တယ်၊ ခင်ဗျားက လူမသနားဘူး၊ ဒီတော့ ခင်ဗျားကို ကျုပ်ဆုံးမမှဖြစ်တော့မယ်'

သင်္ဘောသားလူရွယ်က မာကျောအေးစက်သောအသံဖြင့် ပြောလိုက်သည်။ ဓားခုတ်ရာက ပြုံး၏။ ကြောက်မက်ဖွယ်ရာ အပြုံး။

'မင်းက ငါ့ကိုစိန်ခေါ်တယ်ပေါ့၊ ဟုတ်လား'



'ဟုတ်တယ်၊ ခင်ဗျားလိုရိုင်းစိုင်းတဲ့လူကို ကျုပ်အနေနဲ့ ဟောဒီလူပုံအလယ်မှာ ယဉ်ကျေးသိမ်မွေ့သွားအောင် ပညာပေးမှဖြစ်မယ်'

'ဟား....ဟား....ဟား'

ဓားခုတ်ရာ ဟားတိုက်ရယ်မောနေစဉ် သင်္ဘောသားလူရွယ်သည် ဓားကို အိမ်ထဲမှဆွဲနုတ်လိုက်ပြီး ဖြစ်၏။ ဓားခုတ်ရာကလည်း သူ့ခါးအောက်မှ ဓားကို ကျွမ်းကျင်စွာ ယူလိုက်ပြီး ရှိနေသည်။

ဆိုင်တွင်းရှိ ပရိသတ်အားလုံး၏ မျက်လုံးများက တစ်ယောက်နှင့် တစ်ယောက်စောင်နေသော သူတို့ရန်ပွဲဆီသို့ ရောက်ရှိနေကြလေသည်။

ပွဲကောင်းတစ်ပွဲကို ကြည့်ရတော့မည်ဟူသော မျှော်လင့်ချက်က သူတို့စိတ်အာရုံများကို လှုံ့ဆော်နေသည်။

ဆိုင်တစ်ဆိုင်လုံး တိတ်ဆိတ်နေသည်၊ ငြိမ်သက်နေသည်။ အပ်ကျသံပင်မကြားရ၊ မီးကိုရေနှင့်သတ်ထားသည့်အလား။

အသံလေးတစ်သံပေါ်လာသည်။

'နေကြပါဦးရှင် နေကြပါဦး'

အသံရှင်က ဆိုင်ကောင်တာနောက်မှ မိန်းကလေးဖြစ်နေလေသည်။

တစ်ယောက်ကိုတစ်ယောက် မီးဝင်းဝင်းတောက်မတတ် မျက်လုံးများနှင့် စူးစူးစိုက်စိုက်ကြည့်နေကြသည့် ဓားသမား

နှစ်ဦး။ သူတို့မျက်လုံးများက ဆိုင်ရှင်မိန်းကလေးဆီ ရောက်သွားကြသည်။

'ဘာမဟုတ်တဲ့ မတော်တဆကိစ္စလေးကို အကြောင်းပြုပြီး အစ်ကိုတို့နှစ်ယောက် အခုလိုဖြစ်ကြရတာ မသင့်တော်ပါဘူး ရှင်၊ ဒါကို ယောကျ်ားသတ္တိလို့ မခေါ်နိုင်ပါဘူး၊ ပထမ ရောက်လာတဲ့ အစ်ကိုကြီးကို နောက်ရောက်လာတဲ့ အစ်ကိုက မတော်တဆဝင်တိုက်မိတာ ကျွန်မမျက်စိနဲ့ မြင်လိုက်ရပါတယ်၊ တစ်ယောက်နဲ့တစ်ယောက် ကျေအေးလိုက်ရင် ပြီးတဲ့ ကိစ္စပါ၊ အလကား သွေးထွက်သံယို မလုပ်ချင်ကြပါနဲ့ အစ်ကိုတို့ရယ်'

မိန်းကလေးအသံက တောင်းပန်တိုးလျှိုးဟန် အပြည့်ပါသည်။ ငြိမ်းချမ်းရေးအသွင်ကို ဆောင်သည့် မီးလျှံအတွင်းမှ ကြာဖြူပွင့်လေး။

မိန်းကလေး၏ စကားကြောင့် သူတို့နှစ်ဦးစလုံး ငြိမ်သွားသည်။

သူတို့ အလေးအနက် စဉ်းစားနေပုံရသည်။

မှန်သည်။

ဘာမှမဟုတ်သည့် ပြဿနာကလေး။ ဓားခုတ်ရာသည် ဆုပ်ကိုင်ထားသော ဓားကို အိမ်ထဲသို့ စတင်သွတ်သွင်းလိုက်သည်။

'ရှပ်....'

သင်္ဘောသားကလည်း သူ့ဓားကို အိမ်ထဲသို့ပြန်ထည့်လိုက်သည်။



သူတို့၏ မျက်နှာထက်တွင် ဒေါသအာဃာတများ ပြေငြိမ်းသွားသည့်ပုံစံရှိသည်။

'အခုနေ ရန်ဖြစ်ရင် အစ်ကိုတို့အတွက် အကျိုးမရှိသလို ညီမတို့အတွက်လဲ အများကြီး အကျိုးယုတ်နိုင်ပါတယ်၊ ဆိုင်ထဲမှာ ရန်ဖြစ်တယ်ဆိုရင် အဲဒီဆိုင်ဟာ နာမည်ပျက်ပြီး ဧည့်သည်တော်လူကြီးလူကောင်းတွေမလာတော့ပါဘူး၊ အဲဒီတော့ ညီမကို ငဲ့ညှာတဲ့အနေနဲ့....'

'ညီမပြောတာတွေ အကုန်လုံး မှန်ပါတယ်၊ ဒီမှာမိတ်ဆွေ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော် အနူးအညွတ် ထပ်မံ တောင်းပန်ပါတယ်'

စကားဆို၏။

ဓားခုတ်ရာ၏ မျက်နှာကလည်း ပြုံးလာသည်။

'ကျုပ် ခင်ဗျားကို ခွင့်လွှတ်ပါတယ်၊ ကျုပ်အနေနဲ့ဒေါသ ကြီးမိတာကိုလဲ မေ့မယူပါနဲ့'

'ဟုတ်ကဲ့....မေ့မယူပါဘူး၊ ဒါ အသေးအဖွဲကလေးပဲ၊ ဟဲ ဟဲ_ဟဲ'

'အစ်ကိုတို့နှစ်ယောက် ဟိုအခန်းထဲကို ကြွကြပါ၊ ဒီအပြင်ဘက်မှာ ထိုင်ခုံတွေ လူပြည့်နေလို့ပါ'

'ကောင်းပါပြီ... ညီမ၊ ကောင်းပါပြီ၊ အစ်ကိုတို့ ရန်ပွဲကို ဝင်ဖြန်ဖြေပေးတဲ့အတွက် ညီမကို ကျေးဇူးတင်ပါတယ်'

ဇူဆင်ကျောင်က မျိုးချစ်သိုင်းသမားတစ်ယောက်။ မိမိ နိုင်ငံနှင့် လူမျိုးအတွက် အသက်ကို ပဓာနမထားဘဲ ပေးအပ်

သော တာဝန်နှင့်ဝတ္တရားများကိုကျေပွန်အောင်ထမ်းဆောင်နေသူပင် ဖြစ်သည်။

ငှူဆင်ကျင်က တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းရေးကို မြတ်နိုးသည်။

မျိုးချစ်စိတ်ပြင်းထန်သည်။

ကိုယ်ကျိုးစွန့်နိုင်စွမ်း ရှိသည်။မိမိနိုင်ငံနှင့် လူမျိုးအတွက် အနစ်နာခံလိုစိတ်ရှိသည်။

ထို့ပြင် ငှူဆင်ကျင်သည် အဆင့်မြင့်သိုင်းပညာရှင် တစ်ယောက်လည်း ဖြစ်ပေသည်။

သူ၏ သိုင်းပညာမှာ ထိပ်တန်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

ငှူဆင်ကျင်၏ဆရာသခင်မှာ သံမှဏိနဂါးဟဲ့ ရထားသောဆရာကြီး ဝမ်စီမင် ဖြစ်သည်။

ဆရာကြီး ဝမ်စီမင်က ငှူဆင်ကျင်ကို သိုင်းပညာများ သင်ကြားပေးရာ၌ သေချာစွာ မှာကြားသွားလိုက်သည်။

'ငှူဆင်ကျင်....သိုင်းပညာဆိုတာ ပြည်သူလူထုကို နှိပ်စက်ဖို့သင်ယူတာ မဟုတ်ဘူး၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် သင်ကြားရခြင်းပဲ ဖြစ်တယ်၊ တရားဥပဒေ စိုးမိုးရေးနဲ့ရပ်ရွာအေးချမ်းရေးအတွက် မိမိ တတ်မြောက်ထားတဲ့ သိုင်းပညာတွေကို အသုံးချပါ၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို ကျူးကျော်ရန်စ စော်ကားလာတဲ့ရန်သူမှန်သမျှကို ဒီသိုင်းပညာကိုအသုံးချပြီး တိုက်ခိုက်သုတ်သင်ပါ၊ နောက် အထူးသတိထားရမယ့်



အချက်ကတော့ မိမိတတ်မြောက်ထားတဲ့ပညာနဲ့ လူတစ်ဖက်သားကို နှိပ်စက်ညှဉ်းပန်းမှု မပြုရဘူး၊ ပြည်သူလူထုကို ဒုက္ခမပေးရဘူး၊ သိုင်းပညာဆိုတာ တစ်ဦးတစ်ယောက်ရဲ့ အတွက်မဟုတ်ဘဲ အများအကျိုးအထွက် ဖြစ်တယ်'

ထိုသို့ ငှူဆင်ကျင်၏ဆရာသခင်ဖြစ်သော သိုင်းပညာရှင်ကြီး ဝမ်စီမင်က လေးနက်တည်ကြည်စွာဖြင့် မှာကြားလိုက်လေသည်။

ငှူဆင်ကျင်က ဆရာသခင်ကို ဂါရဝပြုလိုက်ပြီး....

'စိတ်ချပါဆရာကြီး၊ ဆရာကြီး မှာကြားလိုက်တဲ့ စကားတွေကို ကျွန်တော် မမေ့မလျော့ နားထောင်ပါ့မယ်၊ ဒုစရိုက်သမားတွေကို ချေမှုန်းသုတ်သင်ပစ်ပါ့မယ်'

ဆရာကြီး ဝမ်စီမင်က သာဓုသုံးကြိမ်ခေါ်လိုက်ကာ....

'အိမ်း....ငါ့တပည့်ကိုတော့ ဆရာကြီးက ယုံကြည်စိတ်ချပြီးသားပါ၊ ငါ့တပည့်ဟာစိတ်ကောင်းနှလုံးကောင်းရှိတယ်၊ လူတစ်ဖက်သားကို ကူညီတတ်တယ်၊ ရိုးသားတယ်၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို ချစ်မြတ်နိုးတယ်၊ ဒါတွေကို သိပြီးသားပါကွယ်၊ ဒါပေမယ့် တစ်ခုတော့ သတိထားကွယ့်'

'ဘာများပါလိမ့် ဆရာကြီး'

ငှူဆင်ကျင်က ဆရာသခင်၏စကားကြောင့်မျက်ခုံးများပင့်ကာ မေးမြန်းမိလိုက်သည်။ဆရာကြီး ဝမ်စီမင်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး....

'ဒီလို စိတ်ကောင်းရှိတာ၊ လူတစ်ဖက်သားကိုသနား ကြင်နာကရုဏာသက်ပြီး ကူညီတတ်တာ၊ ရိုးသား ဖြူစင်မှုတွေကို အခွင့်ကောင်းယူပြီး ရန်သူက မိမိကိုလှည့်စား တိုက်ခိုက်တတ်တယ်၊ ဘယ်သူ့ကိုမှ မယုံကြည်နဲ့ကွယ့်၊ ရန်သူဟာ အဝေးကြီးမှာ မရှိဘူး၊ မိမိနဲ့ အနီးဆုံး နေရာတွေမှာပဲ ရှိတယ်လို့ အမြဲ သဘောပေါက်ထားပါ'

'ကျွန်တော် အမြဲသတိရှိပါ့မယ် ဆရာကြီး'

ဆရာသခင်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်း....

'အိမ်း....ငါ့တပည့်ကတော့ တကယ့်ကို ပညာစွမ်းထက်မြက်သူပါပဲ၊ အဓိကကတော့ မျိုးချစ်စိတ်ရှိရမယ်၊ ရပ်ရွာအေးချမ်းရေးနဲ့ တရားဥပဒေ စိုးမိုးရေးကို လိုက်နာရမယ်၊ ပြည်သူလူထုကို ဒုက္ခပေးနေတဲ့ အဖျက်သမား ဒုစရိုက်ကောင်တွေကို သုတ်သင်ချေမှုန်းပစ်ရမယ်'

ထို့နောက် ဇူဆင်ကျင်သည် ဆရာသခင်ထံမှ ထွက်ခွာလာခဲ့သည်။

သူသည် သိုင်းလောကသို့ရောက်ပြီး မကြာမီမှာပင် အင်အား ကြီးမားသော ဒုစရိုက်ဂိုဏ်းနှင့် ရင်ဆိုင်လိုက်ရသည်၊

ဒုစရိုက်ဂိုဏ်းကြီးမှာ သိုင်းလောကတစ်ခုလုံးကို လွှမ်းမိုးကြီးစိုးရန် ကြံရွယ်နေရုံမျှမက အပြစ်မဲ့ ပြည်သူ လူထုကိုပါ အမျိုးမျိုး သတ်ဖြတ်နှိပ်စက်နေသော ဒုစရိုက်ဂိုဏ်းကြီးပင် ဖြစ်ပေသည်။



ဇူဆင်ကျင်ကို ဒုစရိုက်ဂိုဏ်းသမားများက လာရောက်စည်းရုံးကြသည်။

သို့သော် ဇူဆင်ကျင်က လက်မခံပေ။ ခေါင်းဆောင် ဖြစ်သော မြွေခွေးနက်က ဇူဆင်ကျင်ကို....

'ဇူဆင်ကျင်....ကျုပ်တို့ဂိုဏ်းထဲကိုဝင်ပါ၊ ခင်ဗျားအတွက် ရွှေ၊ ငွေ၊ ရတနာတွေသာမက လိုချင်တာအားလုံး ရပါစေ့မယ်'

မြွေခွေးနက်က ဇူဆင်ကျင်ကို စည်းရုံးသည်။ သို့သော်ဇူဆင်ကျင်က လက်မခံပေ။

သူက ခေါင်းကို ခါယမ်းပြရင်း—

'မဖြစ်ပါဘူးဗျာ၊ ကျုပ်က အဖြူရောင်သစ္စာဘက်တော်သား၊ သိုင်းသမားတစ်ယောက်ပါ၊ တရားဥပဒေကို ချစ်မြတ်နိုးတယ်၊ လေးစားတယ်၊ ကျုပ် တတ်မြောက်တဲ့သိုင်းပညာနဲ့ ပြည်သူလူထုကို အကျိုးပြုမယ်၊ ပြည်သူထုကို နှိပ်စက်ညှဉ်းပန်းနေတဲ့ ဒုစရိုက်သမားတွေကို ချေမှုန်းသုတ်သင်ဖို့ သန္နိဋ္ဌာန်ချထားပါတယ်'

မြွေခွေးနက်မှာ ဇူဆင်ကျင်၏စကားကြောင့် မျက်နှာကွက်ခနဲ ပျက်သွားရသည်။

ရင်ထဲ၌လည်း ထိတ်ခနဲ ဖြစ်သွားရသည်။ မြွေခွေးနက် ငဲ့မလျော့သေးဘဲ....

'ဇူဆင်ကျင်၊ ခင်ဗျားကို ကျုပ်တို့ကဖိတ်ခေါ်နေတာပါ၊ မိတ်ဆွေတစ်ယောက်လို သဘောထားပြီး မေတ္တာရပ်ခံနေတာ

ပါ၊ တော်ကြာ ရန်သူတွေဘာဝ ရောက်သွားရင် နှစ်ဖက်စလုံး မကောင်းဘူးနော်'

ဗူဆင်ကျင်က ဟက်ဟက်နဲ့ ရယ်မောလိုက်ရင်းက....

'ရပါတယ်လေ.... ကျုပ်က စိန်ခေါ်ရင် တိမ်ပေါ်အထိ လိုက်ဖို့ အဆင်သင့်ပါပဲ၊ ကျုပ် နဂိုကတည်းက ခင်ဗျားတို့ဆီက ဒီလိုစကားတွေ ထွက်လာပါစေလို့ပဲဆုတောင်းနေတယ် ဘာဖြစ်လို့လဲဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ပြတ်ပြတ်သားသား စာရင်းရှင်းချင်လို့ပဲ၊ ကျုပ်အနေနဲ့ ခင်ဗျားတို့ ဒုစရိုက်သမားတွေကို သိပ်ညှာတာချင်တာမဟုတ်ဘူး။ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းရေးအတွက် ခင်ဗျားတို့လို အဖျက်သမား ဒုစရိုက်ကောင်တွေကို သုတ်သင် ရှင်းလင်းပစ်ရမှာပါပဲ'

မြေခွေးနက်က မျက်မှောင်ကြုတ်လိုက်ရင်း ခက်ထန်တင်းမာသော လေသံဖြင့်...

'ဩော်....မင်းက တော်တော်လေကျယ်တဲ့ကောင်ပါလား၊ မင်းက တော်တော်မျိုးချစ်စိတ်ရှိနေပါလား၊ တရားဥပဒေကို တော်တော် လေးစားလိုက်နာနေပါလား'

ဗူဆင်ကျင်က တည်ကြည် လေးနက်သောလေသံဖြင့်....

'တရားဥပဒေ စိုးမိုးရေးနဲ့ ရပ်ရွာ အေးချမ်းရေးဆိုတာ တိုင်းပြည်တစ်ပြည်မှာ အင်မတန်မှ အရေးကြီးပါတယ်၊ တရားဥပဒေမရှိရင် မင်းမဲ့တိုင်းပြည်ဖြစ်ပြီး အားလုံးအုပ်ချုပ်



မရအောင် ဖရိုဖရဲတွေ ဖြစ်ကုန်တော့မှာပေါ့၊ အခု တရားဥပဒေဆိုတာတောင် ခင်ဗျားတို့လို ဒုစရိုက်ကောင်တွေကြောင့် ရပ်ရွာအေးချမ်းမှု မတည်မငြိမ် ဖြစ်နေရတယ် မဟုတ်လား၊ ဒီတော့ ခင်ဗျားတို့လို အဖျက်သမားတွေကို သုတ်သင်ဖို့ ကျုပ်တို့ အဖြူရောင် ဘက်တော်သား သိုင်းသမားတွေမှာ တာဝန်ရှိတယ်'

'အောင်မာ....မင်းက တော်တော် လူပါးဝတဲ့ကောင်ပါလား၊ ကိုင်းကွာ'

မြေခွေးနက်မှာ အကြီးအကျယ် ဒေါသထွက်သွားရကာ ဓားကိုဆွဲထုတ်၍ ဗူဆင်ကျင်အား တစ်ချက်တည်း ပိုင်းချလိုက်လေတော့သည်၊

'ယား'

'ဝှစ်'

ဗူဆင်ကျင်က သတိရှိသူပီပီ ကိုယ်ကို ဖျတ်ခနဲ တိမ်းရှောင်ပေးလိုက်၍ ပြီးမှ ဓားကို ရှမ်းခနဲဆွဲထုတ်လိုက်ကာ မြေခွေးနက်ကို ပြောကြားလိုက်သည်။

'ခင်ဗျားဟာ မိမိ တတ်မြောက်ထားတဲ့ သိုင်းပညာကို အလွဲသုံးစားပြုနေတာပဲ၊ ဒီသိုင်းပညာတွေကို အသုံးပြုပြီး ကိုယ့်လူမျိုး အကျိုးစီးပွားတိုးတက်အောင် ပြုလိုက်ပါလား၊ အခုတော့ အကျိုးမပြုတဲ့အပြင် ဆုတ်ယုတ်အောင် လိုက်လုပ်နေသေးတယ်၊ ဒီတော့ သိုင်းပညာသင်ထားတာဟာ ဘယ်မှာ အသုံးကျတော့မှာလဲ'

'ဟင်....မင်းကလား'

မြေခွေးနက်မှာ ဇူဆင်ကျင်၏ စကားကြောင့် အကြီးအကျယ် ဒေါသထွက်သွားရသည်။ သူက မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ဇူဆင်ကျင်ကို စူးစိုက်ကြည့်လိုက်က....

'ဟေ့....ဇူဆင်ကျင်၊ ငါတို့က မင်းကို ဝိုင်းထားပြီးပြီကွ၊ မင်း သေမှာ မကြောက်ဘူးလား'

'ဟင်း'

ဇူဆင်ကျင်က နှာခေါင်း ရှုံ့ကာ ပြက်ရယ်ပြုလိုက်ပြီးနောက်—

'ကျုပ်က သေရမှာ လုံးဝ မကြောက်ပါဘူး။ လူဆိုတာ တစ်ခါပဲ သေရမယ်၊ နှစ်ခါသေတယ်လို့မရှိဘူး၊ အခုကျုပ်က အမှန်တရားဘက်က တိုင်းပြည်နဲ့လူမျိုးအတွက် အသက်စွန့်ပြီး တိုက်ခိုက်ရမှာမို့ ပိုတောင် ဂုဏ်ယူပါသေးတယ်'

'ကဲ....ဂုဏ်ယူရင်း သေပေတော့ သူရဲကောင်းကြီးရေ၊ သွားပေတော့၊ ကိုင်း....'

မြေခွေးနက်က ကြုံးဝါး အော်ဟစ် ပြောကြားရင်းမှ ဇူဆင်ကျင့်ကို ပြင်းထန်စွာ အဆက်မပြတ်တိုက်ခိုက်ကာ—

'ယား'

'ထန်း'

'အိုး'



မားကွက်နှစ်ဆယ်ပြည့်မြောက်သည်နှင့်မြေခွေးမှာ စူးရှစွာ အော်ဟစ်လိုက်ပြီး မြေပေါ်သို့ လဲကျသွား လေတော့သည်။

ဇူဆင်ကျင်က တစ်ဆက်တည်းမှာပင် မြေခွေးနက်၏တပည့်များကို သူ၏ အစွမ်းထက်မြက်သောသိုင်းပညာဖြင့် အချို့ကို တစ်ခါတည်းသုတ်သင်ကာ တစ်ချို့ကို ဒဏ်ရာများဖြင့်လက်ရဖမ်းဆီး၍ တရားဥပဒေလက်တွင်းသို့ အပ်နှံ ပေး လိုက်သည်။

ဤသို့ဖြင့် ပြည်သူလူထုကို အမျိုးမျိုးနှိပ်စက် ညှဉ်းပန်းသတ်ဖြတ် ခိုးဆိုးတိုက်ခိုက်နေသော အင်အားကြီးမားသည့် ဒုစရိုက်ဂိုဏ်းကြီးများ တရားဥပဒေ ဘက်တော်သားများ သိုင်းသမားဇူဆင်ကျင်၏စွမ်းစွမ်းတမံ ဖြိုခွဲတိုက်ခိုက်မှုကြောင့် ပြိုကွဲပျက်စီးသွားရလေတော့သည်။

ထိုတိုက်ပွဲပြီးသည်နှင့် ဇူဆင်ကျင်၏ဆရာ ဝမ်စီမင်က အားရကျေနပ်လှပြီး ရှေးဟောင်းရတနာ ဓားတစ်လက်ကို ဇူဆင်ကျင်အား ချီးမြှင့်ပေးအပ်လိုက်သည်။

'ငါ့တပည့်....ဟောဒီဓားဟာ တစ်ချိန်က မျိုးချစ်သိုင်းသမားကြီး နာအာအေကိုင်ဆောင်ခဲ့တဲ့ ဓားပဲဖြစ်တယ်၊ နာအာအေဟာ ဒီရတနာဓားကိုင်ဆောင်ပြီး တိုင်းတစ်ပါးက ကျူးကျော်ဝင်ရောက်စော်ကားလာတဲ့ ရန်သူတွေကို ချေမှုန်းသုတ်သင်ခဲ့တယ်၊ ဒါကြောင့် ဒီဓားရဲ့ရာဇဝင်ဟာ ကြီးမားလှတယ်၊ မျိုးချစ်ဓားလို့ခေါ်ရင် မမှားဘူးပေါ့ကွယ်'

ဝမ်စီမင်က ဓားကိုပြသ၍ ငှူဆင်ကျင်ကိုပြောကြားလိုက်သည်။

ငှူဆင်ကျင်မှာ ဆရာကြီး၏လက်ထဲမှ အရောင်တဖိတ်ဖိတ်တောက်ပနေသော ရတနာဓားကိုစိတ်ဝင်စားသွားမိသည်၊ ဆရာကြီးဝမ်စီမင်က တည်ကြည်လေးနက်သော လေသံဖြင့်…

'ငှူဆင်ကျင်….ဓားကို သေသေချာချာကြည့်စမ်း၊ ဘာထူးခြားသလဲ'

ငှူဆင်ကျင်က ဓားကိုသေသေချာချာ စူးစိုက်ကြည့်လိုက်သည်။

ဓားမှာ စိမ်းပြာရောင်ဆမ်းနေပြီး ဓားသွားပေါ်၌ လူရုပ်သဏ္ဌာန်များ မှုထင်မရှားရေးထားသည်ကို တွေ့မြင်လိုက်ရသည်။

'ဓားကတော်တော့်ကိုထူးဆန်းပါတယ် ဆရာကြီး၊ဘယ်လိုဓားမျိုးပါလဲ'

ဝမ်စီမင်က မျက်မှောင်ကြုတ်လိုက်ပြီး…

'ဒီဓားကိုပြုလုပ်တဲ့သူက မိမိရဲ့တိုင်းပြည်နဲ့လူမျိုးကိုကာကွယ်ဖို့အတွက်ဆိုပြီး လုပ်ခဲ့တာပဲ၊ သူက ဓားကိုပြုလုပ်စီမံပြီးတဲ့နောက် မျိုးချစ်သိုင်းသမားကြီးဖြစ်တဲ့နှာဘာအေကိုပေးအပ်ခဲ့တယ်၊ နှာအာအေဟာလဲ ဓားလုပ်တဲ့သူရဲ့ဆန္ဒအတိုင်း မျိုးချစ်စိတ်ရှိသူပီပီ တိုင်းပြည်နဲ့လူမျိုးအတွက် အမှုထမ်းခဲ့တယ်၊



ငါ့တပည့် ဒီဓားကိုအသုံးပြုပြီး ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် အသုံးပြုပေတော့'

ငှူဆင်ကျင်က ဆက်ပြုပြောကြားလိုက်ပြီးနောက် ဓားကိုလက်ခံရယူလိုက်သည်။

နောင်သုံးနှစ်ခန့်အကြာတွင် ငှူဆင်ကျင်သည် တိုင်းတစ်ပါးမှ ရန်စကျူးကျော်မှုများနှင့်အတူ ကြောက်စရာကောင်းသော ရန်သူတစ်ယောက်နှင့် ရင်ဆိုင်လိုက်ရသည်။

ထိုသူမှာ တိုင်းတစ်ပါးမှ ဝင်ရောက်လာသော ရန်သူသိုင်းသမားတစ်ယောက်ဖြစ်ပြီး သိုင်းပညာမှာ အဆင့်မြင့်မားလှပေသည်။

ငှူဆင်ကျင်နှင့် ထိုတိုင်းတစ်ပါးမှ ဝင်ရောက်လာသောသူလျှိုသိုင်းသမားတို့ ရင်ဆိုင်တိုက်ပွဲဖြစ်ကြသည်၊ ထိုသိုင်းသမားက ဓားကိုဝှေ့ယမ်းလိုက်ရင်း….

'ဟိတ်…ငှူဆင်ကျင်၊ မင်းက မျိုးချစ်စိတ် တော်တော်ရှိနေပါလားကွ၊ ငါတို့ဘက်ကို သစ္စာခံလိုက်ရင် မင်းကောင်းစားစေရမယ်'

ငှူဆင်ကျင်က တဟားဟားရယ်မောလိုက်ရင်း—

'ဟား…ဟား—ဟား…ငါ့တိုင်းပြည် ငါ့လူမျိုးကို ငါဘယ်တော့မှ သစ္စာမဖောက်ဘူးကွ၊ မင်းတို့ ငါ့ကို ဘယ်လောက်ပဲ စည်းရုံးစည်းရုံး ငါကတော့ တိုင်းပြည်နဲ့လူမျိုးရဲ့ကျေးဇူး
က်နှာကိုထောက်ပြီး သစ္စာမဖောက်ဘူးဟေ့'
မျ

ရန်သူသိုင်းသမားမှာ ကြောက်စရာကောင်းလှပေသည်။ အရပ်အမောင်းမြင့်မားသလို ကိုင်ဆောင်ထားသောလက်နက်မှာလည်း ကြီးမားသောဓားကြီးတစ်လက် ဖြစ်သည်။ ဇူဆင်ကျင်၏ စကားအဆုံးတွင် ရန်သူသိုင်းသမားက ဟာင့်ခနဲ နှာခေါင်းရှုံ့ပြလိုက်ရင်းက....

'မင်းက အခုလို မျိုးချစ်စိတ်ရှိတာတွေ၊ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအပေါ် သစ္စာရှိတာတွေကို ဘယ်သူက လာပြီး မှတ်တမ်းတင်မလဲ၊ ဘာတွေချီးမြှင့်မလဲ၊ မင်းမှာ ဘယ်လောက်များ အကျိုးထူးသွားလို့လဲ'

ဇူဆင်ကျင်က ဟက်ခနဲ ရယ်မောလိုက်ပြီး....

'မလိုပါဘူးလေ၊ ကျုပ်က ဒါတွေကိုမှ မမက်မောဘဲ၊ ဘယ်သူမှလာပြီး မှချီးမွမ်းရင်နေပါစေ၊ ကျုပ်က တိုင်းပြည်နဲ့ လူမျိုးအတွက် ကျရာနေရာဘက်က အုတ်တစ်ချပ်သဲတစ်ပွင့် ကျောက်မျက်တစ်ပွင့်လိုလုပ်ဆောင်ရရင်ကျေနပ်ပါပြီ၊ ကျုပ် တတ်မြောက်ထားတဲ့သိုင်းပညာနဲ့ တိုင်းပြည်နဲ့ လူမျိုးကို ကာကွယ်စောင့်ရှောက်မယ်၊ မှတ်တမ်းတင်စရာမလိုပါဘူး'

'ကိုင်း—မင်းက ဒီလောက်တောင် ခေါင်းမာနေတာ ကြာတယ်ကွာ'

တိုင်းတစ်ပါးသားသိုင်းသမားက အော်ဟစ်ကြုံးဝါးလိုက်ပြီး ဓားကိုဝှေ့ယမ်းကာ ဇူဆင်ကျင်သို့ ခုန်လွှားတိုက်ခိုက်ပစ်လိုက်သည်။

'ယား'

'ချွမ်း'



ဇူဆင်ကျင်က ဓားဓားချင်းခတ်ထုတ်ပစ်လိုက်ရသည်၊ တစ်ဖန်ချင်းမှာပင် ဇူဆင်ကျင်၏ဓားမှစ စိမ်းပြာရောင် အခိုးအငွေ့များက တိုင်းတစ်ပါးနယ်ချဲ့သိုင်းသမား၏ ကိုယ်ပေါ်သို့ လွှမ်းခြုံကျရောက်သွားသည်။

နှစ်ယောက်သား ဓားကွက်နှစ်ဆယ်ကျော်မျှ တိုက်ခိုက်၍ အပြီးတွင် ဇူဆင်ကျင်၏ဓားမှ ထူးဆန်းသောအသံများ ထွက်ပေါ်လာပြီး ရန်သူကိုလှည့်စားလိုက်သည်။

'ဒုတ်'

'အား'

တစ်ချိန်တည်းမှာပင် ကြောင်အမ်းအမ်း ဖြစ်သွားရသော တိုင်းတစ်ပါးမှနယ်ချဲ့သိုင်းသမားကို ဇူဆင်ကျင် အပြတ်ရှင်းသုတ်သင်လိုက်နိုင်တော့သည်။

နယ်ချဲ့သိုင်းပညာရှင်မှာ စူးရှကျယ်လောင်စွာအော်ညည်းလိုက်ပြီးနောက် လဲပြိုကျသွားရတော့သည်။

သူတို့ခေါင်းဆောင် လဲပြိုကျသွားသည်နှင့် နောက်လိုက်နယ်ချဲ့သိုင်းသမားများက ဇူဆင်ကျင်ကို အထပ်ထပ်ဝိုင်းကာ တိုက်ခိုက်လိုက်ကြသည်။

ဇူဆင်ကျင်မှာ မြားတံများ၊ လှံသွားများ၊ ပုဆိန်များ၊ ဓားများကို ရင်ဆိုင်လိုက်ရသည်။

သို့သော် ယင်းအချိန်မှာပင် အမြူးရောင်သစ္စာဘက်တော်သားများရောက်ရှိလာပြီး ဒုရိုက်ကောင်များကို အပြတ်ရှင်း သုတ်သင်ပစ်လိုက်နိုင်ကြတော့သည်။

နောက်ဆုံး၌ တရားဘက်တော်သား သိုင်းသမားများအား အပြတ်အသတ် အောင်ပွဲခံသိုက်နိုင်ကြတော့သည်။ မကောင်းမှု ဟူသည် ဆိတ်ကွယ်ရာမရှိသလို ရာဇဝတ်ဘေးမှလည်း ပြေး မလွတ်နိုင်ပါချေ။

သဘော်သား လူရွယ်မှာ သွက်သက်ချက်ချာသူ ဖြစ် သည်။

'ကဲ...မိတ်ဆွေတို့ ဟိုအခန်းထဲကို သွားကြစို့။ မိတ်ဆွေနဲ့ ကျွန်တော် မိတ်ဖြစ်ဆွေဖြစ် သောက်စိုင်းကြသေး ကျွန်းပရ အောင်၊ နံနက်စာကိုလဲ ကျွန်တော်ကပဲ ဒကာခံပါရစေ၊ လက်ခံပါမိတ်ဆွေ၊ ဟဲ....ဟဲ'

ဘေးခုတ်ဆရာနှင့် သင်္ဘောသားသည် ဆိုင်ရှင်မိန်းမပျို အလေး နောက်သို့ လိုက်သွားကြ၏။ သပ်ရပ်သန့်ရှင်းမှုဖြင့် သီးသန့် အခန်းကလေးတစ်ခန်းထဲသို့ ရောက်လာကြသည်။

'ကျွန်တော်တို့ မျက်လှည့်ပွဲကလေးကတော့ ပီရိသေသပ် ပါတယ်နော်'

စားပွဲတွင်ထိုင်ကြပြီးနောက် သဘော်သားလူရွယ်ကလေးသ် အုပ်အုပ် ပြုံးစဖြင့် မေးလိုက်သည်။ သူ့အမေးကြောင့်အမှာ ရှုတ်မှာလည်း ပြုံးသွားရသည်။

အမာရွတ်နှင့်လူ။ သူ့အမည်က ဗိုလ်မှူးအေလေးဇူဆင်ကျော် နေပြည်တော်ကရာဇ်၏ ဌာနချုပ်မှ အရေးပေါ်ရောက်လာ သော အထောက်တော်။



သင်္ဘောသားလူရွယ် သူကဒေသခံအထောက်တော် တပ် မှူးလေး ဟွာတိုး'

သူတို့နှစ်ယောက် ရုပ်ဖျက်၍ နိုင်ငံခြားသား အဘိုးကြီး ပျော်ပွဲစားရုံသို့ ရောက်လာကြခြင်းပင် ဖြစ်သည်။ သူတို့ပတ် ဝန်းကျင်တွင် ရန်သူများ ဝိုင်းဝိုင်းလည်နေသည်မို့ ရုပ်ဖျက် လာရခြင်းပင် ဖြစ်၏။

'ရှာရှိယူ – အခြေအနေဘယ်လိုလဲ'

ဆိုင်ရှင်မိန်းမပျိုလေးမှာလည်း ကေရာဇ်၏ အထောက် တော် သူလျှိုမလေးတစ်ဦးပင် ဖြစ်၏။ ပျော်ပွဲစားရုံပိုင်ရှင် အဖြစ် ရန်သူများကိုလှည့်စား၍ ရပ်တည်နေခြင်းပင် ဖြစ် သည်။

ရှာရှိယူက တပ်မှူးကလေး ဟွာတိုးကို ပြန်၍မေးလိုက် သည်။

'အခြေအနေနဲ့ ဖြစ်ရပ်တွေက အမျိုးမျိုးအဖုံဖုံပဲ၊ ရှင်က ဘယ်အကြောင်းအရာကို သိချင်သလဲ၊ တစ်ခုစီခွဲမေးပါ'

'နဂါးခုနစ်ကောင် ကိစ္စ'

'မုတ်ဆိတ်ယွမ် ခေါင်းဆောင်ကြီး ပိုင်လန်းအဖွဲ့မှာသိမ်း ဆည်းထားတဲ့ နဂါးခုနစ်ကောင် လျှို့ဝှက်ချက်တွေကို ခိုးယူ ခဲ့တယ်၊ ခိုးယူလို့လဲ လက်ဝယ်ရလာခဲ့တယ်'

'ဟုတ်ကဲ့....ဆက်ပြောပါ'

'မုတ်ဆိတ်ယွမ်ရယ်၊ ချန်စိုးလင်းရယ်၊ မင်စီရယ် သူတို့ သုံးယောက်ဟာ လျှို့ဝှက်သေတ္တာနဲ့အတူ မေါ့တိုင်တမ်းခြေ

အာ တည်းခိုရိပ်သာတစ်ခုမှာ ခေတ္တ တည်းခိုနေဖို့ရောက်သွားကြတယ်'

'ဟုတ်ကဲ့.... ဆက်ပြောပါ'

'သူတို့ရောက်သွားကြတဲ့ တည်းခိုရိပ်သာနာမည်က ပေါ်ပိုင်တည်းခိုရိပ်သာတဲ့၊ အဲဒီ ပေါ်ပိုင် တည်းခိုရိပ်သာကိုလဲ ကျွန်မတို့ လူတစ်ယောက်က ပိုင်တယ်၊ အတိုချုပ်ပြောရရင် သူတို့သုံးဦးအဲဒီမှာ တည်းခိုနေတာ သတင်း ပေါက်ကြားသွားပြီး ဝံပုလွေဖြူတွေက သူတို့ကို လာဖမ်းတယ်'

'ဟုတ်ကဲ့'

'အဲဒီမှာ ရန်သူကို ခုခံတိုက်ခိုက်ကြရင်း ကျွန်မတို့လူဖြစ်တဲ့ လူကြီး တုံးစီပေ၊ မုတ်ဆိတ်မွေးယှမ်နဲ့ ချန်စိုးလင်းတို့ဟာ ရန်သူလက်ချက်နဲ့ သေဆုံးသွားခဲ့တာ မင်စီဘစ်ယောက်သာ လွတ်မြောက်သွားခဲ့တယ်'

'ဟိုနဂါးခုနစ်ကောင် သေတ္တာနီရော'

'မင်စီနဲ့အတူ ပါသွားပါတယ်'

'အင်း....တော်ပါလေးရဲ့'

တပ်မှူးလေးဟွာတိုးက ထက်ပြင်းချသံနှင့် ဆို၏။

ရှာရှီယူက....

'နေဦး....ကျွန်မစကား မဆုံးသေးဘူး'

'ဟုတ်ကဲ့....ပြောပါ'

'လျှို့ဝှက်ချက် သေတ္တာနီနဲ့ လွတ်မြောက်သွားခဲ့တဲ့မင်စီဟာ ဆိုင်နန်မြို့ပေါ်က မထင်မရှား ပျော်ပွဲစားရုံကလေး ရုံတစ်ရုံမှာ အဘွားကြီး ဟူကျိုအဖြစ် ရုပ်ဖျက်ခနထိုင်စဉ်မှာဝံပုလွေဖြူ အဖွဲ့က သူ့ကိုအနံ့ရသွားပြန်တယ်'

တပ်မှူးကလေးများဖြစ်ကြသော ဇူဆင်ကျင်နှင့် ဟွာတိုးတို့သည် မိန်းမချောလေး ပြောပြနေသည့် စကားများကို အသည်းတထိတ်ထိတ်နှင့် နားထောင်နေကြရလေသည်၊

'အတိုချုပ်ပြောရရင် ဝံပုလွေဖြူအဖွဲ့က မင်စီကိုသတ်ဖို့ ကြိုးစားကြတယ်၊ ဒါပေမယ့် သူဘိုဟာ မင်စီကို ဖမ်းလို့မမိဘူး၊ မင်စီဟာ ပြေးရင်းလွှားရင်းနဲ့ အဖွဲ့အစည်းတစ်ခုရဲ့ ခေါင်းဆောင်ရာနောက်ကို ပါသွားတယ်တဲ့၊ အဲဒါ မင်စီနဲ့ပတ်သက်ပြီး ကျွန်မနောက်ဆုံးရခဲ့တဲ့ သတင်း အပြည့်အစုံပဲ'

'မင်စီကို ဘယ်အဖွဲ့အစည်းတစ်ခုက ခေါ်ဆောင်သွားတာလဲ'

တပ်မှူးလေး ဇူဆင်ကျင်က ကြားဖြတ်၍ ဝင်မေးလိုက်သည်။

ရှာရှီယူက —

'အဲဒီအဖွဲ့အစည်းရဲ့ အမျိုးအမည်ကိုမသိရသေးဘူး၊ အဲဒီအဖွဲ့အစည်းကို အဖြူရောင်ဝတ်စုံဝတ်ထားတဲ့ မိန်းကလေးက ဦးဆောင်သတဲ့၊ သူနဲ့အတူ ခေါင်းတုံးရိတ်ထားတဲ့လူထွားကြီး တစ်ဦးပါသတဲ့၊ ဘယ်အဖွဲ့အစည်းကလဲဆိုတာ ကျွန်မဆက် ကိုက်လေ့လာနေတုန်းပဲ'

တပ်မှူးလေးနှစ်ဦးဖြစ်သော ဇူဆင်ကျောင်နှင့် ဟွာတိုးတို့သည် အလေးအနက် စဉ်းစားခန်းဝင်နေကြရ၏။ အခန်းထဲတွင် ခေတ္တမျှ တိတ်ဆိတ်ငြိမ်သက်သွားသည်။

ရှာရှိယူသည် အခန်းနံရံတွင် ပြုလုပ်ထားသော လျှို့ဝှက်အိုးပေါက်မှ အပြင်ဘက် ညှော်ခန်းကြီးအခြေအနေကို ချောင်းမြောင်း အကဲခတ်လိုက်သည်။

သူမ၏မျက်နှာမှာ ကွက်ခနဲ ပျက်သွားသည်။

'ဘာလဲ'

လူအင်းပါးသော ဇူဆင်ကျောင်က သူမကိုလေသံအုပ်အုပ်နှင့် မေးလိုက်သည်။

ရှာရှိယူက လေသံဖြင့်....

'သူတို့ရောက်လာကြပြီ'

'ဘယ်သူတွေက'

'ဝပုလှေဖြူတွေ၊ အနည်းဆုံးလူပေါင်းငါးဆယ်လောက်ရှိလိမ့်မယ်'

'ဟုတ်လား'

'ဟော....သူတို့ကျွန်မနာမည်ကိုမေးနေကြပြီ၊ အို....ဇူဆင်ကျောင်၊ ရှင်....ရှင်ဒီ ကျွန်မခိုင်းတာကိုလုပ်ပါ'

'ဘာလုပ်ရမှာလဲ'

'ကျွန်မရဲ့အဝတ်အစားတွေကို ဆုတ်ဖြဲပစ်လိုက်'

'ဗျာ....'



'ပြီးတော့ ရှင်တို့က အရက်မူးချင်ယောင်ဆောင်၊ ကျွန်မကို ဗလက္ကာရပြုလုပ်နေတဲ့ပုံစံမျိုးလုပ်၊ ကျွန်မကကြောက်အားလန့်အား အော်ပြီး အခန်းထဲက ပြေးထွက်သွားမယ်၊ နောက်ပိုင်းကိစ္စကတော့ ရှင်တို့ဘာသာ ရှင်တို့မီးစင်ကြည့်ပြီး က,ကြပေါ့၊ ဟုတ်ရဲ့လား'

'ဟုတ်တယ်၊ ဒီအစီအစဉ်ကောင်းတယ်'

သူတို့ လျင်မြန်သွက်လက်စွာ အကောင်အထည် ဖော်ထုတ်လိုက်ကြ၏။

'ဟဲ့– မသာကောင်တွေ၊ ငါ့ကို လွှတ်ကြ၊ ဟဲ့....ခွေးတွေ'

ရှာရှိယူသည် အခန်းထဲမှ အော်ဟစ်၍ ပြေးထွက်လာ၏။ ဇူဆင်ကျောင်နှင့်ဟွာတိုးတို့သည်လည်း အရက်များအလွန်အကျွံမူးနေသည့်ဟန်ဖြင့် သူမနောက်သို့ သိုင်းကွက်နင်း၍ လိုက်လာကြသည်။

ရှာရှိယူ၏ ကိုယ်အထက်ပိုင်းတွင် အဝတ်အစားစုတ်ပြဲနေသည်။

'ဟော့....မပြေးနဲ့'

ဇူဆင်ကျောင်သည် သဏ္ဌာန်လုပ်သရုပ်နှင့်တူအောင်ရှာရှိယူ၏ လက်မောင်းလေးကို နောက်မှ အတင်း လိုက်ဆွဲထားလိုက်လေသည်။

'အမယ်လေး... ကယ်ကြပါဦးရှင်၊ ဒီအတိုင်း လက်ပိုက်ကြည့်နေကြတော့မလား၊ ဒီလူရမ်းကားနှစ်ယောက်ကို မဆုံးမကြတော့ဘူးလား'

'ဟား...ဟား....ဟား'

ရှာရှိယူသည် သန်မာလှသော ဇူဆင်ကျင်၏ လက်မောင်းကြီးကြားတွင် ယက်ကန်ယက်ကန်နှင့် အော်ဟစ်ရုန်းကန်နေလေသည်။

'ဘော....မင်းတို့နှစ်ယောက် ရပ်လိုက်ကြစမ်း'

ကျယ်လောင်သော အမိန့်ပေးသံကြီးတစ်သံ ထွက်ပေါ်လာသည်။

လူကား....ပေါ့ဟိုင်ဒေသနယ်စားကြီး ယွမ်ရှီ၏ စစ်ဘပ်မှ တပ်မှူးကြီး ဟန်ဆိန်ပင် ဖြစ်သည်။

တပ်မှူးကြီးနှင့်အတူ ဘေးချင်းယှဉ်၍ ရပ်နေသူမှာ ဝံပုလွေဖြူ အဖွဲ့ခေါင်းဆောင် ဓားဝိဇ္ဇာ လီအန်ကျူကိုယ်တိုင် ဖြစ်နေသည်။

ဇူဆင်ကျင်နှင့် ဟွာတိုးတို့သည် တပ်မှူးကြီးကိုလှမ်း၍ကြည့်လိုက်ကြ၏။

သူတို့၏ အမူးသမားပုံစံချိုး သရုပ်ဆောင်ထားသည်မှာ ပိပိရိရိ ရှိလှသည်။

'တို့ကို အမိန့်လှမ်းပေးနေတာ ဘယ်သူတွေလဲကွ၊ဟော'

ဇူဆင်ကျင်က ဘာမထီဟန်မျိုးနှင့်လှမ်းမေးလိုက်သည်။

တပ်မှူးကြီး ဟန်ဆိန်က ရှေ့သို့ တိုးကပ်လာပြီး....

'မင်းတို့ကို အမိန့်ပေးနေတာ ငါပဲဟေ့'

'ခင်ဗျားက ဘယ်သူလဲ'



ဟွာတိုးက တပ်မှူးကြီးကို တစ်ခါမှမမြင်ဖူးဟန်နှင့် မေးလိုက်၏။

တပ်မှူးကြီး၏ရဲမက်များက သူတို့နှစ်ဦးကို ဝန်းရံထားလိုက်သည်။

'ဟော့...နှစ်ကောင်၊ မင်းတို့က ဘယ်ကလဲ၊ နာမည်တွေကို ပြောစမ်း'

'မပြောဘူး ဆိုရင်ကောဗျာ'

'တပ်မှူးကြီးရှင့်၊ ဒီနှစ်ကောင်ကို ဖမ်းပြီး မှတ်သွားအောင် ဆုံးမပေးပါရှင်၊ ပြီးတော့ သူတို့ကိုအချုပ်ခန်းထဲမှာထည့်ထားတာကို မြင်ရမှ ကျွန်မ ကျေနပ်နိုင်မယ်'

ဆိုင်ရှင်မိန်းမပျို ရှာရှိယူက မီးလောင်ရာလေပင့်ဝင်ရောက်လုပ်ပေးလိုက်ရာ တပ်မှူးကြီးက သူ့လူများကို—

'ဖမ်းကြစမ်းဟေ့'

'ဟား....ဟား....ဟား...ဟား'

ဇူဆင်ကျင် ရယ်မောလိုက်၏၊ သူ့လက်ထဲမှဓားရောက်လာသည်။

ဟွာတိုးမှာလည်း တိုက်ခိုက်ရန် အဆင်သင့် ဖြစ်နေတော့သည်။

တစ်ခဏအတွင်း နိုင်ငံခြားသား အဘိုးကြီး ပျော်ပွဲစားရုံ အတွင်း လူဖမ်းပွဲကြီးတစ်ပွဲ စတင်လေသည်။

ကျာပွတ်သံများ၊ ဓားသံများ၊ စားပွဲကုလားထိုင်လဲပြိုသံများ၊ ပြေးသံလွှားသံများ အစီစီပွက်သည့်နှယ်။

ဇူဆင်ကျောင်နှင့် ဟွာတိုး။

အရက်သမား မားသိုင်းဖြင့် တပ်မှူးကြီးဟန်ဆိန်နှင့်ရဲမက်များကို ခုခံတိုက်ခိုက်နေကြသည်။

အရက်သမားသိုင်းသည် အရက်မူးနေသကဲ့သို့ ဟန်ပန်ကိုယ်အနေအထားဖြင့် ခုခံတိုက်ခိုက်သည့်နည်းစနစ်ဖြစ်သည်။

အရက်သမားသိုင်း၏ အကွက်ယူပုံသည် ယိမ်းယိုင်လျက်ရှိသော်လည်း ဟန်ချက်ရှိသည်၊

အရက်သမားကဲ့သို့ ယိုင်လဲကျသော်လည်းနည်းစနစ်ဖြင့်သာကျ၏၊

ဇူဆင်ကျောင်နှင့်ဟွာတိုး၊ တစ်ခါတစ်ရံ ကြမ်းပြင်ပေါ်သို့လှဲချ၏၊

လူးလိမ့်၍ ရှောင်၏။

လူးလိမ့်၍တန်ပြန်ကျောက်တိုက်ခိုက်၏။ ပြီးတော့...စနစ်တကျ ပညာသားပါပါ ပြန်ထသည်။

ဤတိုက်ခိုက်သည့်နည်းစနစ်သည် ပါးနပ်မှုအပေါ်၌အခြေခံထားရသည်။

အပေါ်ပိုင်းကို တိုက်ခိုက်မည့်ဟန်ပြပြီး အောက်ပိုင်းသို့ တိုက်ခိုက်သည့်အခါ တိုက်ခိုက်သည်။

မားဖြင့် အပေါ်ပိုင်းကိုရွယ်ပြီး ခြေဖြင့် အောက်ပိုင်းကို ကန်ကျောက်သည့်အခါလည်း ကန်ကျောက်၏။

တပ်မှူးကြီး၊ ဟန်ဆိန်နှင့် ဝံပုလွေဖြူအဖွဲ့သားများ ပူးပေါင်း၍ ဇူဆင်ကျောင်နှင့် ဟွာတိုးကို ဝိုင်းဖမ်းနေကြသည်။ သို့



ရာတွင် ဖမ်းမိဖို့ ဝေလာဝေး၊ သူတို့အဖွဲ့မှ တစ်ဦးပြီး တစ်ဦး အမှည့်ခြွေ အခြွေခံနေရလေသည်၊

တစ်ယောက်ကျလျှင်နှစ်ယောက်တက်ဟူသောစကားကဲ့သို့ ဖြစ်နေလေသည်။ ရန်သူများဘက်မှ တစ်ဦးပြီးတစ်ဦး သေဆုံးနေသော်လည်း အရေအတွက်မှာ ပို၍...ပို၍ များပြားနေလေသည်။

'ဟော...ဒီနှစ်ကောင်ကို အလွတ်မပေးနဲ့၊ သူတို့ဟာအထူးလေ့ကျင့်ထားတဲ့ သိုင်းသမားတွေ၊ နေပြည်တော်က ဆင်းလာတဲ့ သူလျှိုတွေ ဖြစ်နိုင်တယ်'

မားဝိဇ္ဇာ လီအန်ချူ၏ အော်ဟစ်အမိန့်ပေးသံကြီးပင်။

မိမိတို့နှစ်ဦးမှာ အသေခံ၍ မဖြစ်သေး၊ တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်စရာတွေ အများကြီး ရှိနေသေးသည်။

မိမိတို့ဖောက်ထွက်မှ ဖြစ်တော့မည်ဟု နှစ်ဦးစလုံးသဘောပေါက်လာကြသည်၊ ပျော်ပွဲစားရုံပိုင်ရှင်အဖြစ် ဟန်ဆောင်နေသော ရှာရှီယူမှာလည်း သူတို့နှစ်ဦးအတွက် စိုးရိမ်ပူပန်နေမိလေသည်၊

ဇူဆင်ကျောင်နှင့် ဟွာတိုးမှာ ဖောက်ထွက်ရန် ထင်သလို မလွယ်ကူလှကြောင်း တွေ့ရှိလာ၏။ ရန်သူတို့မှာ အရေအတွက်များသလို အရည်အချင်းပြည့်ဝသူများလည်း ဖြစ်နေပေသည်။

'အလို...ဒီဆိုင်ထဲမှာ ဘာတွေဖြစ်နေတာလဲ'

မမျှော်လင့်သော အသံတလေးတစ်သံ။

ပျော်ပွဲစားရုံ တံခါးဝမှ ပေါ်လာ၏။ အသံရှင်သည် တစ်ကိုယ်လုံး ခြေဆုံး ခေါင်းဖျားအထိ သံကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသည်။

သို့ရာတွင်....

'ချပ်'

မျက်နှာတည့်တည့်နေရာမှ အဖွင့်အပိတ် တံခါးလေး တစ်ချပ် ရုတ်တရက် ပွင့်သွား၏။

ပြောင်လက်နက်မှောင်သော သံကိုယ်ကျပ်အင်္ကျီအတွင်းမှ လှပချောမောသော မျက်နှာလေးတစ်မျက်နှာကို မြင်ကြရ၏။

အထူးပင် ကြက်သရေရှိလှသော မျက်နှာကလေးဖြစ်သည်။

သူမ၏အနောက်တွင် ထွားကြိုင်းလှသော လူကြီးတစ်ဦး ဘေးချင်းယှဉ်၍ ရပ်နေ၏။ ထိုလူကြီးသည်လည်း သံကိုယ်ကျပ် အင်္ကျီကိုပင် ဝတ်ဆင်ထားသည်။

သူတို့နှစ်ယောက် နောက်တွင် အခြား သံကိုယ်ကျပ်ဝတ် ကိုးယောက်။

'အားလုံး ဗိုလ်နေမြဲ ကျားနေမြဲ ရပ်နေလိုက်ကြပါ'

သံချပ်ဝတ် အမျိုးသမီးက ခပ်မဲမဲ အမိန့်ပေးလိုက်၏။

'တို့အလုပ်ထဲမှာ ဝင်မရှုပ်နဲ့'

တပ်မှူးကြီး ဟန်ဆိနဲ့က ဒေါသကြီးစွာ လှမ်းပြောလိုက်သည်။

*   *   *

အခန်း (၆)

## သံချပ်ဝတ်အမျိုးသမီး

တပ်မှူးကြီးဟန်ဆိနဲ့သည် သံကိုယ်ကျပ်ဝတ်များ ရှိရာသို့ လျှောက်သွားပြီး မိန်းမချောလေးကို ရင်ဆိုင်လိုက်သည်။

မိန်းမချောလေး၏လက်ထဲတွင် ထူးဆန်းသော အဝိုင်းပုံသဏ္ဍာန် လက်နက်တစ်ခုကို မြင်ရ၏၊ အကောအချော ကြည့်လိုက်သောအခါ ကြာဖူးပုံသဏ္ဍာန်မျိုး ဖြစ်သည်။

ကြာဖူး၏ ပွင့်ချပ်များပမာ ပြုလုပ်ထားသော အရာများကား မြည့်နေအောင် ပြတ်သော ဓားသွားများ ဖြစ်သော

သည်။ မိန်းမပျိုသည် ကြာဖူးလက်နက်ကို ရိုးတံမှ ကိုင်စွဲ၍ အသင့်အနေအထားမျိုးနှင့် ရပ်နေသည်။

'နေပါဦး…နင်က ဘယ်သူလဲ၊ ဘာကိစ္စ ဒီကိုလာတာလဲ'

တပ်မှူးကြီးဟန်ဆိန်က မိန်းမချောလေးကို တစ်လှည့်၊ သူမ၏လက်ထဲမှ ထူးဆန်းသော ကြာဖူးလက်နက်ကို တစ်လှည့် တစ်လှည့်စီကြည့်၍ မေးလိုက်သည်။

'ဒီလက်နက်ကို စမ်းသပ်ချင်လို့ လာခဲ့တာပါ'

သံချပ်ဝတ်မိန်းမချောလေးက လေသံပြတ်ပြတ်နှင့် ပြန်၍ ဖြေလိုက်၏။

'ဘာလက်နက်လဲ'

'ကျွန်မ ပါပါ တီထွင်ထားတဲ့ ခေါင်းဖြတ်ကြာဖူးလေ၊ ဒီလက်နက်ကို တီထွင်တာ မကြာသေးဘူး၊ ဒီလက်နက်ရဲ့ အစွမ်းကို အခု လက်တွေ့စမ်းကြည့်ရမယ်၊ ကဲ…ပြောနေတာ ကြာတယ်၊ လာပြီ'

သံချပ်ဝတ် မိန်းမချောလေးသည် ခလုတ်တစ်ခုကို နှိပ်လိုက်၏။

'ရှိုး—ရှိုး….ရှိုး—ရှိုး'

ပွင့်ဖတ် ပွင့်ချပ် သဏ္ဌာန်ရှိသော ဓားသွားများသည် ကြာဖူးမှ စကြာကဲ့သို့ လည်ပတ်၍ အဟုန်ပြင်းစွာ ပျံသန်းထွက်သွား၏။

'ဂျောင်း….ဂျောင်း….ဂျောင်း'



တပ်မှူးကြီးသည် သံမဏိဒိုင်းကြီးနှင့် အချိန်မီ ထိုးခံ ကာကွယ်နိုင်သော်လည်း….

'အား….အား….အား….အား….အား'

သူ့နောက်မှ တပ်သားများမှာမူ တစ်ဦးပြီးတစ်ဦး လဲကျသွားရသည်။ မိန်းမချောသည် ခလုတ်တစ်ခုကို နှိပ်လိုက်သည်။

'ရှိုး—ရှိုး—ရှိုး….ဂျပ်….ဂျပ်….ဂျပ်'

ပွင့်ဖတ် ဓားသွားများသည် သူမ၏ကြာဖူးရှိရာသို့ ပျံသန်းလာပြီး ပြန်စိုက်နေပြန်သည်။ အလွန် ဆန်းကြယ်သော လက်နက်ပင် ဖြစ်လေသည်။

ဗိုလ်ဆင်ကျောင်နှင့် ဟွာတိုးတို့သည် မိန်းမချောထံတွင် ရှိနေသည့် ထူးဆန်းသော လက်နက်ကို ငေးအံ့ဩ ကြည့်နေမိကြသည်။

ခေတ္တမျှ ကြက်သေသေနေရာမှ တပ်မှူးကြီး ဟန်ဆိန်နှင့် ဓားဝိဇ္ဇာ လီအန်ချူတို့သည် သတိဝင် လှုပ်ရှားလာကြသည်။ သူတို့နှစ်ယောက်က ဒိုင်းကိုယ်စီဖြင့် ကာ၍ မိန်းမချောထံသို့ တစ်ဟုန်ထိုး ပြေးသွားကြသည်။ ဓားနှစ်လက်က မိန်းမချောလေး၏ ဦးခေါင်းပေါ်သို့ ပြိုင်တူ ဝဲပျံ ကူးဆင်းသွားသည်။

'ဂျောင်း….ဂျောင်း'

အဟုန်ပြင်းလှသော ဓားနှစ်လက်၏ ဓားသွားများသည် သံချပ်ဝတ် မိန်းမချော၏ ဦးခေါင်းမှ သံမဏိခေါင်းဆောင်းကို ထိုးဖောက်နိုင်ခြင်း မရှိချေ။

'ရှိ....ရှိ....ရှိ...ရှိ'

'အား...အား...အား'

ထပ်မှူးကြီး ဟန်ဆိုန်နှင့် ဓားဝိဇ္ဇာ လီအန်ချူ သူတို့နှစ်ယောက်၏လက်ထဲမှ ဓားများ လွင့်ထွက်သွားကြရသည်။

သူတို့၏ ခန္ဓာကိုယ်မှ လက်တစ်ဖက်စီ ကွာထွက်သွားရလေပြီ။ ဤအဖြစ်အပျက်များမှာ အသက်သေရခြင်းထက်ပင် ဆိုးရွားလှချေသေးသည်။

'ဟား....ဟား....ဟား...ဟား'

သံချပ်ဝတ်မိန်းမချောလေးက အားရပါးရ ရယ်လိုက်၏။

ထပ်မှူးကြီးဟန်ဆိုန်၏ နောက်လိုက်ရဲမက်များ၊ ဓားဝိဇ္ဇာ၏ နောက်လိုက် ဝံပုလွေဖြူ အဖွဲ့သားများ၊ သူတို့အားလုံး ဝိုင်းအုံ၍ မိန်းမချောအား တိုက်ခိုက်လေသည်။

'ယား...ယား....ယား....ယား....ယား'

'အား....အား....ဂျိုင်း....ဂျွန်း....ဂျောင်း'

အခန်းကြီးထဲဝယ် ကမ္ဘာပျက်သည့်နှယ် ...တော့သည်။ မိန်းမချောဦးဆောင်သည့် သံချပ်ဝတ် ဆယ့်တစ်ယောက်နှင့် ဝံပုလွေဖြူအဖွဲ့ဝင် ဓားသမားများ၏ တိုက်ပွဲအား ရက်စက်ကြမ်းကြုတ်၍ ပြင်းထန်လှသည်။

တစ်ခဏအတွင်း အခန်းကြီးထဲဝယ် အသက်ဝိညာဉ် ကင်းမဲ့သွားသော ရုပ်ကလာပ်များက တောင်ပုံရာပုံ။

အချို့ ကိုယ်လွတ်ရုန်း၍ ထွက်ပြေးကြသည်။



သို့သော် သူတို့အနေနှင့် လွတ်မြောက်သွားသူ နည်းပါးလှ၏။ အများစုမှာ ထူးဆန်းသော လက်နက်ပိုင်ရှင် မိန်းမချောလေး၏ လက်ချက်ဖြင့် တစ်ဦးပြီးတစ်ဦး အသက်နှင့်ခန္ဓာ အိုးစားကွဲ နေကြရလေသည်။

ဓားဝိဇ္ဇာ လီအန်ချူ အခြေအနေ မဟန်တော့မှန်း ရိပ်မိသည်၊ ကိုယ်လွတ်ရုန်းပြေးရန် ကြိုးစားလေသည်။

'အား....'

ဓားဝိဇ္ဇာ လီအန်ချူ၏ စူးစူးဝါးဝါး အော်သံကြီးတပေါ်ထွက်လာသည်။ လှပသော ကြေးဖူးလက်နက်သုံးစင်းက လီအန်ချူ၏ နောက်ကျောပြင်၌ စူးစိုက်ဝင်ရောက်နေလေသည်၊

'ဟား....ဟား...ဟား...ဟား'

မိန်းမချောလေး၏ ရယ်သံများက အစီအရီပေါ်ထွက်လာသည်။ သာယာသော ဂီတသံများနှယ် နားဝင်ချိုလှသည်။ သို့သော် ထိုရယ်သံများ မဆုံးမီမှာပင် အခန်းထဲမှ လူပေါင်းများစွာ ပြေးထွက်သွားကြ၏၊

ရယ်သံလေးများက သာယာသော်လည်း ဤရယ်သံလေးများ၏ နောက်ကွယ်ဝယ် ကြောက်မက်ဖွယ်ရာ ရက်စက်ကြမ်းကြုတ်ခြင်းများက ကိန်းဝပ်လျက် ရှိနေလေသည် တကား။

ဇူဆင်ကျင်၊ ဟွာတိုး၊ ရှာရှီယူ။

အခန်းထဲတွင် သူတို့သုံးဦးနှင့် ပျော်ပွဲစားရုံ အလုပ်သမားများသာလျှင် ကျန်ရစ်ခဲ့၏။

ဇူဆင်ကျင်သည် သံချပ်ဝတ်မိန်းမချောလေးကို ကြည့်ညို လေးစားသောပုံစံမျိုးဖြင့် နှုတ်ခွန်းဆက်လိုက်သည်။

'ကျွန်တော်တို့ကို အခုလို အကူအညီ လာပေးတဲ့ ကျေးဇူးအထူးတင်ပါတယ်ခင်ဗျာ'

သံချပ်ဝတ်မိန်းမချောလေး၏ ညာသက်တော်၌ သံချပ်ဝတ် လူထွားကြီးတစ်ဦး ရပ်နေ၏။

ထိုသူသည် မိန်းမချောလေး၏ ကိုယ်ရံတော်ကြီး ဖြစ်ပုံရသည်။

အခြား သံချပ်ဝတ်ကိုးယောက်တို့မှာလည်း မိန်းမချောလေး၏ အရိပ်အခြည်ကို စောင့်ကြည့်နေကြသည်။

ပျော်ပွဲစားရုံရှေ့၌ သန်စွမ်းလှပသော မြင်းညိုကြီး ဆယ့်တစ်ကောင်ကို တွေ့မြင်ရ၏။ သူတို့အဖွဲ့ စီးနင်းလာသောမြင်းများဖြစ်လေသည်။

သံချပ်ဝတ်မိန်းမချောက ဇူဆင်ကျင်နှင့် ဟွာတိုးတို့ နှစ်ယောက်ကို ခြေဆုံးခေါင်းဖျား အကဲခတ်ပိုက်ပြီး အမေး ရှိလိုက်သည်။

'ဟိုလူတွေကတော့ ထွက်ပြေးပြီ၊ ရှင်တို့ နှစ်ယောက်က တော့ ဘာဖြစ်လို့ ထွက်မပြေးကြသေးတာလဲ၊ ဘာလဲ ကြာဖူး လက်နက်ကလေးတွေရဲ့ အရသာကို စိန်ပြေနပြေ မြည်းကြည့် ချင်လို့လား'

ငယ်ရွယ်နုပျိုသည်။ အသံလေးက ဂီတသံနှယ် သာယာချို နွဲ့လေသည်။



သို့ရာတွင် စကားလုံးများက ဖော်ပြလိုက်သောအဓိပ္ပာယ် လှပသာယာခြင်း မရှိချေ။

အဲဒါ စီးကာလာသောလေသံမျိုးဖြစ်သည့် တစ်ဖက်သား ကို ရန်လိုဟန်မျိုးရှိနေသည်။

'ကျွန်တော်တို့ ထွက်ပြေးစရာမလိုပါဘူး'

ဇူဆင်ကျင်က သူမကိုပြောလိုက်သည်။

သူမက—

'ကျွန်မရဲ့ ကြာဖူးလက်နက်ဟာ အကြောင်းသုံးပါးမရှေး ဘူးနော်'

သူမ၏စကားထဲတွင် ကပ်၍ ခြိမ်းခြောက်သံ ပါလာပြန် သည်။ ဇူဆင်ကျင်က ပြုံးလိုက်မိလေသည်။

'ခင်ဗျားရဲ့ ကြာဖူးလက်နက်ဟာ ကျုပ်တွေ့ဖူးသမျှ လက် နက်ဆန်းတွေထဲမှာ အစွမ်းအထက်ဆုံးပါပဲ၊ ဒါပေမယ့် ခင်ဗျား လက်နက်ကို ကျုပ်မကြောက်ဘူး၊ ဟဲ...ဟဲ'

'ဩော်....ရှင်က မကြောက်ဘူး ဟုတ်လား'

သူမ၏ မျက်နှာကလေးက အတူးပင် တင်းမာသွား၏၊ လှပသော မျက်လုံးများက ရှက်ခြည်သိုသလို စူးစူးရဲရဲ နီမြန်းလာသည်။

သောမ သံချပ်ဝတ် လူထွားကြီးက သူ့လက်ထဲမှ ကျူ ပွတ် ကြီးကို အသင့်ပြင်ထားလိုက်သည်။

အခြေအနေ မဟန်တော့မှန်း ဇူဆင်ကျင် ရိပ်မိလိုက်၏။ ထို့ကြောင့် အချိန်မီပြောဆိုလိုက်ရလေသည်။

'ခန်ဗျား၏လက်နက်ဟာ တစ္ဆေသိုင်းသမားတွေကို ရက်ရက်စက်စက် နှိပ်ကွပ်ချေမှုန်းပေမယ့် ကျွန်တော်တို့လိုသူတော်ကောင်း သိုင်းသမားတွေကိုကျတော့ ငဲ့ညှာမှန်းသိတဲ့ခင်ဗျားလက်နက်ကို မကြောက်ဘူးလို့ ပြောရတာပါ'

'ရှင့်ကိုယ်ရှင်သူတော်ကောင်းသိုင်းသမားပါလို့ ကြေညာလိုက်တာလား'

'ဟုတ်ပါတယ်၊ အဲဒီသဘောပါပဲ'

'ရှင်က သူတော်ကောင်းသိုင်းသမား ဖြစ်တဲ့အကြောင်း ရှင့်မှာ ဘယ်လိုသက်သေပြစရာရှိသလဲ'

'စောစောက အဖြစ်အပျက်ကို တွေးကြည့်ရင် သိနိုင်ပါတယ်'

'ဘယ်လိုတွေးကြည့်ရမှာလဲ၊ ကျွန်မက စဉ်းစားတွေးခေါ်တဲ့ အလုပ်မျိုးကို သိပ်မကျင့်ပါဘူး'

'ဒီလိုပါဗျာ၊ စောစောကလူတွေက ဝံပုလွေဖြူတွေပါ၊ သူတို့ဟာ လူယုတ်မာတွေပါ၊ သူတို့က ကျွန်တော်တို့ကို ပြင်းပြင်းထန်ထန် ရန်ပြုကြတယ်၊ လူယုတ်မာတွေရဲ့ ရန်ပြုခြင်းခံရသူဟာ လူလိမ္မာ သူတော်ကောင်းတွေဖြစ်တယ်လို့ အဖြေထွက်မလာပေဘူးလား'

သံချပ်ဝတ်မိန်းမချောလေးက ဇူဆင်ကျင်ကိုစူးစူးစိုက်စိုက်ကြည့်ရှု အကဲခတ်နေသေးသည်။

သူမ၏မျက်နှာပြင်ထက်မှ တင်းမာမှုတို့မှာ အနည်းငယ် လျော့ပါးသွားသည့်ဟန် ထင်ရ၏။



ဇူဆင်ကျင်က သူမ၏မျက်နှာ ကြည်သာသွားသည်ကို မြင်ရသည်နှင့် မေးမြန်းလိုက်သည်၊

'ညီမငယ်တို့က ဘယ်အဖွဲ့ကလဲ'

ဤမေးခွန်းကြောင့် မိန်းမချောလေး၏မျက်နှာလေးသိသိသာသာ မှုန်ကုပ်တင်းမာသွားပြီးလျှင် ...

'ရှင်က ဘာကိစ္စစပ်စုရတာလဲ'

'ညီမငယ်တို့အဖွဲ့ရောက်လာလို့ကျွန်တော်တို့ အခုလိုအသက်ရှင် ကျန်ရစ်ခဲ့တာပဲ၊ လူသားတွေဟာ ကိုယ့်ကျေးဇူးရှင်ကို ဘယ်သူဘယ်ဝါဆိုကာ သိချင်ကြစမြဲ မဟုတ်လား။ အခုလဲ ကျေးဇူးတင်လွန်းလို့'

'သိချင်ရင်....ရော့'

'ဝှီး'

မိန်းမချောလေး၏လက်တစ်ဖက် လှုပ်ရှားသွား၏။ပြောင်လက်သော အလင်းတန်းတစ်ခုက ဇူဆင်ကျင်၏ လည်မျိုရှိရာသို့ အဟုန်ပြင်းစွာ ပြေးဝင်လာလေသည်။

'အမယ်လေး'

'ပျော်ပွဲစားရုံပိုင်ရှင် မိန်းမချောလေး ရှာရှိယူ အလန့်တကြား ဟစ်အော်လိုက်မိ၏။

သို့ရာတွင် ဇူဆင်ကျင်သည် သံချပ်ဝတ်မိန်းမချောလေးထံမှ ပစ်လွှတ်လိုက်သော လျှပ်တစ်ပြက် ပေါက်ဓားကို ကျွမ်းကျင်စွာ ဖမ်းယူထားလိုက်သည်ကို တွေ့လိုက်ရ၏။

ဇူဆင်ကျင်သည် ပေါက်ခေါးကို သေချာစွာ ကြည့်လိုက်သည်။

ခေါးသွားနှင့်ဖက်ရှိ ရွှေခြင်္သေ့အဖွဲ့ကြီးဟု ရေးသားထားသည်ကို တွေ့လိုက်ရ၏။

'ကဲ—သွားကြစို့၊ ဒီနေရာမှာ ဘာကိစ္စမှ မရှိတော့ဘူး'

သံချပ်ဝတ် မိန်းမချောလေးက ဦးဆောင်၍ အခန်းထဲမှ လျှန်မြန်စွာ ထွက်သွား၏၊ သူတို့အဖွဲ့သားများသည် လေ၏ပမာ လျင်မြန်လှပေသည်။

'ဟေ့—နေပါဦး'

ဇူဆင်ကျင်၏ခေါင်းထဲသို့အသိတစ်ခုဝင်လာသောကြောင့် နောက်မှပြေးလိုက်သည်။

မမီတော့ပါ။ သူတို့အားလုံး မြင်းကိုယ်စီနှင့်ထွက်ခွာသွားကြလေပြီ။

ဇူဆင်ကျင်၊ ဟွာတိုး၊ ရှာရှီယူ။

သူတို့သုံးဦး ခေါင်းချင်းဆိုင်၍ ဆွေးနွေးကြရပြန်သည်။ စောစောက သံချပ်ဝတ် မိန်းမချောလေးက ဘယ်သူပါနည်း၊ ဘယ်သူပါနည်း။

နဂါးခုနစ်ကောင် သေတ္တာနီနှင့်အတူ ပျောက်ဆုံးသွားခဲ့ရသော လျို့ဝှက် အထောက်တော် မင်စီ။ ဆိုင်နန်မြို့တွင် သူမအား အမည်မသိအဖွဲ့တစ်ဖွဲ့က ခေါ်ဆောင်သွားသည်ဟု သတင်းရရှိခဲ့သည်။



ထိုအဖွဲ့ကို အပြာရောင် ဝတ်ဆင်ထားသော မိန်းမချောလေးတစ်ဦးက ဦးဆောင်ကြောင်း၊ ထိုမိန်းကလေးနှင့်အတူ ခေါင်းတုံးရိတ်ထားသော ရှေမလူထွားကြီးတစ်ဦးလည်းပါကြောင်း အပြည့်အစုံ သတင်းရထားသည်။

အပြာရောင် မိန်းမချောလေးနှင့် ခေါင်းတုံးရိတ်ထားသော လူထွားကြီး၊ သူတို့သည် သံချပ်ဝတ်များအဖြစ် အသွင်ပြောင်းထားကြလေသလော။

'ဟုတ်တယ်....ဟုတ်ကို ဟုတ်ရမယ်'

တပ်မှူးလေး ဟွာတိုးက ရွှတ်ဆိုလိုက်သည်။

'ဘာကိုဆိုလိုတာလဲ'

ဇူဆင်ကျင်က မေးသည်။

'ဟို—အပြာရောင် မိန်းကလေးနဲ့ ခေါင်းတုံးရိတ်ထားတဲ့ လူထွားကြီးဟာ ခုနက ကျွန်တော်တို့ တွေ့လိုက်ရတဲ့ မိန်းမချောလေးနဲ့ သူ့နံဘေးက သံချပ်ဝတ်လူထွားကြီးပဲ ဖြစ်ရမယ်'

ဟွာတိုးက အခိုင်အမာဆို၏။ နိုင်ငံခြားသားအတိုးအိုးပျော်ပွဲစားရုံ ပိုင်ရှင်အဖြစ် ရုပ်ဖျက်နေသော သူလျှိုမယ်လေးရှာရှီယူကလည်း ဟွာတိုးကို ထောက်ခံလိုက်သည်။

'ဟုတ်တယ်၊ ဟွာတိုး ယုံကြည်သလို ကျွန်မလဲ ယုံကြည်တယ်'

'ဒီလိုဆိုရင် နဂါးခုနစ်ကောင်နဲ့မင်စီဟာ ရွှေခြင်္သေ့အဖွဲ့ကို ရောက်နေတယ်လို့ ယူဆရတော့မှာပေါ့'

'ဟုတ်ပါတယ် တပ်မှူး၊ လောလောဆယ်တော့ ဒီအတိုင်း ယူဆရမှာ ဖြစ်ပါတယ်'

နဂါးခုနစ်ကောင်နှင့် သူလျှိုမယ်လေးမှင်စီ ရွှေခြင်္သေ့ အဖွဲ့ကြီးသို့ ရောက်နေကြောင်း အတည်ပြုလိုက်ကြပြီးလျှင် ရှာရှိယူက ဆိုလိုက်သည်။

'ရွှေခြင်္သေ့ အဖွဲ့ဟာ တောင်တောင်ဝေးလံတဲ့နေရာတစ်မှာ ရှိလိမ့်မယ် ထင်တယ်'

'ဘာပြုလို့လဲ'

ဟု ဟွာတိုးက မေးလိုက်သည်။

'သူတို့ မြင်းကိုယ်စီနဲ့လာခဲ့ကြတာ မဟုတ်လား၊ မြင်းနဲ့ လာတာ ခရီးဝေးလို့ပေါ့'

ထိုအခါ ဟွာတိုးက ညင်သာစွာခေါင်းခါသည်။

'မြင်းနဲ့ လာတိုင်း ခရီးအဝေးကြီးကလာတာလို့ ယူဆလို့ မဖြစ်ဘူး'

'ရှင်က ဘယ်လိုထင်လို့လဲ'

'သူတို့ဟာ ခရီးသိပ်မဝေးတဲ့နေရာက လာတာ'

'ဆိုပါဦး၊ ဘာပြုလို့ အဲဒီလို ယူဆတာလဲ'

'သူတို့ စီးလာတဲ့ မြင်းတွေဟာ ခရီးပန်းပုံမရဘူး၊ သံချပ်အင်္ကျီ ဝတ်ထားတဲ့ လူကိုယ်စီကို ခရီးအဝေးကြီးက သယ်လာတာဆိုရင် သူတို့ မြင်းတွေဟာ မောဟိုက်ပင်ပန်းနေရမယ်'

'ဟုတ်တယ်၊ ခင်ဗျား ယူဆတာမှန်တယ် ဟွာတိုး'



ဇူဆင်ကျင်လည်း ဟွာတိုး၏ အယူအဆကို ထောက်ခံလိုက်၏။

အတန်ကြာအောင် ဆွေးနွေးပြီးသောအခါ ဇူဆင်ကျင်က ရှာရှိယူကို ပြောလိုက်သည်။

'ကဲ....သူလျှိုမယ် ရှာရှိယူရေ၊ ခင်ဗျားပစ္စည်းပစ္စယတွေကို သိမ်းဆည်းပေတော့'

'ဘာကြောင့်လဲ'

ဟု ရှာရှိယူက မေးလိုက်သည်။

'အခုလို ကြီးကျယ်တဲ့ သွေးထွက်သံယိုပွဲကြီး ဖြစ်အပြီးမှာ ခင်ဗျားအနေနဲ့ ဒီနေရာမှာ ဆက်နေရင် အန္တရာယ်တွေ ပေါ်လာလိမ့်မယ်'

'ဒါဖြင့် ဒီပျော်ပွဲစားရုံကို ဘယ်လိုလုပ်မလဲ'

'အလုပ်သမားတွေကို အကုန်ခေါ်၊ သူတို့ကိုအသပြာ တစ်ထောင်စီ ထုတ်ပေးပြီး သွားချင်တဲ့နေရာကိုသွားခွင့်ပေးလိုက်၊ ခင်ဗျားကတော့ ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါ'

'ဟုတ်ကဲ့—ကောင်းပါပြီ ဇူဆင်ကျင်'

* *

## အခန်း (၇)

### ကုမုဒြာလက်နက်ဆန်း

ထန်ကျင်းမှ ထွက်ခွာလာလျှင် ပထမဦးဆုံး ပေါ့ဟိုင် ပင်လယ်ပြင်သို့ ရောက်သွားမည် ဖြစ်၏ ၎င်းသည် ရေအလွန်မနက်ပေ။

တရုတ်ပြည်ကြီး၏ ဤကုန်းတွင်းပိုင်း ပင်လယ်ကို လျောင်တုန်နှင့် ရှမ်တုန်ကျွန်းဆွယ်များက ဝိုင်းရံထား၏၊

ပေါ့ဟိုင် ပင်လယ်အော်၏ အရှေ့ဘက်တွင် ရေပြင်သည် ရုတ်တရက် ကျယ်လာပြီး နက်လည်းနက်သွား၏။ ဤအပိုင်းကား ပင်လယ်ဖြစ်လေသည်။



၎င်းသည်မြောက်ဘက်တွင်ယာလူးမြစ်အထိ လည်းကောင်း တောင်ဘက်တွင် ယန်စီမြစ်ဝအထိလည်းကောင်း ကျယ်ပြန့်လေသည်။

ပေါ့ဟိုင် ပင်လယ်၏ ကမ်းရိုးတန်းဒေသ၌ ရေများတိုက်စားထားသည့် ကမ်းခြေတောင်တန်းကြီးများ ရှိလေသည်။ ဤနေရာကို ကျောက်ထူထပ်သည့် ကမ်းခြေ ဟူ၍ ခေါ်စမှတ်ပြုကြသည်။

ကမ်းခြေကျောက်တောင်ကြီးများမှာ နှစ်ပေါင်းများစွာ ရေတိုက်စားထားသည့်ဒဏ်ကြောင့် လိုဏ်ဂူအပေါက်ကြီးများ ဖြစ်နေတော့သည်။

အချို့သော ဂူပေါက်ကြီးများသည် ကျောက်တောင်ကြီးများ၏ အတွင်းပိုင်းသို့ ရောက်အောင်အထိ ရှည်လျားကြသည်။

ကျောက်ဆောင် ထူထပ်သောကြောင့် လည်းကောင်း၊ အတွင်းပိုင်းကျ၍ အလွန်ခေါင်သောကြောင့် လည်းကောင်း၊ အသွားအလာ ခက်ခဲလွန်းလှသောကြောင့်လည်းကောင်း ဤနေရာ အနီးဝန်းကျင်သို့ လူသူအရောက်အပေါက် နည်းလှသည်။

နင်ရှာဝေ နယ်စားကြီး တိုက်ချိသည် သဘော်သားဝါးရာ ပါသော သူ၏နဂါးပျံရွက်သင်္ဘောကြီးကို ဤနေရာတွင်ခေတ္တ ဆိုက်ရပ်ထားရန် ဆုံးဖြတ်လိုက်၏။

လူးပါင်ငါးရာအတွက် ရိက္ခာမှာ သုံးလေးလစာအထိ ပူရာမလို။

သင်္ဘောထဲတွင် သိုလှောင်၍ ယူလာခဲ့သည်။

ဤကုန်းတွင်းပိုင်း ကမ်းခြေတွင် ခေတ္တရပ်နားနေထိုင်ပြီးလျှင် လိုအပ်သည်များကို ဤနေရာမှ ထောက်လှမ်း စုံစမ်းမှုများ ပြုလုပ်ရန် ဖြစ်လေသည်။

နယ်စားကြီးသည် မိမိလက်အောက်ငယ်သားများကို အမြဲတမ်း သတိရှိရှိနှင့် နိုးကြားတက်ကြွစွာနေကြရန် တပ်လှန့်ထားသည်။ နေ့ကင်း၊ ညကင်း၊ ကင်းတို၊ ကင်းရှည်များ ချထားသည်။

အဘက်ဘက်မှ လုံခြုံရေးအစီအမံများ ပြုလုပ်ထားခြင်းဖြစ်ရာ ရန်သူတို့သည် လွယ်ကူစွာ ရောက်မလာနိုင်ပေ။ မသင်္ကာဖွယ်ရာ လူစိမ်းများ ဝင်ရောက်လာလျှင် ဖမ်းဆီးစစ်ဆေးရန်ကိုလည်း အမိန့်ပေးထားပြီး ဖြစ်သည်။

နင်ရှာဝေ့နယ်စားကြီး တိုက်ချိသည့် မိမိ၏ အလုပ်ခန်းမှ ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ သင်္ဘောဦးပိုင်းတွင် တည်ရှိသော အခန်း။

နယ်စားကြီး ပေါ့ဟိုင် ကုန်းတွင်းပိုင်း ကမ်းရိုးတန်းကြီးကိုမြင်ရ၏။ ကမ်းခြေတစ်လျှောက်၌ မြင့်မားသော ကျောက်ဆောင်ကြီးများက အုပ်မိုး တည်ရှိနေလေသည်။

ညချမ်းအချိန်ဖြစ်သော်လည်း ကမ်းရိုးတန်းတစ်လျှောက်၌ နှင်းမြူများကရိပ်ရိပ်ကျဆင်းနေသည်ကို တွေ့ရ၏။ လရောင်



သည် ထိန်ထိန်သာနေသောကြောင့် ကမ်းခြေတစ်လျှောက်၏ မြင်ကွင်းကို နှင်းဇာပဝါကြားမှ သဲကွဲစွာ မြင်နေရသည်။

နယ်စားကြီးသည် လေးတွဲ့စွာ သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက် မိမိ၏ အခန်းဝတွင်ရှိနေသော အခန်းစောင့်လုလင်ကို လှမ်းကြည့်လိုက်သည်။

'ရန်ပုရိ'

'ခင်ဗျား....နယ်စားမင်းကြီး'

'သမီးတော်တို့အဖွဲ့ ရောက်မလာကြသေးဘူးလား'

'ရောက်မလာသေးပါဘူး'

'သွားစမ်း၊ ဟိုအမျိုးသမီးလေး မင်စီကို ခေါ်လာခဲ့ဖို့ စုမာချုံကို ပြော'

'ဟုတ်ကဲ့'

နယ်စားကြီး၏ အခန်းစောင့်လုလင် ရန်ပုရိသည် ထွက်ခွာသွား၏။ နယ်စားကြီးသည် ရွှေပြားခင်းထားသော စားပွဲရှည်ကြီးပေါ်မှ သေတ္တာရှည်ကလေးကို ဖွင့်လိုက်၏။

အံ့ထဲမှ အရာတစ်ခုကို ညင်သာစွာ ထုတ်ယူလိုက်သည်။ ကျောက်စိမ်းနှင့်ပြုလုပ်ထားသော လက်ရာတစ်ခုပင်။ စားပွဲရှည်ကြီးတစ်ခုတွင် လူခုနစ်ယောက်တို့ ထိုင်နေကြသည့် ပုံပင်ဖြစ်၏။

နဂါး ပါးပျဉ်းပုံစံ နောက်မှီပါသော ကုလားထိုင်ကိုယ်စီပေါ်တွင် လူခုနစ်ဦး ထိုင်နေသည့်ပုံများကို လက်ရာ ပြောင်မြောက်စွာ ထုလုပ်ထားခြင်းပင်ဖြစ်သည်။

တစ်ဦးသောပုဂ္ဂိုလ်က စားပွဲကြီး၏ တစ်ဖက်ထိပ်တွင် နေရာယူထား၏။ ကျန်သော ခြောက်ဦးတို့က စားပွဲကြီး၏ ဟိုဘက်နှင့် သည်ဘက်တွင် သုံးဦးစီ မျက်နှာချင်းဆိုင် နေရာယူထားကြ၏။

စားပွဲကြီး၏ထိပ်တွင် ခန့်ညားစွာ နေရာယူထားသော ရုပ်လုံး ရင်ဘတ်ပေါ်၌ အောက်ပါစာတန်းကို သေးငယ်လှသော စာလုံးများဖြင့် ဇာမွှည်းထိုးနှံထားသည်ကို တွေ့ရ၏။

ပထမ နဂါးကြီး....

ဤရုပ်လုံးမှာ မိမိကိုယ်တိုင်၏ မျက်နှာ၊ ကိုယ်လုံးကိုယ်ပေါက် အချိုးအစားအတိုင်း ပီပီပြင်ပြင် ထုလုပ်ထားခြင်း ဖြစ်လေသည်။ နယ်စားကြီးသည် ရုပ်လုံးကိုကြည့်လျက် တုန်လှုပ် ချောက်ချားနေမိသည်။

ကျန်သောသူ ခြောက်ဦးအနက် တစ်ဦးမှာ 'ယန်ဂျင်း' နိုင်ငံခြားသားတစ်ဦးဖြစ်၏။ ကျန်သောငါးဦးမှာ သေနာ ပတိကြီး နှစ်ဦးနှင့် နန်းတွင်းမှူးမတ်ကြီး သုံးဦးတို့ပင် ဖြစ်ကြသည်။

နင်ရှာခေ့ နယ်စားကြီးသည် မိမိနှင့်တူအောင် ထုလုပ်ထားသော ကျောက်စိမ်းရုပ်တုငယ်ကို မျက်မှောင်ကြုတ်၍ အတန်ကြာအောင် စူးစူး စိုက်စိုက် ကြည့်နေမိသည်။

မကြာသေးမီက ဟူနန်ပြည်နယ် ချန်ဆား မြို့တော်တွင် လျှို့ဝှက် ဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့သည်။ ထိုဆွေးနွေးပွဲ၌ ထိပ်ထိပ်ကြဲပုဂ္ဂိုလ်ကြီး ခုနစ်ဦး ပါဝင်သည်။



သူတို့၏ လျှို့ဝှက်ဆွေးနွေးပွဲက နေပြည်တော်ရှိ နဂါးပလ္လင်ပေါ်မှ ရင်ခွင်ပိုက် မင်းသားလေး ဖုရီကို ဖြုတ်ချရန်ပင် ဖြစ်သည်။

တိတိပပဆိုရလျှင် ဗဟိုကောရာဇ်၏ အာဏာကိုဖီဆန်၍ မှူးမတ်ကြီးများက ပုန်ကန်ကြရန်ပင် ဖြစ်သည်။ ထိုသို့ လျှို့ဝှက်ဆွေးနွေးပွဲမှ ဆုံးဖြတ်ချက်များကို ချန်ဆား ဆုံးဖြတ်ချက်ဟု ခေါ်ကြ၏။

နဂါးကြီး ခုနစ်ကောင်၏ ထို လျှို့ဝှက်ဆွေးနွေးပွဲတွင် မိမိ မပါခဲ့ချေ။ ထိုဆွေးနွေးပွဲတွင် လျှို့ဝှက် ဆွေးနွေးခဲ့သူများကိုပင် မိမိအနေနှင့် တိတိကျကျမသိရသေးချေ။ မည်သူမည်ဝါဖြစ်ကြောင်း ထောက်လှမ်း သေချာ စုံစမ်းနေဆဲပင် ဖြစ်သည်။

သို့ရာတွင် ဤရုပ်တုများက ဖော်ပြနေသည်မှာ....

မိမိသည် ချန်ဆား လျှို့ဝှက်ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သူ ဖြစ်သည်။ မိမိ၏ ရုပ်လုံးတွင် ပထမနဂါးကြီးဟု ဇာမွှည်း ထိုးထားသောကြောင့် မိမိသည် ချန်ဆား ဆွေးနွေးပွဲကို ဦးဆောင်သူဟု အထင်ရောက်စေပသည်။

ဤနဂါးခုနစ်ကောင် ရုပ်တုပါသော သေတ္တာလေးကိုသာ နေပြည်တော် ထောက်လှမ်းရေးဌာနမှ ရရှိသွားပါက...

ရင်ခွင်ပိုက်မင်းသားလေး ဖုရီ။

(ဝါ) မဟာကောရာဇ် ဆွမ်ထုံက မိမိကို အထင်လွဲမှားလိမ့်မည်သာ ဖြစ်သည်။ နယ်စားကြီးသည် စဉ်းစားရင်း

စဉ်းစားရင်း နာကြည်းခံပြင်းမှုများ ကြီးမားစွာ ဖြစ်ပေါ်လာသည်။

သည်ကိစ္စမှာ တစ်စုံတစ်ခုသော အဖွဲ့အစည်းမှ မိမိကို အဆင်းတွင် ဘီးတပ်ပေးလိုက်ခြင်းပင် ဖြစ်သည်။ (ဝါ)တစ်နည်းအားဖြင့် ချောက်တွန်းလိုက်ခြင်းပင် ဖြစ်သည်။

နယ်စားကြီး၏မျက်နှာမှာ ဒေါသကြောင့် မှိုင်း မှုန်လာသည်။ မျက်လုံးကြီးများ နီရဲစူးရှလာသည်။

မကြာသေးမီအ ကွမ်ဆု ဧကရာဇ်ဘုရင်ကြီးသည် နတ်ရွာစံခဲ့၏။ ဘုရင်ကြီးကို မိဖုရားကြီး ဇူဇီကိုယ်တိုင်က အဆိပ်ခပ်၍ သတ်ခဲ့သည်ဟု ကောလာဟလသတင်းများ ထွက်စေခဲ့သည်။

ဧကရာဇ်ဘုရင်မှာ ထီးနန်းမိုက်ရာကို ဆက်ခံရန် ထီးမွေနန်းမွေခံ မကျန်ရစ်ခဲ့၊ ထို့ကြောင့် တူတော်မောင် မင်းသားလေး ဖုရိက ဧကရာဇ် ဆွမ်တုံဟူသော ဘွဲ့နာမည်ဖြင့် နဂါးပလ္လင်ပေါ်၌ ထီးမွေနန်းမွေ ဆက်ခံခဲ့သည်။

မင်းသားလေးဖုရိမှာ အသက်ငယ်လွန်းလှသေးသည်၊ သို့အတွက် မင်းသားလေး၏ခမည်းတော်ဖြစ်သူ နတ်ရွာစံဘုရင်ကြီး၏ ညီတော်ဖြစ်သော မင်းသားချွန်က မင်းသားလေးဖုရိကို ရင်ခွင်ပိုက်၍ အုပ်ချုပ်နေရလေသည်။

ဤသို့လျှင် တိုင်းပြည်တွင်အုပ်စိုးသူ စတင်ပြောင်းသော အခါသမယ ဘုရင်သစ်၏အုပ်ချုပ်စီမံမှုများ နေသားတကျ မရှိသေးသောအချိန် နန်းတော်တွင်း၌ မှူးကြီးမတ်ရာ သေနာ



ပတိကြီးများ တန်ခိုးအာဏာ ပြိုင်ဆိုင်နေသော အချိန်အခါ။

များသောအားဖြင့် အသက်အရွယ်နုနယ်သော မလောက်လေး မလောက်စား လူမမယ် ဘုရင်ပေါက်စလေးကို မှူးကြီးမတ်ကြီးအချို့က ထီးလေးစား မနေ့ညား ရှိနေချိန်။

ဤသို့သောအခါသမယတွင်နေပြည်တော်အထောက်တော်ဌာနချုပ် (သိမ်းငှက်ဌာနချုပ်)မှ တိုင်းပြည်တွင်း တန်ခိုးအာဏာရှိပြီး သားပုဂ္ဂိုလ်များ၏ လှုပ်ရှားမှုခြေလှမ်း များကို အမြဲတစေ မျက်လုံးဒေါက်ထောက်၍ ကြည့်နေခဲ့သည်။

သိမ်းငှက်ဌာနချုပ်တွင် အတွေ့အကြုံရင့်ကျက် ပြီးသော အထောက်တော်များ ထောင်ပေါင်းများစွာ တာဝန်ထမ်းဆောင်လျက် ရှိကြ၏။

ဌာနချုပ်ကြီးကို မင်းသားချွန်က တိုက်ရိုက်ဦးဆောင်လျက် ရှိလေသည်။

သိမ်းငှက်ဌာနချုပ်၏ ဆုံးဖြတ်ချက်များအရ နန်းတွင်းအရာရှိကြီးများ တစ်ဦးပြီးတစ်ဦး ရာထူးမှနုတ်သိမ်းခြင်းခံနေရသည်။

အချို့လည်း ကွပ်မျက်ခံကြရသည်။ အချို့လည်း ထောင်တွင်း အကျဉ်းချထားခြင်းခံရသည်။

(ဤလိုအခါမျိုးတွင် အစာမတော်တစ်လုပ်၊ အသွားမတော်တစ်လှမ်း ဆိုသောစကားပုံသည် လွန်စွာမှန်ကန်လှသည်။

အခန့်အထိုင်တတ်ပါမှ၊ သဘာ့ဝိဒိုဟာန္တိပါမှ၊ ရေရှည် အနာဂတ်ရေးကို ကြိုတင်မြော်မြင်တွေးခေါ်နိုင်ပါမှ ဘဲ့ရွှေ ကြပေမည်)

ချန်ဆာရးလျှို့ဝှက်ဆွေ နွေးပွဲ့ဘွင် မိခ်ိလုံးဝမပါဝင်ပါဘဲ လျက် မိမိဦးဆောင်ပါဝင်ခဲ့သဟန် မည်သူက ဖန်တီးသိုက် ခြင်းပါနည်း၊

ဤသို့တွေးတောရင်းမှ မြို့စားကြီး၏ မျက်နှာကြီးသည် အထူးပင် တင်းမာမှိုင်မှုန်လာခဲ့ပြန်သည်၊

ဤအခိုက် အခန်းထဲသို့ လူနှစ်ဦး ရိုသေးကြောက်ရွံ့သော ဟန်ပန်များနှင့် ဝင်ရောက်လာကြ၏၊

သူတို့ကား နယ်စားကြီး၏ဘော်မှူး စုမခ ချုံ။

နောက်တစ်ယောက်ကား အမျိုးသမီးကလေးမင်စီ။

'ကဲ...သမီးလေးမင်စီ'

'အမိန့်ရှိပါ ဘဘဘုရား'

စောစောက မျက်နှာကြီး ကြောက်ဖွယ်သာ တင်းမာ မှိုင်းမှုန်နေခဲ့သော်သည်း ယခုအခါတွင် နယ်စားကြီး၏ အမူ အရာက အလွန်ချိုသာသဘောကောင်းသော အသွင်မျိုးကို ကူးပြောင်းလာသည်။

'ဘဘကိုမကြောက်ရွံ့ပါနဲ့၊ သမီးလေးဟာ ဘယ်အဖွဲ့ အစည်းကလဲ၊ မှန်ရာကိုပြောစေချင်တယ်၊ အကယ်၍ သမီး လေးဟာ ဘဘုရဲ့ရန်သူဦးစီးနေတဲ့ အဖွဲ့အစည်းက ဖြစ်ရင်



တောင် သမီးလေးကိုဘဘအနေနဲ့ သေဒဏ်မှ လွတ်ငြိမ်းခွင့် ပေးသနားမယ်'

နင်ရှာဝေ နယ်စားကြီး၏အသံတွင် နူးညံ့ပျော့ပျောင်းမှု များ ကိန်းဝပ်နေလေသည်။

နယ်စားကြီး၏ရှေ့တွင် ဒူးထောက်၍ထိုင်နေသော မငြိမ် က နယ်စားကြီး၏မျက်နှာကို စူးရှရဲတင်းစွာ ကြည့်လိုက် သည်၊

'ဒီမေးခွန်းကို ဘဘဟာ အကြိမ်ကြိမ်မေးခဲ့ပြီးပြီ၊ သမီး ကလဲ မဖြေနိုင်လို့ အကြိမ်ကြိမ်ငြင်းခဲ့ပြီးပါပြီ၊ အခုလဲ မဖြေ ပါရစေနဲ့လို့ ငြင်းပယ်ရဦးမှာပါ'

'ဘာပြုလို့ငြင်းပယ်နေရတာလဲ'

'ဘယ်အခြေအနေကိုပဲရောက်ရောက်၊ ဘယ်လို အကျပ် အတည်းမျိုးကိုပဲတွေ့တွေ့၊ အဖွဲ့အစည်းရဲ့နာမည်ကို မပြောရ ဘူးလို့ ကျွန်မတို့အကြီးအကဲက သွန်သင်ဆုံးမထားပါတယ် တာ၊ ကျွန်မအနေနဲ့ အဖွဲ့အစည်းအပေါ်မှာ သစ္စာရှိတဲ့ အနေနဲ့ ဘဘရဲ့အမေးကိုမဖြေနိုင်ပါဘူး၊ ဘဘအနေနဲ့ သေ ဒဏ်ပေးရင်လဲပေးပါ၊ သမီးသေဖို့အသင့်ရှိပါတယ်'

'ဟဲ့... ကောင်မ၊ နင် ခေါင်းသိပ်မာမာနေနဲ့၊ ငါ့ပါပါက သိပ်သဘောကောင်းနေလို့ နင်က ခေါင်းမာနေတာပေါ့ လေ၊ နင် ငါနဲ့တွေ့မယ်'

စူးရှခက်ထန်သောအသံကလေးဘာသော် အခန်းဝမှပေါ်လွင် လာပြီး အဖြူရောင်အရိပ်တစ်ရိပ်က အခန်းထဲသို့ လွှားခနဲ နှံ့ဝင်လာ၏။

သူ၏နောက်မှ လူထွားကြီးတစ်ဦးသည်း ကပ်လျက်သား ပါလာသည်။

သူသည် နယ်စားကြီး၏သမီးတော် မင်းသမီးလေး တိုက်မေလီ။

လူထွားကြီးကား မာလိန်မှူးကြီးရင်ဖူး။

'သမီးတော်....ရပ်'

မင်စီကိုခြေထောက်နှင့်ကန်ရန်ပြေးလာသော မင်းသမီးလေး ဒေါသကို ချုပ်တည်းထားလိုက်ရသည်။

'သူ့ကို အကြမ်းမဖက်ပါနဲ့သမီးတော်'

'အကြမ်းမဖက်လို့ရှိရင် ပါပါမေးတဲ့မေးခွန်းကို သူဘယ်တော့မှ ဖြေမှာမဟုတ်ဘူး'

'သမီးတော်....ဒေါသကိုချုပ်တည်းထားပါကွယ်၊ အရာရာကို အရင်စလို မဖြေရှင်းသင့်ဘူး'

မင်းသမီးလေးသည် စူးရှတောက်ပသော မျက်လုံးအစုံဖြင့် မင်စီကိုစူးစူးစိုက်စိုက် ကြည့်နေသည်၊ အလွန်အမင်း မချင့်မရဲ ဖြစ်နေပုံရ၏၊

နယ်စားကြီးက မင်စီကိုမေးလိုက်ပြန်သည်။

'မင်းဟာ ဘယ်အဖွဲ့အစည်းကဆိုတာ မပြောနိုင်ပေမယ့် ဒီသေတ္တာကို ဘယ်သူ့ဆီကရခဲ့တယ်ဆိုတာကိုတော့ ပြောပြနိုင်လိမ့်မယ်လို့ ဘဘမျှော်လင့်တယ်'

'ဟုတ်ကဲ့...ဘဘအခုမေးတဲ့မေးခွန်းကိုတော့ကျွန်မဖြေနိုင်ပါတယ်'



'ကောင်းပြီ....ဒီလိုဆိုရင်ဖြေပါ'

'ဒီသေတ္တာကို ပိုင်လန်းသင်္ဘောကြီးအပေါ်က ရခဲ့တာပါ'

ပိုင်လန်းအဖွဲ့(ဝံပုလွေဖြူအဖွဲ့)။

ဤအဖွဲ့မှရခဲ့ခြင်းဖြစ်ကြောင်း မင်စီကပြောပြလိုက်သော အခါ နယ်စားကြီးမျက်လုံးများက စူးရှဝင်းလက်သွားသည်။

'ဘယ်လိုနည်းနဲ့ရခဲ့တာလဲ၊ ပြောပြစမ်းပါဦး'

'ကျွန်မရယ်...ကျွန်မရဲ့အဖော်နှစ်ယောက်ရယ်၊ ပိုင်လန်းသင်္ဘောကြီးပေါ်ကို ညအချိန်တက်သွားပြီး ပိုင်လန်းအဖွဲ့ ခေါင်းဆောင်ကြီး ဟန်ဆုကျွမ်ရဲ့အိပ်ခန်းထဲက ခိုးယူခဲ့တာပါပဲ'

နယ်စားကြီးသည် အာရုံစူးစိုက်စွာနား ထောင်နေရာမှ....

'ခိုးယူပုံခိုးယူနည်း အသေးစိတ်ကို ပြောပြပါဦး'

'ညတစ်ညမှာ ကျွန်မတို့သုံးယောက်ဟာ လှေတစ်စင်းနဲ့ သင်္ဘောကြီးကို ကပ်သွားတယ်၊ အဲဒီညဟာ အလွန်မှောင်မိုက်တဲ့ ညတစ်ညပဲ'

'အင်း....ဆက်ပြောပါ'

'ပိုင်လန်းခေါင်းဆောင်ကြီး ဟန်ဆုကျွမ်ရဲ့ အိပ်ခန်းဟာ သင်္ဘောကြီးရဲ့ ဗဟိုထိပ် ရွက်တိုင်ကြီးဘေးမှာရှိပါတယ်'

'အဲဒီနေရာမှာ ဟန်ဆုကျွမ်ရဲ့အိပ်ခန်းရှိကြောင်းသမီးတို့က ဘယ်လိုသိသလဲ'

'ကျွန်မတို့ အထက်လူကြီးက ပို့လိုက်တဲ့ အသေးစိတ် ညွှန်ကြားချက်အရ သိရတာပါ'

'ဖြေ...ဖြေ...ဆက်ပြောပါ'

နယ်စားကြီးက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

'အဲဒီညက ပိုင်လန်းအဖွဲ့ကြီးဟာ သူတို့ရဲ့အစီအစဉ် တစ်ခု အောင်မြင်လို့ အောင်ပွဲကြီးကို သင်္ဘောပေါ်မှာကျင်းပနေပါတယ်၊ အဲဒီတော့ ကျွန်မတို့အတွက် ပိုပြီး အဆင်ပြေသွားတာပေါ့'

'ဟော့...မင်စီ၊ စကားရှည်ရှည်ဝေးဝေး ပြောမနေနဲ့၊ လိုရင်းကို မြန်မြန်ရောက်အောင်ပြော၊ ညည်း ဘယ်လိုလုပ်ပြီး ဒီနဂါးခုနစ်ကောင် သေတ္တာကို ရလာခဲ့တာလဲ'

မင်းသမီးလေး တိုက်မေလီ၏စိတ်ဆတ်သူပီပီအော်ငေါက်သော အသံကလေးမျိုးဖြင့် ဝင်ပြောလိုက်သည်။

မင်စီသည် မင်းသမီးလေးကို စူးရှဝင်းလက်သောအကြည့်ဖြင့် တစ်ချက်စိုက်ကြည့်ပြီးမှ နယ်စားကြီးကို ဆက်ပြောလိုက်သည်။

'အဖြစ်မှန်ပြောရရင်တော့ အဲဒီညက ကျွန်မဟာ ပိုင်လန်းသင်္ဘောကြီးပေါ်ကို ဆိုင်ယာန်မြို့က ကချေသည်မလေး ဆီအိုဝိန်အဖြစ်နဲ့ ရုပ်ဖျက်ပြီး ရောက်သွားခဲ့တာပါ၊ ပိုင်လန်း ခေါင်းဆောင်ကြီး ဟန်ဆုကျွမ်ဟာ ကချေသည်မလေး ဆီအိုဝိန်ကို မှကြာခဏ ခေါ်ပြီး ပျော်ပါးလေ့ရှိပါတယ်'



နယ်စားကြီးသည် နက်နက်နဲနဲ နားထောင်နေ၏။ မင်စီက ဆက်၍ပြောနေသည်။

'အဲဒီညက ကျွန်မဟာ ဟန်ဆုကျွမ်ကို ညဦးပိုင်း တစ်ချိန်လုံး ဧည့်ခံဖြေဖျော်ပေးနေပါတယ်'

'မင်းနဲ့ပါလာတဲ့အဖော်နှစ်ယောက်ကရော....'

'တစ်ယောက်က လင်းကွင်းတီးသမား၊ တစ်ယောက်က နှဲ သမားအဖြစ် ဟန်ဆောင်ပြီး ကျွန်မကို ကူညီပေးကြပါတယ်'

'အင်း....အင်း'

'ညဦးပိုင်းမှာ ဧည့်ခံဖြေဖျော်မှု ပြီးတဲ့အခါ ဟန်ဆုကျွမ်ဟာ ကျွန်မကို သူ့အခန်းထဲကို ခေါ်သွားပါတော့တယ်၊ ပြီးတော့....'

ဤနေရာအရောက်တွင် မိန်းမလှလေးမင်စီ၏ မျက်နှာထက်တွင် ရှက်သွေးဖောက်လေးများက ဝင်းရိုင်းရိပ်ပြာဝေတက်ဆင်လာသည်။

ရှေ့ဆက်ရမည့်စကား တွေ့တုံ့ဆိုင်းသွားသည်။

'ဟော့....ရှက်မနေနဲ့၊ ဆက်ပြော'

မင်းသမီးလေး တိုက်မေလီက ကြားဝင်မြွှေးလိုက်သည်။

မင်စီက....

'ကျွန်မနဲ့အတူ ပါလာတဲ့လူနှစ်ယောက်က ဒီသေတ္တာကို ဝင်ပြီး ခိုးယူကြပါတယ်'

'မြန်မြန်ဆက်ပြောစမ်းပါအေ'

'အခန်းထဲမှာထားတဲ့ဒီသေတ္တာကို ကျွန်မလူနှစ်ယောက်ရှာလဲ့တွေ့တဲ့အချိန်မှာ အရက်မူးလွန်နေတဲ့ ဟန်ဆုကျွမ်ကို ကျွန်မက မေ့ကြောကို နှိပ်လိုက်ပါတယ်၊အဲဒီနည်းနဲ့ ကျွန်မတို့ ဒီသေတ္တာကို ရလာခဲ့တာပဲ'

မင်းစိ၏ စကားအဆုံးတွင် နယ်စားကြီး၏ မျက်နှာသည် ရှိုးကျက်တည်ကြည်သွား၏။တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားဟန် ပြုနေသည်၊

ထို့နောက် နယ်စားကြီးသည် ဦးခေါင်းကြီး ကို ညင်သာစွာ ခါယမ်းနေလေသည်။

'ဒီသေတ္တာဟာ အလွန်အရေးကြီးတဲ့သေတ္တာပဲ၊ဒါကို မင်းတို့ ရလာတာဟာ သိပ်လွယ်ကူနေတယ်၊ဒါဟာသဘာဝ သိပ်မကျလှဘူး'

နယ်စားကြီးက စဉ်းစားချင့်ချိန်ဟန်အပြည့်နှင့်ဝေဖန်သုံးသပ်မှု ပြုလိုက်သည်။

မင်းစိက နယ်စားကြီးကို ပြောလိုက်လေသည်၊

'ဘဘက သမီးပြောတာ မယုံကြည်ဘူးလား'

'ယုံကြည်ပါတယ်သမီး ...ယုံကြည်ပါတယ်၊ဘဘ စဉ်းစားနေတာက မင်းတို့သုံးယောက် ဒီပစ္စည်းကို ဘာကြောင့် လွယ်လွယ်ကူကူ ရလာတာလဲဆိုတာကိုသာ စဉ်းစားနေမိတာပါ'

'ဘဘက ဘယ်လိုယူဆပါသလဲ'

မင်းစိ၏ အမေးကို နယ်စားကြီးက မဖြေဘဲမေးခွန်း တစ်ခု ကိုသာ လျှပ်တစ်ပြက်မေးလိုက်လေသည်၊



'ဒီပစ္စည်းကို ရလာပြီးတော့ မင်းတို့သုံးယောက်သေတ္တာကို ဖွင့်ကြည့်မိကြသေးလား'

'ဖွင့်မကြည့်မိပါဘူး၊ ဒီပစ္စည်းကို ရပြီးတဲ့အချိန်က စပြီး ကျွန်မတို့သုံးယောက်ဟာ အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်းမစားရနဲ့ တပြေးတည်း ထွက်ပြေးနေရတော့တာပဲ....။

'သူတို့ဟာကျွန်မတို့နောက်က အရိပ်လိုတကောက်ကောက် လိုက်လာပြီး ဒီပစ္စည်းကို ပြန်ရဖို့ ကြိုးစားကြပါတယ်၊နောက်ဆုံး ပေါ့ဟိုင် တည်းခိုရိပ်သာမှာကျွန်မတို့သုံးယောက်သတင်းကိုသူတို့ ရသွားကြပြီး ကျွန်မ အဖော်နှစ်ယောက်သေဆုံးခဲ့ကြပါတယ်'

'ပိုင်လန်း သဘော်ကြီးပေါ်မှာ သမီး ဖြေဖျော်ဖြခဲ့တဲ့ညက ဟန်ဆုကျွမ်နဲ့အတူ အခြားဧည့်သည်တော်တွေ မရှိဘူးလား'

နယ်စားကြီးက တည်ကြည်စွာ မေးလိုက်သည်၊

မင်းစိ ပြန်ဖြေသည်။

'အထူးဧည့်သည်တော် နှစ်ဆယ်အစိတ်ကို တွေ့ရပါတယ်'

'ဘယ်သူတွေလဲ'

'သူတို့ရဲ့ နာမည်တွေကိုတော့ သမီးမသိပါဘူး၊ အားလုံး အထက်တန်းကျတဲ့ လူကြီးလူကောင်းတွေချည်းပါဘူး'

'သမီးမတ်တတ်ရပ်စမ်း'

'ဟုတ်ကဲ့'

'ဒီနဂါးခုနစ်ကောင်ရုပ်တုတွေကို သေသေချာချာ ကြည့်စမ်း။ အဲဒီညကလာတဲ့ လူကိုတွေ့ရင် လက်ညှိုးနဲ့ ညွှန်ပြပါ'

မင်းစီသည်ထတ္တပ္ပါဝိမ်းခင်းထားသောစားပွဲကြီးပေါ်တွင် ရှိနေသည့် နဂါးခုနစ်ကောင်ကိုမကြည့်။ နင်ရှာဝေ နယ်စားကြီး တိုက်ချီ၏ မျက်နှာကြီးကိုသာ ငေးစိုက်၍ ကြည့်နေလေသည်။

သူမ၏မျက်လုံးများသည် တဖြည်းဖြည်း စူးရှဝေးလက်လာလေသည်။

လွန်စွာ ထိတ်လန့်အံ့ဩသွားသော အသွင်မျိုးသို့သည် ရုတ်ခြည်း ပြောင်းလဲသွားလေလည်း။

'ဟင်.... ဘယ်သူတုန်း မှတ်ဘယ်၊ ဘဘကိုစတွေ့တဲ့ နေ့အတည်းက တစ်နေရာရာမှာ မြင်ဖူးခဲ့ပါတယ်သို့ ထင်မိဘာ၊ စဉ်းစားလို့မရခဲ့ဘူး၊ အခုမှ မှတ်မိပြီ၊ ဘဘဟာ'

မင်းစီသည် ပြောဆဲစကားကို ဆုံးအောင် ဆက်မပြောဘဲ ရပ်ဘန့်လိုက်၏။ နင်ရှာဝေ နယ်စားကြီးက သူမကိုပြောလိုက်သည်။

'ဆက်ပြောပါသမီး၊ ဘာမှမကြောက်ပါနဲ့'

'ဟို....အဲ....ကျွန်မ ဧကခြေသည်အဖြစ် သရုပ်ဆောင်ခဲ့တဲ့ ညက....'

'ပြောပါ'



'ဘဘကိုယ်တိုင်ဟာ ပိုင်လန်းခေါင်းဆောင်ကြီး ဟန်ဆုကျွမ်းရဲ့ ဧည့်သည်တော်တွေထဲမှာ အပါအဝင် ဖြစ်ခဲ့တာပဲ'

'ဘာပြောတယ်'

မင်းသမီးလေး တိုက်မေလီထ သူမ၏ ခါးသိမ်သိမ်လေးတွင် ရစ်ပတ်ထားသော ကျောပွတ်ကို ဆွဲဖြုတ်လိုက်၏။

'နင်က ငါ့ပါပါကို မိစ္ဆာနဂါးကြီး ခုနစ်ကောင်ဖို့ အဖွဲ့ဝင်ဖြစ်တယ်လို့ စွပ်စွဲလိုက်တာလား'

'သမီးတော် အသာရပ်နေစမ်း'

နယ်စားကြီးက အချိန်မီ ဟန့်တားလိုက်သဖြင့် မင်းစီမှာ သက်သာရာရရှိသွားသည်။

မင်းသမီးလေးမျက်နှာမှာမူကား အထူးပင်ခက်ထန်တင်းမာနေလေသည်။

နယ်စားကြီး၏ ပျော့ပျောင်း နူးညံ့သောအသံ ပေါ်လာသည်။

'အဲဒီညက သမီးဟာ ဘဘကိုတကယ်မြင်ရတာလား'

'တကယ်မြင်ရတာပဲ၊ အဲဒီညက ရှင်ဟာ ဝတ်စုံအနီရောင်ကို ဆင်မြန်းထားပြီး နဂါးပါးပျဉ်းပါတဲ့ ခေါင်းမာက်ပြားကို ဆောင်းထားတယ်၊ ရှင်ကျွန်မကို ဘယ်လိုလှည့်စားချင်သေးလို့လဲ'

မင်းစီ၏ ဟန်ပန်အမူအယာမှာ စောစောကလို မဟုတ်တော့ဘဲ ကျားသစ်မလေးပမာ တင်းမာခက်ထန်လာသည်။

နယ်စားကြီးကို စက်ဆုပ် မုန်းတီးစွာဖြင့် စူးစူးစိုက်စိုက်ကြည့်နေလေတော့သည်။

'ပါပါ သူ့အခုလို မဟုတ်မတရား စွပ်စွဲနေတာကိုဒီ အတိုင်း သည်းခံခွင့်လွှတ်ထားမှာလား ဘုရား'

'ဟဲ့ ....ငါ့မျက်စိ ကန်းမနေသေးဘူး၊ အဲဒီညက နင့်အဖေ နယ်စားကြီးရဲ့ပါဝ်ပေါ်မှာ ဖူကျူမြို့က ပြည်တန်ဆာမလေး ယိဝင်ကျူဟာ အမြိန့်သားထိုင်နေတယ်တဲ့၊ မယုံရင်နင့်အဖေကို နင်ပြန်မေးကြည့်'

'ကဲဟယ်....ကဲဟယ်'

'ဖြန်း—ဖြန်း'

မင်းသမီးလေး တိုက်မေလီသည် ဒေါသကို မထိန်းနိုင်တော့။

မင်စီ၏ ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် ရိုက်ပစ်လိုက်လေတော့၏။

ကိုယ်ခံအတွင်းအား ဆင်းမဲ့သော လူသာမန်ဆိုပါက ဓားနှင့်အပိုင်းခံရသော ငှက်ပျောပင်ပမာ တုံးခနဲလဲကျသွားလိမ့်မည်သာဖြစ်သည်။

မင်စီမှကား ဘာမှမဖြစ်သလိုပင်၊ ကျောက်ရုပ်ကဲ့သို့ ငြိမ်သက်စွာ ရပ်နေလေသည်။

သို့သော် မင်စီ၏ မျက်လုံးများသည် ဒေါသကြောင့်စူးရှနီရဲနေလေတော့၏။



နယ်စားကြီး၏ မျက်နှာကြီးသည် အထူးပင် တည်ကြည်လေးနက်သွားလေသည်။

နယ်စားကြီးသည် စူးရှသော မျက်လုံးကြီးများနှင့် မင်စီကို ကြည့်လျက်....

'ဒီအရုပ်တွေကို သေသေချာချာကြည့်စမ်းမင်စီ၊ အဲဒီညက လာတဲ့လူတွေထဲမှာ ဒီအထဲကဘယ်သူတွေပါသလဲ'

မင်စီသည် နဂါးခုနစ်ကောင် ကျောက်စိမ်းရုပ်တုများကို သေသေချာချာ ကြည့်၏။

ကျောက်စိမ်းရုပ်တုများသည် တစ်မိုက်ခန့်ထက် ပို၍မကြီးပေ။

သို့ရာတွင် ထုလုပ်သူ၏ လက်ရာ ပြောင်မြောက်မှုကြောင့် ပီပြင်သောရုပ်လုံးများပင် ဖြစ်လေသည်။

'အလို....ဟောဒီစားပွဲကြီးထိပ်မှာ ထိုင်နေတာဟာ ရှင်ကိုယ်တိုင်ပဲ၊ ဒီမှာကြည့် ရှင့်ရင်ဘတ်ပေါ်မှာ စာရေးထားတယ်၊ တွေ့လား ပထမနဂါးကြီးတဲ့၊ ဩော်....လက်စသတ်တော့ ရှင်က နင်ရှာဝေနယ်စားကြီးကိုး၊ တကယ့်တိုင်းပြည်သစ္စာဖောက်ကြီးကိုမှ လာတွေ့နေရပါလား'

မင်စီက အလွန်ရှဲရှာစက်ဆုပ် မုန်းတီးသောဟန်ဖြင့် နယ်စားကြီးကို ကြည့်ကာ ပြောလိုက်၏။

မိမိကို တိုင်းပြည်သစ္စာဖောက်ဟူ၍ ပြင်းထန် ရိုင်းပြစွာ စွပ်စွဲပြောဆိုလိုက်သည့်တိုင် နယ်စားကြီးသည် ဒေါသထွက်

သွားခြင်း၊ တုန်လှုပ်သွားခြင်း စသည့်အမူအရာပျိုးကို လုံးဝပြသခြင်းမရှိ။ နယ်စားကြီးက အသွန်တည်ကြည်စွာဖြင့် မေးလိုက်၏။

'အဲဒီညက မင်းတွေ့ခဲ့တဲ့ နင်ရှာဝေနယ်စားကြီးဟာ ဘဘပုံစံနဲ့ တစ်ထေရာတည်း တူနေသလား'

'တူလိုက်တာမှ ချွတ်စွပ်၊ အစစအရာရာ အကုန်လုံး တူတယ်'

'အဲဒီညက မင်းတွေ့ခဲ့သူဟာ ဘဘကိုယ်တိုင် မဟုတ်ဘဲ အခြားလူတစ်ယောက်ကော မဖြစ်နိုင်ဘူးလား၊ ဥပမာ ငါနဲ့ လုံးဝချွတ်စွပ်တူအောင် ရုပ်ပြောင်းရုပ်လွှဲ အတတ်ပညာနဲ့ ပုံပြောင်းထားသူ ဆိုပါတော့'

ဤစနစ်တွင် မင်စီသည် ခေတ္တငေးငိုင်သွားရသည်၊

နယ်စားကြီး မျက်နှာကိုသာ စူးစူးစိုက်စိုက် လှမ်းကြည့်နေသည်။

သူမ၏စိတ်ထဲတွင် သို့လောသို့လောနှင့် သံသယဒွိဟစိတ်များ ကိန်းဝပ်လာနေဟန်တူသည်။

မင်းသမီးလေး တိုက်မေလီအား ကြားဝင်၍ မင်စီကိုပြောလိုက်သည်။

'ငါ့ပါပါ အခုပြောလိုက်တာဟာ အင်မတန် သဘာဝကျတယ်၊ ငါ့ပါပါကို ချောက်တွန်းချင်တဲ့ လူတစ်ယောက်ယောက်က ငါ့ပါပါအဖြစ် သရုပ်ဆောင်ပြီး နင့်ကိုမျက်လှည့်ပြခဲ့တာပဲ'



မင်စီသည် စဉ်းစားဝေခွဲနေပုံရသည်။ မင်းသမီးလေး တိုက်မေလီ၏မျက်နှာကိုသာ စူးစူးစိုက်စိုက် လှမ်းကြည့်ရင်း ငြိမ်သက်တိတ်ဆိတ်နေလေသည်။

'ကဲ…ကျန်တဲ့အရုပ်တွေကိုလဲ စေ့စေ့စပ်စပ် ကြည့်စမ်းပါဦး၊ဟိုညက ဒီအထဲကလူတွေ ဘယ်သူပါသလဲ'

နယ်စားကြီးကဆိုသဖြင့် မင်စီသည် အရုပ်များကို တစ်ရုပ်ပြီး တစ်ရုပ် စေ့စေ့စပ်စပ် ကြည့်လိုက်သည်။

'သူ….သူပါတယ်'

'ဘယ်သူလဲ'

'ဒုတိယနဂါးကြီး၊ နယ်စားကြီး ယွမ်ရှိတဲ့'

'ဟုတ်လား၊ ခနော်ဆော'

'ဒီမှာ….သူလဲပါတယ်'

ဟု မင်စီအား ဆိုလိုက်ပြန်၏။

'ဥမနဂါးကြီး အူရှူမူချိမြို့စားကြီး တူဝူကျန်း'

ဟု ထိုအရုပ်တွင် စာရေးထား၏။ ရှည်လျားသော ဖားဝေသော မုတ်ဆိတ်မွေးကြီးများ ထားရှိလေသည်။

'သမီးတော်'

နယ်စားကြီးအား တိုက်မေလီကို လှမ်းကြည့်လိုက်သည်။

'မိန့်တော်မူပါ….ပါပါ'

'အခု ပါပါတို့ ရင်ဆိုင်နေရတဲ့ ရန်သူဟာ အင်မတန် ပါးနပ် ကောက်ကျစ်တယ်ကွယ့်၊ သူဟာ နည်းမျိုးစုံနဲ့ လှည့်

စားပြီး သူ့ကိုယ်သူ အမှောင်ထဲမှာ ကိုယ်ရောက် ပျောက်နေအောင် ကြိုးစားနေတာပဲ'

'ဟုတ်ပါတယ် ပါပါ၊ အခုပဲကြည့်လေ၊ သူတို့ဟာ နဂါးခုနစ်ကောင် လျှို့ဝှက်ဆွေးနွေးပွဲမှာ ပါပါ ပါခဲ့လေဟန် ထင်ရအောင် သူတို့ ဖန်တီးနေတာဟာ အင်မတန် ကောက်ကျစ် စဉ်းလဲတဲ့ အပြုအမူပါပဲ'

မင်စီသည် နယ်စားကြီး သားအဖ ပြောဆိုချက်များကို နားထောင်နေသည်။

နယ်စားကြီးက ပြောလိုက်ပြန်သည်။

'မင်စီတို့သုံးယောက်ဟာ ဒီနဂါးရုပ်တွေကို အလွယ်တကူ ခိုးယူနိုင်ခဲ့တာကိုက သဘာဝမကျဘူး၊ ဟန်ဆုံကျွမ်းဟာ မင်စီတို့ လက်ထဲကို ဒီအရုပ်တွေ ပါသွားအောင် တမင်တကာ ဖန်တီးလိုက်တာပဲ'

သည်တွင် မင်စီက လှုပ်ရှားလာလေသည်။

'ဟန်ဆုကျွမ်းက ဒီအရုပ်တွေကို ကျွန်မတို့ လက်ထဲကို အလွယ်တကူ ပေးလိုက်တာ ဟုတ်လား'

'ဟုတ်တယ်'

'ဘာပြုလို့ သူက အဲဒီလို လုပ်လိုက်တာလဲ'

'ဒီအရုပ်တွေ မင်းတို့လက်ထဲ ပါသွားပါမှ နဂါးကြီးခုနစ်ကောင်ထဲမှာ ပါပါတယ်လို့ ဧကရာဇ်မင်းကြီး တော်သိမ်းငှက်ဌာနချုပ်က သိမှာပေါ့၊ ဒါမှလဲ ဘာဘာကို တိုင်းပြည်သစ္စာဖောက် အဖြစ် ချောက်တွန်းတဲ့ သူတို့အစီအစဉ် အောင်မြင်မှာပေါ့'



အခန်းထဲတွင် ခေတ္တမျှ ငြိမ်သက် တိတ်ဆိတ်သွားသည်။

ခေတ္တအကြာတွင် မင်းသမီးလေးတိုက်မေလီက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည်။

'ပါပါကို သမီးတော် အစီရင်ခံစရာ ရှိပါတယ်'

'ဆိုပါ သမီးတော်'

'သမီးတော်တို့အဖွဲ့ လေးယန်ဂျင်း တည်းခိုရိပ်သာမှာ ပိုင်လန်းအဖွဲ့က လီအန်ချူတို့နဲ့ တွေ့ခဲ့ပါတယ်'

'အင်း'

'သမီးတော်တို့ လေးယန်ဂျင်းကို ရောက်သွားခိုက်မှာ လူနှစ်ယောက်ကို သူတို့အဖွဲ့က ဝိုင်းပြီး ဖမ်းနေကြပါတယ်'

'အင်း'

'သမီးတော်တို့က လီအန်ချူတို့အဖွဲ့ကို ဆုံးမလိုက်ပါတယ်၊ ပါပါတီထွင်လိုက်တဲ့ ကုမုဒြာ လက်နက်ဆန်းဟာ အင်မတန် အစွမ်းထက်မြက်လှပါတယ် ပါပါ'

'ပစ်မှတ်တွေကို လိုသလို ထိထိရောက်ရောက် ရှိရဲ့လား'

'သိပ်ထိရောက်ပါတယ်၊ ခေးဝိဇ္ဇာ လီအန်ချူတို့အဖွဲ့ဟာ သမီးတော်တို့ကို ဘယ်လိုမှ လက်တုံ့မပြန်နိုင်ခင်မှာပဲ ကိုယ်စီကိုယ်စီ ကစ္စဲချောက်ကုန်ကြပါတယ်'

'ခေးဝိဇ္ဇာ လီအန်ချူတို့အဖွဲ့တင်ပဲလား၊ အခြားသူတွေရောပါသေးသလား'

'ပေါ်ဟိုင် နယ်စားကြီး ယွမ်ရှိရဲ့ လက်နက်ကိုင် တပ်စားတပ်မှူးကြီး ဟန်ဆိန်လဲပါတယ်'

'ဓားဝိဇ္ဇာ သီအန်ချူနဲ့ တပ်မှူးကြီး ယန်ဆိန်ဘို့သဲ့ ကိုဖွဲ့ ချောသွားတဲ့အုပ်ထဲမှာ ပါကသလား'

'သူတို့နှစ်ယောက်ကို အသေသတ်ပစ်လိုက်ပါတယ်၊ လူဆိုး လူယုတ်မာတွေကို သုတ်သင်ပစ်တဲ့ဟာ ပေါင်းမြက်တွေကို ရှင်းပစ်တဲ့ အဓိပ္ပာယ် ဆောင်ပါတယ်'

'ဓားဝိဇ္ဇာ လီအန်ချူတို့အဖွဲ့က ဖမ်းဖို့ ကြိုးစားတဲ့ လူနှစ်ယောက်အကြောင်းကို ပြောပါဦး'

'သူတို့ဟာ နေပြည်တော်ကလာတဲ့ သိမ်းငှက်ဂိုဏ်း ဖြစ်နိုင် ဖြစ်နိုင်မှာတယ် ပါပါ၊ အဲဒီလိုထင်မိလို့ သမီးတော် သူတို့ကို အသက်ချမ်းသာခွင့် ပေးခဲ့ပါတယ်'

'သူတို့ အသက်အရွယ် ဘယ်လောက်ရှိကြပြီလဲ'

'အလွန်ဆုံး ရှိလှရင် အသက် နှစ်ဆယ့်ငါးပဲ၊ သူတို့ကြည့်ရတာ ရဲရင့်တည်ကြည်တယ်၊ တိုက်ခိုက်ရေး အတွေ့အကြုံ အများကြီးရှိပုံရတယ်'

* * *

## အခန်း (၇)

## သွေးနီရောင်မျက်လှည့်

နယ်စားကြီးသည် တစ်စုံတစ်ခုကို အလေးအနက်စဉ်းစားဟန်ပြုနေသည်။

ဤအခိုက် သမီးတော်လေး တိုက်မေလီက မင်စိကို တစ်ချက် လှမ်းကြည့်ပြီးလျှင် နယ်စားကြီးကိုမေးလိုက်သည်။

'ပါပါ....သူ့ကိစ္စ ဘယ်လိုလုပ်ရမလဲ'

နယ်စားသည် မင်စိကို စူးရှသောမျက်လုံးကြီးများနှင့်တစ်ချက်မျှ စေ့ကြည့်လိုက်ပြီးလျှင် ဆို၏။

'သူ့ကို ပြန်လွှတ်လို့မဖြစ်သေးဘူး၊ ဒီမိန်းကလေးဟာပါပါတို့ ချန်ဆားဆွေးနွေးပွဲမှာပါဝင်ခဲ့တဲ့ နဂါးကြီးများအဖွဲ့လို့ထင်နေတယ်၊ သူ့ကိုပြန်လွှတ်လိုက်ရင် နေပြည်တော်မှာ ရှိတဲ့ သိမ်းငှက်ခေါင်းဆောင်ကြီးမင်းသားချန်ကပါပါတို့ကိုအထင်အမြင် လွဲသွားလိမ့်မယ်'

'ဒါဖြင့်ရင်....'

'သူ့ကို အရင်နေရာမှာပဲ ခေတ္တထိန်းသိမ်းထားပါ၊ အစာရေစာ အပြည့်အစုံ အလောက်အငှထုတ်ပေးပါ တိုင်းပြည်ကို ပုန်ကန်ဖို့ အစီအစဉ် ရေးဆွဲခဲ့တဲ့ ချန်ဆား ဆွေးနွေးပွဲမှာ တကယ့် နဂါးကြီးခုနစ်ကောင်ရဲ့အမည်စာရင်းကို အတိအကျရတဲ့ နေ့ကျမှ သူ့ကို ပြန်လွှတ်ပေးပါ'

'ဩြော်—နယ်စားကြီးက ကျွန်မကို အကျဉ်း ချထားလိုက်ပြီ ဆိုပါတော့'

မင်စီက အခကြောက်အလန့်မရှိ မေးမြန်းလိုက်လေသည်။

'သမီးကို အကျဉ်းချထားတဲ့သဘောမဟုတ်ပါဘူး၊ အခြေအနေအရ ခေတ္တယာယီသဘောမျိုး သမီးရဲ့ လွတ်လပ်ခွင့်ကို ထိန်းချုပ်ထားရတာပါပဲ'

နယ်စားကြီး မင်စီကို ပြန်ပြောပြီးလျှင် တပ်မှူးလေးစုမာချုံကို သက်လက်၍ အမိန့်ပေးလိုက်၏။

'ကဲ...စုမာချုံ၊ သူ့ကို မူလနေရာ ပြန်ပို့ထားလိုက်ဦးဟေ့၊ ဒီအတောအတွင်းမှာ ဒီမိန်းကလေးလွတ်မြောက်သွားလို့



မဖြစ်ချေဘူး၊ သူဟာအကျဉ်းသားမဟုတ်သော်လဲ တို့အတွက် သိပ်အရေးကြီးတယ်ဆိုတာ မမေ့နဲ့'

'ဟုတ်ကဲ့....နယ်စားကြီး၊ ကျွန်တော်ကိုယ်တိုင် သူ့ကိုစောင့်ကြပ် ကြည့်ရှုနေပါ့မယ်'

တပ်မှူးလေး စုမာချုံသည် မင်စီကို အခန်းထဲမှခေါ်ထုတိသွားလေသည်။

နင်ရှာဝေ နယ်စားကြီး၏ ကိုယ်ပိုင်ရှက်သဘောကြီးပေါ်၌ အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားနေစဉ်....

သိမ်းငှက်တပ်မှူးလေး ဇူဆင်ကျင်....

သိမ်းငှက်တပ်မှူးလေး ဟွာတိုး....

သိမ်းငှက်အဖွဲ့ဝင် သူလျှိုမယ် ရှာရှိယူ။

သူတို့သုံးဦးသား လောယန်ဂျင်း ပျော်ပွဲစားရုံကိုစွန့်ခွာ၍ ထွက်လာခဲ့၏။

ပျော်ပွဲစားရုံ အလုပ်သမား အားလုံးကိုလည်း အသပြာတစ်ထောင်စီပေး၍ သွားလိုရာသို့ သွားခွင့်ပြုလိုက်ပြီဖြစ်လေသည်။

ပျော်ပွဲစားရုံအတွင်း၌ ခားဝိဇ္ဇာ လီအန်ချူတို့ အဖွဲ့၏ အလောင်းများချည်းသာ ပိုးလိုးပက်လက် ကျန်ရစ်ခဲ့သည်။ စုစုပေါင်း သုံးဆယ့်ကိုးလောင်းတိတိ။

သူတို့သုံးယောက်သည် ညကိုးနာရီခန့်တွင် ပေါ့ဟိုင် ကမ်းခြေမှ အညတရ တံငါတဲငယ်လေးတစ်လုံးသို့ ရောက်လာကြသည်။

ထိုင်ါသည် အဘိုးကြီးတစ်ဦးနှင့်အဘွားကြီးတစ်ဦးကိုသာ မြင်တွေ့ကြရသည်။

ဤတဲငယ်မှကြည့်လျှင် အဝေးမြင်ကွင်းများကိုကောင်းစွာ မြင်ရနိုင်သည်။

ရန်သူများ တိတ်တဆိတ်ချဉ်းကပ်မှလာနိုင်သောနေရာမျိုး ပင် ဖြစ်သည်။

ဤနေရာတွင် ယနေ့ညတည်းခိုညအိပ်ရန်တပ်မှူးလေးဟွာ တိုးက အကြံပြုသည်။

ဇူဆင်ကျင်ကလည်း သဘောတူသည်။

တဲရှင် အဘိုး၊အဘွားတို့ကလည်း တစ်ညတာတည်းခို နား နေရန် သူတို့ကို ခွင့်ပြု၏။

အလွန်သဘောကောင်းသော အဘိုး၊အဘွားဇနီးမောင်နှံ ပင် ဖြစ်လေသည်။

'အို—ဇူဆင်ကျင်'

'ဗျာ....'

'ကျွန်မ ဟို...ဟိုဒင်း မေ့ကျန်ရစ်ခဲ့ပြီ'

'ဘာမေ့ကျန်ခဲ့တာလဲ'

ဇူဆင်ကျင်က မျက်ကလဲဆန်ပျာဖြစ်နေသော ရှာရှိယူကို မေးလိုက်၏။

'ကျွန်မ ဖန်ချန်းမြို့ကို အရေးတကြီး စာတစ်စောင်ပို့ပေးဖို့ ရှိနေတယ်၊ငွာနချုပ်က ပို့လိုက်တဲ့စာပဲ၊အဲဒီစာလောယန်ဂျင်း မှာ မေ့ထားရစ်ခဲ့တယ်ရှင့်'



'ဟာ....ခင်ဗျား တယ်ခက်တာပဲဗျာ'

'ကျွန်မ ပြန်ယူမယ်၊ရှင်တို့ နှစ်ယောက် ဒီကစောင့်နေရစ်ခဲ့ ကြပါ'

'မနက်မိုးလင်းမှ ပြန်သွားစမ်းပါ ရှာရှိယူ'

တပ်မှူးလေးဟွာတိုးက ဆိုလိုက်၏။

ရှာရှိယူက....

'ကျွန်မ မနက်မိုးလင်းအောင် မစောင့်နိုင်ဘူးရှင့်၊ဒီစာဟာ သိပ်အရေးကြီးတယ်၊ ဟို—ပျော်ပွဲစားရုံကို သူတို့လာပြီး မီး မရှို့ခင် အမြန်ဆုံး ပြန်ယူမှ ဖြစ်မယ်'

'ဘယ်သူတွေက လာပြီး မီးရှို့မှာလဲဗျ'

'ဟိုမှာအလောင်းတွေကျန်ရစ်ခဲ့တယ်လေ၊သူတို့အလောင်း တွေကိုလာယူရင်း ပိုင်လန်းတွေ(စံပုလွေဖြူ)က မီးရှို့ပစ်ခဲ့မှာ ပေါ့'

'နေပါဦး၊ စာက တော်တော်အရေးကြီးသလား'

'အို....အရေးကြီးပါတယ်ဆိုနေမှ၊မင်းသားချုန်ဆီကကျွန်မ ထံကို တိုက်ရိုက်ပို့လိုက်တဲ့စာရှင့်၊ဖန်ချန်းမြို့ကို သွားမယ့်လူကြုံ စေခိုင်းရင်း ကျွန်မလက်ထဲရောက်နေတာ နှစ်ရက်တောင်ရှိပြီ၊ ဒီစာပျောက်ဆုံးသွားလို့ မဖြစ်ဘူး၊ဒီမှာ ဇူဆင်ကျင် ကျွန်မ သွားမယ်နော်'

'ကျုပ်တို့နှစ်ယောက်လဲ ပြန်လိုက်ပါမယ်'

'အို…အားနာစရာကြီးရှင်၊ ရှင်တို့ဒီသဲအသားစောင့်ကြပါ၊ ကျွန်မအမြန်ဆုံးသွားပြီး ပြန်လာခဲ့ပါ့မယ်၊ အသွားအပြန် တစ်နာရီလောက်ပဲ ကြာမှာပါ'

'အန္တရာယ်နယ်မြေကို ပြန်သွားရမှာဗျ၊ အခုလောက်ဆို ရင် ပိုင်လန်းတွေအလောင်းသယ်ချအောင် ရောက်ချော်ရောက် နေမှာ၊ ခင်ဗျားတစ်ယောက်တည်းကို ကျွန်တော်မသွားစေ ချင်ဘူး'

ဇူဆင်ကျင်ပြောသည်မှာ သဘာဝကျနေ၏၊ ငြင်းပယ်စရာ လည်း အကြောင်းမရှိ၊

သို့သော် ရှာရှိယူသည် အားတုံ့အားနာ ဖြစ်နေမိလေ သည်။

'ကျွန်မရဲ့သတ္တိသစ်ဟင်းမှု ပေါ့လျော့မှုအတွက် ရှင်တို့ကို သိပ်အားနာတာပဲ'

'အို…ကိစ္စမရှိပါဘူးဗျာ'

သို့ဖြင့် သူတို့သုံးဦးသား နောက်ကြောင်းသို့ပြန်လှည့်သွား ကြလေသည်။

လောယန်ဂျင်းပျော်ပွဲစားရုံမှာ တံခါးတဲ့ပိတ်မဝေးသေး ပေ။

ခြေလှမ်းခပ်သွက်သွက်လျှောက်လိုက်လျှင် အသွားအပြန် တစ်နာရီလောက်သာကြာမည် ဖြစ်သည်။

ကမ်းခြေရှိ ကျောက်ဆောင်ကျောက်တုံးများကို ကျော် ဖြတ်လိုက်၏။



ထို့နောက် ကမ်းခြေသဲကွင်းကြီးတစ်ခုကို ကျော်ဖြတ်ရ ပြန်သည်၊

ပင်လယ်ဒီရေများ တက်လာနေပြီဖြစ်သောကြောင့် ရေပြင် ဖွေးဖွေးကို ကူးဖြတ်ရလေသည်။

လောယန်ဂျင်း ပျော်ပွဲစားရုံနှင့် နီးကပ် လာသောအခါ သူတို့ အထူး သတိထားနေကြသည်။

နှင်းမှုန်အောက်တွင် မြင်နေရသော ပျော်ပွဲစားရုံ အဆောက်အဦးမှာ တိတ်ဆိတ်ငြိမ်သက်နေပေသည်။

မီးရောင်မတွေ့ရ၊ လူသူလှုပ်ရှားမှုမတွေ့ရ၊ အခြေအနေ ကောင်းနေသေးကြောင်း ထင်ရှားသိသာသဖြင့် သူတို့သုံးဦး သည် လောယန်ဂျင်းတည်းခိုရိပ်သာ အဆောက်အဦးဆီသို့ စိတ်ချလက်ချ ချဉ်းကပ်လာကြသည်။

နှင်းမှုန်များထူထပ်သိပ်သည်းစွာ ကျဆင်းနေသည်။ လ ရောင်သည် နှင်းရောကိုမထိုးဖောက်နိုင်ဘဲရှိသဖြင့် ဝန်းကျင် တစ်ခိုတွင် မှိုင်းပျပျရှိနေလေသည်။

အဆောက်အဦးထဲတွင် မည်းမှောင်ပိန်းပိတ် နေသဖြင့် ရှာရှိယူသည် လက်ထဲ၌အသင့်ပါလာသော မီးအိမ်လေးကို ထွန်းညှိလိုက်သည်။

ဇူဆင်ကျင် ရှေ့ဆုံးမှ ဝင်သည်၊

ဟွာထိုး ဒုတိယလိုက်သည်၊

ရှာရှိယူ နောက်ဆုံးမှ ဆပ်ပါလာ၏၊

‘အလို—အလောင်းတွေ မရှိတော့ပါလား’

ရှာရှိယူ၏ တအံ့တဩ ပြောဆိုလိုက်သံလေး ပေါ်လာသည်။

ဇူဆင်ကျော်နှင့်ဟွာတိုးတို့လည်း အံ့ဩမှုကိုယ်စီနှင့်။

ဓားဝိဇ္ဇာလီအန်ချူအပါအဝင် သူ့နောက်လိုက်များ၏ အလောင်းများ။

ယခု အလောင်းများမရှိတော့၊

‘ဟင်….အလောင်းတွေကို သူတို့လာယူသွားကြပြီပဲ’

ရှာရှိယူက ဆိုလိုက်၏။

ဇူဆင်ကျော်ကမူ အလေးအနက် စဉ်းစားခန်း ဝင်နေမိသည်။

ထိုစဉ် တပ်မှူးလေး ဟွာတိုးက ရှာရှိယူ၏ရှေ့သို့ရောက်လာလေသည်။

‘ဒီမှာ ကြည့်စမ်း’

‘အမယ်လေး’

‘ဟား….ဟား….ဟား….ဟား’

ဟွာတိုးက သူမကိုပြလိုက်သည်မှာ လက်ပြတ်ကြီးနှစ်ခုပင် ဖြစ်သည်။

သံချပ်ဝတ်မိန်းမချောလေး၏ ထူးဆန်းသော ကြာဖူး လက်နက်ဆန်းဖြင့်တိုက်ခိုက်မှုကြောင့် ဓားဝိဇ္ဇာလီအန်ချူနှင့်



တပ်မှူးကြီးဟန်ဆိန်တို့သည် သေပွဲမဝင်မီ လက်တစ်ဖက်စီ ပြတ်ထွက်သွားခဲ့ကြ၏။

ဟွာတိုးယူလာသည်မှာ သူတို့နှစ်ယောက်၏ လက်ကြီးများ ဖြစ်သည်။

လက်မောင်းရင်းမှကပ်၍ ပြတ်ကျလာသော လက်ကြီးများပင် ဖြစ်၏။

‘ဇူဆင်ကျော် ဒီဥစ္စာတွေကို သေသေချာချာကြည့်စမ်း’

‘ဟင်….လက်အတုကြီးတွေပါလား’

‘ဟုတ်လား….ပြစမ်း’

ရှာရှိယူကလည်း ဇူဆင်ကျော်၏လက်ထဲမှ လက်ကြီးနှစ်ဖက်ကို ကိုင်တွယ်စစ်ဆေးကြည့်လိုက်၏။

အားဓရမာတစ်မျိုးကိုပြုလုပ်ထားသော လက်တုကြီးများ ဖြစ်နေလေသည်။

‘တော်တော်ဉာဏ်များတဲ့ လူတွေပါလား’

ဇူဆင်ကျော် မှတ်ချက်ပြုသည်။

သူတို့သည် လက်အတုကြီးများကိုကြည့်၍ အံ့ဩနေချိန်မရ၊ ရှာရှိယူက သူဝှက်ထားသောစာအုပ် ယူရန် အပေါ်ထပ်သို့ တက်သွားသည်။

ဟွာတိုးက အောက်ထပ်ရှိအခန်းများထဲသို့ လှည့်ပတ်၍ စစ်ဆေးကြည့်ရှုနေသည်။

ခဏအကြာတွင် ဟွာတိုးသည် အခန်းထဲတွင် ကျန်ရစ်ခဲ့သော ဇူဆင်ကျောင်ထံသို့ အရေးတကြီး ပြန် ရောက် လာသည်။

'ဘာတွေလာလို့လဲဗျ'

ဇူဆင်ကျောင်က ဟွာတိုး၏အရိပ်အခြည်ကိုကြည့်၍ မေးလိုက်ခြင်းပင် ဖြစ်သည်။

'လာ....ကျုပ်တော့်နောက်ကိုလိုက်ခဲ့'

ဇူဆင်ကျောင်သည် ဟွာတိုးနောက်သို့လိုက်သွား၏။

အောက်ထပ်ရှိ ပျော်ပွဲစားရုံအိပ်ခန်းတစ်ခန်းထဲသို့ ရောက်လာသည်။

'ဟိုနံရံကိုကြည့်လိုက်စမ်း'

ဟွာတိုးညွှန်ပြသည့် အုတ်နံရံကိုကြည့်လိုက်သော အခါ အနက်ရောင်ဖြင့်ရေးထားသော စာလုံးများကို မြင်ရလေသည်။

ဇူဆင်ကျောင်၊ ဟွာတိုး၊ ရှာရှိယူ

မင်စီကိုရွှေခြင်္သေ့အဖွဲ့က ဖမ်းထားသည်။

နဂါးခုနစ်ကောင် သူတို့လက်ထဲမှာရှိနေသည်။

မင်စီကိုအယ်တင်ရန်စိတ်ဝင်စားပါက....

အခန်းနံပါတ်(၈)သို့လာပါ။

ပုံ-ယူချင်းချန်

သူတို့စာကိုဖတ်ရှုပြီးချိန်တွင်....

'ရှင်တို့နှစ်ယောက်ကလဲ ဘယ်ကိုလျှောက်သွားနေတာလဲ'



ဟူသောအသံနှင့်အတူ အခန်းထဲသို့ ရှာရှိယူဝင်ရောက်လာသည်။

ဟွာတိုးက နံရံကိုလက်ညှိုးညွှန်ပြလိုက်၏။

သူမသည် စာကိုဖတ်လိုက်ပြီး ဇူဆင်ကျောင်၏ မျက်နှာကို အကဲခတ်လိုက်သည်။

'စာရခဲ့ပြီလား'

'အင်း'

'ဒါဖြင့် အခန်းနံပါတ်(၈)ကိုသွားကြစို့'

သူတို့ အခန်းထဲမှ ထွက်လိုက်ကြ၏။ အခန်းနံပါတ်ရှစ်သို့ ရောက်လာကြသည်။ အခန်းထဲတွင် မီးအိမ်တစ်လုံးထွန်းညှိထားသည်ကို တွေ့ရ၏။

လူတစ်ယောက် မီးအိမ်ရှေ့မှ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်နေသည်။

သူသည် အရက်သောက်နေသည်၊ သူ၏ ပေါင်ပေါ်တွင် အရက်တစ်အိုးတင်ထားသည်ကို တွေ့ရပေသည်။

အသက်ငါးဆယ်ခန့်။

အရပ်ပုပု ဝဝဖိုင့်ဖိုင့်။ ရှည်လျားသော ဆံပင်များကိုပခုံးပေါ်တွင် ဖြန့်ချထား၏။ သန်စွမ်းသော မုတ်ဆိတ်မွေးကြီးများ ရှိသည်။

အဝတ်အစားများမှာ ညစ်ပေ ဟောင်းနွမ်းနေရုံမက အဖာအထေးရာများနှင့် ပြည့်နှက်နေသည်။ ကြည့်ရသည်မှာ သူတောင်းစားကြီးနှင့် တူနေသည်၊

'ကြော်—မောင်ရင်တို့ လာကြပါ၊ ဝင်ကြပါ'

ထိုသူက သွက်လက်သောအမူအရာနှင့် ဆီးကြိုလိုက်သည်၊ ငူဆင်ကျောင်က—

'ခင်ဗျားဘယ်သူလဲ'

'ယူချင်းချန်'

'ဟုတ်လား'

'ဟုတ်တယ်'

'ဟိုနံရံပေါ်ကစာကို မိတ်ဆွေရေးတာလား'

'ဟုတ်တယ်'

'မင်စီကို ရွှေခြင်္သေ့အဖွဲ့က ဖမ်းထားတာ အမှန်ပဲလား'

'အမှန်ပဲ'

'မင်စီကို ကယ်တင်ဖို့ ကျွန်တော်တို့စိတ်ဝင်စားတယ်'

'စိတ်ဝင်စားရမှာပေါ့၊ မင်စီဟာ မောင်ရင်တို့အတွက် သိပ်အရေးကြီးမှန်းကျုပ်သိတယ်'

'မိတ်ဆွေက ကျုပ်တို့[illegible]ယာက်ကို သိနေပါလား'

'ဒီကမ္ဘာပေါ်မှာ ငါမသိသူ ခပ်ရှားရှားပဲ'

ယူချင်းချန်ဆိုသူသည် အရက်အိုးထဲမှ အရက်များကို ဝါးဆစ်ဘူးကြီးထဲသို့ လောင်းထည့်ကာ တစ်ကျိုက်တည်းနှင့်ကုန်အောင် သောက်ပစ်လိုက်လေသည်၊

'ဆရာကြီးမသိတဲ့လူ ခပ်ရှားရှားပဲဆိုရင် ကျွန်တော်တစ်ခု မေးပါရစေ'



'မေး'

'ရွှေခြင်္သေ့အဖွဲ့ကြီးရဲ့ခေါင်းဆောင်က ဘယ်သူလဲ'

ဟွာတိုး၏ မေးခွန်းကို ယူချင်းချန်က သွက်လက်စွာ ပြန်ပြောလိုက်သည်။

'ရွှေခြင်္သေ့အဖွဲ့ကြီးရဲ့ခေါင်းဆောင်ဟာ နင်ရှာဝေနယ်စားကြီး တိုက်ချီကိုယ်တိုင်ပဲ၊ သူ့သမီးတော်နာမည်က တိုက်မေလီလို့ခေါ်တယ်၊ ဒီကနေ့ ဒီပျော်ပွဲစားရုံကို ရောက်လာတဲ့ ကြာဖူးလက်နက်ရှင် သံချပ်ဝတ်မိန်းမချောလေးဟာ ခုနက နယ်စားကြီးရဲ့ သမီးတော်ပဲ'

ငူဆင်ကျောင်က ပုဂ္ဂိုလ်ကြီးကို ဖြတ်မေးလိုက်သည်။

'ဒီပျော်ပွဲစားရုံကို သံချပ်ဝတ်အဖွဲ့ ရောက်လာတာကို ခင်ဗျားက ဘယ်လိုသိတာလဲ'

'မင်းတို့အချင်းချင်း ဖြစ်ပွားနေတုန်းက ငါဟာ အခန်းမကြီးရဲ့ အပေါ်က မျက်နှာကြက်ပေါ်မှာ ရှိနေတယ်၊ မင်းတို့ အဖြစ်အပျက် အစအဆုံးကို ငါမြင်နေခဲ့တယ်၊ ငါဟာ အဲဒီမျက်နှာကြက်ပေါ်မှာရောက်နေတာ သုံးရက်နဲ့သုံးညရှိပြီ'

'ကြော်—ဒီလိုကိုး'

ပျော်ပွဲစားရုံပိုင်ရှင် မိန်းမချောအား ရှာရှိယူမှာမျက်လုံးလေးများ ပြူးဝိုင်းသွားရသည်။

'ဒီနေ့လာတဲ့ သံချပ်ဝတ်အမျိုးသမီးနာမည်က ဘယ်သူလဲ'

'တိုက်မေလီတဲ့၊ အချို့ကတော့ သူ့ကို ပင်တိုင်စံလို့ ချစ်စနိုး ခေါ်ကြတယ်'

တိုက်မေလီ၊ ပင်တိုင်စံ။

ချစ်စရာနာမည်လေးများကို ဇူဆင်ကျင်က မှတ်ထားထားလိုက်၏၊

နှုနယ်ပျိုမျစ်သစေသောက် ခက်ထန်ရက်စက်လိုသည့်သဘောထားများလည်း သူ၏သဏ္ဌာန်၌ ကိန်းဝပ်နေပေသည်၊

ဇူဆင်ကျင်အ....

'မင်စီကိုကယ်ဖို့အတွက် ခင်ဗျားက ဘယ်လို ကူညီနိုင်မှာလဲ'

'ငါကိုယ်တိုင် မင်းတို့ကိုခေါ်သွားမယ်၊ဟိုကျရင်မင်းတို့ကို ငါကူညီမယ်၊ မင်းတို့က မင်စီလွတ်လာရင် ငါ့ကိုတစ်ခုပြန်ပေးရမယ်'

'ခင်ဗျားက ဘာလိုချင်သလဲ'

'သိမ်းငှက်ဌာနချုပ်ဟာ သော့ယာန်ဘဏ်မှာ ငွေဒင်္ဂါးတွေ အပ်ထားတယ်၊ ငါ့ကို အဲဒီဘဏ်က ငွေသုံးသောင်း ထုတ်ယူခွင့် ငွေလွှဲစာတစ်စောင် ရေးပေးပါ၊ အခု မင်းဆီမှာ ငွေဒင်္ဂါး တစ်သိန်းတန် ငွေလွှဲစာတွေ ပါလာမှန်း ငါသိတယ်'

ယူချင်းချွန်....သူအကုန်သိနေပါလား။

သိမ်းငှက်ဌာနချုပ်အကြီးအကဲများမှ လုပ်ငန်းခွင်အဘွက်လိုအပ်လျှင်အသုံးပြုရန် မိမိကို ငွေလွှဲစာတစ်သိန်းဖိုး ထုတ်ပေးလိုက်သည်။



ဤဆည်ကို ပုဂ္ဂိုလ်ကြီးအ သိနေလေသည်။

ဇူဆင်ကျင်မှာ အံ့ဩသွားရသည်။

'ဘယ့်နှယ်လဲ ဇူဆင်ကျင်၊ ငါ့ကို စောစောက အကျိုးခံစားခွင့် ပေးနိုင်ပါ့မလား'

'ခင်ဗျားဟာ လူလိမ်လူညာ မဟုတ်ဘူး၊ ကျွန်တော်တို့ကို ဆောင်ချောက်ထဲ ခေါ်သွားခဲ့သူမဟုတ်ဘူးဆိုရင် ခင်ဗျား တောင်းတာ ပေးနိုင်တယ်'

'မင်းတို့က သုံးယောက်၊ ငါကတစ်ယောက်၊ ငါ့ဘက်က မှုမမှန်ရင် မင်းတို့ ငါ့ကိုအချိန်မရွေးသတ်ပစ်နိုင်တာပဲမဟုတ်လား'

ရှာရှိယူအ ကြားဖြတ်၍ ဝင်မေးလိုက်၏။

'ဦးလေးကြီး ဟိုအလောင်းကိုဘယ်သူတွေ လာသယ်သွားလဲ'

'ဘယ်ကအလောင်းလွှလဲ'

''ဟိုအခန်းကြီးထဲကအလောင်းတွေလေ၊ ဓားဝိဇ္ဇာလီအန်ချူတို့အဖွဲ့'

ယူချင်းချွန်သည် ရှာရှိယူကို ပြုံးပြုံးကြီးကြည့်၍ ပြန်ပြောလိုက်သည်။

'အဲဒီအလောင်းတွေကို ဘယ်သူကမှလာမသယ်ဘူး'

'ဟာ....ဒါဖြင့်ရင် ဘယ်ရောက်ကုန်လဲ'

'မင်းတို့သုံးယောက်လဲ ထွက်သွားကြရော သူတို့ အားလုံးဟာ အသီးသီး လူပ်ရှားလာကြတယ်၊ ပြီးတော့ သူတို့ဟာ

လှေကောင်းပဏာတီတွေအတိုင်း ရယ်ရယ်မောမောနဲ့ ထွက်သွားကြသေရဲ့၊ ဟဲ—ဟဲ—ဟဲ'

'ဟင်....ဒါဖြင့် သူတို့ အားလုံး သေချင်ယောင်ဆောင်နေကြတာပေါ့ ဟုတ်လား'

'ဟုတ်လိမ့်မယ်ထင်တာပဲ'

'သူတို့ ဒဏ်ရာတွေ ပြင်းပြင်းထန်ထန် ရကြဘဲဥစ္စာ၊ ခန်းမကြီးထဲမှာ သွေးတွေချည်းပဲ'

'ဟား....ဟား....ဟား....ဟား'

'ဘာရယ်တာလဲ'

'ညည်းတို့ တော်တော်ညံ့သေးတာပဲ၊ ဒါဟာ သိုင်းလောကမှာ အတွေ့အကြုံ နုနယ်သေးတာကို ပြတာပဲ'

'ကျွန်မတို့က ဘယ်လိုညံ့တာလဲ'

'အခန်းထဲမှာ ပေကျံနေတဲ့ သွေးတွေဟာ လူသွေးတွေမဟုတ်ဘူး၊ တိရစ္ဆာန်တစ်ကောင်ကောင်ရဲ့ သွေးတွေပဲ၊ လူသွေးနဲ့ တိရစ္ဆာန်သွေးဟာ သိပ်သိသာပါတယ်'

ဟူချန်းချန်၏ပြောပြချက်တို့မှာ မယုံကြည်နိုင်စရာကောင်းလှ၏။ သူပြောပြချက်အတိုင်း ဟုတ်မှန်လျှင် မားဝိဇ္ဇာ လီအန်ချူတို့အဖွဲ့သည် အလွန် ပရိယာယ်မာယာများကြောင်း သိသာပေသည်။



လီအန်ချူတို့ အဖွဲ့ဝင်များသည် ဇာတ်တိုက်ထားသည့်အလား သရုပ်ဆောင်မှု ပီပြင်ကြလေသည်။

လီအန်ချူတို့အဖွဲ့၏ မျက်လှည့်ပြမှု၊ လှည့်စားမှုကို ဗူဆင်ကျင်နှင့် ရှာရှီယူတို့သည် ခံခဲ့ကြရ၏။ သူတို့ကဲ့သို့ပင် သံချပ်ဝတ်မိန်းမချောလေး 'တိုက်မေလီ'တို့အဖွဲ့လည်း ခံသွားကြရပေသည်။

* * *

## အခန်း (၉)

### အံ့ဖွယ်သရဲ တောက်တက်ဝိဇ္ဇာ

'ကဲ-ဗူဆင်ကျင်၊ မင်းတို့ငါ့နောက်ကို လိုက်ခဲ့ကြပေတော့၊ ဟိုကောင်မလေး မင့်စီကို ခပ်မြန်မြန်သွားကယ်မှဖြစ်မယ်၊ နို့မို့ဆိုရင် သူတို့ မင်စီကို အခြားတစ်နေရာကို ရွှေ့ထားလိုက်မှာ စိုးရတယ်'

'ရွှေခြင်္သေ့အဖွဲ့က မင်စီကို ဘယ်နေရာမှာထားသလဲ'

'မြစ်ဆုံဘေးက ရှာစီကျောက်တန်းကြီးပေါ်မှာ'



မြစ်ဆုံဆိုသည်မှာ ယန်စီမြစ်ကြီးနှင့် ဟန်မြစ်သက်တက်ဆုံသောနေရာကို ဆိုလို၏။ ရှာစီ ကျောက်တန်းကြီးအား ယန်စီမြစ်ကမ်းဘေးတွင်ရှိသော 'ရှာစီ'မြို့နှင့် မနီးမဝေးတွင် ရှိပေသည်။ ထိုနေရာသည် ကျောက်ဆောင် လွန်စွာထူထပ်၍ လှေသင်္ဘောများ မဆိုက်ကပ်နိုင်ပေ။

'ကျွန်တော်တို့မှာ လှေမရှိဘူး၊ ဘာနဲ့သွားကြမလဲဗျ'

'မပူနဲ့၊ ဟိုအနားကဂူထဲမှာ ငါ့လှေတစ်စင်း ဝှက်ထားတယ်၊ လှေက သေးပေမယ့် ကိုယ်ဖော့ပြီး စီးရင် လူ လေးယောက် ကောင်းကောင်းသယ်သွားနိုင်တယ်'

မကြာ။ သူတို့လေးဦးသည် ပျော်ပွဲစားရုံမှ ကမ်းခြေသို့ ထွက်လာခဲ့ကြ၏။ လမိုက်ညပင်ဖြစ်သည်။ နှင်းမှုန်များကလည်း သိပ်သည်းထူထပ်စွာ ကျဆင်းနေသည်။ ခိုက်ခိုက်တုန်အောင် ချမ်းလှသည်။

နှစ်ပေါင်းများစွာ ရေတိုက်စားသောဒဏ်ကြောင့် ကမ်းခြေ ကျောက်ဆောင်ကြီးများ ရာပေါင်း များစွာသော အခေါင်းပေါက်ကြီးများ ဖြစ်နေသည်။ ရေတိုက်စားမှုကြောင့် ဖြစ်ပေါ်လာသော သဘာဝကမ်းခြေ လိုဏ်ဂူကြီးများ။

ကျောက်သားပကတိကျောက်ဆောင်ကြီးများမှအပေါက်ကြီးများကို စိတ်ဝင်စားစွာ ကြည့်ရှု၍ လာသည်။ ကျောက်သားပြင်သည် အလွန်မာကျော၏။ ရေသည် လွန်စွာ ပျော့ပျောင်းသည်ဟု ယူဆရ၏။ သို့သော်...

'မိုးကောင်းကင်အောက်တွင် မည်သည့်အရာဝတ္ထုမျှ လောက် ပျော့ပျောင်းနူးညံ့ခြင်း မရှိ။ သို့သော် ရေစောင်း ကို ကျောက်တောင် ကျောက်စောင်းများ မခံနိုင်'

ထိုသဘောတရားအရ ပျော့ပျောင်းနူးညံ့သော အရာဝတ္ထု သည် မာကျောသော အရာဝတ္ထုအပေါ် လွှမ်းမိုးနိုင်၏၊

ငှူဆင်ကျင်သည် သုခမိန်ပညာရှိကြီး လောဇီဇူး၏ ကျမ်း စာအုပ်တစ်အုပ်မှ အယူအဆများကို ပြော၍ သတိုတရ လိုက်သည်။

မကြာမီ သူတို့ ဂူတစ်ခုထဲသို့ ရောက်လာကြ၏။ ပဇီလ ဒီရေတက်ချိန် ဖြစ်နေသောကြောင့် ရေများသည် ဂူတွင်း ရင်ခေါင်းလောက်အထိ တက်နေပေသည်။

ယူကျင်းချန်သည် ဂူထဲသို့ တစ်ဦးတည်းဝင်သွားပြီး လှေ ယူကာ ပြန်ထွက်လာသည်၊

ဦးတစ်ယောက် ပဲ တစ်ယောက် နှစ်ယောက်စီးနိုင်သေ လှေအလေးပင် ဖြစ်၏။ သို့သော် သူတို့လေးဦးသား ကို ဖော့၍ လှေစီးကာ မြစ်ထဲသို့ ထွက်လာခဲ့ကြသည်၊

ယန်မြစ်ထဲသို့ ရေတက်ချိန်ဖြစ်သောကြောင့် သူတို့ ဦးသား ရေဆန်ဘက်ကို လိုက်လာခဲ့၏။ လှော်ဘက်မှာ တ တည်းသာ ရှိသောကြောင့် ယူကျင်းချန် တစ်ဦးတည်း လှေ လှော်သည်။



နေဆန်ဖြစ်ခြင်း၊ လူလေးဦး ပါလာခြင်းတို့ကြောင့် ခရီး တွင်ရေအကြောင်းမရှိ။ သို့သော် ယူကျင်းချန်သည် ထိပ်တန်း သိုင်းပညာရှင်တစ်ယောက် ဖြစ်လေသည်။ လှေသည် မြစ်ပြင် ပေါ်မှာ မြားဝေ စ်စင်းပင်လွှတ်သည့်ပမာ တရိပ်ရိပ် ပြေးနေ လေသည်။

'မင်းတို့ လောင်ဇူးရဲ့စာအုပ်တွေကို ဖတ်ဖူးသလား'

လှေလှော်ရင်းမှ ယူကျင်းချန်က မေးလိုက်၏။

ငှူဆင်ကျင်က....

'နည်းနည်းပါးပါး ဖတ်ဖူးပါတယ်'

ယူကျင်းဆန်က ဆက်၍ ပြောလိုက်သည်။

'ရှေးက သိုင်းပညာရှင် ဆချို့က ရေမှုတ်စိုစေရဲ့ နေထဲသို့ ဆင်းသက်နိုင်၏။ မီးမလောင်စေဘဲ မီးပုံထဲသို့ ဆဖီး နိုင် တက်နိုင်၏တဲ့၊ သူ့ရဲ့ အာနာပါန သိုင်းကျမ်းကြီးထဲမှာ ရေးထားတယ်။ ဒါတွေကို မင်း လက်ခံနိုင်မလား'

'ကျွန်တော်လဲ ဖတ်ဖူး ကြားဖူးပါတယ်၊ ကျွန်တော့် အတွက်ဆိုရင်တော့ အလွန် ဒဏ္ဍာရီဆန်ပါတယ်'

'ရှေးရှေးက စိတ်မတင်သန့်ရှင်းသူများစွာတို့သည် အလွန် မြင့်မားသော နံရံများကို မကြောက်မရွံ့ တွယ်ဆင်၍ တက်နိုင် ကြ၏တဲ့၊ အဲဒါကိုရော မင်း လက်ခံနိုင်ပါ့မလား'

'ကမ္ဘာလောကကြီးဟာ အလွန် ဆန်းကျယ်တဲ့အတွက် ကျွန်တော့်အသက်အရွယ်နဲ့ မသိနိုင်သေးတဲ့ အရာဝတ္ထုတွေ အများအပြားရှိနေလို့အတွက် မဖြစ်နိုင်ဘူးလို့ မငြင်းရဲပါဘူး

ငှုဆင်ကျင်က လိမ္မာပါးနပ်စွာဖြင့် အဖြေပေးလိုက်၏။

'ဟဲ...တဲ...ဟဲ့...တဲ...မင်းအဖြေ သိပ်မဆိုးပါဘူး'

ယွဂျင်းချန်အာ သဘောကျသွားသလို အမူအရာဖြင့် ရယ်မောလိုက်၏၊ ပြီးနောက် ငှုဆင်ကျင်ကို ပြောလိုက်သည်။

'ငှုဆင်ကျင်'

'ဗျာ'

'ဟိုရှေ့နားမှာ မီးရောင်တွေ့တယ်ဟေ့၊ တို့ အဲဒီမှာ ခဏ သောက် ရပ်ကြရအောင်'

'ဘာကိစ္စလဲ'

'တံငါလှေတွေပဲ၊ သူတို့ဟာ ပိုက်တန်းတွေချနေတာကွ၊ ငါ သူတို့ဆီက ပေလေးရာလောက်ရှည်တဲ့ ကြိုးတစ်ချောင်းကို လိုချင်တယ်'

'ဘာအတွက်သုံးဖို့လဲ'

'မင်စီကို ကယ်ဖို့အတွက်လေ'

'တံငါသည်တွေအာ ပေလေးရာလောက်ရှည်တဲ့ ကြိုးတစ်ချောင်းကို လွယ်လွယ်ကူကူနဲ့ ပေးမှာမဟုတ်ဘူးဗျ'

'လွယ်ပါတယ် မောင်ရင်ရာ၊ ငွေဒင်္ဂါး ငါးပြားလောက် ပေးလိုက်ရင် အသာတကြည် ပေးချင်တဲ့စိတ်မျိုးကို ချက်ချင်း ပြောင်းသွားမှာပါ'

သို့ဖြင့် သူတို့သည် တံငါလှေတစ်စင်းမှ ပေလေးရာခန့် ရှည်သော ကြိုးတစ်ချောင်းကိုရလာခဲ့၏။ မကြာမီ ရှာစီ ကျောက် ...င်တန်းကြီးများရှေ့သို့ ရောက်လာလေသည်၊



'ငှုဆင်ကျင်'

'ဗျာ'

'ဟိုကျောက်ဆောင်ကြီးပေါ်ကိုမော့ကြည့်စမ်း၊ မီးရောင်လေး လက်နေတဲ့နေရာကို မြင်သလား'

'မြင်တယ်'

'အဲဒီကျောက်ဆောင်ပေါ်မှာ မင်စီကို သူတို့ထားတယ်ကွ၊ ကုန်းတွင်းပိုင်းအာ တောင်ပေါ်ကိုတက်ရင် အစောင့်အကြပ်တွေ တို့ကို တွေ့လိမ့်မယ်၊ သွားလို့ မဖြစ်ဘူး'

'ဟုတ်ကဲ့'

'ဒီတော့ တို့တစ်တွေ ဒီချောက်ကမ်းပါးကြီးက နေပြီး အပေါ်ကိုရောက်အောင် တွယ်တက်ရမှာပဲ'

'ဟာ...ဘယ်လိုလုပ်ပြီးတက်ရမှာလဲ၊ အမြင့်ကြီးဗျ'

ဟွာတိုးအာ ကျောက်ဆောင်အမြင့်ကြီးကိုမော်၍ကြည့်ကာ စိတ်ပျက်စွာ ပြောလိုက်သည်။

မတ်စောက်လှသော နံရံကြီးများ ကုပ်တွယ်စရာ မရှိ။ ပြောင်ချောကြီး ဖြစ်နေလေသည်။

'ငှုဆင်ကျင်...ဘယ့်နှယ်လဲ၊ မင်း တက်နိုင်ပါ့မလား'

'ဟင့်အင်း'

'ဟွာတိုး...မင်းကော...'

'ဟင့်အင်း'

'ရှာရှီယူ...ညည်းကော...'

'ဟင့်အင်း'

'ကောင်းပြီ၊ ဒီလိုဆိုရင် မင်းတို့သုံးယောက် ဒီနေရာမှာ စောင့်နေ၊ ငါတစ်ယောက်တည်း အပေါ်ကိုအကဲခတ်မယ်၊ ကြိုးစကို ငါ့ခါးမှာ ချည်ပေးလိုက်၊ မင်းတို့က အလိုက်သင့်ကြိုးကို လျှော့ပေး၊ ကြားလား'

'ဟုတ်—ဟုတ်ကဲ့'

ဟွာတိုးက ဆို၏။

'မင်းတို့ ငါ့နောက်ကို လိုက်လာစရာမလိုဘူး'

'ဒါဖြင့် ဒီကြိုးက....'

'ဟိုအပေါ်က ကောင်မလေးက ဒီအောက်ကို ခုနှစ်ချရဲမှာ မဟုတ်ဘူးကွ၊ ဒါကြောင့် ဒီကြိုးကို ယူသွားရတာ'

'ဟုတ်သားပဲ'

ရှာရှိယူကာ ဆို၏၊

'ကဲ....ငါသွားပြီ၊ မင်းတို့ ငြိမ်ငြိမ်ဆိမ်ဆိမ် တိုတိတိတိပွေ့ပွေ့ နေကြနော်၊ ချောင်းမဆိုးနဲ့'

'ကောင်းပါပြီဗျာ'

ပုက္ကဝဖိုင့်သော ယူချီးချန်။ အံ့ဖွယ်သရဲရှိလှပေစွ။ ကိုးဆယ် ဒီကရီမျှ မတ်စောက်သော ကျောက်ကမ်းပါးယံကြီး ပေါ်သို့ လျင်မြန်စွာ တွယ်ကပ်၍တက်သွားလေသည်။

အုတ်နံရံပေါ်သို့ တောက်တက်တစ်ကောင် တွယ်ကပ်၍ တက်သွားသည့်နည်းမျိုးဖြစ်သည်။

တဖြည်းဖြည်းနှင့် မြင့်တက်သွားပြီး ပုက္ကဝဖိုင့်သော ကိုယ်ခန္ဓာကြီးကို သေးငယ်စွာသော အရာဝတ္ထုအဖြစ်နှင့်သာမြင်ရလေတော့သည်။



'ဒီလူကြီး တကယ်အစွမ်းထက်ပါလား'

'ဒါဟာ ဇူဂျိန်မိန်းလို့ခေါ်တဲ့ အဆင့်မြင့်သိုင်းပဲ၊ ရှေးနှစ်ပေါင်း သုံးထောင်လောက်က သိုင်းလောကမှာ ဒီပညာမျိုး ခေတ်စားခဲ့ဖူးတယ်၊ လေ့ကျင့်အားထုတ်ရတာ အလွန်ခက်ခဲလို့ သိုင်းလောကမှာ ကွယ်ပျောက်နေတာ ကြာပြီ'

ဇူဆင်ကျောင်က သူ ကြားဖူးနားဝရှိသမျှကို ရှင်းပြလိုက်ရသည်။

သူတို့သုံးဦး ကျန်ရစ်ခဲ့သည့်နေရာမှာ ကျောက်ဆောင်ရှင်းရေစပ်၌ ဖြစ်၏၊

ဤနေရာတွင် ကျောက်တုံးကြီးများ ထူထပ်ပေါများလှသည်။

နှင်းများကလည်း တရိပ်ရိပ်နှင့်ကျဆင်းလျက်ရှိ၏။ အအေးဓာတ်မှာ ခိုက်ခိုက်တုန်အောင် ချမ်းလှသည်။

ဇူဆင်ကျောင်သည် အပေါ်သို့ တက်သွားသော ယူချင်းချင့်ကို စိတ်မချနိုင်။

မီးရောင်လေး လက်နေသော ကျောက်ဆောင်ကြီးထိပ်သို့ မော့တကြည့်ကြည့်နှင့် ရှိနေကာ အလွန်အမင်းလှုပ်ရှားနေပုံရသည်။

နာရီဝက်ခန့်ကြာသော် အပေါ်သို့ တန်းနေသော ကြိုးစသည် လှုပ်ရှားလာ၏၊ အပေါ်မှ လူတစ်ယောက်ဆင်းသက်လာနေကြောင်း သိသာလှသည်။

ထိုသူ အောက်သို့ ရောက်လာ၏။

ပုက္ကဝဖိုင့်သောယူချင်းချန်မဟုတ်၊ မျက်နှာကိုယ်ခန္ဓာစသည်တို့ကို သဲသဲကွဲကွဲ မမြင်ရသော်သည်း ကိုယ်ခန္ဓာသွယ်လျ နွဲ့နှောင်းသော ပုံသဏ္ဍာန်တစ်ရပ် ဖြစ်လေသည်။

'အခု ဆင်းလာတာ ဘယ်သူလဲ'

'ကျွန်မ မင်စိပါ'

'ဩော် ...'

'ရှင်တို့က ဘယ်သူတွေလဲ'

'ငါသိမ်းငှက်ဌာနချုပ်ကဆင်းလာတဲ့ တပ်မှူးဇူဆင်ကျောင်'

'ငါအ နယ်မြေတာဝန်ခံ ဟွာတွီး'

'ကျွန်မက ရှာရှိယူ'

'ကျွန်မကို အခုလို လာကယ်တာကျေးဇူးတင်ပါတယ်ရှင်၊ နို့မို့ ဘိုရင်ီ သူတို့မှာ ကျွန်မကို လွှတ်ပေးကြမှာမဟုတ်ဘူး'

သူမသည် ဝမ်းသာအားရနှင့် ဇူဆင်ကျောင်၏လက်မောင်းအစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်၏။ ထိုမှစ၍ ကျောက်ဆမ်းပါးယံပေါ်မှ ယူချင်းချန် ဆင်းလာသည်။

ပေးလားရာခန့်မျှ မြင့်သော ကမ်းပါးယံကြီးကိုတက်ရခြင်း ထိုမှတစ်ဖန် ပြန်ဆင်းလာရခြင်း၊ ထို့နောက် သူ့အသက်အရွယ်က ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး။

ယူချင်းချန်သည် အလွန်အမင်း မောဟိုက်နေလိမ့်မည်ဟု ဇူဆင်ကျောင် ထင်ခဲ့မိသည်။

ယခု ယူချင်းချန်သည် အသက်ကိုမှင် ပြင်းပြင်းမရှူပေ။ ပင်ပန်းနွမ်းနယ်မောဟိုက်နေသော လက္ခဏာလုံးဝမရှိ။ သက်လုံကောင်းလှ၏။



'ကဲ....ကောင်လေးတွေ၊ ကောင်မလေးတွေ၊ ဒီနေရာက မြန်မြန်သွားကြစို့၊ ခြသေ့်အဖွဲ့ချုပ်က အစောင့်တွေ ဒီနေရာကို မကြာခင် ရောက်လာလိမ့်မယ်'

'ဘယ်ကိုသွားမှာလဲ'

'တိုလှေတ လေးယောက်ပဲ စီးလို့ရတယ်၊ ငါးယောက်ဆိုရင် မြုပ်လိမ့်မယ်၊ ဒါကြောင့် ခြေလျင်သွားကြစို့၊ ရှာစီမြို့ရဲ့ မြောက်ဘက်မှာ ရှိနေတဲ့ ကျောက်တောင်ပေါ်မှာငါနေတဲ့လျှို့ဝှက်ဂူရှိတယ်၊ ဟိုဂူကိုရောက်တော့မှ မင်းအတိအတိုင်း ဝါ့ကို ငွေသုံးသောင်းတန် ငွေလွှဲစာရေးပေးတော့ဟေ့၊ ကြားလား၊ ဟေ့ကောင်လေး....ဇူဆင်ကျောင်'

'ပေးမှာပေါ့'

## အခန်း ( ၁၀ )

### ကျောက်နံရံမှ နတ်ခွန်းဆက်

ရှာစီမြို့၏မြောက်ဘက်တွင် မင်စုန်တောင်ရှိလေသည်။ တောင်ပေါ်၌ သစ်ပင်ဝါးပင် ကြီးကြီးမားမားမပေါက်။ များသောအားဖြင့် ချုံနွယ်စေ့ကျပင်များသာ ရှိလေသည်။ မင်စုန်တောင်သည် မြို့မှမတိုးစေခက်မှု မရှိသော်လည်း ကျောက်စွန်းကျောက်ဖျာများ ပေါများသောကြောင့် သွားရေး လာရေး ခက်ခဲလှ၏။

တောင်ပေါ်၌လည်း သဘာဝအလျောက် ပေါ်ပေါက်နေသော ကျောက်ဂူအမြောက်အမြား ရှိပေသည်။



ယူချင်းချန်နေထိုင်သော ကျောက်ဂူမှာ တောင်ကြော၏ ဖုံးကွယ်နေရာလောက်၌ရှိနေပြီး စမ်းချောင်းတစ်ခုနှင့် နီးကပ်သည်။ ဂူဝတွင် လူတစ်ယောက်ထိုင်ငိုနေသည်ကို တွေ့ရ၏။

'ချန်လားဟေ့'

ဂူဝတွင်ထိုင်နေသူက စတင်မေးမြန်း၏။

တုတ်တုတ်ခိုင်ခိုင် ဂင်တိုတိုနှင့် လူတစ်ယောက်ပင် ဖြစ်သည်။

ထိုသူသည် အသက်ငါးဆယ်ခန့်ရှိပြီး နက်မှောင်မည်းကြုတ်သော မုတ်ဆိတ်မွေးကြီးများ ရှိသည်။

သူ၏ဘေးတွင် အရက်တစ်အိုးကို တွေ့ရလေသည်။

'အေး—ငါပြန်လာပြီ'

ဟု ယူချင်းချန်က ပြန်၍အသံပြုလိုက်၏။ ထိုသူက မေးလိုက်သည်။

'မင်းနောက်မှာ လူလေးယောက်ပါတယ်၊ နှစ်ယောက်က ယောကျ်ား၊ နှစ်ယောက်က မိန်းမလေး ဟုတ်ရဲ့လား'

'ဟုတ်တယ်'

ယူချင်းချန်က ဇူဆင်ကျင်၏လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး—

'သူ့နာမည်က ချိန်ချိုလို့ခေါ်တယ်'

'ဟုတ်ကဲ့'

'သူမျက်စိမမြင်ဘူး'

'ဪ....'

မျက်မမြင်ချိန်ချိုက ယူချင်းချန်ကို မကျေနပ်သောအသံမျိုးနှင့် ပြောလိုက်သည်။

'မင်းဘော်တော်မိုက်တဲ့လူပါလားဟေ့'

'ဘာပြုလို့လဲ'

'ဘာပြုလို့ ဒီနေရာကို လူစိမ်းတွေခေါ်လာတာလဲ'

'သူတို့ဟာ လူကောင်းတွေပါကွ'

'မြွေဆိုးလား မြွေကောင်းလားဆိုတာကိုပဲ ခွဲလို့ရတယ်၊ လူကောင်းလား လူဆိုးလားဆိုတာ ခွဲဖို့မလွယ်ဘူး'

'သူတို့က ငါ့ကို ငွေဒင်္ဂါးသုံးသောင်းပေးလိမ့်မယ်၊ ဒါကြောင့် ခေါ်လာရတာပေါ့'

'ဘာ....ငွေဒင်္ဂါးသုံးသောင်း....ဟုတ်သလား'

မျက်မမြင်ချိန်ချို၏အသံက အံ့သြမှုများ ရောစွက်သွားသည်။ မယုံကြည်သည့် အမူအရာမျိုးပင် ဖြစ်သည်။

'သူတို့က မင်းကို ဘာကိစ္စ ငွေသုံးသောင်းပေးမှာလဲ'

'သူတို့ကို ငါကအကူအညီတစ်ခု ပေးလိုက်တယ်၊ သူတို့က တုံ့ပြန်တဲ့အနေနဲ့'

'ဪ...ဒီလိုလား'

'ကဲ....အထဲကိုလာကြလေ'



ယူချင်းချန်ဦးဆောင်၍ ဂူအတွင်းပိုင်းသို့ ဝင်ရောက်လာခဲ့၏။ ဂူထဲတွင် အခြားမည်သူ့ကိုမျှ မတွေ့ရပေ။ ဤဂူထဲတွင် ယူချင်းချန်နှင့် မျက်မမြင်ချိန်ချိုတို့ နှစ်ဦးတည်းသာ နေပုံရပေသည်။

ဂူအတွင်းပိုင်း၌ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းရှိသည်။ သူတို့နှစ်ယောက်သည် ဤဂူထဲ၌နေလာသည်မှာ အချိန်အတော်ကြာပြီဖြစ်ကြောင်း ဂူအတွင်းရှိ အထားအသိုနှင့် အသုံးအဆောင်များက သက်သေခံနေသည်။

'လာကြဟေ့...ဒီအခန်းထဲကို...'

သူတို့ရောက်လာသည့် အခန်းထဲ၌ စားပွဲကြီး တစ်လုံးနှင့် ကုလားထိုင်ခြောက်လုံး ဝိုင်းရံထားသည်ကို တွေ့ရ၏၊ စားပွဲကြီး အလယ်၌ ကြွေအိုးကြီးတစ်လုံးရှိနေပေသည်။

အခန်းလယ်တည့်တည့် မျက်နှာကြက်၌ မီးအိမ်တစ်လုံး ချိတ်ဆွဲထားရာ တစ်ခန်းလုံး အလင်းရောင်ကောင်းစွာ ရရှိနေပေသည်။

'ကဲ....မင်းတို့အရက်သောက်ချင်ရင် သောက်ကြဟေ့၊ မြို့တော်ကြီးတွေမှာလိုတော့ အကောင်းစားအရက် မဟုတ်ဘူး၊ ဒါပေမယ့် ပျားရည်နဲ့ချက်ထားတာကွ သောက်လို့တော့ အဝင်ချိုပါတယ်'

ယူချင်းချန်က စားပွဲအလယ်၌ တည်ခင်းထားသော ဖန်အရက်အိုးကြီးကို လက်ညှိုးညွှန်ကာ ပြောဆိုလိုက်၏။ သူတို့ ကုလားထိုင်များပေါ်၌ နေရာယူလိုက်ကြသည်။

အရက်ဖန်အိုးကြီး၌ ဝါးကျည်တောက်ဘူးများ ချိတ်ဆွဲထား၏။ ဦးဆင်ကျော်ကစောင်၍ အရက်တစ်ဘူး ခပ်လိုက်ပေသည်၊

'ဟေ့...ဦးဆင်ကျော်၊ ယောင်တိယောင် တောင် လုပ်မနေနဲ့၊ မင်းကတိအတိုင်း ငါ့ကို ငွေလွှဲစာရေးပေးတော့'

'ကောင်းပြီ'

'ယော့ယန်ဘဏ်ခွဲမှာ ရေးပေးဟေ့'

'ယော့ယန်ဘဏ်ခွဲမှာ ငွေသိပ်နည်းနေတယ်၊ အူရှူမူချီမြို့တော်ဘဏ်ခွဲမှာ သွားယူပါ'

အူရှူမူချီမြို့တော်အား ဆင်ကျန်ပြည်နယ်တွင် ရှိသ၏၊ ယူချင်းချန်သည် ခေတ္တမျှစဉ်းစားဟန်ပြုပြီးမှ 'ကောင်းပြီလေ' ဟုဆို၏။ ဦးဆင်ကျော်သည် သူ့ကတိအတိုင်း ငွေဒင်္ဂါးသုံးသောင်းတန် ငွေလွှဲစာရေးပေးလိုက်သည်။

'ကျေးဇူးပဲဟေ့'

ဤသို့ဆိုလိုက်ပြီး ငွေလွှဲစာကို သိမ်းဆည်းလိုက်၏။ ထို့နောက်...

'ကဲ...အရက်သောက်ကြ၊ အမြည်းတော့မရှိဘူးကွ'

ယူချင်းချန်သည် ဦးဆင်ချော်တို့ အဖွဲ့ကိုသည်းအရက်သောက်ရန် တိုက်တွန်း၏။ သူကိုယ်တိုင်သည်း အရက်တစ်ဘူး ကိုခပ်၍ သောက်သည်။

'အား...တော်တော်ပြင်းတဲ့ အရက်ပါလားဟ'

အရက်ပြင်းကြိုက်သူ ဟွာတိုးသည် ယူချင်းချန်၏အရက်ကို လွန်စွာသဘောတွေ့နေလေသည်။



သင်းကြိုင်ချိုမြ၍ နီညိုရောင်အဆင်းရှိသောအရက်ပင် ဖြစ်သည်။

'ဒီမိန်းကလေးနှစ်ယောက်ကရော ဘာပြုလို့မသောက်ကြတာလဲ ဒီညသိပ်ချမ်းတယ်၊ အချမ်းပြေလေး နည်းနည်းပါးပါး သောက်လိုက်ကြပါဦး'

ယူချင်းချန်သည် သေးငယ်သော ဝါးဆစ်ဘူးသေးနှစ်ဘူးကိုယူ၍ ရှာရှီယူနှင့် မင်စီတို့အတွက် ငှဲ့ပေးလေသည်။

ညဉ့်အချမ်းဓာတ်မှာ ညဉ့်နက်လေလေ ပိုကဲလာလေလေ ဖြစ်၏။

ရှာရှီယူသည် လည်းကောင်း၊ မင်စီသည် လည်းကောင်း အဝတ်ထူထူထဲထဲ ဝတ်ဆင်ထားခြင်းမရှိကြချေ။

သို့ဖြစ်၍ သူတို့သည် အချမ်းဓာတ်ကိုကာကွယ်ရန် အတွက် အရက်များကို ကိုယ်စီသောက်ချလိုက်ကြလေသည်။ အရက်မှာ ပြင်းလွန်းလှသဖြင့်သူတို့၏မျက်နှာလေးများမှာ ရှုံ့မဲ့သွားရလေသည်။

နောက်တစ်နာရီခန့်အကြာတွင် အခန်းထဲ၌ဟားတိုက် ရယ်မောသံကြီးများ ပေါ်ပေါက်လာလေသည်၊

'ဟား....ဟား....ဟား'

'ဟား....ယား....ဟား'

ကမ်းပါးယံထက် ဝိဇ္ဇာကြီး ယူချင်းချန်နှင့် မျ ဒြင်ချိန့်ချိတို့၏ ရယ်မောသံကြီးများပင်ဖြစ်၏။

ဦးဆင်ကျော်တို့ရေးယောက်မှာထိုရယ်သံကြီးများကို ကြား နိုင်တော့ချေ။

သူတို့သည် အခန်းထဲ၌ အိပ်ပျော်နေကြပြီ ဖြစ်လေသည်။

'ခေါ်....ခေါ်....ခေါ်'

ဟွာတိုးမှာ နှစ်ခြိုက်စွာ အိပ်မောကျနေရုံမျှမက ဟောက်လျက်ပင် ရှိနေလိုက်သေးသည်။

ယူချင်းချန်က မျက်မမြင်ချိန်ချိကို ချီးမွမ်းစကားဆိုလိုက်သည်။

မင်းဖော်စပ်ထားတဲ့အိပ်ဆေးက တကယ်စွမ်းပါလား'

'သူတို့ဟာ အနည်းဆုံး လေးဆယ့်ရှစ်နာရီလောက် အိပ်ပျော်နေလိမ့်မယ်'

'ဟဲ....ဟဲ....ဟဲ'

ယူချင်းချန်က ကျေနပ်နှစ်သိမ့်စွာ ရယ်မောနေ၏။

'ဇူဆင့်ကျင်၊ ဟွာတိုး၊ ရှာရှိယူနှင့်မင်စီ'

သူတို့သည် နောက်နှစ်ရက်တိတိကြာအောင် အိပ်ပျော်ခန့်ခဲ့ကြပြီးမှ ပထမဦးစွာ နိုးလာသူမှာ မင်စီဖြစ်သည်။

'ဝါး'

သူမသည် တစ်ချက်မျှ သန်းဝေလိုက်သည်။

ခေါင်းထဲတွင် အုံတုံတုံနှင့် ထိုင်းထိုင်းမှိုင်းမှိုင်းကြီးဖြစ်နေလေသည်။

'ဇူဆင်ကျင်....ဇူဆင်ကျင်'

သူမက ဇူဆင့်ကျင်ကိုလှုပ်၍ နှိုးလိုက်သည်။ ဇူဆင်ကျင်အငေါင်ကတန်းနှင့် မျက်လုံးကိုဖွင့်ကြည့်လာသည်။ သူ့မျက်ခွံမှာ လေးလံနေလေသည်။



မိမိတို့၏ တစ်စုံတစ်ရာ အမှားအယွင်း ရှိခဲ့ပြီဟု ဇူဆင်ကျင် ချက်ချင်းလိုလိုပင် သိလိုက်၏။

'မင်စီ နိုးနေတာကြာပြီလား'

'ကျွန်မနိုးလာလာချင်း ရှင့်ကိုနိုးတာပဲ'

'ဟိုဆရာကြီးနှစ်ယောက်ရော'

'သူတို့ကို မတွေ့ဘူး'

'ကဲ....သူတို့နှစ်ယောက်ကို နှိုးလိုက်စမ်း၊ ငါဟိုလူကြီး နှစ်ယောက်ကို ရှာဦးမယ်'

ဇူဆင်ကျင်သည် အခန်းထဲမှထွက်လိုက်၏။ ဂူထဲတွင်လှည့်ပတ် ရှာဖွေလိုက်သည်။

ဂူ၏တည်ဆောက်ထားပုံမှာ ပျားအုံ သဏ္ဍာန်မျိုး ဖြစ်ရာ အတွင်းပိုင်း၌ အခန်းပေါင်းများစွာ ရှိနေလေသည်။

ယူချင်းချန်နှင့် မျက်မမြင်ချိန်ချိတို့ကို မတွေ့ရတော့ပေ။ သို့ရာတွင် အခန်းတစ်ခန်းထဲ၌မူအား ဂူနံရံတွင်ရေးထားသောစာများကို တွေ့ရလေသည်၊

သို့

ဇူဆင်ကျင်

ငွေဒင်္ဂါးသုံးသောင်းထုတ်ယူရန်....

ငွေဒင်္ဂါး သုံးသောင်း ထုတ်ယူရန် အူရှုမူချီမြို့သို့ ငါနှင့်ချိန်ချိသွားပြီ၊ မင်းတို့ကို အထူး ကျေးဇူးတင်ပါတယ်၊ ဟဲ....ဟဲ။

(ပုံ) ယူချင်းချန်

နောက်တစ်နေ့ရောက်၌လည်း ဒေါက်ပါစာတမ်းများ ရေးထားသည်ကို တွေ့ရပြန်သည်။ ထိုစာ၌မူကား ရှာရှိယူသို့ ညွှန်းထားလေသည်။

သို့....

ရှာရှိယူ

တို့လိုချင်နေသောစာကို မင်းထံမှ လွယ်ကူစွာရရှိသည့်အတွက် မင်းကို တို့အနေနဲ့ အထူးပဲကျေးဇူးတင်ပါတယ်။

(ပုံ) ယူချင်းချန်

ငှူဆင်ကျင်သည် မျက်မှောင်ကြုတ်သွားမိသည်။ ဤအချိန်တွင် ဟွာတိုး မင်စီနှင့် ရှာရှိယူတို့သည် ငှူဆင်ကျင်ရှိနေသော အခန်းထဲသို့ ရေးကြီးသုတ်ပျာနှင့် ဝင်ရောက်လာကြသည်၊

ငှူဆင်ကျင်သည် ရှာရှိယူကို လှမ်း၍အကဲခတ်လိုက်၏။ သူထင်သည့် အတိုင်းပင် ရှာရှိယူသည် မျက်စိမျက်နှာ ပျက်စနေလေသည်။

ရှာရှိယူသည် နံရံတွင်ရေးထားသောစာကို ဖတ်ကြည့်လိုက်ပြီး လက်သီးလေးကို ကျစ်ကျစ်ပါအောင် ဆုပ်၍ထားရင်းမှ မျက်ရည်များ စီးကျလာနေလေသည်။

'မင်းသားချန်ရဲ့စာကို သူတို့ခိုးပြေးပြီ ငှူဆင့်ကျင်'

'အဲဒီစာထဲမှာ ဘာတွေရေးထားသလဲ၊ သိသလား'



'ဘာတွေရေးထားမှန်းမသိဘူး၊ မင်းသားချန်ရဲ့ တံဆိပ်တော်ခတ်နှိပ်ပြီး ချိပ်ပိတ်ထားတယ်၊ ကျွန်မဆီကိုပို့လိုက်တဲ့ သီးခြားညွှန်ကြားချက်မှာ ဖန်ချန်းမြို့က ချင်ချန်းဆစ်ထံသို့ အမြန်ဆုံး ပို့လိုက်ပဲ ပါတယ်'

ငှူဆင်ကျင်သည် ငြင်းခုလိုက်မိ၏။ မိမိတို့လေးဦးသားမှာ အရက်ထဲတွင် နစ်ထားသော အဆိပ်မိခဲ့သည်။ အနည်းဆုံး နာရီပေါင်း ငါးဆယ်ကျော်ခန့်အိပ်ပျော်သွားခဲ့ကြသည်။

ဤအချိန်ကာလအတောအတွင်း၌ ယူချင်းချန်နှင့်မျက်မြင်ချိန်ချိသည် အူရှူမူချီမြို့သို့ရောက်နေပြီ ဖြစ်လိမ့်မည်။ သူတို့သည် နေ့ကြောင်းအစေသူများ ပေါ့တော်သောကြောင့် ဘဏ်မှ ငွေထုတ်ယူပြီးလျှင်ပြီးချင်း အူရှူမူချီမြို့မှ အမြန်ဆုံး ထွက်ခွာသွားကြမည်မှာ သေချာပေ၏။

အူရှူမူချီမြို့မှတစ်ဆင့် ဖန်ချန်းမြို့ရှိ ချင်ချန်းဆင်ထံသို့ ခရီးဆက်ကြလိမ့်မည် ထင်သည်။

မင်းသားချန်၏ စာထဲတွင် လွန်စွာ အရေးကြီးသော အကြောင်းအရာများ ရေးသားထားမည်မှာ သေချာလေသည်။

မင်းသားချန်ကား ရင်ခွင်ပိုက်ဘုရင်ကလေး (အေရုဗ်ဆွမ်တုံ)၏ ခမည်းတော်ဖြစ်၏။

မင်းသားချန်၏စာပျောက်ဆုံးသွားသည်မှာ မိုးမီးလောင်သည်ထက် ကြောက်မက်ဖွယ်ရာကောင်း၏။

ရှာရှိယူ၏မျက်နှာလေးမှာ ငိုမဲ့မဲ့ရှိနေသည်။

[illegible] ငူဆင်ကျင်သည် အခြေအနေအရပ်ရပ်ကို စဉ်းစားဝေဖန်လိုက်ပြီး ဟွာ[illegible]တိုးကိုပြောလိုက်သည်။

'ခင်ဗျားရယ်...ရှာရှိယူရယ်....ဖန်ချန်းမြို့ကိုအမြန်ဆုံးသွားကြ၊ ယူချင်းချန်တို့ဟာ ဖန်ချန်းမြို့က ချင်ချန်းဆင်ဆီကိုသွားကြမှာ သေချာတယ်'

'ဟုတ်တယ် ဟွာတိုး၊ ကျွန်မတို့ အမြန်ဆုံးသွားကြမှဖြစ်မယ်၊ အဲဒီစာထဲမှာ တိုင်းပြည်ရဲ့အရေးအကြီးဆုံး လျှို့ဝှက်ချက်တွေပါမှာ သေချာတယ်၊ ဒီစာပျောက်ဆုံးသွားတဲ့အတွက် ကျွန်မ ခေါင်းဖြတ်အသတ်ခံရဘာ ကိစ္စမရှိပါဘူး၊ တိုင်းပြည်ရဲ့ လျှို့ဝှက်ချက်တွေ ပေါက်ကြားသွားမယ့်အရေးက သိပ်အရေးကြီးတယ်'

'ဟုတ်တယ်....ခင်ဗျားတို့နှစ်ယောက်သွားကြ၊ ကျွန်တော်နဲ့ မင်စီအာ ဒီမှာ လုပ်စရာရှိတဲ့အလုပ်တွေကို ဆက်လုပ်သွားမယ်'

'ကောင်းပြီ...ငူဆင်ကျင်'

'သတိနဲ့လဲသွားကြဗျာနော်၊ ယူချင်းချန်ဟာ ခင်ဗျားသိတဲ့အတိုင်းပဲ၊ သူ့ရဲ့သိုင်းပညာဟာ ကျုပ်တို့ထက်အဆဆင့်မြင့်တယ်၊ ရင်ဆိုင်ရတဲ့အခါ ပရိယာယ်ကြွယ်ဝပြီး လက်ဦးမှုရှိဖို့လိုတယ်'

'ကျွန်တော် နားလည်ပါတယ်'

'ဒီနေ့ညစပြီး နောက်ဆယ့်ငါးရက်တိတိ ကြာတဲ့အခါ ခင်ဗျားတို့နှစ်ယောက်နဲ့ ကျွန်ုပ်တို့နှစ်ယောက် ပြန်ဆုံကြစို့'



'ဘယ်နေရာမှာဆုံမှာလဲ'

'ချန်ဆာမြို့က စက်မြီးပျော်ပွဲစားရုံမှာ ဆုံကြမယ်'

'ကောင်းပြီ ငူဆင်ကျင်'

'ခင်ဗျားတို့သုံးဖို့ ငွေဒင်္ဂါး ၃၀၀၀ ယူသွား၊ ပြီးတော့ နယ်လှည့် မျက်လှည့်ဆရာ လင်မယားအဖြစ် ဟန်ဆောင်သွားကြ'

'လင်မယားအဖြစ် ဟန်ဆောင်မှသွားရင် မဖြစ်ဘူးလား'

ရှာရှိယူက ငူဆင်ကျင်ကို မျက်ဝန်းနက်ကလေးများထောင့်ကပ်၍ မေးလိုက်ခြင်းဖြစ်သည်။

ငူဆင်ကျင်က—

'လင်မယားအဖြစ်ဟန်ဆောင်သွားတာ ပိုကောင်းတယ်၊ ပိုပြီးလုံခြုံတယ်၊ ရှာရှိယူက ဆံပင်တွေကိုဖြူအောင်လုပ်ပြီး အသက်ငါးဆယ်ကျော်မိန်းမကြီးအဖြစ် ရုပ်ဖျက်ပါ၊ ဟွာတိုးကလဲ အဘိုးကြီးအဖြစ်ရုပ်ဖျက်ပေါ့'

'ဟုတ်ကဲ့'

'အဘွားကြီးအဖြစ်ရုပ်ဖျက်ပြီးတဲ့အခါကျရင် ရှာရှိယူရဲ့နာမည်က 'ပုရှောက်'ဖြစ်သွားပြီနော်၊ ဟွာတိုး ကတော့ အဘိုးကြီး 'ချိုင်စုံဝမ်' အဲဒီနာမည်တွေကိုပဲ ကျွန်တော်က အဆက်အသွယ် လုပ်မယ် ကြားလား'

သူတို့လေးဦး ဂူထဲမှထွက်လာကြလေသည်။

တောင်ပေါ်လမ်းနှစ်မြွာသို့ ရောက်သောအခါ ဟွာတိုးနှင့် ရှာရှီယူတို့က ဆင်ကျွန်ပြည်နယ်ဘက်သို့ ဦးတည်နေသောလမ်းအတိုင်း ထွက်ခွာသွားကြလေသည်။

'ကျွန်မတို့ကရော ဘယ်ကိုသွားကြမလဲ၊ ဘာတွေဆက်လုပ်ကြမလဲ ဟင်'

မင်စီက ဇူဆင်ကျင်ကိုမေးလိုက်သည်။

နံနက်ခင်းပူနွေးတောက်ပသော နေရောင်ခြည်အောက်ဝယ် နုပျိုလှပသော မိန်းမလှလေး၏ မျက်နှာပြင်ကလေးသာ ပန်းနုသွေးရောင် နီပြေရှိန်းလွှမ်းနေသည်။

'တို့ဘယ်ကိုမှမသွားသေးဘူး၊ တို့အတွက် လုံခြုံမှုရှိမယ့် ဂူတစ်ဂူရှာပြီး ဂူထဲမှာ တစ်နေ့နဲ့တစ်ညလောက် အနားယူဦးမယ်'

'အို… ဘာကိစ္စလဲဇူဆင်ကျင်'

'ရွှေခြသေ့အဖွဲ့ရဲ့အကြောင်း၊ မင်းလက်ထဲက သူများနောက်ကိုပါသွားတဲ့ နဂါးခုနစ်ကောင်အကြောင်း တွေကို ငါ့အနေနဲ့ မေးရစမ်းရဦးမယ်လေ၊ အဲဒီအကြောင်းတွေကို အပြည့်အစုံသိရပြီးမှ ဘာဆက်လုပ်မယ်ဆိုတာ စဉ်းစားအဖြေထုတ်နိုင်မှာပေါ့'

'ကျွန်မသိပ်ဆာနေပြီ၊ အဲဒီဂူထဲမှာ ကျွန်မတို့ ဘာစားမလဲ'

'အစားအစာနဲ့အရက်ကိုတော့ အရင်ရှာရဦးမှာပေါ့'

'ရှင်အရက်ကို စိတ်မနာသေးဘူးလား'

'အရက်ဟာ သုံးစွဲတတ်ရင်အဖော်မွန်ပဲကွ'



'ဟော… ဟိုမှာကြည့်စမ်း၊ ဟိုတောင်စောင်းက မီးခိုးတွေထွက်နေတယ်'

'အင်း… အဲဒီနေရာကိုသွားမှပဲ၊ ဒီအချိန် တောင်ပေါ်မှာ နှင်းခွေးတွေသိပ်ပေါတယ်၊ နှင်းခွေးလိုက်တဲ့ မုဆိုးတစ်ယောက်ယောက် ဖြစ်နိုင်တယ်၊ လာ… သွားကြစို့'

သူတို့နှစ်ယောက် မီးခိုးထွက်နေသောနေရာသို့ မြန်ဆန်သွက်လက်စွာ ထွက်ခွာချဉ်းကပ်သွားကြသည်။

ဇူဆင်ကျင်အတွေးကား ပြေးကြည့်သည်ထက်မင်မှန်သေးသည်။

သူတို့နှစ်ယောက်သည် နှင်းခွေးလိုက်သောမုဆိုးနှစ်ယောက်ကို တွေ့ကြရ၏။

တစ်ဦးက အသက်ငါးဆယ်ခန့်၊ တစ်ဦးက အသက်နှစ်ဆယ့်ငါးခန့်။

သားအဖဖြစ်ပုံရသည်။

တောလိုက်လက်နက်ကိရိယာ အသုံးအဆောင် မျိုးစုံကို တွေ့ရ၏။

သူတို့သည် သစ်ခက်တဲငယ်တစ်ခုထိုး၍ နေထိုင်ကြလေသည်။

ထင်းမီးခဲပေါ်တွင် တောခွေးတစ်ကောင်ကိုမီးကင်ထားပြီး အရက်ခွက်ကိုယ်စီဖြင့် စားသောက်အနားယူနေခိုက်ဖြစ်သည်။

သူတို့နှစ်ဦး၏အလယ်တွင်သစ်သားအရက်စည်ငယ်တစ်လုံး ချထားလေသည်။

သူတို့ရှေ့ မလှမ်းမကမ်းတွင် ကျောက်ဖျာတစ်ခုပေါ်တွင် တောခွေးသားများ နေလှမ်းထားသည်။

သူတို့နှစ်ယောက်က ဇူဆင်ကျောင်နှင့်မင်စီကို စူးစမ်းသော မျက်လုံးများနှင့် စိုက်ကြည့်နေကြသည်။

'ကျွန်တော်တို့ကို နည်းနည်းမြီးပါ၊ ကူညီပါခင်ဗျာ'

ဇူဆင်ကျောင်က ဖခင် ဖြစ်ဟန်တူသော မုဆိုးကြီးကို ချစ်ခင်ဖွယ်သော အမူအရာနှင့် စသင် ပြောဆိုလိုက်သည်။

'အိမ်း....ဆို....ဘာကိစ္စ'

'ကျွန်တော်တို့ နှစ်ယောက်အတွက် အသားခြောက်ရယ်၊ အရက်ရယ် နှစ်ရက်စာလောက် ရောင်းပါလားခင်ဗျာ'

'မင်းတို့က ဘယ်သူတွေလဲ'

ဇူဆင်ကျောင်က မင်စီကို မေးငေါ့ပြပြီး....

'ကျွန်တော်တို့နှစ်ယောက် မောင်နှမပါ၊ ကျွန်တော် နာမည်က ဇူဆင်ပါ၊ ကျွန်တော့်ညီမလေး နာမည်က ဇူလီပါ'

'အင်း...ဆက်ပြော'

'ကျွန်တော်တို့ အရှေ့ပင်လယ်အမ်းခြေကလာခဲ့တာပါပဲ'

'ဘယ်ကိုသွားကြမှာလဲ'

'ထန်ကျင်းကို သွားမလို့ပါ'

'ထိုင်ကြလေ၊ အရက်သောက်၊ အသားကင်လဲ စားကြ'

မုဆိုးကြီးက သူ့ရှေ့တွင် ဆန့်လန့်လဲကျနေသော သစ်တုံးကြီးကို ညွှန်ပြ၍ ပြောလိုက်သည်၊ ဇူဆင်ကျောင်နှင့် မင်စီတို့သည် ထိုင်လိုက်ကြ၏။



'အရက်သောက်ကြလေ၊ စားကြလေ'

မုဆိုးကြီးက တိုက်တွန်းပြန်၏။

ဇူဆင်ကျောင်သည် မုဆိုးကြီးကမ်းပေးသော အရက်ကိုယူ၍ သောက်ချလိုက်၏။ စိတ်ထဲတွင်မူကား ခပ်လန့်လန့် ဖြစ်နေမိသည်။ မင်စီကသည်၊ အနည်းငယ် သောက်လိုက်သည်။

'ကဲ... ဦးလေး ကျွန်တော်တို့ကို အသားကင်ရယ်၊ အရက်ရယ် နှစ်ရက်စာလောက် ပေးပါ၊ ငွေဒင်္ဂါး ဆယ်ပြား ပေးပါမယ်'

ငွေဒင်္ဂါးဆယ်ပြားကား မြို့ပေါ်မှ ပျော်ပွဲစားရုံတွင် လူငါးယောက်စာအတွက် အကောင်းဆုံး အစားအစာနှင့် အရက်များကို ရနိုင်ပေသည်။

'ကဲ... လူလေး၊ သူတို့ကို အရက်စည်တစ်လုံးယူပေးလိုက်'

'ဟုတ်ကဲ့ ဖေဖေ'

သားဖြစ်သူသည် သစ်သား အရက်စည်တစ်စည်ကို ချုံတစ်ချုံထဲမှ သွား၍ ထုတ်ယူလာ၏။

* * *

## အခန်း (၁၁)

'ကျွန်တော်တို့ ဒီမီးဖိုပေါ်က အသားကင်ကို ယူသွားပါရစေ၊ ငွေဒင်္ဂါး ငါးပြား ထပ်ပေးပါ့မယ်'

'အား....ရပါတယ်....ရပါတယ်'

ဇူဆင်ကျင်သည် မုဆိုးကြီးကို ငွေဒင်္ဂါး ဆယ့်ငါးပြား ပေးလိုက်၏။

'ကျေးဇူးတင်ပါတယ်ဦးလေး၊ ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး'

'အေး...အေး...ကောင်းပြီ'



ဇူဆင်ကျင်သည် အသားကင်ကိုဆွဲ၍ ယူလာ၏။ မင်စီအသစ်အားအရက်စည်လေးကို ခေါင်းပေါ်မှာရွက်၍ ယူလာလေသည်။

မကြာမီ သူတို့သည် စောစောက မုဆိုး သားအဖနှင့် ခပ်လှမ်းလှမ်းနေရာတွင်ရှိသော ဂူငယ်တစ်ခုကို တွေ့ကြလေသည်။

'ကဲ...မင်စီရေ၊ တို့နှစ်ယောက် ဒီနေရာမှာပဲ နားကြရအောင်'

'ရှင့်သဘောလေ'

နှစ်ဦးသား ဂူထဲသို့ ဝင်လာခဲ့ကြ၏။ ကျောက်ဂူ အတွင်းပိုင်းသို့ မဝင်ဘဲ ဂူဝ၌သာ နေကြ၏။ ဂူရှေ့တွင် တောင်ကျစမ်းချောင်းကလေးတစ်ခုက တသွင်သွင် တငြိမ့်ငြိမ့် စီးဆင်းနေလေသည်။

'ကဲ...မင်စီ၊ စိတ်လက်ပေါ့ပါးသွားအောင် ရေချိုးလိုက်ပါလား'

'ကျွန်မ ရေချိုးနေတုန်း ရှင် ချောင်းမကြည့်ဘူးဆိုရင် ကျွန်မ ရေချိုးချင်တယ်'

'ငါ လူကြီးလူကောင်းပါ မိန်းကလေးရဲ့'

'ရသေ့သူတော်စင် မဟုတ်ရင် ကျွန်မ ဘယ်သူ့ကိုမှ မယုံဘူး'

'ကဲ.... သွားပါ၊ ငါ ဒီနေရာမှာ အရက်သောက်ပြီး ကျန်ရစ်ခဲ့ပါ့မယ်၊ ဟဲ...ဟဲ့....ဟဲ'

‘ဒါဖြင့် ကျွန်မသွားမယ်၊ ကျွန်မချီးပြီးမှ ရှင်လဲ သွားချီးပေါ့’

‘သိပ်ဝေးဝေး မသွားနဲ့နော်’

‘အင်း’

မင်းစီသည် ဂူထဲမှ လျှင်မြန်စွာ ထွက်သွား၏။ ဇူဆင်ကျော်သည် အရက်သောက်ရင်း မင်းစီ၏အကြောင်းကို စဉ်းစားနေမိသည်။

နေပြည်တော်ရှိ မင်းသား ချွန်ဦးဆောင်သော သိမ်းငှက်ဌာနချုပ်တွင် မင်းစီနှင့် နှစ်ကြိမ်သုံးကြိမ်မျှ လူချင်း တွေ့ဆုံခဲ့ရဖူးသည်။

သူကလည်း သူ့တာဝန်နှင့်သူ၊ ကိုယ်ကလည်း ကိုယ့်တာဝန်နှင့်ကိုယ်မို့ လူချင်း ရင်းရင်းနှီးနှီး မရှိခဲ့၊ တစ်ဦးနှင့်တစ်ဦး မျက်မှန်းတန်းမိရုံသာ ရှိသည်။

လွန်ခဲ့သော သုံးနှစ်ခန့်က အနော်ရိုးပြည်နယ် ဟိုးဇ မြို့တော်တွင် နာမည်ကျော် လူဆိုးဖမ်းပွဲကြီးတစ်ခု ဖြစ်ပေါ်ခဲ့သည်။ ထိုလူဆိုးအဖွဲ့ကြီးကို နှိပ်ကွပ်ရန် သိမ်းငှက်ဌာနချုပ်မှ သူရဲကောင်းသိုင်းသမား ကိုးဦး စေလွှတ်ခဲ့၏။

ထိုကိုးဦးအဖွဲ့တွင် ဘုရင်မင်းမြတ်၏ သူလျှိုမယ် မင်းစီလည်း တစ်ဦး အပါအဝင် ဖြစ်သည်။

မင်းစီသည် ထိုလူဆိုးဖမ်းပွဲကြီးတွင် လူဆိုးတို့၏ဌာနချုပ်ကို စွန့်စွန့်စားစား တိုက်ခိုက်ချေမှုန်းပစ်ခဲ့သည့်အတွက် ကွမ်ဆု



ဧရာဇ်မင်းမြတ်က မင်းစီအား ‘သိမ်းငှက်မယ် ရွှေစင်ရုပ်တု’ ကို ဆုတော်အဖြစ် ပေးသနားခဲ့ဖူးလေသည်။

အမျိုးသမီး ဝန်ထမ်းများထဲတွင် သိမ်းငှက်မယ် ရွှေစင်ရုပ်တုကို ရရှိသူမှာ အလွန်ရှားပါးလှပေသည်။

ဇူဆင်ကျော် သူ့အသက်ကို တွက်စစ်မိလာသည်။ ယခုအသက် နှစ်ဆယ့်ခုနစ်နှစ် ကျော်ပြီ ဖြစ်သည့်တိုင် တာဝန်တွေရေးအသွယ်သွယ်ကို မနားတမ်း ထမ်းဆောင်ခဲ့ရသည်မို့ အသည်းနှလုံးရေးရာ ပြဿနာများကို ဦးစားမပေးနိုင်ခဲ့၊ အမျိုးသမီးများနှင့်ပတ်သက်၍ အတွေ့အကြုံ မရှိသလောက်ပင် အားနည်းခဲ့သည်။

ယနေ့မူကား ထူးထူးခြားခြား နှလုံးသားထဲဝယ်အပျိုးအမည် မဝေခွဲနိုင်သော ဝေဒနာတစ်မျိုးကို ခံစားလာရသည်။ ယခင် နေပြည်တော် ဌာနချုပ်တွင် မင်းစီနှင့် နှစ်ကြိမ်သုံးကြိမ် တွေ့ဆုံခဲ့စဉ်က ရင်ထဲတွင် ဘယ်လိုမျိုးမှ လှုပ်ရှားမှု မရှိခဲ့ပါ၊

ယခင် နှစ်ကြိမ်သုံးကြိမ်တွေ့ဆုံခဲ့စဉ်က မင်းစီသည် ယခုလောက် မလှပဟု၍လည်း စိတ်ကထင်နေမိသည်။

ယနေ့မူကား မင်းစီ၏အလှသည် စာဖွဲ့၍ မကုန်နိုင်အောင် နုပျိုလန်းဆန်းနေလေသည်။

ဇူဆင်ကျော်သည် ဂူအတွင်း၌ ငြိမ်ငြိမ်ဆိမ်ဆိမ်ထိုင်နေ၍ မရတော့ချေ။

ဂူထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိသည်။

ရှေးဟောင်းစာတစ်ပိုဒ်မှ စာသားတစ်ခုကို ပြေး၍ သတိရမိသည်။

အလင်းရောင်နှင့်မတွေ့ရသော အဖိုးထိုက်တန်သည့် ရတနာသည် တန်ဖိုး မဲ့လှသည် ဟူ၍—၊

မင်းစီမှာလည်း အဖိုးမ တန်နိုင်သော အလှရတနာကလေး တစ်ပါးပင် ဖြစ်သည်။

သို့သော် သူမသည်အလင်းရောင်အောက်တွင် လွတ်လွတ်လပ်လပ် ထင်ထင်ပေါ်ပေါ် မနေနိုင်ရှာ။

နိုင်ငံ၏ တာဝန်များကို လျှို့ဝှက်စွာ ထမ်းဆောင်ခဲ့ရသည်မို့ သူမ၏ လှပျိုမျစ်မှုတို့သည် လျှို့ဝှက်ဘာဝနီ အသွယ်သွယ်အောက်တွင် စတေးခံခဲ့ရလေသည်။

မင်းစီမှာ မိန်းမချောလေးတစ်ယောက်ဖြစ်သလို ထိပ်တန်းအဆင့်မြင့် သိုင်းပညာရှင်မလေး တစ်ယောက်လည်း ဖြစ်ခဲ့သည်။

သူမသည် ငယ်စဉ်ကတည်းကပင် သိုင်းပညာသင်ကြားခြင်းကို ဝါသနာပါခဲ့သည်။

သူမ၏ ဖခင်ကြီးမှာ သိုင်းလောကမှ ကျော်ကြားသောမျိုးချစ် သိုင်းပညာရှင်ကြီး တစ်ယောက်ဖြစ်ပြီး ရပ်ရွာအေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကို လေးစားလိုက်နာသူ ဖြစ်သည်။

မင်းစီ၏ဖခင် မျိုးချစ် သိုင်းဆရာကြီးက မင်းစီကို ငယ်စဉ်လေး ကတည်းကပင်မျိုးချစ်စိတ် ထက်သန်စေရေးနှင့် ပြည်သူလူထု အများအကျိုးဆောင်ရွက်သူ တစ်ယောက်ဘဝသို့ ရောက်လာစေရန် စည်းရုံး ပြောဆိုခဲ့သည်။



ထို့ကြောင့် မင်းစီမှာ ငယ်စဉ်ကလေးအရွယ်ကပင် တိုင်းပြည်နှင့် လူမျိုးအတွက် စွမ်းစွမ်းတမံ လုပ်ဆောင်လိုသောစိတ်များ တဖွားဖွား ပေါ်ပေါက်ခဲ့ရသည်။

မင်းစီ အရွယ်ရောက်လာသည့်အခါ နေပြည်တော်မှ အထူးလျှို့ဝှက်တပ်ဖွဲ့တွင် ဝင်ရောက်အမှုထမ်းလိုက်သည်။ ထိုအချိန်၌ သူမသည် ထိပ်တန်းသိုင်းပညာအဆင့်သို့ ရောက်ရှိနေရလေပြီ။

မင်းစီသွားရောက် အမှုမထမ်းမီ ဖခင်ဖြစ်သူ မျိုးချစ်သိုင်းပညာရှင်ကြီးက သေချာစွာ မှာကြားသတိပေးလိုက်သည်။

'သမီးလေး မင်းစီ၊ မင်းစီ အခုသွားမယ့်ခရီးဟာအင်မတန်မှ ကြမ်းတယ်၊ ခက်ခဲတဲ့ခရီးလဲဖြစ်တယ်၊ သမီးလေးက ပန်းကလေးတစ်ပွင့်လို နူးညံ့သိမ်မွေ့သူကလေးဖြစ်တယ်၊ တစ်ဖက်ရင်ဆိုင်ရမယ့် ရန်သူတွေက အင်မတန်ကြောက်စရာကောင်းပြီး နိုင်ငံနဲ့လူမျိုးကို နှောင့်ယှက်ဖျက်ဆီးနေတဲ့ ရန်သူတွေ ဖြစ်တယ်၊ ဖေဖေ မှာကြားလိုက်ချင်တာကတော့ အခု ဖေဖေသင်ကြားပေးလိုက်တဲ့သိုင်းပညာတွေနဲ့ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးကို ကျူးကျော်စော်ကားလာတဲ့ ရန်သူတွေကို သုတ်သင် ချေမှုန်းပစ်ပါ၊ ပြည်သူလူထုကို ဒုက္ခပေးနေတဲ့ ဒုစရိုက်သမားတွေကို ချေမှုန်းသုတ်သင်ပစ်ပါ၊ အဓိကကတော့တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းမှ ဖေဖေတို့နိုင်ငံဟာ စည်းစည်းလုံးလုံး အေးအေးချမ်းချမ်းနဲ့ နေနိုင်မှာ ဖြစ်တယ်၊ သမီးလေး ဖေဖေ ပြောတာတွေ အထူးဂရုစိုက်နော်'

'စိတ်ချပါ ဖေဖေ၊ ဖေဖေ ပြောတာတွေကို သမီးအ[illegible] လိုက်ပါ့မယ်၊ သမီးတို့မြေပေါ် ကျူးကျော်ဝင်ရောက် ထ[illegible]း

စော်ကားလာတဲ့ နယ်ချဲ့တိုင်းတစ်ပါးသားမှန်သမျှကို ချေမှုန်း သုတ်သင်ပစ်ပါ့မယ်၊ အဲဒီအချိန်မှာ သမီးအသက် သေချင် သေသွားပါစေ၊သမီးဂရုမစိုက်ပါဘူး၊ သမီးအနစ်နာခံဆောင် ရွက်ပါ့မယ်'

ဖခင်ဖြစ်သူမျိုးချစ်သိုင်းသမားကြီးက သာဓုသုံးကြိမ်ခေါ် လိုက်မိသည်။

'အိမ်း....သမီးလေး တေးမသိရန်မခပါစေနဲ့၊ ကိုင်း—သွား ပေတော့'

မင်စိက ဖခင်ဖြစ်သူမျိုးချစ်သိုင်းသမားကြီးကိုဂါရဝပြုလိုက် ပြီးနောက် ထွက်ခွာလာခဲ့ရ

လမ်းတစ်ဝက်မှာပင် ဒုစရိုက်ကောင်သုံးကောင်နှင့်ကြုံလိုက် ရသည်။

ထိုဒုစရိုက်သမားသုံးကောင်တို့က အိမ်တစ်အိမ်ကို ခေါ်ပြ ဝင်တိုက်ပြီး မိသားစု အားလုံးကို သတ်ပစ်လိုက်သည်။ မိန်းမ ပျိုများကို စော်ကားလိုက်သည်။ထိုသုံးယောက်တို့ကို မင်စိက ဟန့်တားတားလိုက်သည်။

'ဟိတ်....အပြစ်မဲ့ ပြည်သူတွေကို သတ်ဖြတ်စော်ကားနေတဲ့ အမိုက်ကောင်တွေ၊ မင်းတို့ ဘယ်ပြေးမလဲ၊မင်းတို့သေမင်းဂါ ရောက်လာပြီ'

ငမိုက်သား သုံးကောင်တို့က ချောမောလှပသော မင်စိ၏ အစွမ်းကို မသိသဖြင့် ဟားတိုက်ရယ်မောပစ်လိုက်ကြသည်။



'ဟား....ဟား ...ဟား ...မိန်းကလေးက အား သားပါ လား၊ မိန်းအလေးက ကိုယ့်လမ်းကိုယ်မသွားတဲ့ တာကိစ္စနဲ့ ကျုပ်တို့လုပ်ငန်းကို ဝင်ရှုပ်ချင်ရသလဲ'

ငမိုက်သားတစ်ယောက်က စူးရှခက်ထန်သော လေသံဖြင့် မေးမြန်းလိုက်သည်။

မင်စိက နှာခေါင်းရှုံ့လိုက်ရင်း....

'ကျွန်မက တခြားသူမဟုတ်ပါဘူး၊ ပြည်ခရာဇီတရားဘက် တော်သား သိုင်းသမားတစ်ယောက်ပဲ၊ ရှင်တို့လုပ်ရပ်တွေဟာ လွန်လှချည်လား၊အပြစ်မဲ့ပြည်သူတွေကိုလဲ သိုင်းပညာအားကိုး နဲ့ အနိုင်ကျင့်စော်ကား ပြုမူကြတယ်၊ ပစ္စည်းလုယူရုံအပြင်မက လူကိုပါ စော်ကားပြီး သတ်ဖြတ်လိုက်ကြသေးတယ်၊ရှင်တို့တာ လူတွေမှ ဟုတ်ရဲ့လား၊ မျိုးချစ်စိတ်ဆိုတာကင်းမဲ့၊ကိုယ့်တိုင်း ပြည် ကိုယ့်လူမျိုးအတွက် ဘာတစ်ခုမှမလုပ်၊ ဒါတွေသားပါ တော့ အချင်းချင်း ပြန်ပြီး ရက်ရက်စက်စက် ပြုမူနေကြတယ်၊ ရှင်တို့ကိုတော့ အရှင်ထားလို့ မဖြစ်တော့ဘူး၊ ရှင်တို့အသက် ရှင်နေရင် အဆိပ်ပင် ရေလောင်းတာနဲ့အတူတူပဲ'

ငမိုက်သားသုံးယောက်အနက်မှ အရပ်ရှည်ရှည်ငနဲက ဟက် ခနဲ ရယ်မောလိုက်ရင်း....

'မိန်းကလေးက တစ်ယောက်တည်းပါ၊ နောက်ပြီး ချော ချော လှလှ နုနုရွရွကလေး၊ ကျုပ်တို့က ဝါစဉ်အရင့်အခေါ င်းသမားကြီး သုံးယောက်၊ မင်းတာတို့သုံးယောက်နဲ့ယှဉ်ပြိုင်

တိုက်ခိုက်မလို့လား၊ စဉ်းစားဦးနော်၊ တော်ကြာမှတို့ကိုအဆိုး မဆိုနဲ့'

မင်စီက မျက်မှောင်ကြုတ်လိုက်ကာ စူးရှ ခက်ထန်သော လေသံဖြင့်....

'တိတ်စမ်း....ငမိုက်သားတွေ၊ နင်တို့သုံးကောင် မဟုတ် ဘူး၊ ရှိရှိသမျှ ဒုစရိုက်သမားတွေ အားလုံးလာတောင်လုံးဝ ဂရုမစိုက်ဘူး၊ ကြောက်လဲ မကြောက်ဘူး၊အခု နင်တို့ ဒုစရိုက် သမားသုံးယောက်ကို ငါသတ်ရတော့မယ်'

မင်စီက စကားဆုံးသည်နှင့် ရှေ့သို့ခုန်လွှားဝင်ရောက်ကာ တိုက်ခိုက်ပစ်လိုက်သည်။

'ယား....'

'ချပ်....'

'ဒုတ်....'

တစ်ခဏချင်းမှာပင် မင်စီ၏ခြေနှင့်အတူ ငမိုက်သား တစ် ယောက် ပြိုလဲကျသွားရသည်။ ကျန်နှစ်ယောက်မှာ အံ့အား သင့်ကာ မျက်လုံးပြူး မျက်ဆန်ပြူးများ ဖြစ်သွားရသည်။ နောက် ထိုနှစ်ယောက်က သတိဝင်လာပြီး မင်စီကို ဝိုင်းဝန်း တိုက်ခိုက်လိုက်ကြသည်။

သို့သော် မင်စီက ထိပ်တန်းသိုင်းသမားပီပီ ငမိုက်သား နှစ်ယောက်ကို လှုလှုပပကြီး ဆုံးမပစ်လိုက်သည်။ မင်စီ၏ ခြေချက်ကြောင့် ငမိုက်သားနှစ်ယောက်စလုံး မျက်လုံးမျာ



ဆန်းသွားကြရသလို လက်နှစ်ဖက်ကိုယ်စီ ပြုတ်ကျသွားကြရသည်။

မင်စီက ဒုစရိုက်သမားများကို ဆုံးမလိုက်ပြီးနောက် ထွက်ခွာရန် ဟန်ပြင်လိုက်စဉ်မှာပင် သူမ၏နောက်ကျောဘက်မှ ရယ်မောသံဟစ်ချက်ကို ကြားလိုက်ရသည်။

'ဟင်...'

မင်စီ၏ အံ့အားသင့်သွားပြီး လှည့်ကြည့်လိုက်ရာ ဝတ်စုံဝါ နှင့် အဘိုးအိုတစ်ယောက် တွေ့မြင်လိုက်ရသည်၊ ထိုအဘိုးအို မှာ ဒုစရိုက်ဂိုဏ်းရာဇာတစ်ယောက်ဖြစ်ကြောင်း မင်စီ အကဲ ခတ်လိုက်ရုံနှင့် တောင်းတောင်းကြီး ရိပ်စားမိလိုက်သည်၊ မင်စီက ထိုအဘိုးအိုကို ခြေဦးနှင့် ထိုးချိန်လိုက်ရင်းက မေး မြန်းလိုက်သည်။

'ရှင်ဘယ်သူလဲ၊ ဘာဖြစ်လို့ ခိုးကြောင်ခိုးဝှက်ရောက်နေရ တာလဲ'

အဘိုးအိုက ဟက်နဲ့ ရယ်မောလိုက်သည်။

'ငါက ခိုးကြောင်ခိုးဝှက်နဲ့ ရောက်နေတာ မဟုတ်ပါဘူး၊ ငါ ရောက်နေတာကြာပြီ၊ ငါ့လူတွေနဲ့ မင်းစပြီးတိုက်ခိုက် တာနဲ့ ရောက်နေတာပါပဲ'

မင်စီမှာ ထောင်းခနဲ ဒေါသထွက်သွားပြီး....

'ဪ... လက်စသတ်တော့ ရှင်က ဒုစရိုက်ဂိုဏ်းချုပ်ကြီး ကို၊ ရှင်နဲ့တွေ့ရတာ ကျွန်မဖြင့် အတိုင်းထက် အလွန်ကို ဝမ်းသာသွားတာပဲရှင်'

'ဘာဖြစ်လို့လဲ'

ဝတ်ရုံဝါအဘိုးအိုက မျက်မှောင်ကြုတ်ရင်း မေးမြန်းလိုက်သည်။ မင်စီက ခေါင်းကိုဝှေ့ယမ်းရင်း အေးစက်စက် လေသံဖြင့် ပြောကြားလိုက်သည်။

'အခု ရှင့်တပည့် ဒုစရိုက်သမားသုံးယောက်လဲ ဇီဝိန်ချုပ်သွားပြီ၊ ရှင်ပဲကျန်တော့တယ် မဟုတ်လား၊ ကျွန်မက တပင်တပန်းလိုက်မရှာရဘဲ ရှင်ကလာပြီး အသတ်ခံမယ်ဆိုတော့ ကျွန်မက ဝမ်းသာရမှာပေါ့၊ မဟုတ်ဘူးလား'

အဘိုးအို၏မျက်နှာမှာ တစ်မုဟုတ်ချင်း ခက်ထန် ကြမ်းကြုတ်သွားရကာ....

'မင်းစကားပြောတာ ဘောင်ခတ်စည်းကမ်းမရှိတဲ့ ကောင်မလေးပဲ၊ သိုင်းပညာကလေး မတောက်တခေါက်တတ်တာနဲ့ ငါတို့ကိုချေမှုန်းလို့ရမယ်ထင်သလား၊ စမ်းကြည့်ရသေးတာပေါ့ကွာ'

အဘိုးအိုက စကားဆုံးသည်နှင့် အဆစ်ကိုးဆစ်ပါသော သံမဏိကျာပွတ်ရှည်ကို ဝှေ့ယမ်းရင်းက မင်စီကို ကြမ်းတမ်းခက်ထန်စွာ တိုက်ခိုက်လိုက်သည်။

မင်စီမှာ တိုက်ပွဲအတွေ့အကြုံနုနယ်သေးသဖြင့် အဘိုးအို၏ တိုက်ကွက်တွင် ကြိုးစားရှောင်တိမ်းပေးနေရသည်။

အဘိုးအိုမှာ သိုင်းလောကမှ ဝါရင့်ဒုစရိုက်ဂိုဏ်းချုပ် တစ်ယောက်ဖြစ်လေရာ တိုက်ပွဲအတွေ့အကြုံလည်း ရင့်ကျက်နေလေပြီ။



ထို့ကြောင့် မင်စီမှာ အဘိုးအိုကို တိုက်ခိုက်သုတ်သင် ချေမှုန်းရန် မဆိုထားနှင့် ခုခံကာကွယ်ရန်ပင် အတော်ကလေး ကြိုးစားနေရသည်။

အဘိုးအိုက ဟားဟဲဟဲရယ်မောရင်းနှင့် ကျာပွတ်ကို ဝှေ့ယမ်းကာ ရှေ့သို့တိုးကပ်လာသည်။

နောက်ဆုံး၌ မင်စီ၏လက်ထဲမှဓားမှာ ကျာပွတ်ရိုက်ချက်ကြောင့် လွတ်ထွက်သွားရုံမက မင်စီမှာ နောက်ဆုတ်ရန် လမ်းပင်မရှိတော့ပါချေ။

'ယား....'

'ထန်း....'

ယင်းအချိန်မှာပင် မထင်မှတ်ဘဲ မင်စီအား ကယ်တင်ရှင် တစ်ယောက် ပေါ်ပေါက်လာခဲ့သည်၊ ထိုသူမှာ အခြားသူ မဟုတ်။

မင်စီကို စိတ်မချ၍လိုက်လာသော မင်စီ၏ ဖခင်မျိုးချစ် သိုင်းသမားကြီးပင် ဖြစ်လေသည်။

မျိုးချစ်သိုင်းသမားကြီးက မင်စီကိုစိတ်မချ၍ မြင်းနှင့် အပြေးနှင်ကာ လိုက်လာခဲ့ခြင်းပင် ဖြစ်သည်။

'ဟိတ်....ဟဲစန်ချူ၊ မင်းအခုထက်ထိ မိုက်မဲနေတုန်းပါပဲ လားကွ'

ရုတ်တရက်ရောက်ရှိလာသော မင်စီ၏ဖခင် မျိုးချစ်သိုင်း သမားကြီးက ဒုစရိုက်ဂိုဏ်းချုပ်အား စူးရှခက်ထန်စွာဖြင့် ပြောကြားလိုက်သည်။

ဟဲစန်ချုံခေါ် ဒုစရိုက်ဂိုဏ်းချုပ်အား တံခါးတွေးကို ထွေခံနဲ့ ထွေးလိုက်ပြီး...

'ဟိုတီ....အာဘက်တန်၊မင်းကိုကိုယ်နဲ့မဆိုင်ဘဲ ဘာဝင်ရှုပ်တာလဲ'

'ဒါ ငါ့သမီးကွ၊ ငါစိတ်မချလို့လိုက်လာတာ'

'ဟေ...'

အာဘက်တန်၏စကားကြောင့် ဟဲ့စန်ချုံမှာ အံ့အားသင့်သွားရသည်။

'ဒါ....ဒါ မင်းသမီးလား'

'ဟုတ်တယ်၊ ဒါ ငါ့သမီးပဲ၊ အခု သူဟာ နေပြည်တော်မှာ အမှုထမ်းဖို့သွားမလို့ထွက်လာတာ၊ အဲဒါ ငါက နောက်ကနေ စိတ်မချလို့လိုက်လာတာကွ'

ဒုစရိုက်ဂိုဏ်းချုပ်ဟဲစန်ချုံ၏မျက်နှာမှာ ရှက်စိတ်ကြောင့် ရဲရဲနီသွားရသည်။

သူဟာ ခေါင်းငိုက်စိုက်ချထားလိုက်မိသည်၊အာဘက်တန်က လေးနက်သောလေသံဖြင့် ပြောကြားလိုက်သည်၊

'သူငယ်ချင်း ရာဇဝတ်ဘောဆိုတာ ပြေးလို့မလွတ်သလို မကောင်းမှုဆိုတာလဲ ဆိတ်ကွယ်ရာမရှိပါဘူး၊ အဖျက်သမားဆိုတာ နောက်ဆုံးမှာ ကျဆုံးစမြဲပါပဲ၊ အခု သူငယ်ချင်းတို့ လုပ်ရပ်တွေဟာ သိပ်ကိုမှားနေကြပြီ၊ကိုယ်တတ်ထားတဲ့ သိုင်းပညာနဲ့ ပြည်သူလူထုကို စောင့်ရှောက်ကာကွယ်ပေးရမယ်၊ ပြည်သူလူထုရဲ့ အေးချမ်းသာယာ အိုးအိမ်စည်းစိမ်ရတနာတွေကို စောင့်ရှောက် ထိန်းသိမ်းပေးရမယ်၊ တိုင်းတစ်ပါးက ကျူးကျော်ဝင်ရောက်လာတဲ့နယ်ချဲ့တွေကို တွန်းလှန်ဖြိုဖျက်ရမယ်၊ ဒါတွေ လုပ်ဆောင်ရမှာပေါ့ကွာ၊ အခုတော့ မင်းတို့က ဆန့်ကျင်ဘက်အမှားတွေကိုပဲ ဆက်တိုက် လုပ်ဆောင်ခဲ့ကြတယ်၊ ဘယ်ကောင်းမလဲကွာ၊ ဘယ်လောက်ရှက်စရာကောင်းသလဲ၊ သူငယ်ချင်းနဲ့ကိုယ်နဲ့က သိုင်းပညာ အတူတူသင်ထားကြတဲ့ ဂိုဏ်းတူညီအစ်ကိုတွေပါ၊ ဆက်ပြီး မမိုက်ချင်စမ်းပါနဲ့ကွာ၊ အမှားဆိုတာ အမှန်မြင်လိုက်တာနဲ့ ချက်ချင်းပြင်လို့ရပါတယ်၊ အဲဒီမှာပင် လူကောင်းဘဝကို ခဏလေးနဲ့တစ်သက်လုံးပိုင်ဆိုင်သွားပါလိမ့်မယ်'

'အင်း....မဇော်းပြောတာ ဟုတ်ပါတယ်သူငယ်ချင်း၊ ဝါ့အမှားတွေကို ငါပြန်မြင်လာပါပြီ၊ ငါနောင်တရပါပြီကွာ၊ ဝါ့အပြစ်တွေကို ချေးနဲ့ဆေးကြောဖို့အတွက် ငါကိုယ်တိုင် သက်ဆိုင်ရာသွားပြီး အဖမ်းခံလိုက်ပါတော့မယ်'

ဒုစရိုက်ဂိုဏ်းရာဇာကြီး ဟဲစန်ချုံက စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ပြီး ပြောကြားလိုက်သည်။

သူ့စကားကို ကြားလိုက်ရသောအခါ အာဘက်တန်ရော မင်းဇီတို့မှာ ဝမ်းသာအားရဖြစ်သွားကြရတော့သည်။

အာဘက်တန်က အလွန်အားတက်ဝမ်းသာသွားရပြီး ပြောကြားလိုက်သည်။

'ဟာ....အခုလိုကြားလိုက်ရတာ ဝမ်းသာလိုက်ဘာသွယ် ချင်းရာ၊ မင်း အမြင်မှန်ရတာ ငါ့အနေနဲ့ ဝမ်းသာလို့မဆုံး ပါဘူး၊ မင်းကို သိုင်းလောကမှာ လူကောင်းတစ်ယောက် အနေနဲ့ ပြန်မြင်ချင်ပါတယ်ကွာ၊ မင်းကိုငါတို့ အဖြူရောင် ဘက်တော်သားတွေက ထာဝစဉ် စောင့်ကြိုနေပါမယ်ကွာ'

ဒုစရိုက်ဂိုဏ်းရာဇာကြီး ဟဲဝန်ချုံနှင့် မျိုးချစ်သိုင်းသမား ကြီး အဲဘတ်တန်တို့မှာ တစ်ယောက်ကိုတစ်ယောက် တင်း ကျပ်စွာ ဆုပ်ကိုင်ထားလိုက်မိကြတော့သည်။

မင်စီမှာမူ မျက်ရည်များ ရစ်ဝိုင်းလာရင်းက သိုင်းပညာ ရှင်ကြီးနှစ်ယောက်ကို ငေးကြည့်နေမိလေတော့သည်။

နောက်ပိုင်း၌ မင်စီသည် ဘုရင့်လျှို့ဝှက်တပ်ဖွဲ့တွင် ဝင် ရောက် အမှုထမ်းဆောင်ရင်း သိုင်းလောကအတွင်းသို့ ဝင် ရောက်လာခဲ့သည်၊

တိုက်ပွဲပေါင်း များစွာကို တိုက်ခိုက်ကြုံတွေ့လာရရင်းမှ တိုက်ပွဲအတွေ့အကြုံရင့်ကျက်တာ သိုင်းပညာရှင် အရင့်အမာ တစ်ယောက် ဖြစ်လာရသည်။

မင်စီသည် သိုင်းလောကတွင် သွားလာကျင်လည်ကျက်စား ရင်း သိုင်းလောကသား လူအမျိုးမျိုး၊ စိတ်အဖုံဖုံနှင့်ကြုံတွေ့ ခဲ့ရသည်။

သူမသည် သူမဖခင်ကြီး မှာကြားလိုက်သည့် အတိုင်း မကောင်းသူပယ်၊ ကောင်းသူကယ် လုပ်ငန်းများကို ထောင် ရွက်သည်၊



တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာ အေးချမ်းရေးအတွက် သူမ တတ်ကျွမ်းထားသော သိုင်းပညာကိုအသုံးချကာဒုစရိုက် သမားများကို ရှုပ်ရှုပ်ချချ တွန်းလှန် ချေမှုန်း ပစ်ခဲ့ သည်။

သူမ၏ ရှုပ်ရှုပ်ချချ စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက် မှုများကြောင့် ဘုရင်မင်းမြတ်က သူမကို ရာထူးများ တစ် ဆင့်ပြီးတစ်ဆင့် တိုးကာ ပေးသနားတော်မူခဲ့သည်၊

မင်စီသည် သိုင်းလောက၌ ကျင်လည်ကျက်စားရင်း သိုင်း ပညာရှင်ကြီးများနှင့် ကြုံတွေ့ခဲ့ရသည်။

ထိုသိုင်းပညာရှင်ကြီးကို လိမ္မာပါးနပ်စွာ ချဉ်းကပ်ရင်း သူမက လျှို့ဝှက်ဆန်းပြားသော ခါးကွက်များ၊ အစွမ်းထက် ပြီး ကြောက်စရာကောင်းသော လက်နက်ပုန်းပညာရပ်များ၊ ကိုယ်ဖော့ပညာရပ်များကို သင်ကြား၍ လေ့လာခွင့် ရခဲ့လေ သည်။

ထိုသိုင်းပညာရှင်ကြီးများကလည်း မင်စီကို သမီးလေး အရင်းအချာတစ်ယောက်သဖွယ် သဘောထားကာ မှာကြား လိုက်ကြသည်၊

'ချစ်သမီး....ချစ်သမီး၊ အခုတတ်မြောက်ထားတဲ့ သိုင်း ပညာတွေကို တိုင်းပြည်နဲ့လူမျိုးအတွက်အသုံးချပါ၊ မျိုးချစ် စိတ်ရှိပြီး အနစ်နာခံတဲ့ သိုင်းသမားတွေ ဒုက္ခရောက်နေရင် ကယ်တင်ပေးပါ၊ တရားဥပဒေ စိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်း

ရေးကို အထူးဂရုစိုက်လုပ်တာပေါ့၊ ရန်သူနဲ့ ရင်ဆိုင်တွေ့ကြုံတိုက်ခိုက်ရတဲ့အခါ ဘယ်တော့မှ သတိမလစ်စေနဲ့ကွယ်၊ ရန်သူကို အထင်မသေးရသလို အထင်ကြီးစရာလဲ မလိုဘူး၊ ဒုစရိုက်သမားတွေဆိုတာ အဓိမတန်ကောက်ကျစ်ယုတ်မာသူတွေဖြစ်တယ်၊ သူတို့နဲ့ တိုက်ခိုက်တဲ့အခါမှာ သမီးအနေနဲ့ အထူးသတိထားရမယ်၊ သူတို့ကိုလျှော့တွက်လို့မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ စောစောက ဘဘပြောသလို သူတို့ဟာ နေမထူး သေမထူး သိုင်းသမားတွေဆိုတော့ သမီးကိုကောက်ကျစ်စဉ်းလဲစွာနဲ့ တိုက်ခိုက်ကြမှာ သေချာတယ်'

'စိတ်ချပါ ဘဘ၊ သမီးအနေနဲ့ သူတို့ကိုဂရုစိုက်ပြီးတိုက်ခိုက်ပါ့မယ်'

'အိမ်း....နောက်တစ်ခုကတော့ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးကို ကျူးကျော်ရန်စ စော်ကားလာတဲ့ နယ်ချဲ့တိုင်းတစ်ပါးက ရန်သူတွေကို အနိုင်မခံအရှုံးမပေးစိတ်ဓာတ်နဲ့ တွန်းလှန်ဖြိုဖျက် တိုက်ခိုက်ပါ၊ ဒီစကားတွေဟာ ငါတို့နိုင်ငံကို ကျူးကျော်ရန်စမှုတွေ ပြုနေတာ တစ်ခါ မကတော့ဘူး၊ အကြိမ်ကြိမ်အခါခါ ရှိနေပြီ၊ သင်းတို့ဟာ အဘော်ရဲသာပြီး တို့နိုင်ငံထဲကို ထိုးဖောက်ဝင်ရောက်လာချင်တယ်၊ ထိုးဖောက်ဝင်ရောက်လာတဲ့ နယ်ချဲ့ဘက်က သိုင်းသမားတွေ၊ သူလျှိုတွေကို အတတ်နိုင်ဆုံး လက်ရဖမ်းဆီးဖို့ လိုအပ်တယ်၊ ဒါမှ သူတို့ကို စစ်မေးပြီး သူတို့ဘက်က အကြံအစည်ကိုတွေ့ကိုသိရလိမ့်မယ်'



'ဟုတ်ပါတယ်ဘဘ၊ သူတို့ကို အတတ်နိုင်ဆုံးလက်ရဖမ်းဆီးဖို့ ကြိုးစားပါ့မယ်၊ တကယ်လို့ သူတို့က အဖမ်းအဆီးမခံဘဲ ပြန်လှန်တိုက်ခိုက်နေရင်တော့ သုတ်သင်ပစ်ရပါလိမ့်မယ်'

'မှန်တယ်သမီး....ရန်သူဆိုတာ ဘယ်လက်လွှတ်ခံလို့ဖြစ်ပါ့မလဲ၊ သူတို့ကို အနုနည်းနဲ့ ဆုံးမလို့မရရင် အကြမ်းနည်းနဲ့ ဆုံးရတော့မှာပေါ့၊ သူတို့က အဖမ်းမခံဘဲပြန်ပြီး ရက်ရက်စက်စက် ကြမ်းကြုတ်စွာနဲ့ ပြန်ပြီး တိုက်ခိုက်နေရင် ကိုယ့်ဘက်က ညှာတာလို့နေတော့ မဖြစ်ဘူး၊ တစ်ခါတည်းသုတ်သင်ပစ်လိုက်ပေတော့'

'ကောင်းပါပြီဘဘ၊ အခုဘဘမှာကြားလိုက်တဲ့ စကားတွေကို သမီးတစ်သက်လုံး လိုက်နာခံယူ ကျင့်သုံးပါ့မယ်လို့ ကတိပြုပါတယ်'

'သာဓု...သာဓု...သာဓု'

အလွန်အမင်း စိတ်လှုပ်ရှားလာသောကြောင့် ငှူဆင်ကျင်သည် အရက်ကိုသာ ဖိ၍ သောက်နေလိုက်သည်။

တာဝန်ဝတ္တရားများ၏ အကြားဝယ် နှလုံးသားရေးရာပြဿနာများ မရောယှက်သင့်ဟူ၍ သူ့ကိုယ်သူအကြိမ်ကြိမ်ဆုံးမနေမိလေသည်၊

သို့ရာတွင် ခက်နေသည်က သူသည် သစ်သားရုပ်လူသားမဟုတ်ပါလေ။

သွေးနှင့်ကိုယ် သားနှင့်ကိုယ် လူသားတစ်ဦးရယ်ပါ။

ဇူဆင်ချင်သည် ဂူအပြင်သို့ ထွက်လိုက်၏၊

"ရှစ်– ရှစ်….ရှစ်"

ဟူသော လေထုကိုထိုးခွဲသည့် အသံများကို ခပ်သဲ့သဲ့ ကြားရလေသည်။

ကျောက်ဆောင်ကြီးတစ်ခု၏ နောက်ကွယ်မှပေါ်ထွက်လာနေခြင်းပင် ဖြစ်သည်။

စမ်းချောင်းထဲတွင် ရေချိုးနေသော မင်စီကိုမတွေ့ရ၊ မိမိကြားရသောအသံမှာ တင်စုံတစ်ဦး ဓားသိုင်းလေ့ကျင့်နေသော အသံမျိုးပင်ဖြစ်ကြောင်း ဇူဆင်ကျင် သိလိုက်သည်။

ဇူဆင်ကျင်သည် သူ့ရှေ့မှ ကျောက်ဆောင်ကြီးပေါ်သို့ ခုန်တက်လိုက်လေသည်။

ဇူဆင်ကျင် ထင်သည့်အတိုင်းပင်။

မင်စီသည် ရေချိုးကာနီးဝယ် သွေးပူလေ့ကျင့်ခန်း လုပ်သည့်အနေဖြင့် ဓားသိုင်းကစားနေလေသည်။

သူမ ကစားနေဟန်မှာ အလွန်ပင် ကြည့်၍ကောင်းလှပေသည်။

ဇူဆင်ကျင်သည် ဓားသိုင်းကဗျာတစ်ပုဒ်ကို သတိရသွားမိလေသည်။

ကဗျာဆရာ တူဖူးဆိုသူသည် ကျွန်ဆန် အမည်ရှိသော အမျိုးသမီးတစ်ဦး ဓားကစားပွဲကို စပ်ဆို သီကုံးထားခြင်းပင် ဖြစ်သည်။



မိန်းကလေး လှဲလိုက်ဝင့်လိုက် ခုတ်လိုက်သောဓားသည် ဒဏ္ဍာရီလူစွမ်းကောင်း လေးသမားရီ ပစ်ချခဲ့သည့် နေကိုးစင်းကဲ့သို့ တဖိတ်ဖိတ်တောက်ပလျက်ရှိလေသည်။

ဓားကိုင်မိန်းကလေး၏ လှုပ်ရှားသွားလာသည့် အရှိန်အဟုန်သည် နတ်ဒေဝါများ ကောင်းကင်၌ နဂါးတစ်ခုကို မောင်းနှင်နေတိသည့်အလား ရှုမငြီးဖွယ်ရာ။

သူမ၏ ဓားချက်များ၏အသံသည်ကား ညက်ညောလွန်းသဖြင့် ပုရစ်ငယ် အော်မြည်ဘိသကဲ့သို့ ရှိ၏။ ရပ်နားလိုက်သည့်အခါ လရိပ်ထိုးနေသည့် ရေမျက်နှာပြင်ကဲ့သို့ ငြိမ်သက်ပြီး ကျက်သရေရှိလှပေသည်။

နတ်မြင်းပျံကဲ့သို့ပင် သူမသည် ဘယ်ဘက်သို့ လှည့်သွား၏၊ ထို့နောက် ညာဘက်သို့ လှည့်သွား၏။ သူမ၏ ဓားရှည်ကို အထက်သို့ ပေရာပေါင်းများစွာသော အမြင့်သို့ မြောက်တက်သွားအောင် ပစ်တင်လိုက်သည်။

သူမ၏ဓားသည် မိုးသားအကြား၌ လျှပ်စီးလက်သကဲ့သို့ တဖြိုးဖြိုးတဖျပ်ဖျပ် ဝင်းထိန်ပလျက်ရှိနေတော့သည်။

အလွန်မြင့်စွာမှ ပြန်ကျလာသော ဓားလွတ်ကို ဓားအိမ်ဖြင့် မတိမ်းမစောင်း အံကိုက်ကျလာအောင် ခံယူလိုက်လေသည်။

မင်စီသည် ကဗျာဆရာ ကူဖူး၏ ကွန်ဆန် ကဗျာထဲမှ ဓားသိုင်း အကွက်များအတိုင်း စနစ်တကျနှင့် အစီအစဉ်ရှိရှိ လေ့ကျင့်နေခြင်းပင်။

'ဝှစ်'

ခါးသိုင်းလေး ကျွင့်နေရင်းမှ မင်းစီသည် ကျောက်ဆောင်ပေါ်သို့ သူမ၏ခါးကို ပစ်လွှတ်လိုက်လေသည်၊ ပျံသန်းလာသော ခါးသည် မြားတစ်စင်း ပစ်လိုက်သည့်အလား မြန်မှုသည်၊ နဂါးပျံ ခါးသိုင်းကွက် ဖြစ်ချေသတည်း။

ဇူဆင်ကျင်၏ လည်မျိုရှိရာသို့ တည့်တည့် ပြေးဝင်လာ၏။ လျှပ်စစ်လက်သကဲ့သို့ မြန်လှ၏။

ဇူဆင်ကျင်သည် ငုံ့၍ ရှောင်ပေးလိုက်၏။

'ရှီး....ဝေါ'

ခါးသည် ဇူဆင်ကျင်၏ ဦးခေါင်းအထက်မှ ဖြတ်သန်းသွားသည်။

'အား....'

ဇူဆင်ကျင်သည် သူ့နောက်မှ အော်ဟစ်သံ တစ်သံ ကြားလိုက်ရ၏၊ လှည့်ကြည့်လိုက်၏။ ခါးသည် လူတစ်ယောက်၏ ရင်ဝ၌ စူးဝင်ကာ လဲကျသွားသည်။

'ယား'

မင်းစီသည် ဇူဆင်ကျင်ရှိနေသော ကျောက်တုံးပေါ်သို့ ခုန်တက်လာ၏။

'ဟိုသစ်ပင်ပေါ်က ရှင့်အပေါ်ကို ခုန်ချလိုက်တာပဲ'

မင်းစီသည် လျှင်မြန်လှ၏။ ပြောပြောဆိုဆိုနှင့် ရင်ဝ၌ ခါးစိုက်၍ သေဆုံးနေသူကို ပက်လက်ဆွဲလှန်၍ကြည့်လိုက်၏။



ထိုသူသည် အသက်ဝိညာဉ် ကင်းမဲ့နေသည့်တိုင် ညာလက်တွင် ခါးမြှောင်ကို မြဲမြံစွာ ကိုင်ထားဆဲ ဖြစ်သည်။

'ဟင်....ဟို....မုဆိုးပါလား'

မင်းစီ ရေရွတ်သည်။

မှန်သည်။ မုဆိုးသားအဖမှ သားမုဆိုး ဖြစ်သည်၊ မုဆိုး၏ လည်ပင်းတွင် အရုပ်တစ်ရုပ် ဆွဲထားသည်။ ကျောက်စိမ်းဖြင့် ထုလုပ်ထားသော ဝံပုလွေရုပ်။

'ဩော်—သူတို့သားအဖက ဝံပုလွေဖြူအဖွဲ့ကကိုး'

မင်းစီက မှတ်ချက်ပြုလိုက်၏။ ဇူဆင်ကျင်က ထိုလူ၏ လက်ထဲ၌ ဆုပ်ကိုင်ထားသော ခါးကို ဆွဲယူကြည့်လိုက်ရာ ခါးရိုး၌ ဝံပုလွေရုပ် ပါသည်။ ခါးသွား၌ 'ပိုင်သန်း ဝံပုလွေဖြူ' ဟု ရေးထားသည်။

နိုင်ငံခြားသား အဘိုးအို ပျော်ပွဲစားရုံ၌ သံချပ်ဝတ်မိန်းမချောလေးက မိမိကို ပစ်လိုက်သော ခါးမြှောင်နှင့် တစ်ပုံစံတည်း။

'ရှီး....ရှီး—ရှီး....ရှီး'

မရေမတွက်နိုင်သော များပြားသော မြား [illegible] ပျံသန်းလာလေသည်။ မင်းစီနှင့် ဇူဆင်ကျင်တို့သည် [illegible] တစ်လုံး နှစ်ခြမ်းကွဲ၍ လွင့်ထွက်သွားသကဲ့သို့ လူချင်း [illegible] ခုန်ထွက်သွားသည်။

ဇူဆင်ကျင်က ကျောက်တုံးကြီးတစ်တုံးဘေးသို့ ပြေးကပ်လိုက်၏၊ မင်စီက ကျောက်ဖျာတစ်ခု၏ နောက်တွင် ပုနေလိုက်သည်။

မြားသမား သူတို့ကို မျက်ခြည်ပြတ်သွားပုံရ၏။

အခြေအနေမှာ လွန်စွာ တိတ်ဆိတ် ငြိမ်သက်သွားသည်။

ဇူဆင်ကျင်သည် မင်စီရှိနေသော ကျောက်ဆောင်ဘေးသို့ ဖြတ်ပြေးလိုက်သည်။

'ရှီး...ရှီး...ရှီး'

မြားသုံးစင်းက ဇူဆင်ကျင်၏ ခေါင်းပေါ်၌ ပျံဝဲသွားလေသည်။

မြား၏ လာရာ လမ်းကြောင်းကို ဇူဆင်ကျင် သိလိုက်လေပြီ။

'မြားသမားဟာ အနည်းဆုံး သုံးယောက်လောက် ထင်တယ်'

မင်စီက လေသံတိုးတိုးလေးနှင့် ဆို၏။

ဇူဆင်ကျင်က ခေါင်းခါပြသည်။

'မဟုတ်ဘူး၊ တစ်ယောက်တည်း'

'ဘာကြောင့် ဒီလိုပြောနိုင်တာလဲ'

'မြားလာတဲ့လမ်းကြောင်းဟာ တစ်မျိုးတည်း ဖြစ်နေ... သူဟာ မြားဝိဇ္ဇာပဲ၊ တစ်ယောက်တည်းက သုံးလေ...



...ယောက် ဝိုင်းပစ်နေသလိုမျိုး ထင်ရအောင် ပစ်နိုင်တာဟာ ...တို့ရဲ့ ကျွမ်းကျင်မှုကို ဖော်ပြနေတယ်'

'ဟိုမှုဆိုးကြီးဖြစ်လိမ့်မယ်ထင်တယ်'

'ဟုတ်မယ်ထင်တာပဲ'

ဤသို့ပြောပြီးနောက် ဇူဆင်ကျင်သည် သူ၏ ဦးခေါင်းမှ ...မြက်ဦးထုပ်ကို ချွတ်လိုက်၏။ ထို့နောက် သစ်ကိုင်းခြောက် ...တစ်ခု၌ ဆောင်းပေးလိုက်ပြီး ကျောက်ဆောင် အပြင်ဘက်သို့ ...သိမ့်သာ ထုတ်လိုက်၏။

'ရှီး...ရှီး'

ဇူဆင်ကျင်၏ မြက်ဦးထုပ်သည် လွင့်ထွက်သွား၏။ မြား...သုံးချောင်းက ဦးထုပ်တွင် တြိဂံပုံ စူးဝင်နေလေတော့သည်။

ဇူဆင်ကျင်သည် ပြုံးလိုက်၏။ သူ၏ ချိုင်းအောက်တွင် ...တိတ်တလေးမျှနှင့် ချိတ်ဆွဲထားသော ပေါက်ခေါ်သုံးစင်း...ကို ယူလိုက်၏။

မင်စီက သူ့ကို ပြုံးပြသည်။

'ယား...ယား...ယား...ယား'

ဇူဆင်ကျင်သည် ကျောက်ဆောင်ပေါ်သို့ မြောက်တက်...သွားသည်။ လေထုထဲတွင် ပျံဝဲရင်းမှ ပေါက်ခေါ်သုံးစင်းကို ...တစ်ပြိုင်နက် ပစ်လွှတ်လိုက်လေသည်။

'အား...'

အသံနက်ကြီးဖြင့် အော်သံတစ်သံကို ကြားလိုက်ရ၏၊ သစ်...ပင် တစ်ပင်၏ ခွဆုံမှ လူတစ်ယောက် ပြုတ်ကျလာလေသည်။

ထိုလူရှိရာသို့ မင်စိ ရှေးဦးစွာ ပြေးသွားသည်။

ဇူဆင်ကျစ် သူမနောက်မှ ကပ်ပါသွား၏။

သူတို့ထင်သည့်အတိုင်းပင် ဖြစ်နေ၏။ စောစောက သား ယာခု ဖခင်။

မှဆိုးသားအဖ ဇာတ်သိမ်းသွားကြလေပြီ။

မြားဝိဇ္ဇာ မုဆိုး၏ လည်မျိုတွင် စူးဝင်နေသော ခေါင်းသုံး ချောင်းကို ဇူဆင်ကျ ်သည်ပြန်လည်နုတ်ယူလိုက်၏။ထို့နောက် ခေါင်းသုံးချောင်းကို စမ်းရေတွင်ဆေး၍ ချိုင်းအောက်မှ အိတ် များထဲသို့ ပြန်လည်ထည့်သွင်းထားလိုက်သည်၊

မင်စိက ဇူဆင်ကျင် ခေါ်များကို ရေဆေးနေစဉ် စမ်း ချောင်းထဲသို့ ဆင်း၍ ရေချိုးနေလေပြီ။ သူမသည် သီချင်း တစ်ပုဒ်ကို ဆိုညည်းနေလေသည်။

'ပြည့်ဝလိမ္မာသော မိန်းကလေးတစ်ယောက်ကို ပြည့်တန် ဆာမအဖြစ်သို့ အတင်းအကျပ်လုပ်ခိုင်း၍မရ'

'အဖိုးထိုက်တန်သော တော်ဝင်ပန်းလေးကိုလဲ လူသာမန် တို့ ခူးဆွတ်လို့မရ'

'ကျွန်မ ဒဏ္ဍာရီထဲက သူရဲကောင်းလို ယောကျ်ားမျိုးကိုမှ မြတ်နိုးနိုင်မယ်'

စောစောက ကြုံတွေ့ခဲ့ရသော အသည်းယားဖွယ်ရာအရေး အခင်းများကို ပဓာနထားပုံမရ၊

သူမအတွက် တွေ့ရိုးတွေ့စဉ်၊ ဖြစ်ရိုးဖြစ်စဉ်တွေမို့ စိတ်လှုပ် ရှားမှု အလျဉ်းမရှိပုံမရပေ။



မင်စိ ဆင်းသက်၍ ကူးခတ်နေသော စမ်းရေမှာ ကျောက် သားကြောက်ပမာ ကြည်လင်နေလေသည်။

ရေသူမလေးကဲ့သို့ ကူးခတ်နေသော သူမကို အတိုင်းသား ပင် မြင်တွေ့နေရ၏။

သူမသည် လွန်စွာပါးလွှာသော အဆားကပ် အင်္ကျီလေးမျှ သာ ဝတ်ဆင်ထားလေသည်။

'ဇူဆင်ကျင်'

'ဗျာ....'

'ရှင် ကျွန်မကို ကင်းစောင့်ပေးနေတာလား၊ ဟင့်....ဟင့် ဟင့်'

သူမသည် အလွန်ပျော်ရွှင်ကြည်နူးနေပုံရပေသည်။

ဇူဆင်ကျင်ကို လှမ်း၍ပြောလိုက်ပြီးနောက်ကျောက်ဆောင် ၏ တစ်ဖက်စွန်းကို ညင်သာစွာ သွားလေသည်၊

ရေထဲတွင် ငါးတစ်ကောင် ကူးခတ်နေဘိသကဲ့သို့ထင်ရ၏။ သူမသည် အငြိမ်မနေစတမ်း ကူးခတ်နေသော်လည်း ရေလှိုင်း ဂယက် ထုံးဝမထွက်ပေ။

ရေသံလည်း လုံးဝမကြားရပေ။

ဤအချက်မှာ ထူးဆန်းလှပေ၏။

မင်းစိသည် ရေသွိုင်းအောင်ထားသူဖြစ်ကြောင်း ဇူဆင်ကျင် ရိပ်မိလိုက်ပါသည်။

မည်မျှ ဝါရင့်ကျွမ်းကျင်သော သိုင်းသမား ဖြစ်စေကာမူ ရေသိုင်းအောင်ထားသူ တစ်ဦးကိုရေထဲတွင် တိုက်ခိုက်၍အနိုင်ဖိ မရနိုင်ပေ။

သူမ ရေချိုးပြီးသွားသည်၊

စမ်းချောင်းထဲမှတက်လာသည်။ ပါးလွှာစိုစွတ်နေသောအင်္ကျီစမှ ရေများ တစက်စက်ကျနေသည်။

* * *

ခေါင်းဆောင် သံချပ်ဝတ် မိန်းမချောလေး၏အမည်မှာ တိုက်မေလီဖြစ်ကြောင်း ယူချင်းချန်က ပြောပြခဲ့သည်။

'နင်ရှာဝေ နယ်စားကြီးက မင်းကို ဘာကြောင့် ဖမ်းသွားတာလဲ'

'ဖမ်းသွားတာတော့ မဟုတ်ဘူး၊ ဆွမ်းခံရင်း ငှက်သင့်တဲ့သဘောပါ'

'ရှင်းပြပါဦး'

'ဒီလိုပိုင်လန်းအဖွဲ့ဟာ သူတို့သက်ထဲက ကျွန်မခိုးယူလာတဲ့ နဂါးခုနစ်ကောင်ကို ပြန်လိုချင်တယ်၊ ကျွန်မနောက်ကိုအရိပ်ပမာ တကောက်ကောက်လိုက်နေခဲ့တယ်၊ တစ်နေ့တော့ကျွန်မဟာ ဝူကျိဆိုတဲ့ နာမည်နဲ့အဘွားကြီးအဖြစ် ရုပ်ဖျက်ပြီး ဆိုင်နန်မြို့က မထင်မရှား ပျော်ပွဲစားရုံအသေးတစ်ခုမှာခေတ္တပုန်းခိုနေခဲ့တယ်'



'အင်း....'

'အဲဒီအချိန်မှာ ပိုင်လန်းအဖွဲ့ဟာ ကျွန်မကိုအနံ့ရပြီး လာဖမ်းဖို့ ကြိုးစားတယ်၊ အဲဒီလို အချိန်မှာတင်ပဲ ရွှေခြသေ့အဖွဲ့ဟာ ရောက်လာပြီး ကျွန်မကို ကယ်ဆယ်သွားခဲ့တယ်၊ အဲဒီလို ကယ်ဆယ်တာ တိုက်ဆိုင်မှုလား၊ ကြိုတင်အစီအစဉ်ပဲလား ဆိုတာတော့ ကျွန်မ မသိဘူး'

'ဆက်ပြောပါ'

'ဒီနည်းနဲ့ ကျွန်မဟာ ရွှေခြသေ့အဖွဲ့ကြီးကိုရောက်သွားခဲ့တယ်၊ ကျွန်မရဲ့နဂါးခုနစ်ကောင်ကိုတော့ နင်ရှာဝေနယ်စားကြီးက သိမ်းယူထားတယ်'

'နဂါးခုနစ်ကောင်က နင်ရှာဝေနယ်စားကြီးအတွက်ဘယ်လို အသုံးဝင်နေလို့လဲ'

'ချန်ဆားမြို့မှာ နဂါးပလ္လင်ကို ပုန်ကန်မယ့်နဂါးကြီးခုနစ်ကောင် လျှို့ဝှက်ချက်တွေ ဆွေးနွေးကြတာကို သူ့အနေနဲ့ သတင်းရရှိခဲ့တယ်တဲ့၊ အဲဒီနဂါးကြီးတွေဟာ ဘယ်သူတွေဘယ်ဝါတွေလဲဆိုတာ သိရအောင် သူဟာ စုံစမ်းထောက်လှမ်းနေခဲ့တယ်တဲ့၊ ကျွန်မဆီက နဂါးခုနစ်ကောင်ကိုလဲ ရသွားရော နယ်စားကြီးဟာ အလွန်အမင်း နှစ်သိမ့်ကျေနပ်သွားခဲ့တယ်'

မင်းစီ၏မျက်နှာကလေးမှာ ရင့်ကျက် တည်ကြည်နေသည်။ သူမ၏ အထက်အရာရှိတစ်ဦးကို အလုပ်သဘောအရ အသေးစိတ် အစီရင်ခံနေပုံမျိုး ဖြစ်သည်။

ဇူဆင်ကျင်က လေးနက်စွာ စဉ်းစားတွေးတောရင်း နားထောင်နေ၏။

မင်စီဏ ဆက်ပြောလိုက်သည်။

'ဒါပေမယ့်—'

သူမက ဇူဆင်ကျွင်ကို ခေတ္တအကဲခတ်နေလိုက်သည်။

'ဆက်ပြောပါ'

ဟု ဇူဆင်ကျွင်က နှိုးဆော်လိုက်၏။

'နှင်ရှာဝေ နယ်စားကြီးဟာ ကျွန်မလက်ထဲကရတဲ့ နဂါးခုနစ်ကောင် သေတ္တာကို ဖွင့်ကြည့်တဲ့အခါ အလွန်အမင်း ထိတ်လန့် အံ့ဩသွားပုံရတယ်'

'သူ သေတ္တာထဲမှာ ဘာကို တွေ့လိုက်ရလို့လဲ'

* * *

အခန်း (၁၂)

## ဌာနချုပ်မှညွှန်ကြားချက်

'ဟန်ဆုကျွမ်ရဲ့အိပ်ခန်းထဲက ကျွန်မခိုးယူလာတဲ့ သေတ္တာထဲမှာ ကျောက်စိမ်းရုပ်တုတစ်ခုရှိတယ်၊ ချန်ဆခ လျှို့ဝှက်ဆွေးနွေးပွဲမှာ ပါဝင်ခဲ့တဲ့ နဂါးကြီးခုနစ်ကောင်ရဲ့ (ပုံတူရုပ်တု)သေးသေးလေးတွေပဲ၊ ရုပ်တုတိုင်းမှာလဲ ပထမနဂါး၊ ဒုတိယနဂါးစသည်ဖြင့်ရေးထားပြီး ဘယ်သူဘယ်ဝါ ဆိုတာ ရာထူးကမ္ပည်းတွေ ထိုးထားတယ်'

'အင်း'

'နယ်စားကြီးဟာ နဂါးခုနစ်ကောင်ထဲမှာ သူ့ကိုယ်သူ မြန်မြန်တွေ့လိုက်ရလို့ သိပ်အံ့ဩသွားတယ်'

'ဘယ်လို'

ဇူဆင်ကျင်က စိတ်ဝင်စားစွာမေးလိုက်၏။

'ရုပ်တုခုနစ်ခုအနက် ရုပ်တုတစ်ခုဟာ နင်ရှာဓဝ နယ်စားကြီးကိုယ်တိုင် ဖြစ်နေလို့ပဲ'

'အင်း....ဆက်ပြောပါမှင်စီ'

'တစ်ယောက် နဂါးကြီးတွေရဲ့ ချန်ဆားလျှို့ဝှက်ဆွေးနွေးပွဲကြီးမှာ သူမပါဝင်ခဲ့ဘူးတဲ့၊ ဘာကြောင့် ဒီရုပ်လုံးတွေထဲမှာ သူပါဝင်လာရတယ်ဆိုတာ စဉ်းစားဝေခွဲလို့မရဘူးတဲ့'

ဇူဆင်ကျင်၏ မျက်နှာမှာ ရင့်ကျက် တည် ကြည် သွားသည်။

နက်နက်နဲနဲ တွေးစရာဘောစရာများ ပေါ်ပေါက်လာခဲ့သည်။

ဇူဆင်ကျင်၏စိတ်အစဉ်သည် အတိတ်ကာလနေရာဆီသို့ ပျံ့လွင့်သွားသည်။

သိမ်းငှက်ဌာနချုပ်အတွင်းရှိဘုရင်ခံအရာဝန်၏ခမည်းတော် မင်းသားချန်၏ ရုံးခန်းအတွင်းသို့၊

ထိုနေ့က မင်းသားချန်၏ဆင့်ခေါ်မှုကြောင့် ဇူဆင်ကျင်သည် မင်းသား၏ရုံးခန်းထဲသို့ရောက်ခဲ့၏။

အခန်းထဲတွင် လူစိမ်းတစ်ဦးနှင့်တွေ့ရသည်၊



အသက် ၄၀ ကျော်ဆယ်ခန့်၊ မဟာနဖူးကျယ်ကျယ်၊ နီညိုရောင် မုတ်ဆိတ်များက ရင်အုပ်ပေါ်သို့ ဖြန့်ကျဲကျဆင်း နေလေသည်။

ဥပမိရုပ်ခန့်ညားလှ၏။

'မကြာသေးခင်က ချန်ဆားမြို့မှာ နဂါးကြီးခုနစ်ကောင် လျှို့ဝှက်ဆွေးနွေးကြတယ်'

အိမ်ရှေ့မင်းသားချန်က စတင်အမိန့်ရှိလိုက်၏၊

ဇူဆင်ကျင်က....

'နဂါးကြီးခုနစ်ကောင်ဆိုတာ ကျွန်တော်မျိုးမရှင်းဘူး'

'နဂါးပလ္လင်ကိုသစ္စာဖောက်ဖို့ လှုပ်ရှားနေကြတဲ့ ပုဂ္ဂိုလ်ခုနစ်ဦးပဲ၊ အဲဒီပုဂ္ဂိုလ်တွေဟာ နန်းတွင်းအရာရှိ၊ သေနာပတိ နယ်စားကြီးအဆင့်စတဲ့ ရာထူးတွေကိုရထားတဲ့သူတွေပါ'

'မှန်လှပါ'

မင်းသားချန်သည် သူ၏လက်ဝဲဘက်တွင် ထိုင်နေသော ပုဂ္ဂိုလ်ကို လက်ညှိုးညွှန်ပြလျက်ပြောလိုက်သည်။

'သူ့နာမည်က ဝမ်ဆန်လို့ခေါ်တယ်၊ ယူနန်ပြည်နယ် ချန်ဆားမြို့က လာခဲ့တာပဲ'

'မှန်လှပါ'

'သူဟာ သိမ်းငှက်အဖွဲ့ဝင်တစ်ဦးပဲ၊ ချန်ဆား လျှို့ဝှက်ဆွေးနွေးပွဲအကြောင်းကို လာပြီးသတင်းပို့တာဖြစ်တယ်'

ဝမ်ဆန်ဆိုသူက ဇူဆင့်ကျင်ကိုပြုံးပြသည်၊

ဇူဆင်ကျင်က....

'အဲဒီ နဂါးကြီးခုနစ်ကောင်ကို ဘယ်သူဘယ်ဝါဆိုတာ မသိဘူးလား'

'ချန်ဆားမြို့က ပင့်ကူတည်းခိုရိပ်သာမှာ နဂါးကြီးခုနစ်ကောင်ဟာအသီးသီး ရုပ်ဖျက်ပြီးရောက်လာကြသတဲ့၊ ပြီးတော့ သူတို့ဟာ လျှို့ဝှက်ဆွေးနွေးကြတယ်၊ ဆွေးနွေးပွဲပြီးသွားတဲ့ ညမှာ ပင့်ကူတည်းခိုရိပ်သာကပိုင်ရှင်နှင့်တကွ အလုပ်သမားတွေအားလုံးကို သတ်ပစ်လိုက်ပြီး သူတို့လူစုခွဲသွားကြသတဲ့'

မင်းသားချန်က အဖြစ်အပျက်ကိုအကျဉ်းချုပ်၍ ပြောပြလိုက်သည်။

'နောက်နှစ်ရက်ကြာမှ ချန်ဆားမြို့အာဏာပိုင် တွေက နှစ်ရက်တိတိတံခါးမဖွင့်တဲ့ ပင့်ကူတည်းခိုရိပ်သာကိုဝင်ရောက်စစ်ဆေးတဲ့အခါ အလောင်းတွေကိုတွေ့ရသတဲ့'

'ပင့်ကူပျော်ပွဲစားရုံမှာ နဂါးကြီးခုနစ်ကောင် လျှို့ဝှက်ဆွေးနွေးကြတာကို ဘယ်သူကသိတာပါလဲ အရှင်မင်းသား'

'သူတို့ သတ်ဖြတ်သုတ်သင်ပစ်တဲ့အထဲမှာ ညှော်ကြိုမယ်တစ်ဦးဟာ မသေမရှင်ဖြစ်ကျန်ရစ်ခဲ့တယ်၊ မိန်းကလေးဟာ သေချင်ယောင်ဆောင်နေခဲ့လို့ အသက်ရှင်ကျန်ရစ်ခဲ့တာပဲ'

'မှန်လှပါ'

'စောစောက မင်းကိုငါပြောပြတာတွေဟာ အဲဒီ ညှော်ကြိုမယ်ကလေးရဲ့ ပြောပြချက်တွေပဲ၊ မိန်းကလေးဟာ သူသိသလောက် ပြန်ပြောပြပြီး အသက်ဆုံးရှုံးသွားခဲ့ရှာတယ်'

'မှန်လှပါ'



'အဲဒီ အဖြစ်အပျက်ဖြစ်ပြီးလို့မကြာခင်မှာ (ဝူမန်စီ)ဆိုတဲ့ လူတစ်ယောက်ဟာ သိမ်းငှက်ဌာနချုပ်ကို ဆက်သွယ်လာခဲ့တယ်၊ သူဟာ ချန်ဆားမြို့ရဲ့ ပင့်ကူပျော်ပွဲစားရုံမှာ ညစောင့်အလုပ်သမားလုပ်ခဲ့သတဲ့၊ ပင့်ကူပျော်ပွဲစားရုံက လူအားလုံးအသတ်ခံရတဲ့ညတုန်းက သူက ကံအားလျော်စွာ ပျော်ပွဲစားရုံအပြင်ဘက်ကိုရောက်နေသတဲ့၊ အတိုချုပ်ပြောရရင် ဝူမန်စီဟာ အသတ်ခံရတဲ့အထဲမှာမပါခဲ့ဘူး'

ဇူဆင်ကျင်က ငြိမ်သက်စွာနားထောင်နေ၏။

'အဲဒီဝူမန်စီက ချန်ဆားဆွေးနွေးပွဲမှာပါဝင်ခဲ့တဲ့ နဂါးခုနစ်ကောင်ရဲ့ ကျောက်စိမ်းရုပ်တုရှိတယ်၊ အဲဒီ ကျောက်စိမ်းရုပ်တုဟာ ပံပုလွေဖြူအဖွဲ့က ဟန်ဆုကျမ်ရဲ့ ရွှက်သင်္ဘောပေါ်မှာ ရှိသတဲ့'

'မှန်လှပါ'

'ဝူမန်စီဟာ သိမ်းငှက်ဌာနချုပ်ကိုသတင်းပို့ပြီးတော့ သူနေတဲ့တည်းခိုနေတဲ့ ဂေဟာကိုအပြန်မှာ အသတ်ခံလိုက်ရတယ်'

မင်းသားချန်က ဇူဆင်ကျင်ကို တစ်ချက်မျှအကဲခတ်လိုက်ပြီး ဆက်လက်၍ ပြောဆိုပြန်လေသည်။

'ချန်ဆား ဆွေးနွေးပွဲမှာ ပါတဲ့ နဂါးကြီး ခုနစ်ကောင်ရဲ့ရုပ်တုကို ယူဖို့ မင်စီတို့အဖွဲ့ကို တာဝန်ပေးပြီးပြီ၊ သို့သော် သူတို့ ရင်ဆိုင်ရမယ့်သူတွေဟာ နှယ်နှယ်ရရတွေမဟုတ်တော့ လုပ်ငန်းကို လက်တွေ့ ဆောင်ရွက်တဲ့အခါမှာ အဆင်မပြေမှုတွေ ပေါ်ပေါက်လာနိုင်တယ်'

'ဒီတော့ မင်းပေါ့ဟိုင်ကမ်းခြေကိုအမြန်ဆုံးသွားကြသွား ပါ၊ဆိုင်ငံယန်မြို့မှာ ဟွာတိုးရှိနေတယ်၊ ဟွာတိုးရဲ့လိပ်စာကိုပါ ပေးလိုက်မယ်'

အထက်ပါတို့ ဟူသည်ကား မိမိဤဒေသ၊ ဤနယ်မြေသို့ ရောက်လာရခြင်း အကြောင်းအရင်း သိမ်းငှက်ဌာနချုပ်နှင့် အတူ ပဌမ ထောက်လှမ်းရေးသမား အဖြစ် လာခဲ့ရခြင်း ပင်။

'ရုပ်တုတစ်ခုဟာ နင်ရှာဝေနယ်စားကြီး ဖြစ်နေတယ် ဆိုတာတော့ စဉ်းစားစရာပဲ မင်စီ'

'နယ်စားကြီးကတော့ သူ့ကိုသိမ်းငှက်ဌာနချုပ်ကအထင် လွဲအောင် တစ်စုံတစ်ယောက်က ဖန်တီးလိုက်တာဖြစ်ရမယ်တဲ့၊ ငါဟာ နဂါးပလ္လင်က ဟိုတုန်းကလဲ သစ္စာရှိခဲ့တယ်၊ အခုလဲ သစ္စာရှိနေတယ်၊ နောင်လဲသစ္စာရှိမှာပဲ၊ ငါ့ကို မကောင်းကြံ စည်တဲ့ လူတွေဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ငါစုံစမ်း ရမယ်၊ နယ်စားကြီးက ကျွန်မနဲ့မှာ ကြိမ်းဝါးခဲ့ဖူးတယ်'

'အဲဒီနဂါးခုနစ်ကောင်ကို နယ်စားကြီးက ဘာပြုလို့ သိမ်းယူလာရတာလဲမင်စီ'

'ချူဆာဝ်းဆွေးနွေးပွဲမှာပါဝင်ခဲ့တဲ့နဂါးကြီးခုနစ်ကောင် ကို ဘယ်သူဘယ်ဝါမှန်း မသိရခင် ဒီရုပ်တုကို သူ့အနေနဲ့ သိမ်းဆည်းထားရမယ်တဲ့၊ တကယ့်တရားခံအစစ်အမှန်တွေကို မဖော်ထုတ်နိုင်ခင်မှာ သိမ်းငှက်ဌာနချုပ်က ဒီရုပ်တုတွေကို တွေ့သွားရင် ငါ့ကို သစ္စာဖောက်အဖြစ် ယူဆသွားနိုင်တယ်



တဲ့၊ ဒါကြောင့် ဒီရုပ်တုကို ငါခေတ္တသိမ်းဆည်းထားဦးမယ် လို့ နယ်စားကြီးက ကျွန်မကိုပြောခဲ့တယ်'

'နယ်စားကြီးရဲ့ ပြောဆိုချက်တွေအပေါ်မှာ မင်းကဘယ် လို ကောက်ချက်ချသလဲ'

'ကျွန်မအနေနဲ့ မဝေခွဲတတ်သလောက်ပဲ ဇူဆင်ကျင်'

'နဂါးကြီး အခုဘယ်မှာနေသလဲ'

'ပေါ့ဟိုင်ကမ်းခြေက နဂါးပျံ့ ရွက်သင်္ဘောကြီးပေါ်မှာ နေတယ်'

'မင်း ဟိုမှာရှိနေတုန်းက နယ်စားကြီးရဲ့သမီးတော် တိုက် မေ့လီကိုတော့ မြင်ဖူးခဲ့ရဲ့လား'

'မြင်ဖူးတာပေါ့'

'အဲဒီအမျိုးသမီးအကြောင်းကို သိသလောက် ပြောစမ်း ပါဦး'

'ဘာလဲ… ရှင်က တိုက်မေလီဆိုတဲ့နာမည်လေးကိုကြားဖူး ထားနဲ့ စိတ်ဝင်စားသွားပြီလား'

'စိတ်ဝင်စားလို့မဟုတ်ဘူး၊ သူတို့အကြောင်းကို သိသင့် သလောက် သိထားဖို့လိုတယ်မဟုတ်လား'

'တိုက်မေလီဟာ ကျွန်မတို့တရုတ်ပြည်ကြီးမှာအချောဆုံး အလှဆုံးပဲ'

'ဒီလောက်တောင်လှသလား'

'သိပ်လှတယ်'

'မင်းစီနဲ့ဆို ဘယ်သူကပိုလှသလဲ'

'ကျွန်မကဘာများလှလို့လဲ၊ ကျွန်မဟာ တောက်မလီနဲ့ နှိုင်းယှဉ်လိုက်ရင် အညာဘ၊ ဖြစ်သွားမှာပါ'

'အို...မင်းစီရယ်၊ ဒီလောက်တောင်စိတ်ဓာတ်မကျပါနဲ့၊ ငါ ညီမကလဲ လှတဲ့ မိန်းမချောလေးတွေထဲမှာ စာရင်းဝင်ပါတယ်'

'တိုက်မေလီဟာ ရုပ်လှသလောက် စိတ်ဓာတ်ထန်တယ်၊ သိုင်းပညာတွေကိုလဲ အဆင့်အတန်းမြင့်မြင့် တတ်မြောက်ထားတယ်၊ သူ့မှာ ကုမုဒြာလက်နက်ဆန်းလဲ ရှိတယ်'

'ကုမုဒြာလက်နက်ဆန်း၊ ဘယ်လိုဟာမျိုးလဲ'

ဇူဆင်ကျင်က မသိဟန်ပြု၍ မေးလိုက်သည်။

'ကြာဖူးပုံသဏ္ဌာန်ပြုလုပ်ထားတဲ့ ဓားသွားလက်နက်တစ်မျိုးပဲ၊ ခလုတ်ကိုနှိပ်လိုက်ရင် ကြာဖူးပုံစံဓားသွားတွေဟာခုန်ထွက်သွားပြီး လိုချင်တဲ့ ပစ်မှတ်ကိုသွားထိတယ်၊ သူ့ဖခင် နယ်စားကြီး တီထွင်ထားတဲ့ နောက်ဆုံးပေါ် လက်နက်ဆန်းပဲ'

'တိုက်မေလီမှာ အိမ်ထောင်ရှိသလား'



'မရှိသေးဘူး'

'သူ့အသက် ခန့်မှန်းခြေ'

'နှစ်ဆယ့်တစ်နှစ်ရှိပြီတဲ့'

ဇူဆင်ကျင်သည် ခေတ္တစဉ်းစားဟန်ဖြင့် ငြိမ်သက်သွားသည်။ပြီးမှ မြင်စီ၏မျက်နှာလေးကို စူးစူးစိုက်စိုက်ကြည့်ကာ ပြောလိုက်သည်။

'ဒီမှာမင်းစီ၊ မင်းနဲ့ငါ နင်ရှာဝေနယ်စားကြီးဆီကို သွားမယ်'

'အလို... ဘာကိစ္စလဲ'

'သူ...မင်းဆီကယူသွားတဲ့နဂါးခုနစ်ကောင်ကိုပြန်တောင်းမယ်၊ နဂါးပလ္လင်ကို သစ္စာမဖောက်ဘူး၊ ရိုးသားသူဆိုရင် နဂါးခုနစ်ကောင်ကို တို့ကိုပြန်ပေးရမယ်'

'ကျွန်မတို့နှစ်ယောက်တည်းသွားမှာလား'

'အင်း'

'နယ်စားကြီးက အကောက်ကြံပြီး ကျွန်မတို့ကို ဖမ်းထားလိုက်ရင် ဘယ်လိုလုပ်မလဲ'

'သူ ဒီလိုလုပ်လိမ့်မယ် မထင်ဘူး'

မင်းစီသည် ခေတ္တစဉ်းစားနေဟန်ပြု၍ ငြိမ်သက်သွားလေသည်။

ဇူဆင်ကျင်က...

'မင်းကိုဖမ်းထားစဉ်က ကောင်းကောင်းမွန်မွန်ပြုစု ဆက်ဆံထား'

နယ်စားကြီးဟာ တစ်လျှောက်လုံးလိုလို ကျွန်မကို ကြင်ကြင်နာနာဆက်ဆံတယ်၊ အစားကောင်း အသောက်ကောင်းတွေလဲပေးတယ်၊ နယ်စားကြီးရဲ့သမီးတော်ကတော့ ကျွန်မကို သိပ်လိုလားပုံမရဘူး'

ဥူဆင်ကျင်သည် ခေတ္တဆိတ်ငြိမ်သွားပြီးမှ....

'နောက်သုံးရက်ကြာရင် မဖ်းနဲ့ငါ နယ်စားကြီးရဲ့ ရွှက်သဘော်ကို သွားမယ်'

'ဟုတ်ကဲ့'

'ဒါနဲ့ မင်စီ'

'ရှင်'

'ရှာစီမြို့ကိုရောက်ဖူးသလား'

'ယန်စီမြစ်ကမ်းခေပါက အုတ်မြို့ရိုးကြီး ကာရံထားတဲ့မြို့မဟုတ်လား'

'ဟုတ်တယ်'

'ကျွန်မရောက်ဖူးသားပဲ'

'အဲဒီမှာ မင်းရဲ့ အသိမိတ်ဆွေတွေတော မရှိဘူးလား'

'ဏမ်းနားလမ်းမှာ ဟိုပိုင်လင်းဆိုတဲ့ အဘိုးကြီး တစ်ယောက်တော့ ရှိတယ်၊ ဘာကိစ္စရှိလို့လဲ'

'တို့ဒီညနေရှာစီမြို့ကိုသွားမယ်၊ ငါ့မိတ်ဆွေတစ်ယောက်ကို လိုက်ရှာမယ် ဟုတ်လား'

'ရှင့်သဘောပါ'

'ငါတို့ ရှာစီမြို့ကိုမသွားခင် နည်းနည်းပါးပါး ရှပ်ဖျက်ကြဦးမှ ထင်တယ်'



'ကျွန်မမှာ အဘွားကြီးမျက်နှာဖုံးပဲရှိတော့တယ်'

ရပါတယ်၊ မှန်းက အဘွားကြီးဆိုတော့ ငါကလဲအဘိုးကြီးပေါ့၊ ဆင်းရဲနွမ်းပါးတဲ့ အဘိုးအဘွား ဇနီးမောင်နှံအဖြစ်ဆိုရင် သဘာဝကျမှာပါ၊ ဘယ့်နှယ်လဲ'

'ဇနီးမောင်နှံအဖြစ်ထက်ပိုပြီး သဘာဝကျတဲ့တခြားဥပါယ်မျိုး မရှိဘူးလား'

'မရှိဘူး၊ ဇနီးမောင်နှံအဖြစ်က သဘာဝ အကျဆုံးပဲ၊ ဟဲ....ဟဲ'

ပထမပိုင်းပြီး။

[ ဒုတိယပိုင်း ဓာတ်သိမ်းပိုင်းကို ဆက်လက်ဖတ်ရှုပါရန် ]

# မောင်နှင်းဆွေ

## လျှို့ဝှက်နဂါး ခုနစ်ကောင်

( ဇာတ်သိမ်းပိုင်း )

## အခန်း ( ၁၀ )

## အမြုံး၏ နောက်ကွယ်ဝယ်

ဇူဆင်ကျင်နှင့် မင်စီတို့သည် အသိုးအဘွားများ အဖြစ် ရုပ်ဖျက်၍ ရွာစီမြို့သို့ထွက်ခွာလာကြ၏၊

ဆမ်းနားလမ်းရှိ အိမ်ကြီးတစ်လုံးရှေ့သို့ရောက်လာသော အခါ မင်စီက ဇူဆင်ကျင်ကို ပြောလိုက်သည်။

'အသိုးကြီး....ရောက်ပြီ'

ရှေးဟောင်း အိမ်အိုကြီးပင်....

အချို့နေရာများ၌ အုတ်များသည် ပဲ့ကျပြီးပျက်နေပြီး အချို့နေရာများ၌အုတ်တိုင်ကြီးများလဲကျနေလေသည်။

အိမ်အိုကြီး၏ ခေါင်းရင်းဘက်တွင် ပျက်စီးနေသော မြေ နတ်ဆား၏ နတ်ကွန်းကို တွေ့ရသည်။

'နတ်ကွန်းအုတ်နံရံ၌ရေးထားသော ဝါဝင်းနေသော ရွှေသည် မြေကြီးမှထွက်လာလေ၏' ဟူသော စာတန်းမှာကား ထင်ထင်ရှားရှားပင် ရှိနေ၏။

မြေနတ်သားကိုပူဇော်လျှင် လယ်ယာသီးနှံများ အထွက်တိုးသည်ဟု ရှေးအစဉ်အလာယုံကြည်မှုရှိကြသည်။ ဤအိမ်ရှင်မှာ လယ်သမားကြီးတစ်ဦးဖြစ်ကြောင်း သိသာပါသည်။

အိမ်အိုကြီး၏ရှေ့၌ ဆောင်းမှာပွင့်သည့် ဆီးပွင့်ဝါများ ပင်လုံးကျွတ်ပွင့်နေသည်ကို တွေ့ရ၏။ ဆောင်းဦးမှာပွင့်သော ပန်းနှင့် အနီပွင့်ချပ်အထပ်ထပ်ရှိသော ဆီးပင်များလည်း ရှိနေသည်။

ထို့ပြင် အလွန်ရှားပါးသော ဆီးအဖြူများလည်း တွေ့ရပေသည်။ အပွင့်များသည် ဆွတ်ဆွတ်ဖြူသော်လည်း အစိမ်းဖျော့ဖျော့ အရောင်ကလေးများ ယှက်သန်းနေသည်မှာ ရှုမငြီးအောင်ကြည့်၍ ကောင်းလှသည်။

အိမ်ကြီးတစ်အိမ်လုံး ပကတိ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ ဝင်းခြံတံခါးကြီးမှာ ကျိုးပဲ့နေပြီဖြစ်သောကြောင့် သတ္တဝါအထဲသို့ လွယ်ကူစွာဝင်လာနိုင်ကြ၏။

ခြံထဲတွင် သစ်ရွက်ခြောက်များ စုပုံနေလေသည်၊ ဝင်းခြံကြီးမှာ ကျယ်ဝန်းသလောက် ပြုပြင်လှဲကျင်းထိန်းသိမ်းမည့်သူ ကင်းမဲ့နေလေတော့သည်။



ဆင်ဝင်တံခါးကြီးရှေ့သို့ရောက်လာသောအခါ အိမ်သဲမှ အသံဗလံများကို နားစွင့်ကြည့်ကြ၏။ ဘာသံမှမကြားရ။ အထူးပင်ငြိမ်ချက်သား ကောင်းနေလေသည်။

'အထဲမှာလူမရှိဘူး ထင်တယ်'

'ရှိတယ်....ဒီမှာကြည့်လေ၊ တံခါးကိုစေ့ရုံပဲ စေ့ထားတဲ့ ဥစ္စာ'

'ကျာ'

မင်းစီသည် တံခါးမကြီးကို တွန်းဖွင့်လိုက်၏။

လေးလံလှသော ကျွန်းတံခါးကြီးမှာ ပွင့်သွားလေသည်။

'အဘဟို'

'အဘဟို'

မင်းစီက အသံပြုလိုက်၏။

ထိုအခါ ညှော်ခန်းအလယ်တွင် တပ်ဆင်ထားသော ခေါင်းလောင်းက အသံမြည်လာသည်။

'ကလောင်....ကလောင်'

'ကလောင်....ကလောင်'

ခေါင်းလောင်းသည် နှစ်ခါတိတိ အသံမြည်လာ၏။

မင်းစီက ပြုံး၍ ဇူဆင်ကျင်ကို ကြည့်လိုက်သည်၊

'အဘဟို အိမ်ပေါ်မှာ ရှိတယ်၊ အပေါ်တက်လာခဲ့ပါတဲ့'

'ဟုတ်လား'

'လာ....ဇူဆင်ကျင်'

မင်းစီက ဦးဆောင်၍ ကြောင်လိမ် လှေကားကြီးပေါ်သို့ တက်သည်၊

လှေကားကြီးမှာ တုံထည်ကြီးမား၍ ခန့်ညားလှသည်၊ ကျွမ်းကျင်သော ဗိသုကာလူ၏ လက်ရာမျိုးပင် ဖြစ်သည်၊

ရှေးဆန်သည်။

အနုပညာမြောက်သည်။

သို့ရာတွင် ဟောင်းနွမ်း ဆွေးမြေ့နေပြီဖြစ်သည်။

ပြင်ဆင်မွမ်းမံခြင်း ကင်းမဲ့နေသောကြောင့်လည်း ဖုန်အလိမ်းလိမ်း ကပ်နေသည်။

အဆောက်အဦးကြီးက ကြီးကျယ်ခန့်ညားသလောက် ဟာလာဟင်းလင်းကြီး ဖြစ်နေသည်။ လင်းလင်း ကျင်းကျင်းလည်း မရှိ။

နေ့လယ် နေ့ခင်းဖြစ်သော်လည်း အမှောင်ရိပ်များက ကျရောက်လျက်ရှိရာ ကြောက်မက်ဖွယ်ရာကောင်းနေသည်၊

'အဘဟိုဟာ အရင်တန်းက မြေရှင်ကြီး တစ်ယောက်ပဲ၊ ခုတော့ သူဟာ သိပ်ဆင်းရဲနေပါပြီ'

မင်းစီက စကား တပြောပြောနှင့် လှေကားကြီးပေါ်သို့ ဦးဆောင်၍ တက်သွားနေ၏။

'ကျွန်မ ရွာစီမြို့ကိုလာရင် ဒီမှာပဲ အမြဲတည်းခိုတယ်'

ဟူ၍ မင်းစီကပြောသည်။

အပေါ်ထပ်သို့ ရောက်လာကြ၏။

အိမ်ရှေ့ဘက်မှ အုတ်နံရံတစ်ခုဘေးတွင် ခုတင်တစ်လုံးပေါ်၌ ပက်လက်လှန်၍ အိပ်နေသူတစ်ဦးကို တွေ့ရ၏။ ခုတင်ဘေးတွင် မီးအိမ်တစ်လုံး ထွန်းညှိထားပေသည်။

'ဘယ်သူတွေလဲဟေ့'



အသံ အောအောကြီးက ပေါ်လာ၏၊

'ကျွန်မ မင်းစီပါ အဘဟို'

'အော်...လာ...လာ'

မင်းစီနှင့်ဇူဆင်ကျင်သည် ပုဂ္ဂိုလ်ကြီး၏ခုတင်ဘေးသို့ရောက်သွားကြ၏။

ထိုလူကြီးမှာ လူမမာသည်တစ်စီးဖြစ်ပြီး အသားရောင်မှာ ဝါဖျော့ဖျော့ရှိနေပြီး ကိုယ်ခန္ဓာတစ်ခုလုံး ဖောယောင်နေလေသည်။

'အဘဟို...နေမကောင်းဘူးလားဟင်'

'သမီးမြင်တဲ့အတိုင်းပါပဲကွယ်'

'ဘဘတစ်ကိုယ်လုံး ဖောယောင်နေသလိုပဲ'

'ဟုတ်တယ်၊ သမီးရောက်လာတာနဲ့အတော်ပဲ၊ အဘ ကျန်းမာမှ ပြန်ပါ၊ အဘကို ဆေးပေးမီးယူ ပြုစုပါဦး'

မင်းစီက ဇူဆင်ကျင်ကို ကြည့်လိုက်၏၊ ဇူဆင်ကျင်ကပခုံးနှစ်ဖက်ကို တွန့်၍ ပြလိုက်သည်၊

'ညှော်သည်ပဲ ပါလာသလား'

'ဟုတ်ကဲ့ အဘ၊ သူ့နာမည် ဇူဆင်ကျင်တဲ့'

အဘိုးအို ဟိုပိုင်လင်းသည် ဇူဆင်ကျင်ကို တစ်ချက်ကြည့်ပြီး မင်းစီကို ပြောလိုက်၏။

'ညှော်သည်ကို လှတ်လှတ်ပပ်ပပ်နေပါစေ သမီး'

'ဟုတ်ကဲ့ အဘ'

အဘိုးအို ဟိုပိုင်လင်းသည် သဘောကောင်းပုံရ၏။

ဇူဆင်ကျင်သည်အိမ်ပေါ်ထပ်၏အနေအထားများကိုလိုက်လံ ကြည့်ရှုပြီးနောက် မင်စီရှိရာသို့ ပြန်လာခဲ့သည်။

'မင်စီ ကိုယ် မြို့ထဲကို သွားဦးမယ်၊ ဟုတ်လား'

'တော်တော်ကြာမလား'

'ဟိုလူကို အလွယ်တကူ ရှာတွေ့ရင် ခပ်မြန်မြန် ပြန်လာခဲ့မယ်၊ ရုတ်တရက် မတွေ့ရင်တော့ညရှစ်နာရီလောက်ကျမှပြန်ရောက်မယ်'

'ဟုတ်ကဲ့'

'အဘ ကျွန်တော် မြို့ထဲကို ခဏလောက် သွားလိုက်ပါဦးမယ် ခင်ဗျာ'

'ကောင်းပြီ လူလေး....ကောင်းပြီ'

ဇူဆင်ကျင်အောက်ထပ်သို့ ဆင်းသွားသည်နှင့်တစ်ပြိုင်နက် အဘိုးအို ဟိုပိုင်လင်းသည် အိပ်ရာပေါ်၌ သွက်လက်စွာထထိုင်လိုက်၏။

'သမီး....ခုနက သူငယ်က ဘာလဲ'

'နေပြည်တော် သိမ်းငှက်ဌာနချုပ်က ဆင်းလာတဲ့အရာရှိသူလျှိုတပ်မှူးလေးတစ်ယောက်ပဲ၊ သူ့နာမည်ဇူဆင်ကျင်တဲ့၊ နဂါးခုနစ်ကောင်နောက်ကို လိုက်ရအောင်လာခဲ့တာတဲ့'

'ဩော်....ဟုတ်လား'

'ဟုတ်တယ်....သူက နောက်သုံးရက်ကြာရင် နင်ရှာဝေ နယ်စားကြီးရဲ့ ရွက်သင်္ဘောပေါ်ကို သွားမယ်ဆိုတဲ့'

'ဘာကိစ္စတဲ့လဲ'



'ဟိုနဂါးခုနစ်ကောင် ကျောက်စိမ်းရုပ်တုကိုနယ်စားကြီးဆီက ပြန်တောင်းမလို့လဲ'

'ဩော်....ဩော်'

'သူ မြို့ထဲက ပြန်လာရင်....'

'ပြော....'

'သမီး အဘကို ဆေးတစ်ခွက် တိုက်ချင်ယောင် ဆောင်ရမယ်၊ နောက်နေ့ မိုးလင်းတာနဲ့ အဘကျန်းမာရေးပြန်ကောင်းနေမှ ဖြစ်မယ်'

'ဘာပြုလို့လဲ'

'နင်ရှာဝေ နယ်စားကြီးဆီ သူသွားတဲ့အခါ သမီးပါ သူနဲ့အတူလိုက်သွားမှ ဖြစ်မယ်၊ အဘကျန်းမာရေးမကောင်းရင်သူက သမီးကို လူနာပြုစုနေရစ်ခဲ့ပါလို့ ပြောမှာစိုးလို့'

'ဩော်....ဒီလိုလား၊ ဟဲ....ဟဲ....ဟဲ'

'သူ ပြန်လာရင် သမီးဆေးတစ်ခွက် တိုက်မယ်နော်'

'ကောင်းပြီ....'

'ကဲ....သမီး ခိုအိမ်ကိုသွားလိုက်ဦးမယ်'

'ဘယ်ကို စာပို့မလို့လဲ'

'ပထမနဂါးကြီးဆီကို'

ဤမျှသာပြန်ပြောပြီး မင်စီသည် စာတစ်စောင် အရေးကြီး ရေးသား၏။ ထိုစာကို ယူဆောင်ပြီးလျှင် လျှို့ဝှက် လှေကားငယ်တစ်ခုကို အသုံးပြု၍ မျက်နှာကြက်ပေါ်သို့ တက်သွားလေသည်။

မျက်နှာကြက်ပေါ်ရှိ ထပ်ခိုးတစ်ခုပေါ်တွင် အထူးလေ့ကျင့် သင်ကြားထားသော စာပို့ခို ရှစ်ကောင်ရှိသည်။

မင်စီသည် ခိုတစ်ကောင်အား ရွေးချယ်လိုက်ပြီး စောစောက ရေးထားသော စာကို ခိုခြေထောက်မှ ဘူးငယ်လေးထဲသို့ သွတ်သွင်းလိုက်၏။

မင်စီသည် ခိုကို အိမ်ခေါင်မိုး၏ လျှို့ဝှက်ပေါက်မှ လွှတ်တင်လိုက်ပြီးနောက် လျှို့ဝှက်လှေကားအတိုင်း ပြန်ဆင်းလာခဲ့သည်။

မင်စီ ပြန်ရောက်လာလျှင် ဟိုပိုင်ဟင်းက မေးလိုက်သည်။

'ဒီ ဇူဆင်ကျင့်ဆိုတဲ့ ငနဲ ဘယ်လောက် တော်တော် အစွမ်းထက်သလား'

'သိပ်အစွမ်းထက်တယ်၊ သူ့ကို ပေါ့ပေါ့ဆဆ သဘောထားလို့ မရဘူး'

'သူ နကျောက်နံရံတွေကို တောက်တက်လိုတက်ပြီးတက်နိုင်သလား'

'မတက်နိုင်ဘူးလို့ ထင်တာပဲ'

'ဆယ့်ငါးပေအကွာက ခေါင်းလောင်းကို လေသိုင်းက စားပြီး အသံမြည်အောင် လုပ်နိုင်သလား'

'အဲဒီလောက်တော့ မစွမ်းဘူးထင်ပါတယ်'

'ပြီးတော့ ဆယ်ပေအကွာမှာရှိတဲ့ ရေကန်ကို လှိုင်းတွေ ထလာအောင်ကော လုပ်နိုင်စွမ်း ရှိသလား'

'သမီးသူနဲ့တွေ့တာ သိပ်မကြာသေးဘူး၊ သူ့အကြောင်းဆို ကောင်းကောင်း မသိသေးပါဘူး အဘ'



'သူဟာ လူပျိုလား'

'လူပျို'

'ဒီသူငယ်ဟာ နေပြည်တော် သိမ်းငှက်ဌာနချုပ်က လာတာ ဆိုတော့ မင်းသား ချန်ရဲ့ အချစ်တော် ဖြစ်နိုင်တယ်'

'ဟုတ်ကဲ့'

'ဟို... ဟွာတိုးဆိုတဲ့ ကောင်လေးရော'

ဟိုပိုင်ဟင်းက မင်စီကို မေး၏။

မင်စီက....

'ဟွာတိုးရယ် ရှာရှိယူရယ် ဖန်ချန်းမြို့ကို သွားကြလေရဲ့'

'ဘာကိစ္စလဲ'

'မင်းသားချန်က ရှာရှိယူဆီကို စာတစ်စောင် ပို့ခဲ့တယ်၊ အဲဒီစာကို ဖန်ချန်းမြို့က ချင်ချန်းဆင် ဆိုတဲ့ လူဆီကို ဆက်ပို့ရမှာ'

'အင်း...'

'အဲဒီစာကို ယူချင်းချန်နဲ့ မျက်မမြင်ချိန်ချိတ္တိက ခိုးယူသွားတယ်'

'အော်...အော်'

'သူတို့စာကို ပြန်ရဖို့အတွက် ဟွာတိုးနဲ့ ရှာရှိယူ လိုက်သွားတာပဲ၊ ဒါပေမယ့် ယုန်တောင်ပြေး ခွေး မြောက်လိုက် ဖြစ်မှာ သေချာတယ်'

'ဟုတ်တာပေါ့၊ အခုလောက်ဆိုရင် ယူချင်းချန်နဲ့ ချိန်ချိဟာ ပထမနဂါးကြီးဆီကို ရောက်နေရောပေါ့'

ထိုနေ့ ညနေတွင် ဦးဆင်ကျော်သည် ပြန်ရောက်လာ၏၊ သူ့ကျောပေါ်တွင် အထုပ်တစ်ထုပ် လွယ်ပိုး၍ လာလေသည်။

'အို…ဘာတွေလဲ ဦးဆင်ကျော်'

'စားစရာ သောက်စရာတွေပါ'

မင်စီက ဦးဆင်ကျော်၏အထုပ်ကို အားရရွှင်မြူးသော အပြုံး အရယ်လေးဖြင့် ဖွင့်ကြည့်နေလေသည်။

အထဲတွင် ခေါက်ဆွဲထုပ်၊ ပေါက်စီ၊ အသားငါး၊ ဝက်သားလုံးကြော်၊ အူကြီးသုပ် အစရှိသော စားစရာများနှင့် သစ်သီးမျိုးစုံ ပါလာလေသည်။

ဦးဆင်ကျော် ပြန်ရောက်လာသဖြင့် အဘိုးအို ဟိုပိုင်ဟွမ်းသည် ခုတင်ပေါ်တွင် တုံးလုံးလှဲ၍ နေမကောင်းဟန် ဆောင်နေပြန်လေသည်။

ထိုည ရှစ်နာရီခန့်တွင် မင်စီသည် မခါသည်ကြီး ဟိုပိုင်ဟွမ်းအား ဆေးတစ်ခွက်တိုက်ရန် ပြင်ဆင်လေတော့၏။

'အဘဟို'

'ဘာလဲသမီး'

'အဘကို ဆေးတစ်ခွက်တိုက်မလို့'

'အို…ဘာဆေးလဲ'

'ဒီဆေးကို သောက်ပြီးတာနဲ့ အဘကို အနာအယောင် ချက်ချင်း လျော့သွားမယ်၊ နေရထိုင်ရတာ သိသိသာသာ ပေါ့သွားမယ်'

'အို…ဘယ်ဆေးမှ မသောက်ချင်ဘူး'



'မသောက်ချင်လို့ ဖြစ်မလား၊ ဆေး မသောက်တဲ့နဲ့ ရောဂါက ဘယ်ပျောက်မလဲ'

မင်စီက အတင်း ဆေးတိုက်ရန် ဟန်ပြင်သည်။

အဘိုးကြီးက ခါးခါးသီးသီး ငြင်းနေ၏။

'မသောက်ချင်ဘူး မင်စီ၊ မသောက်ချင်ဘူး'

'မရဘူး….သောက်ရမယ်၊ အဘကို သမီး အချိန် အကြာကြီး ပြုစုနေချိန် မရဘူး၊ ကျွန်မနဲ့ ဦးဝင်ဟာ သန်ဘက်ခါ ကျရင် ခရီးထွက်ရမှာ'

'ဟုတ်ပါတယ်အဘ၊ သောက်လိုက်ပါအဘရယ်'

အကြောင်းမသိသော ဦးဆင်ကျော်ကလည်း ဆေးသောက်ရန် ငြင်းဆိုနေသော အဘိုးအိုကို ဝင်၍ ဖျောင်းဖျ ပြောဆိုလိုက်သည်၊ နောက်ဆုံးတွင်ကား အဘိုးအိုသည် မင်စီတိုက်သော ဆေးကို မသောက်ချင်သောက်ချင်နှင့် သောက်လေသည်။

'အဝင်ချိုပါတယ်အဘရဲ့၊ မြောက်ပိုင်း နှင်းတောင်ဇီ မယ်တော်ကြီး ဖော်စပ်ထားတဲ့ ဆေးပါ၊ စောင်လေးကိုခြုံပြီး ကွေးနေလိုက်၊ မနက် မိုးလင်းတာနဲ့ အဘဟာ လူကောင်း ပကတိ ပြန်ဖြစ်သွားလိမ့်မယ်'

'ဒီလောက်တောင် အစွမ်းထက်သလား'

'မနက်ကျတော့ အဘ သိလိမ့်မယ်'

အဘိုးအိုဟိုပိုင်ဟွမ်းသည် မျက်လုံးကိုမှိတ်၍ ငြိမ်သက်စွာ မှိန်းနေလိုက်၏။

မင်းစီသည် အဘိုးအိုး၏အိပ်ရာအနီးမှ မီးအိမ်ဓာတ်လေးကို မှိန်ထားလိုက်ပြီး ဇူဆင်ကျင်ကို လက်ယပ်ခေါ်၍ ထွက်ခဲ့သွားသည်။

အိမ်နောက်ဖေးဘက်တွင်ရှိသော အခန်းတစ်ခန်းထဲသို့ ရောက်လာကြသည်။

အခန်းထဲ၌ ဟိုဘက်နံရံတွင်တစ်လုံး၊ သည်ဘက်နံရံတွင်တစ်လုံး ခုတင်နှစ်လုံး။

မင်းစီက လက်ယာဘက်နံရံတွင်ရှိသောခုတင်ကို လက်ညှိုးညွှန်ပြ၍ ပြောလိုက်သည်။

'ရှင်က ဟိုခုတင်ပေါ်မှာအိပ်'

ဇူဆင်ကျင်က ခေါင်းညိတ်ပြသည်။

ခုတင် နှစ်လုံးကြားတွင် ပါးလွှာသော ပိုးခန်းဆီးလေးတစ်လွှာတည်း ကာထား၏။

မြို့ထဲမှ ဇူဆင်ကျင်ဝယ်လာခဲ့သော အရက်ပုလင်းများ၊ စားစရာများ၊ သစ်သီးများကို အခန်းလယ်ရှိ စားပွဲကြီးတစ်လုံးပေါ်တွင် အဆင်သင့်တင်ထားလေသည်။

'မင်းစီ အိပ်တော့မလား'

'အို...အစောကြီးရှိသေးတယ်၊ ဒါအိပ်ချိန်မှ မဟုတ်သေးတာ'

'ဒီ ဖြင့် စကားနည်းနည်းလောက်ပြောရအောင်၊ ဒီမှာထိုင်ပါဦးလား'

မင်းစီသည် ခုတင်နှစ်လုံး၏ အလယ်ရှိစားပွဲကြီးတွင် ဇူဆင်ကျင်၏ရှေ့တည့်တည့်၌ ထိုင်လိုက်၏။



'ရှင်မြို့ထဲကိုသွားတာ အဆင်ပြေခဲ့ရဲ့လား၊ ရှင့်မိတ်ဆွေနဲ့တွေ့ခဲ့ရဲ့လား'

'တွေ့ခဲ့ပါတယ်'

'ရှင့်မိတ်ဆွေက ဘယ်မှာနေသလဲ'

'ယွန်ဟိုကွန်လားမားကျောင်းတော်ကြီးအနီးက ကွန်မင်ပို တည်းခိုရိပ်သာမှာနေတယ်'

'သူက ဌာနချုပ်ကလူလား'

'ဟုတ်တယ်၊ မင်းထားချန်က သူ့ဆီကို ညွှန်ကြားလွှာတစ်စောင်ပေးခိုင်းလိုက်လို့ သွားပို့တာ'

'ဩော်...'

'သူ့နာမည်က ဝမ်းပင်နန်းတဲ့၊ အမည်ဝှက်ကတော့ ကြိုးကြာလို့ သူ့ကိုခေါ်တယ်၊ သူဟာ သိမ်းငှက်ဌာနချုပ်ရဲ့ အားအကိုးရဆုံး သူလျှိုကြီးတစ်ယောက်ပဲ'

'ဩော်...'

'မင်း သူနေတဲ့နေရာကိုသိထားဖို့လိုတယ်၊ ဒါကြောင့် ကိုယ် မင်းကို အခုလိုအသေးစိတ်ပြောပြနေတာပဲ'

'ဘာပြုလို့ ကျွန်မကသိထားဖို့လိုတာလဲ'

'မင်းနဲ့ငါဟာ အကြောင်းအမျိုးမျိုးကြောင့် ကွဲကွာသွားနိုင်တယ်၊ ငါနဲ့ကွဲသွားတဲ့အခါ မင်းဟာသာ မင်း ကြိုးကြာကို ဆက်သွယ်နိုင်တာပေါ့'

ယွန်ဟိုကွန်လားမားကျောင်းတော်ကြီးအနီးမှ ကွန်မင်ပိုတည်းခိုရိပ်သာ၊ ဝမ်းပင်နန်း။ မင်းစီသည် ဇူဆင်ကျင် ပြောပြ

သော ဝမ်းပင်နန်း၏လိပ်စာကို သေသေချာချာ မှတ်သား ထားလိုက်၏။

ဝမ်းပင်နန်းသည် ဘောရာဇ်၏ သူလျှိုအဖွဲ့အစည်းတွင် အလွန်အရေးပါသူဖြစ်လိမ့်မည်ဖြစ်ကြောင်း ခန့်မှန်းမိလိုက် သည်။

'ဝမ်းပင်နန်းဆီက ဘယ်လိုအရေးကြီးတဲ့စကားတွေကြား လာရသလဲ'

'တော်တော်အရေးကြီးတဲ့ အကြောင်းအရာတွေပါတယ်'

'ဘယ်လိုအရေးကြီးတဲ့အကြောင်းအရာတွေလဲ'

'ဥပမာ မင်းသားချန်ရဲ့ညွှန်ကြားချက်ထဲမှာ နိုင်ရှာဝေ နယ်စားကြီးတိုင်းချီကို အထူးသတိရှိရှိ စောင့်ကြည့်နေပါဆို တဲ့ ညွှန်ကြားချက်ပါလာတယ်'

'ဒါဆိုရင် သိမ်းငှက်ဌာနချုပ်နဲ့ မင်းသားချန်က နိုင်ရှာ ဝေနယ်စားကြီးကို သက်ာမကင်းဖြစ်နေလို့ပေါ့'

'ဟုတ်တယ်'

'နောက်တော'

'နိုင်ရှာဝေ နယ်စားကြီး လျှပ်တစ်ပြက် လက်ရဖမ်းဖို့ နေပြည်တော်က အဲထူးရဲမက်တော်သုံးရာလွှတ်လိမ့်မယ်၊ ရဲမက် တော်တွေဟာ ဝမ်းပင်နန်းရဲ့ အသေးစိတ် ညွှန်ကြားချက် အတိုင်းနယ်စားကြီးကို မလှုပ်နိုင်အောင် အမိဖမ်းလိမ့်မယ်'

'ဟုတ်လား'

ဇူဆင်ကျောင်ထံမှ ရရှိနေသောသတင်းများမှာ သူမအတွက် အဖိုးတန်လှ၏။



'နောက် ရှိဝမ်တီဆိုတဲ့လူဆီက'

'ဟုတ်ကဲ့'

'အို.... မသိချင်ပါနဲ့တော့ မင်စီ'

ဇူဆင်ကျောင်သည် ပြောဆဲစကားကို ရပ်တန့်ထားလိုက်၏။ အထူးအရေးကြီးသော လျှို့ဝှက်စကားကို ပြောမည်ပြုပြီးခါမှ မပြောတော့ဘဲ ရပ်တန့်လိုက်ခြင်းဖြစ်ကြောင်း မင်စီ တောင်း စွာ ရိပ်မိလိုက်သည်။

ရှိဝမ်တီ.... ရှိဝမ်တီ.... ရှိဝမ်တီ။

'နဂါးကြီးခုနစ်ကောင်ဟာ သူတို့ရဲ့ရည်ရွယ်ချက် အောင် မြင်တဲ့နေ့မှာ အဲဒီသံချပ်ဝတ် ရှိဝမ်တီကို ဘောရာဇ်အဖြစ် တင် မြှောက်ကြလိမ့်မယ်'

ရှိဝမ်တီ၊ ရှိဝမ်တီကား နဂါးကြီးခုနစ်ကောင်၏ အထူး လျှို့ဝှက်ချက်ပင် ဖြစ်၏။

ဤလျှို့ဝှက်ချက်နှင့်စင်လျဉ်း၍ နေပြည်တော်သိမ်းငှက်ဌာန ချုပ်မှ မင်းသားချန်တသိနေခြင်းကို မင်စီက အထူးပင်အံ့ဩ ခြင်း ဖြစ်ရလေသည်။

မင်စီသည် သိမ်းငှက်ဌာနချုပ်၏ သွက်လက်သော ခြေ လှမ်းများကို အထူးပင် ဂရုပြုရမည်ဖြစ်ကြောင်း သဘော ပေါက်လိုက်သည်။

'အဲဒီရှိဝမ်တီဆိုတာ အသက်သိပ်မကြီးသေးဘူး၊ အသက် နှစ်ဆယ်လေးငါးနှစ်ပဲရှိလိမ့်မယ်၊ ရှိဝမ်တီဟာ တောင်ပဇီလယ် တင်ဝိုက်မှာ လှုပ်ရှားနေတယ်'

'ရှိဝမ်တီနဲ့ ပတ်သက်ပြီး ဌာနချုပ်က ဘယ်လိုညွှန်ကြားထားသလဲဟင်'

'သစ္စာဖောက်တို့ရဲ့ ထုံးစံအတိုင်းပေါ့၊ ခေါင်းဖြတ်ယူခဲ့ရမယ်တဲ့၊ ရှိဝမ်တီရဲ့ခေါင်းကို ဖြတ်ယူလာနိုင်တဲ့သူကို မင်းသားချုန်က နယ်စားရာထူးပေးမယ်တဲ့'

'အမျိုးသမီးထဲက ဖြတ်ယူလာနိုင်ရင်ကော'

'အမျိုးသမီးငယ်ငယ်ရွယ်ရွယ်ထဲကဆိုရင် ဘုရင်လေးရဲ့မိဖုရားဖြစ်စေမယ်တဲ့၊ အသက်ကြီးကြီးထဲကဆိုရင် မယ်တော်အဆင့်အတန်းနဲ့ညီအောင် အဆောင်အယောင်ပေးမယ်တဲ့'

'တကယ်လို့ ကျွန်မက ရှိဝမ်တီရဲ့ခေါင်းကို ဖြတ်နိုင်ရင်ကော ဘုရင်လေးက ဘယ်လိုမျိုး သူ့ကောင်းပြုမှာလဲ'

'မင်းက အသက်ငယ်သေးတော့ ဘုရင်လေးရဲ့မိဖုရားကြီးဖြစ်မှာပေါ့၊ ဘာလဲ မင်းကမိဖုရားကြီး ဖြစ်ချင်နေပြီလားဟင်'

'အိုကွယ်...စကားခုံးပမာ မေးကြည့်မိတာပါ မောင်မောင်၊ ကျွန်မလေ မောင်မောင်ကလွဲလို့ ဘယ်သူ့ကိုမှ ချစ်လို့မရပါဘူးရှင်'

* * *

## အခန်း ( ၁၄ )

### နဂါးပျံရွက်သင်္ဘောကြီးရှိရာသို့

ညက မင်စီတိုက်ခဲ့သောဆေးသည် အလွန်အစွမ်းထက်ပုံရ၏။ နံနက်မိုးလင်းသောအခါ ဘာဘာဟိုပိုင်ဟင်းသည် လူကောင်းပကတိဖြစ်၍ နေလေတော့၏။

'သမီးကို ဘာဘာကျေးဇူးတင်လိုက်တာကွယ်'

ဟိုပိုင်ဟင်းက မင်စီကို ကျေးဇူးတင်စကားဆို၏။ သူတို့ နှစ်ဦးက ဘာဘာဟိုပိုင်ဟင်းကို နှုတ်ဆက်ပြီးလျှင် မြစ်ကမ်းသို့ထွက်လာခဲ့ကြသည်။

မြစ်ဆိပ်ကမ်း၌အခကြေးငွေယူ၍ ခရီးသည်များ သွား
လိုရာသို့ ရောက်အောင်လိုက်ပို့ပေးသော ကူးတို့လှေများ
ရှိလေသည်။

'ကျွန်မတို့ တောင်ပင်လယ်ကို သွားမလို့ပါ'

မင်စီက လှေသမားများကို အကျိုးအကြောင်း ပြောပြ၍
မေးမြန်းလေသည်။

လှေသမားတိုင်းလိုလိုက အခြားတစ်နေရာဆိုက မိမိတို့
လိုက်ပို့မည်။ တောင်ပင်လယ်ကိုတော့ လိုက်မပို့ရဲပါဟု ဆို
ကြ၏။

'ဘာဖြစ်လို့ရှင်တို့က တောင်ပင်လယ်ကိုမလိုက်ချင်ရတာလဲ'

'တောင်ပင်လယ်မှာ အခြေအနေတွေ သိပ်ရှုပ်ထွေးနေ
တယ်၊ ကျုပ်တို့မလိုက်ရဲဘူး'

'ဘယ်လိုရှုပ်ထွေးနေလို့လဲ'

'ပိုင်ရေးအဖွဲ့က ခေါးပြသင်္ဘောတွေ ရောက်နေတယ်လို့
ကြားရတယ်'

ဤသို့သောအကြောင်းပြချက်များဖြင့် လှေသမားများက
ငြင်းဆိုလျက်သာရှိကြ၏။

သို့ရှိစဉ် လှေသမားကြီးတစ်ဦးကမူ သူတောင်းသောအခ
ကြေးငွေပေးလျှင် လိုက်ပို့မည်ဟု ပြောလာသည်။

'ရှင့်ကိုဘယ်လောက်ပေးရမှာလဲ'

'ဒင်္ဂါးနှစ်ရာ'

'ကောင်းပြီ'

ဇူဆင်ကျုံနှင့်မင်စီသည် လှေပေါ်သို့တက်လိုက်ကြ၏။



ပေါင်းမိုးအုပ်ထားသော ခတ်သမွန်တစ်စင်းပင် ဖြစ်လေ
သည်။ လှေပဲ့စင်၌ လေးကြီးတစ်လက်ကို ချိတ်ဆွဲထား၏။

လှေသမားကြီးမှာ အသက်ငါးဆယ်ကျော်ခန့် ရှိသည်၊
ကျန်းမာသန်စွမ်း၍ တုတ်ခိုင်ပုကွသော ကိုယ်လုံးကိုယ်ပေါက်
ရှိ၏။

'ရှင့်နာမည်ဘယ်သူလဲ'

'ချုံကိုင်း'

'ကျွန်မတို့ တောင်ပင်လယ်ကို ဘယ်တော့ရောက်မလဲ'

'နှစ်ညအိပ်ကြာမယ်'

'ရှင့်လှေက ပင်လယ်ဝရောက်ရင် လှိုင်းပုတ်တဲ့ဒဏ်ကိုခံနိုင်
ပါ့မလား'

'ခံနိုင်ပါတယ်'

မင်စီနှင့် ကူးတို့ဆရာကြီးချုံကိုင်းတို့ စကားပြောနေခိုက်
ဇူဆင်ကျုံသည် ပေါင်းမိုးထဲ၌ မျက်လုံးများကိုမှိတ်၍ အနား
ယူနေလေသည်။

သူ့နားများက မင်စီနှင့် ကူးတို့ဆရာကြီးတို့ ပြောစကား
များကို အတိုင်းသားကြားနေရ၏။

ယန်စီမြစ်ပြင်ကြီးသည် ကျယ်ဝန်းလှ၏။ သည်ဘက်ကမ်းမှ
ဟိုဘက်ကမ်းသို့ မမြင်ရချေ၊

ချုံကိုင်းသည် သူ၏လှေကို မြစ်ကမ်းဘေးမှကပ်၍ လှော်
ခတ်လာလေသည်။

မြစ်ကမ်းနဖူး၌ ပုံသဏ္ဍာန် အမျိုးမျိုးရှိသော ကြီးကျယ်သော ကျောက်ဆောင်ကြီးများ ရှိနေသည်။ သိုက်ဂူကြီးများလည်း အမြောက်အမြား တွေ့ရလေသည်။

ယန်စီမြစ်ကြီးသည် တရုတ်ပြည်တွင် အရှည်လျားဆုံး ဖြစ်သည်။ မိုင်ပေါင်း သုံးထောင့်ငါးရာကျော်မျှ ရှည်လျားသည်။

အိုက်ပင်နှင့် အန်ဟွီးပြည်နယ် တာယုန်ဒေသအနီး၌ စီချွမ်ဟူပေ နယ်စပ်ပေါ်ရှိ တောင်တန်းများကို ဖြတ်ကျော်စီးဆင်းလျက်ရှိရာ ယန်စီ ချောက်ကမ်းပါးကြီးဟူ၍ အမည်တွင်သည့် နေရာများကို ဖြတ်သန်းလာခဲ့၏။

လမ်းခရီးတွင် နှစ်ညအိပ်တိတိ ကြာပြီးမှ ပင်လယ်ဝသို့ ရောက်သာ၏။ လမ်းခရီးတွင် မည်သည့်အခက်အခဲ အနှောင့်အယှက်မျှ မရှိပေ။

'ဟော...ကလေးမ၊ ငါတို့ မင်းကို ဘယ်အထိ လိုက်ပို့ပေးရမှာလဲ'

ကူးတို့ဆရာကြီးက မေး၏။

မင်စီက—

'ပေါ့တိုစ်ပင်လယ်...ကျောက်ထူအပ်တဲ့ ကမ်းခြေ'

မင်စီ၏အဖြေစကားကိုကြားရလျှင် ကူးတို့ဆရာကြီး ချုံကိုင်းက အံ့သြသွားသည့် အမူအရာကို ဖော်ပြလိုက်လေသည်။

'အဲဒီနေရာကို ဘာသွားလုပ်ကြမှာလဲ'

'အဲဒီမှာ နဂါးပျံ ရွက်သင်္ဘောကြီး ရှိတယ်'

'ဘာ...နဂါးပျံ ရွက်သင်္ဘောကြီး ...ဟုတ်လား'

ကူးတို့ဆရာကြီးသည် ပို၍ အံ့သြသွားပုံရ၏။



'ဟုတ်တယ်၊ နေပါဦး...ရှင်က ဘာဖြစ်လို့ ခုလောက် အံ့သြနေရတာလဲ'

'နင်တို့ ဘာကိစ္စသွားမှာလဲ၊ အဲဒီရွက်သင်္ဘောကြီးပေါ်မှာ သူပုန် နယ်စားကြီး ရှိတယ်'

'ဘာ...သူပုန်နယ်စားကြီး ဟုတ်လား'

'အင်း'

'အဲဒီ သူပုန်နယ်စားကြီးက နာမည်ဘယ်သူလဲ'

'နင်ရှာဝေ နယ်စားကြီး ထိုက်ချီဒလ'

'ရှင်က အဲဒီရွက်သင်္ဘောကြီး ရှိတဲ့နေရာကို သေသေချာချာ သိလို့လား'

'သိတာပေါ့'

'ဘာကြောင့် ဒီလိုသိနေတာလဲ'

'ငါ နင်ရှာမြို့က ခရီးသည် နှစ်ယောက်ကို အဲဒီ ရွက်သင်္ဘောကြီးကို လိုက်ပို့ရဖူးတယ်'

'ဪ...ဒါကြောင့်ကိုး'

'ဘာလဲ၊ နင်တို့က နယ်စားကြီးနဲ့ အဆက်အသွယ် လုပ်ရအောင် လာကြတာလား'

'ဆရာကြီး... စကားတွေ သိပ်များမနေနဲ့၊ တော်ရုံပဲ ကောင်းတယ်'

မင်စီက ဖလသံမာမာနှင့် ပြောလိုက်မှ ကူးတို့ဆရာကြီးသည် အသံတိတ်သွား၏။ နောက်ထပ် နာရီဝက်ခန့် လှော်ခတ်လိုက်သောအခါ ကျောက်ဆောင်ထူထပ်သည့် ကမ်းခြေသို့ ရောက်လာလေသည်။

'ဟော....ဟိုမှာ ရှက်သဘော်ကြီး'

မင်စိက ကမ်းခြေသို့ လက်ညှိုးညွှန်ပြ၍ ပြောလိုက်သည်။ နံနက်ခင်း နေရောင်ခြည်အောက်တွင် လှပသော ရှက်သဘော်ကြီးကို တွေ့ရလေ၏။

'ဒူဟူဟူ....ဒူဟူဟူ—ဒူဟူဟူ'

ရှက်သဘော်ကြီးဆီမှ ထွက်ပေါ်နေသည့် မောင်းထုသံကြီးများကိုလည်း ကြားနေရ၏။ ထိုအခိုက် လှေပေါ်ရှိ ပေါင်းမိုးတိုင်သို့ မြားတစ်စင်း လာ၍စိုက်လေသည်။

'ဟယ်....မြားနဲ့ လှမ်းပစ်နေပြီ'

ဟု မင်စိက ထိတ်လန့်တကြား ဆိုလိုက်၏။ မျက်စိ လျင်သော ဇူဆင်ကျင်ကမူ မြားတွင်ပါလာသော စာကို မြင်လိုက်သည်။ စာကိုယူ၍ ဖတ်လိုက်သည်။

> သင်တို့ ဘယ်သူလေလဲ၊
> ခုချက်ချင်း အကြောင်းပြန်လော့။
>
> ပုံ–ရင်ဖူး
> ရွှေမြို့သော်အဖွဲ့။

စာမှာ တိုတိုရှင်းရှင်းပင် ရေးသားထား၏။

ဇူဆင်ကျင်သည် လှေပဲ့စင်ရှိ လေးကြီးသို့ မျက်စိရောက်သွားသည်။ တစ်ဆက်တည်း လှေသမားကြီးကို ပြောလိုက်သည်၊



'ဆရာကြီး၊ ခင်ဗျား လေးကို ကျွန်တော် ခဏလောက် သုံးချင်တယ်'

'ဘာကိစ္စအတွက်လဲ'

ဇူဆင်ကျင်က အကျိုးအကြောင်း ရှင်းပြလိုက်ရာ လှေသမားက သူ၏လေးကြီးကို အသုံးပြုရန် သဘောတူ၏။ ထိုအခါ ဇူဆင်ကျင်သည် စာတစ်စောင်ကို မြန်ဆန်သွက်လက်စွာ ရေးလိုက်သည်။

> ကျွန်ုပ်တို့ သင်တို့၏ရန်သူ မဟုတ်ပါ။ အထူး အရေးကြီးသော ကိစ္စတစ်ရပ် ကျွန်ုပ်တို့နှင့် ပါလာသည်။ နင်ရှာဝေ နယ်စားကြီးနှင့် တွေ့ဆုံ ဆွေးနွေးရန် လာကြခြင်း ဖြစ်သည်။
>
> ပုံ–ဇူဆင်ကျင်
> ပုံ–မင်စိ

ဇူဆင်ကျင်သည် စာကို မြားတံတွင် ချည်လိုက်ပြီးနောက် လေးညှို့ကို ဆွဲတင်လိုက်၏၊ ရုတ်တရက် တင်၍ မရဘဲ ရှိနေသည်။ ခွန်အားဗလလွန်စွာကြီးမားသူဖြစ်မှသာလျှင် တင်နိုင်မည် ဖြစ်၏။

'ဟား....ဟား....ဟား....ဟား....ဟား'

ကူးတို့ဆရာကြီး ချုံ့ကိုင်းက ဟားတိုက်၍ ရယ်မောသည်။ မင်စိ၏ လှပသောမျက်နှာလေး ရဲတင်းမှုသွားသည်။

'ဆရာကြီးက ဘာကိစ္စ ရယ်တာလဲ'

'ငါ့ခလေးကို ငါကလွဲပြီး ဘယ်သူမှ တင်လို့ ချလို့ မရဘူး၊ ဟား....ဟား....ဟား....ဟား'

သူပြောတာ မှန်၏။ အတွင်းအားသုံး၍ လေးကြီးကို တင်ကြည့်သော်လည်း မရနိုင်ချေ။ ဇူဆင်ကျောင်သည် ချွေးသီးချွေးပေါက်များ ကျလာလေတော့သည်။

ကူးတို့ဆရာကြီး ချုံကိုင်းကား အညာတရ တစ်ယောက်မဟုတ်။ ထိပ်တန်း သိုင်းပညာရှင်ကြီးတစ်ဦးဖြစ်မှန်း ဇူဆင်ကျောင် ရိပ်မိလိုက်လေသည်။

'ဝိုး....ဝိုး'

'ဒုတ်...ဒုတ်'

ပေါင်းမိုး[...]င်တွင် မြားနှစ်စင်းလာ၍ စိုက်မြှပ်နေလေသည်။ မြားတစ်စင်းတွင် စာပါလာ၏။

သင်တို့ ဘယ်သူတွေလဲ။
အမြန်ဆုံးအကြောင်းပြန်လော့။

(မှ)ဂင်ဖူး

ဇူဆင်ကျောင်နှင့် မင်စီသည် စာကိုဖတ်လိုက်ပြီးနောက် တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်မိကြ၏။

ထိုစဉ် ကူးတို့ဆရာကြီး ချုံကိုင်းက ဟားတိုက်ရယ်မောနေလေသည်။

'ဆရာကြီးက ဘာပြုလို့ ရယ်နေတာလဲ၊ ဒါရယ်စရာလား'



'ရယ်စရာပေါ့၊ ဒါနဲ့များ နင်တို့က နဂါးပျံ့ရွက်သင်္ဘောကြီးဆီကို သွားကြမလို့တဲ့၊ ချုံကိုင်းရဲ့ လေးကိုတောင် မတင်နိုင်ရင် ဟိုရွက်သင်္ဘောကြီးပေါ်ရောက်တဲ့အခါ ကုမုဒြာ လက်နက်ဆန်းကို ဘယ်လိုလုပ်ပြီး ရင်ဆိုင်ကြမလဲ'

ဇူဆင်ကျောင်က မျက်မှောင်ကြုတ်၍....

'ကုမုဒြာ လက်နက်ဆန်းဆိုတာ ဘယ်လိုဟာမျိုးလဲ'

'နင်ရှာဝေ နယ်စားကြီး တီထွင်လိုက်တဲ့ နောက်ဆုံးပေါ် လက်နက်ဆန်းပဲ၊ အဲဒီလက်နက်ဆန်းကို နယ်စားကြီးရဲ့ သမီးတော်က ကိုင်စွဲပြီး စစ်မြေပြင်မှာ တိုက်ခိုက်လိမ့်မယ်'

ကူးတို့ ဆရာကြီးသည် စိတ်ဝင်စားဖွယ်ရာစကား ပြောဆိုလိုက်ခြင်းပင် ဖြစ်သည်။

ဇူဆင်ကျောင်က မေးလိုက်သည်။

'နယ်စားကြီးမှာ သမီးတော်တစ်ပါးရှိတာကို ကျွန်တော်ကြားဖူးတယ်၊ ဒါပေမယ့် နာမည်ကိုတော့မကြားဖူးသေးဘူး၊ နာမည်က ဘယ်လိုတဲ့လဲ'

'သမီးတော်က တိုက်မေလီတဲ့၊ အင်မတန် စွမ်းရည်သတ္တိနဲ့ ပြည့်စုံတယ်'

'ကဲ... ဇူဆင်ကျောင်၊ စကားနောက်မှပြော၊ ကျွန်မတို့ ရွက်သင်္ဘောကြီးကို အကြောင်းပြန်မှဖြစ်မယ်၊ အချိန်မီအကြောင်းပြန်နိုင်ရန် ဒီတစ်ခါ ကျွန်မတို့ကို ရေထဲပို့လိုက်ကြလိမ့်မယ်'

'ဟဲ...ဟဲ...ဟဲ....ဒါ သိပ်သေချာတာပေါ့'

လှေသမားကြီးက ရယ်သွမ်းသွေး၏။

မင် စီက....

'ဆရာကြီး...ကျွန်မတို့ကို တစ်ဆိတ်ကူညီပါ'

'ဘယ်လို ကူညီရမှာလဲ'

'ဒီစာရွက်ကို သတော်ကြီးပေါ်ကို ပို့ပေးပါ'

'ငါ့ကို ငွေဒင်္ဂါးတစ်ရာပေးရင် ငါပို့ပေးမယ်'

'ဆရာကြီးက ဘောင်းဘီထဲက ငွေမျက်နှာကိုကြည့်ပါလား'

'ဒီကနေပြီး အချိန်မီ အကြောင်းမပြန်လို့ရှိရင် ဟိုက သူ့မိန်းမ တော့ မြားမိုးရွာလိမ့်မယ်၊ အခု ငါပြောလိုက်တဲ့ အခြေအနေ ဖြစ်သလားကို လိုလားသလား၊ ငါ့ကိုငွေဒင်္ဂါးတစ်ရာပေး သား၊ အမြန်ဆုံး စဉ်းစားကြ'

မင်းစီ ဇူဆင်ကျောင်ကိုကြည့်လိုက်၏၊ ဇူဆင်ကျောင်က ငွေအိတ်ကို ယူလျက် ငွေဒင်္ဂါးတစ်ရာ ရေတွက်လိုက်သည်။ ချုံကိုင်း၏ မျက်နှာကြီးက ပြုံးသွားလေသည်၊

'ဟေ့...သူငယ်၊ မင်းလက်ထဲက လေး ငါ့ကိုပေးစမ်းပါ ကွာ၊ ဟန်ဟန်ပန်ပန်လုပ်ပြီး ကိုင်မထားစမ်းပါနဲ့'

ဇူဆင်ကျောင်သည် လေးကိုပစ်ပေးလိုက်၏၊

ကူးတို့ဆရာကြီးသည် ဖမ်းယူလိုက်ပြီး၊ အသာအယာလေးပင် လေးညို့ကို ဆွဲတင်လိုက်လေသည်။

'ဟဲ...ဟဲ...ဟဲ'

'ဒုန်း....'

'ရှိုး...'

လေးညို့မှ ပေါ်ထွက်လာသောအသံနှင့် မြားထွက်သွား သော အဟုန်တို့မှာ ကြောက်စရာကောင်းလှ၏။



လေးညို့မှ တုန်ခါသွားသော အရှိန်ကြောင့်လျှသည်လှုပ် ခါသွားရ၏။

'ဟဲ....ဟဲ...ဟဲ'

ကူးတို့ဆရာကြီးသည် ဇူဆင်ကျောင် ပေးလိုက်သော ဒင်္ဂါး တစ်ရာကို ပြုံးရွှင်ကျေနပ်စွာရေတွက်၍ သိမ်းဆည်းထားလိုက် လေသည်။

ကြောမီ ပေါင်းမိုးတိုင်ထွင် မြားတစ်စင်း လာ၍စိုက်လေ သည်။

စာတစ်စောင် ပါလာပေသည်။

ဇူဆင်ကျောင်...

ကျွန်ုပ်တို့ထံမှထွက်ပြေးသွားသော မင်းစီကိုလာပို့ ခြင်းဖြစ်သည်ဟု ကျွန်ုပ်ယူဆသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ရွက်သတော်ကြီးသို့ လာခွင့်ပြုလိုက်သည်။

ပုံ-ရင်ဖူး

ဇူဆင်ကျောင်နှင့်မင်းစီသည် စာကိုပြိုင်တူဖတ်ကြည့် လိုက်ကြ သည်။

ကူးတို့ဆရာကြီးက သူတို့အရိပ်အကဲကိုကြည့်ရှု၍ မေးလိုက် သည်။

'ဘယ့်နှယ်လဲဟေ့....အခြေအနေ ဟန်ကျရဲ့လား'

'မဆိုးပါဘူး'

ဇူဆင်ကျောင်က ပြုံး၍ပြောလိုက်၏။

ဇူဆင်ကျောင်သည် ကူးတို့ဆရာကြီးချုံကိုင်းကို သဘောကျနေမိလေသည်။

ကူးတို့ဆရာကြီးသည် နှစ်ညလုံးလုံး တစ်ရေးမှမအိပ်ခဲ့ပေ။

အနည်းငယ်မျှလည်း အနားယူခြင်းမရှိဘဲ လှေကိုလှော်ခတ်ခြင်း ပြုလာခဲ့သည်။

သို့စေတိုင် အားအင်ကုန်ခမ်း နွမ်းနယ်ဆုတ်ယုတ်ဟန်မပြခဲ့ပေ။

နောက် သူ၏လေးကြီးမှာ ထူးဆန်းလှ၏။

စာတ်မသိသူများဆိုလျှင် လုံးဝတင်၍ချ၍ရမည် မဟုတ်။ ကူးတို့ဆရာကြီးသည် လွန်စွာအဆင့်မြင့်နေပြီဖြစ်သော သိုင်းသမားကြီး ဖြစ်လိမ့်မည်။

ဤသို့ ဇူဆင်ကျောင် နားလည်နေမိ၏။

အထူးသဖြင့် ဇူဆင်ကျောင်သည် ကူးတို့ဆရာကြီး၏လေးကြီးကို အထူးနှစ်သက်နေမိပေသည်။

ကေရာဇ်၏မြားတပ်ဖွဲ့မှ မြားဝိဇ္ဇာကြီးများပင်လျှင် ဤလေးကြီးကို တင်နိုင်ချနိုင်လိမ့်မည် မဟုတ်ပေ။

ပေါင်းမိုးလှေလေးသည် ရွှက်သင်္ဘောကြီး ဘေးသို့ဆိုက်ကပ်လိုက်လေသည်၊

ရဲတိုက်ကြီးတစ်ခု၏ အောက်ခြေနံရံကြီးများလားဟု ထင်မှတ်လိုက်ရ၏။

သင်္ဘောကုန်းပတ်ကြီးမှာ မြင့်မားမတ်စောက်လှ၏။



သူတို့အပေါ်မှ ကြိုးလှေကားတစ်ခုက တရွေ့ရွေ့ကျလာပေသည်။

ဇူဆင်ကျောင်ကြိုးလှေကားပေါ်သို့ ရှေးဦးစွာတက်၏။ သူ့နောက်မှ ကူးတို့ဆရာကြီးချုံကိုင်း။

နောက်ဆုံးမှ မင်စီတက်လာသည်။

သင်္ဘောကြီးပေါ်သို့ ရောက်ခဲ့သောအခါ လူထွားကြီးဆယ်ဦးက သူတို့အားဝိုင်းရံထားလိုက်ကြ၏။

သူတို့၏လက်ထဲတွင် ကြီးမားသောရဲတင်းကြီးများ ကိုင်ထားကြလေသည်၊

'မိတ်ဆွေတို့ကိုယ်မှာ ပါလာတဲ့လက်နက်တွေ ဒီနေရာမှာ ထားရစ်ခဲ့ပါ'

အနီရောင်သံခမောက်ဆောင်းထားသည့် လူထွားကြီးက ပြောလိုက်၏။

ဇူဆင်ကျောင်က မင်စီနှင့်ကူးတို့ဆရာကြီးကို ခေါင်းညိတ်ပြလိုက်သည်။

ရှေးဦးစွာ ဇူဆင်ကျောင်က သူ၏ခါးတွင်ပတ် ထားသော ပျော့ပျောင်းနူးညံ့လှသည့် 'ခါးခါးပတ်'ကို ချွတ်ချလိုက်သည်။

မင်စီသည် သူမ၏အတွင်းခံအင်္ကျီအိတ်ထဲမှ လျှို့ဝှက်ယူဆောင်လာသည့် လက်နက်ပုန်းယပ်တောင်နှင့် ပေါက်ဓားတစ်လက်ကို လူထွားကြီးသို့ပေးအပ်လိုက်၏၊

'ဟိုလေးကြီးကိုလဲ ထားပစ်ခဲ့လေ'

'ဩော်...ဟုတ်လား'

ကုလားတို့ဆရာကြီးကလည်း သူ၏လေးကြီးကို လူထွားကြီး လက်သို့ ပေးအပ်လိုက်၏။

သူတို့သုံးဦးအား လူထွားကြီးဆယ်ဦးက ခေါင်းကြပ်၍ သင်္ဘောကြီးအပေါ်ထပ်သို့ ခေါ်သွားသည်။

ကြေးသင်လိမ်လှေကားကြီးတစ်ခုမှ တက်သွားကြရ၏။ ရှေ့ တိုက်ကြီးတစ်ခုပမာ ကြံ့ခိုင်ခန့်ညားသော သင်္ဘောကြီးပင် ဖြစ်သည်။

ခံတပ်ကြီးတစ်ခုပမာလည်း အပြီးအခိုင် တည်ဆောက် ထားခြင်း ဖြစ်သည်။

သင်္ဘောကြီး၏ဦးပိုင်းတစ်နေရာ၌ ကျယ်ဝန်းသော ဧည့် ခန်းကြီးတစ်ခု ရှိလေသည်။

လူထွားကြီးများက ငှသင်ကျင်တို့သုံးဦးကို ဧည့်ခန်းကြီး ထဲသို့ ခေါ်ဆောင်လာကြ၏။

ဧည့်ခန်းကြီး၏နံရံ၌ တံခါးပေါက်ကြီးများ ဖောက်ထား သည်။

ထိုတံခါးပေါက်ကြီးများမှ ကျယ်ပြောလှသော ပင်လယ် ပြင်ကြီးကို အပေါ်စီးမှမြင်နေရလေသည်။

ဧည့်ခန်းကြီးတစ်နေရာ၌ကား အနီရောင်ပိုးလိုက်ကာများ ကာရံထားသည့် သီးသန့်တစ်နေရာပြုလုပ်ထား၏။

ထိုနေရာရှိ စားပွဲရှည်ကြီးတစ်ခုတွင် လူပေါင်းရှစ်ယောက် တိတိ မျက်နှာချင်းဆိုင်၍ ထိုင်နေကြလေသည်။

ထိုနေရာမှ ကျယ်လောင်သောစကားသံများက ပေါ်ထွက် နေလေ၏။



ပေါ်နှင့်မောနှင့် ဝိတ်ဆိုးမန်ဆိုးပြောနေသည့် စကားသံ များပေ ဖြစ်သည်။

'နန်းဆားမြို့မှ ကျင်းတွေ နဂါးကြီးတွေရဲ့ လျှို့ဝှက် ဆွေးနွေးပွဲမှာ ကျုပ်မပါဝင်နိုင်ဘူးဗျ၊ ကျုပ်ဟာ နဂါးကြီး ခုနှစ်ကောင်နဲ့ ဘယ်လိုမှပတ်သက်ဘူး'

ပုဂ္ဂိုလ်ကြီးတစ်ဦးက ဝတ်တတ်ငှင်ဆျက် ဒေါသတကြီး ပြောလိုက်သံများ ပေါ်ထွက်လာသည်။

ထိုပုဂ္ဂိုလ်ကြီးမှာ မီးလုံးကဲ့သို့နီမြန်းသော အနီရောင်ဝတ်စုံ ကြီးကို လွှမ်းခြုံထား၏။

ဦးခေါင်းပေါ်၌ အနီရောင်သံခမောက် ဆောင်းထား သည်။

ထိုပုဂ္ဂိုလ်ကြီး၏နောက်၌ သံချပ်ဝတ်သုံးဦးက မြင်သက် စွာ ရပ်နေကြ၏။

ပုဂ္ဂိုလ်ကြီး၏အစောင့် ရက်တော်စောင့်များပင် ဖြစ်ဟန် တူသည်။

ပုဂ္ဂိုလ်ကြီး၏ရှေ့တွင် လူလေးဦးထိုင်နေကြ၏။ ထိုလူ လေးဦး၏ မျက်နှာများကိုမြင်ရ။

မျက်နှာဖုံးကိုယ်စီ တပ်ဆင်ထားသောကြောင့်ပင် ဖြစ် သည်။

မျက်နှာဖုံးတပ်ပုဂ္ဂိုလ်တစ်ဦးက 'အေးဆေးတည်ကြည် သော လေသံဖြင့် ပြန်ပြောလိုက်သည်။

'မှန်ပါတယ် နယ်စားကြီး၊ ချန်ဆားမြို့က ပင့်ကူတည်းခို ရိပ်သာမှာ ကျုပ်တို့ လျှို့ဝှက်ဆွေးနွေးခဲ့ကြပါတယ်၊ အဲဒီ

ဆွေးနွေးပွဲက နဂါးပလ္လင်ကိုဆန့်ကျင်ဖို့ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြပါတယ်၊ အဲဒီ ချန်ဆားဆွေးနွေးပွဲမှာ နယ်စားကြီး မပါဝင်ခဲ့တာဟာ အမှန်ပါပဲ'

ထိုသူသည် အနက်ရောင်မျက်နှာဖုံးနှင့် အနက်ရောင်ဝတ်စုံကြီးကို ဆင်မြန်းထား၏၊ သေးကွေးပုညက်သော ခန္ဓာကိုယ်ရှိလေသည်။

အနက်ရောင်မျက်နှာဖုံးရှင်၏ ပြန်ကြားချက်ကိုကြားရလျှင် နယ်စားကြီးသည် စောစောကထက်ပို၍ ဒေါသထွက်သွားဟန် တူလေသည်၊

'ချန်ဆားဆွေးနွေးပွဲမှာ ကျုပ်မပါဝင်ခဲ့ဘူးလို့ ခင်ဗျား အခုတာဝန်ခံလိုက်ပြီ၊ အဲဒီလိုဖြစ်ပါလျက်နဲ့ ဘာ ဖြစ် လို့ နဂါးကြီးခုနစ်ကောင်ထဲမှာ ကျုပ်မျက်နှာပါနေရတာလဲ'

ဇူဆင်ကျိုင်သည် အနီရောင်သံခမောက်ဆောင်းထားသော ပုဂ္ဂိုလ်ကြီးကို စိတ်ဝင်စားစွာ လှမ်း၍ကြည့်ရှုနေသည်။

မင်စီက....

'အဲဒါ နင်ရှာဝေ နယ်စားကြီးကိုယ်တိုင်ပဲ'

ဟူ၍ ဇူဆင်ကျင်ကိုလေသံဖြင့် ပြောလိုက်သည်။

အနက်ရောင်မျက်နှာဖုံးရှင်အားနယ်စားကြီးကိုပြန်ပြောသည်။

နယ်စားကြီးက ရှူးရှူးရှားရှားနှင့် ဒေါသ ထွက်နေသလောက် အနက်ရောင်မျက်နှာဖုံးရှင်၏အသံမှာပျော့ပျောင်းတည်ငြိမ်လှသည်။

'အဆွေတော်နယ်စားကြီးခင်ဗျား၊ ကျွန်ုပ် ရှင်းပြချက်ကို ခေါင်းအေးအေးနဲ့ နားဆင်ပါဦး၊ အခု တိုင်းပြည်ကြီး အခြေ



အနေကို သုံးသပ်ကြည့်ရင် မတည်ငြိမ်လှဘူး၊ နဂါးပလ္လင်ပေါ်မှာ အုပ်စိုးနေတဲ့ ကလေးအရွယ်ဘုရင်ပေါက်စလေးဟာ တိုင်းပြည်ရဲ့ လက်ရှိအခြေအနေတွေကို ဘယ်နည်းနဲ့မှ မထိန်းနိုင်ဘူးလို့ ကျွန်ုပ်ယူဆပါတယ်'

ဝတ်ရုံနက် မျက်နှာဖုံးရှင်၏စကားများကို နင်ရှာဝေ နယ်စားကြီးက ငြိမ်သက်စွာ စူးစိုက်နားထောင်နေ၏။

'ဒီအခြေအနေမှာပဲ နန်းတွင်းမှာရှိနေတဲ့ မှူးကြီးမတ်ရာသေနာပတိတွေဟာလဲ သူတစ်မျိုးငါတစ်ဖုံ လူမမည် ဘုရင်ကလေးကို အမျိုးမျိုးလှည့်စားပြီး တိုင်းပြည်ကိုရောင်းစားဖို့ ကြံစည်နေကြတယ်ဗျာ၊ (အဲဒီလို တိုင်းပြည်ကြီး ကမောက်ကမဖြစ်ပြီး ချောက်ကမ်းပါးထဲကို ကျတော့မယ့်ဆဲဆဲ အချိန်မျိုးမှာ အဆွေတော်နယ်စားကြီး အပါအဝင် ကျွန်ုပ်တို့ဟာ တိုင်းပြည်ကိုကယ်တင်ဖို့ ဝတ္တရားရှိပေတယ်ဗျာ)'

နင်ရှာဝေနယ်စားကြီးသည် ငြိမ်သက်စွာနားထောင်နေရာမှ လှုပ်ရှားလာ၏။

'ကျုပ်မေးတာနဲ့ ခင်ဗျားဖြေတာနဲ့တခြားစီဖြစ်နေပြီဗျာ၊ ချန်ဆားဆွေးနွေးပွဲမှာ ကျုပ်မပါဝင်ခဲ့ဘူး၊ ဒါပေမယ့် ခင်ဗျားတို့က ကျုပ်မျက်နှာကို ရုပ်တုထဲမှာ ဘာဖြစ်လို့ ထည့်ထားသလဲ၊ ဒါကိုပဲသိချင်တယ်၊ ကျုပ်လက်ခံနိုင်လောက်တဲ့ ဖြေရှင်းချက်မျိုး ပေးပါ'

နယ်စားကြီး၏အသံမှာ ထုံးစံအတိုင်း မာထန်နေသည်။

'နယ်စားကြီးဟာ တိုင်းပြည်က အလွန်အမင်း ရိုသေလေးစားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ပါသည်၊ ကျွန်ုပ်တို့ အဖွဲ့ထဲမှာ နယ်စားကြီး ပါဝင်တယ်ဆိုရင် နယ်စားကြီးရဲ့ အရှိန်အဝါကြောင့် ကျွန်ုပ်တို့ရဲ့ လုပ်ငန်းစဉ်တွေဟာ မြန်မြန်ဆန်ဆန်တိုးတက်—'

'တော်....ရပ်လိုက်၊ ခင်ဗျားတို့ဟာ ကျုပ်ကို အသုံးချဖို့ ကြိုးစားခဲ့တာပဲ'

'မှန်ပါတယ် နယ်စားကြီး၊ ဒါပေမယ့် နယ်စားကြီးရဲ့ အမည်ကို ကောင်းသောရည်ရွယ်ချက်နဲ့ အသုံးချဖို့ကြိုးစားခဲ့တာပါခင်ဗျာ၊ ဒီအတွက် ကျွန်ုပ်တို့အဖွဲ့ကို ခွင့်လွှတ်ပါ'

ဝတ်ရုံနက် မျက်နှာဖုံးရှင်က ပျော့ပျောင်းစွာဖြင့် ဆို၏၊ နယ်စားကြီးသည် ဒေါသကြီးစွာဖြင့် စားပွဲကို လက်သီးနှင့်ထုလိုက်သည်။

'ခင်ဗျားတို့ဟာ တိုင်းပြည်ကိုကယ်တင်မယ့် သူတွေမဟုတ်ဘူး၊ တိုင်းပြည်ကို ဒုက္ခပေးမယ့် ကလိန်ခြုံတွေ၊ အခုကြည့်စမ်း ခင်ဗျားတို့လုပ်ပုံကိုင်ပုံ ဟန်မကျလို့ သိမ်းငှက်ဌာနချုပ်က ကျုပ်ကို သူပုန်နယ်စားကြီးအဖြစ် သတ်မှတ်တော့မယ့် ဆဲဆဲဖြစ်နေပြီ'

'အဲဒီတော့ နယ်စားကြီးက ဘယ်လိုလုပ်ချင်ပါသလဲ ခင်ဗျာ'



'ဘယ်အခြေအနေမျိုးပဲ ဖြစ်ဖြစ်၊ ကျုပ်နဂါးပလ္လင်ကို သစ္စာမဖောက်ဘူး၊ နဂါးပလ္လင်ကို သစ္စာဖောက်ဖို့ ကြံစည်နေတဲ့ ခင်ဗျားတို့ကိုသာ ကျုပ်ချေမှုန်းပစ်မယ်'

နယ်စားကြီးက ရဲရဲတောက်မိန့်ဆိုလေသည်။

မျက်နှာဖုံးတပ်ဆင်ထားသော လူလေးဦးသည် ထိုင်ရာမှ ပြိုင်တူလိုလို မတ်တတ်ရပ်လိုက်ကြ၏။

'ကောင်းပြီ– နယ်စားကြီး၊ ကျွန်ုပ်တို့အဖွဲ့ဟာ နယ်စားကြီးကို ခေါင်းဆောင်လို့ အုပေါ်ကို တွန်းတင်ဖို့ ကြိုးစားခဲ့တယ်၊ နယ်စားကြီးက ချောက်ထဲကို အတင်းခုန်ဆင်းတယ်၊ နောက်တော့မှသာ ကျွန်ုပ်တို့ကို အဆိုးမဆိုပါနဲ့'

'ခင်ဗျားတို့အဖွဲ့ ကျုပ်သင်္ဘောပေါ်က မြန်မြန်ဆင်းသွားကြ၊ နောက် သုံးနာရီတိတိကြာရင် ကျုပ်နဲ့ ကျုပ်လူတွေက ခင်ဗျားတို့ကို လိုက်ဖမ်းလိမ့်မယ်၊ ခင်ဗျားတို့ လွတ်အောင်ပြေးကြ'

'ဩော်....ဒီလိုလား'

'အခုတော့ ကျုပ် ခင်ဗျားတို့ကို ဖမ်းထားလိုက်ချင်တယ်၊ ဒါပေမယ့် ဧည့်သည်ကိုအိမ်ရှင်က ဒုက္ခမပေးအောင်လို့ ခင်ဗျားတို့ကို ပြန်လွှတ်လိုက်တာပဲ၊ ကဲ– မြန်မြန် သွားကြ'

'ကောင်းပါပြီဗျာ'

မျက်နှာဖုံးတပ်လေးဦးသည် အခန်းထဲမှထွက်ခွာသွားကြသည်။

နယ်စားကြီးသည် အလွန်အမင်း ဒေါသထွက်နေသောဟန်ဖြင့် စားပွဲကြီးကို လက်သီးနှင့်ထု၍ ပြောလိုက်သည်။

လူထွားကြီးများသည် နယ်စားကြီးရှေ့၌ ဒူးထောက်၍ ထိုင်လိုက်ကြ၏၊

'ဟေ့ ...မင်းတို့သုံးယောက်က ဘာကိစ္စလဲ'

နယ်စားကြီး၏အသံ မာကျောနေလေသည်။

* * *

## အခန်း (၁၅)

### ရှိဝမ်တီထံမှုစာ

'သူ့နာမည်က ငှုဆင်ကျင်၊ သူကတော့ အကျွန်ုပ်ထံက ထွက်ပြေးလွတ်မြောက်သွားတဲ့ မင်စီပါ၊ သူကတော့ ကူးတို့သရာကြီး ချုံကိုင်း ဖြစ်ပါတယ် အရှင်သခင်ကြီး'

လူထွားကြီးတစ်ဦးက အစီရင်ခံလိုက်လျှင် နယ်စားကြီးသည် ငှုဆင်ကျင်တို့ သုံးဦးကိုဝေ့ဝဲ၍ ကြည့်ရှုလိုက်၏။

မင်စီ၏မျက်နှာကို စူးစူးစိုက်စိုက် အကဲခတ်လိုက်ပြီး....

'ဒီမိန်းကလေးက ဘာကိစ္စရောက်လာရပြန်တာလဲ'

'ကျွန်မသိတာ နယ်စားကြီးယူထားတဲ့ ပစ္စည်းကို ပြန်ပို့ချင်လို့ လာခဲ့တာပဲ'

မင်းစီက ရဲဝံ့စွာ ပြောလိုက်လေသည်။

နယ်စားကြီးသည် မျက်မှောင်ကြုတ်လိုက်ပြီး ငဆင်ကျော်ကို စူးစူးစိုက်စိုက် ကြည့်လိုက်ပြန်သည်။

'မောင်က...ဘယ်သူလဲ'

'ကျွန်တော့်နာမည် ငဆင်ကျော်ပါ၊ မဟာဇေရာဇ်ရဲ့ သူလျှိုဖြစ်ပါတယ် ခင်ဗျာ'

'ဩော်...ဟုတ်လား၊ ထိုင်ပါထိုင်ပါ၊ ဒီကုလားထိုင်မှာ နေရာယူပါ'

မဟာဇေရာဇ်သူလျှိုဆိုသော စကားကြောင့်နယ်စားကြီး၏ အမူအရာမှာ ရုတ်ခြည်းပြောင်းလဲသွားသည်။

ငဆင်ကျော်ကို အသိအမှတ်ပြုသောအားဖြင့် ညော်ဘတ်ခကျ ပွန်းစွာ ဆက်ဆံပြောဆိုလိုက်သည်။

ငဆင်ကျော်သည် နယ်စားကြီး၏ရှေ့တည့်တည့်မှ ကုလားထိုင်တွင် ထိုင်လိုက်၏။

သူ၏ဘယ်ဘက်ဘေးတွင် မင်းစီ ထိုင်လိုက်၏။

'ဒီ ကူးတို့သမားကို တစ်နေရာကို ခေါ်သွား၊ သူ့ကို ကောင်းကောင်းမွန်မွန် ပြုစုထားလိုက်'

ဟု နယ်စားကြီးက ပြောလိုက်လျှင် လူထွားကြီးတစ်ဦးက ကူးတို့ဆရာကြီး ချိုကိုင်းကို အခန်းထဲမှ ခေါ်ထုတ်သွားသည်။

နယ်စားကြီးက ငဆင်ကျော်ကို ပြောလိုက်သည်။



'ရွှေနန်းတွင်း တပ်မှူးလေးဖြစ်ကြောင်း ကျွန်ုပ်ကို အထောက်အထားပြပါ'

ငဆင်ကျော်က အင်္ကျီမှ ကြယ်သီးများကို ဖြုတ်၍ ရင်အုပ်ကျယ်ကြီးကို ပြလိုက်သည်။

ရင်အုပ်ပေါ်မှ ဆေးမင်ကြောင်အနီရောင်နှင့် ထိုးထားသော ရုပ်ပုံတစ်ပုံကို တွေ့လိုက်ရ၏။

ဓားနှစ်လက်ယှက်နေဟန် တံဆိပ်ပေါ်တွင် သိမ်းငှက် တစ်ကောင် နားနေပုံဖြစ်၏။

'မဟာဇေရာဇ်သူလျှို' ဟူ၍ ရေးထားသော စာတန်းကို လည်း တွေ့ရ၏။

'မောင်ရင် ဘယ်မြို့မှာနေသလဲ'

'ဟမ်ဖူ'

သည်စကားဝှက်မှာ အရေးအကြီးဆုံးဖြစ်၏။ နယ်စားကြီးသည် ငဆင်ကျော်အား မဟာဇေရာဇ်၏သူလျှို ဟုတ်မှန်ကြောင်း အသိအမှတ်ပြုလိုက်လေသည်။

'လာရင်းကိစ္စကို မိန့်ကြားပါ တပ်မှူးလေး'

ငဆင်ကျော်က သူ၏ဘေးတွင် တည်ကြည်စွာ ထိုင်နေသော မင်းစီကို ငေးငေါ့၍ပြလိုက်ရင်း —

'သူ့နာမည်က မင်းစီလို့ ခေါ်ပါတယ် နယ်စားကြီး'

နယ်စားကြီးက ခေါင်းညိတ်ပြ၏။

'သူဟာ မဟာဇေရာဇ်ရဲ့ သူလျှိုမယ်တစ်ဦး ဖြစ်ပါတယ် ခင်ဗျာ'

ဤတစ်ကြိမ်လည်း နယ်စားကြီးသည် ခေါင်းညိတ်၍ အသိအမှတ်ပြု၏။

ဇူဆင်ကျင်က ဆက်၍ ပြောလိုက်သည်။

'သူဟာ ချန်ဆားမြို့ လျှို့ဝှက်ဆွေးနွေးပွဲမှာ ပါဝင်ခဲ့တဲ့ နဂါးကြီး ခုနစ်ကောင်ရဲ့ ရုပ်တုကို ဝံပုလွေဖြူဂိုဏ်းချုပ်ကြီးဆီက ခိုးယူလာနိုင်ခဲ့ပါတယ်'

နယ်စားကြီးက ဇူဆင်ကျင်ကိုသာ စူးစူးစိုက်စိုက်ကြည့်နေပေသည်။

'သူ ရရှိလာတဲ့ အဲဒီရုပ်တုကို နယ်စားကြီးက ယူထားတယ်လို့မင်စီက ပြောပြပါတယ်၊ ဟုတ်ပါသလား နယ်စားကြီး ခင်ဗျာ'

'မှန်ပါတယ်၊ ဒီမိန်းကလေးထံက ရုပ်ထုကို ကျုပ် ယူထားတယ်၊ အခု လာရင်းကိစ္စကို ပြောပါ တပ်မှူးလေး'

'အဲဒီရုပ်တုကို ကျွန်တော် ပြန်လိုချင်တယ်၊ ဒီ ရုပ်တုဟာ တိုင်းပြည်အတွက် အင်မတန်အရေးကြီးတယ်'

'တိုင်းပြည်အတွက်အရေးကြီးတာ မှန်ပေမယ့် ဒီရုပ်တုဟာ ချန်ဆား ဆွေးနွေးပွဲမှာ ပါဝင်ခဲ့တဲ့တကယ့်နဂါးကြီးတွေမပါဝင်ဘူးလို့ ယူဆရတယ်'

'ဘာခေ ၁င့်ပါလဲ နယ်စားကြီး'

'အဲဒီမှာ ဆွေးနွေးပွဲမှာ ကျုပ်မပါဝင်ခဲ့ဘူး၊ ဒါပေမယ့် အဲဒီရုပ်တုထဲမှာတော့ ကျုပ်မျက်နှာပါနေတယ်၊ ဒါဟာ အကြံအမား တစ်ဦးဦးက ဖန်တီးလိုက်တဲ့ထောင်ချောက်တစ်ခုပဲ'

'ဘယ်လိုထောင်ချောက်လဲ ခင်ဗျ'



'ကျုပ်ကို မလိုလားတဲ့သူတစ်ဦးဦးကဗဟိုကေဆရာင်နဲ့ကျုပ်ရဲ့ အကြားမှာ အထင်လွဲအောင်၊ သွေးကွဲအောင် လုပ်လိုက်တာပေါ့၊ အကယ်၍ ဗဟိုကေဆရာင်ဟာ ဒီရုပ်တုကိုသာတွေ့သွားရင် ကျုပ်အပေါ်မှာ သစ္စာဖောက်မှုကြီးအဖြစ် ယူဆသွားလိမ့်မယ်၊ ဒါကြောင့် ကျုပ်ဟာ ဒီရုပ်တုကို ဒီကလေးမ လက်ထဲက ခေတ္တသိမ်းဆည်းထားလိုက်ရတာပါပဲ'

မင်စီသည် နယ်စားကြီးကို စူးစူးစိုက်စိုက် အကဲခတ်နေ၏၊ ငြိမ်သက်စွာ ထိုင်နေသည်၊

နယ်စားကြီးက ပြောလိုက်ပြန်သည်၊

'စောစောက ဝပ်မှူးလေးတို့ မြင်လိုက်ရတဲ့ မျက်နှာဖုံးတပ် လေးဦးဟာ ချန်ဆားဆွေးနွေးပွဲမှာ ပါဝင်ခဲ့တဲ့ နဂါးလေးကောင်ပဲ၊ သူတို့က ကျုပ်ကို သူတို့အဖွဲ့ထဲမှာ တကယ်ပါဝင်ဖို့ လာပြီးဖိတ်ခေါ်ကြတယ်၊ ကျုပ်တို့က သူတို့ရဲ့ဖိတ်ခေါ်မှုကို ဆန့်ကျင်လိုက်တယ်'

'ဟုတ်ကဲ့....သူတို့က နယ်စားကြီးကို ပြောတဲ့စကားတွေ၊ နယ်စားကြီးကသူတို့ကို ပြန်လည် မိန့်ကြားလိုက်တဲ့စကားတွေကို ကျွန်ကော် ကြားလိုက်ရပါတယ်'

'ဇူဆင်ကျင်... ကျွန်မတို့ လာရင်းကိစ္စကိုသာ ဆွေးနွေးပါ'

မင်စီက ဝင်ရောက်သတိပေးလိုက်ရာဇူဆင်ကျင်သည်ခေါင်းညိတ်လိုက်သည်၊

'နဂါးခုနစ်ကောင် ရုပ်တုပေးပါ နယ်စားကြီး'

'ရပါတယ်....ပေးမှာပါ၊ဒါပေမယ့်တပ်မှူးလေးကိုစကားတစ်ခွန်းလောက် ကြိုတင်မေတ္တာရပ်ခံချင်ပါတယ်'

'မိန့်ကြားပါ နယ်စားကြီး'

'နဂါးခုနစ်ကောင်ရုပ်တုကိုတွေ့တဲ့အခါ ကျောက်ဇာခင်းမြကြီးနဲ့ မင်းသားချန်ဟာ ကျုပ်အပေါ်မှာမယုံ သင်္ကာစိတ်တွေထားရှိသာမှာ အမှန်ပဲ၊ အဲဒီမှုအတွက် သားကျုပ်အတွက် အနည်းငယ်မျှ ကာကွယ်ပြောဆိုပေးစေချင်ပါတယ်'

'အမှန်တရားကို ဖုံးကွယ်ထားလို့ မရပါဘူးနယ်စားကြီး၊ ဒီအတွက် မစိုးရိမ်ပါနဲ့'

နယ်စားကြီးသည် ဇူဆင်ကျော်နှင့် မင်စီကိုအခန်းကြီးထဲမှ ခေါ်ထုတ်သွားသည်။

နယ်စားကြီး၏ အစေခံအကြံမျိုးစွာ လိုက်ပါလာ၏။

နှစ်ထပ်သာတော်ကြီး ဖြစ်သည်။ ကြောင်လိမ်လှေကားကြီးမှ အောက်ထပ်သို့ ဆင်းလာကြသည်။

စစ်ရေး ရည်ရွယ်ချက်ဖြင့် အထူးစီမံဆောက်လုပ်ထားသော ရွက်လှဲတော်ကြီး ဖြစ်ပေသည်။ ခေါင်ပေါ်ရဲတိုက်ကြီးတစ်ခုပမာ အလွန်ခိုင်ခံ့ လုံခြုံမှုရှိ၏။

ဇူဆင်ကျော်သည် လမ်းတစ်လျှောက်တွင် တွေ့မြင်ရသမျှကို စူးစမ်းမှတ်သား၍ လိုက်ပါလာရင်း ဦးခေါင်းထဲသို့ အတွေးတစ်ခု ဝင်ရောက်လာသည်။

မင်းသမီးလေး တိုက်မေလီပင် ဖြစ်၏။

သူမကို မတွေ့ရ။

ဤသော်ကြီးပေါ်၌ပင် ရှိသလော။ တစ်နေရာရာသို့ ခရီးထွက်သွားသလော။

တိုက်မေလီ(သို့မဟုတ်)ပင်တိုဗီစီ။



နိုင်ငံခြားသားအတိုးအို ပျော်ပွဲစား ရုံသို့သံချပ်တော်မြင်းစီးသမားများ ရောက်လာပုံ၊ သူတို့အဖွဲ့နှင့်ဝံပုလွေအဖွဲ့ တိုက်ခိုက်ကြပုံ....။

သံချပ်ဝတ် မိန်းမချော ကိုင်စွဲခဲ့တဲ့ တူဆန်းလှသည့် လက်နက်ကြီး စသည်များကို ပြန်လည် မြင်ယောင်နေမိလေသည်။

ဇူဆင်ကျော်သည် မိမိ ဖြတ်သန်း လာရသည့် စင်္ကြံ မြေတေးဝဲယာ သို့ အကဲခတ်ကြည့်ရင်း လိုက်ပါလာ၏။ အိပ်ခန်းငယ်များစွာကိုတွေ့ရ၏။ သေပေါင်းများစွာသော သေတ္တာသားများကို တစ်လမ်းလုံး ဖြတ်သန်းလာရသည်။

တစ်နေရာသို့အရောက်တွင် ရှေ့ဆုံးမှသွားနေသော နယ်စားကြီးသည် ရပ်လိုက်၏။ ရှေ့တွင် ခိုင်ခံ့တုတ်ခိုင်လှသော တံခါးကြီးတစ်ချပ် ကာဆီးနေသည်ကို တွေ့လိုက်ရ၏။

'ဂျောက်'

နယ်စားကြီးက နံရံမှ ခလုတ်တစ်ခုကို နှိပ်လိုက်ရာ တံခါးကြီး၏ ဘေးဝဲယာ ရှိ ကြမ်းပြင်မှ အပေါက်နှစ်ပေါက် ပွင့်သွား၏။

သံချပ်ဝတ်နှစ်ယောက် ခုန်ထွက်လာပြီးလျှင် နယ်စားကြီးအား ဦးညွှတ်၍ အရိုအသေပေးနေလိုက်ကြသည်။ သူတို့၏ ကျောပြင်ပေါ်၌ အလွန်ကြီးမားသော ပေါက်ဆိန်ကြီးများကို လွယ်ပိုးထားကြ၏။

'ကျွီ....ကျွီ....ကျွီ'

တံခါးကြီးအား အဝေးတစ်နေရာမှ ထိန်းချုပ်ထားပုံရ၏။ တံခါးကြီးပွင့်သွားလျှင် သံချပ်ဝတ်နှစ်ဦးက ရှေးဦးစွာ အခန်းထဲသို့ ခုန်ဝင်လိုက်ကြသည်။

'ဝေါ...ဝေါ...ဝေါ...ဝေါ'

'ဂျုန်း....ဂျိုင်းဂျုန်းဂျိုင်း... ဂျိန်းဂျိုင်း'

အခန်းထဲမှ ဆူညံကျယ်လောင်သော အသံဗလံကြီးများ ပေါ်ထွက်နေလေသည်။ ကြောက်မက်ဖွယ်လိလိ စက်ယန္တရားများ တပ်ဆင်ထားခြင်းပင် ဖြစ်လေသည်၊

ဓားစက် လှံစက်ကြီးများဖြစ်၏။ လှသွားဂိုင်းသဏ္ဍာန် လက်နက်ကြီးများကလည်း ကြက်သီးထဖွယ် လည်ပတ် လှုပ်ရှားနေသည်။

အံ့ဩဖွယ်ကောင်းလှသော ယန္တရားကြီးကို ဇူဆင်ကျင် ငေးကြည့်နေမိခိုက်တွင် ယန္တရားကြီးသည် ရုတ်တရက် တန့်သွားလေသည်။

ယန္တရားကြီး၏အလယ်၌ အနီရောင်သေတ္တာကြီးတစ်လုံး ရှိပေ၏။ ထိုနေရာသို့ရောက်သည်အထိ အစိမ်းရင့်ကော်ဇော ကြီးတစ်ချပ် ခင်းထားသည်။နယ်စားကြီးဦးဆောင်၍ သေတ္တာကြီးရှိရာသို့ ချဉ်းကပ်သွားသည်။

နယ်စားကြီးက သံချပ်ဝတ်တစ်ဦးကို သေတ္တာကြီးအား ဖွင့်ပေးရန် အမိန့်ပေး၏။ သေတ္တာကြီးပွင့်သွားသည်။

နယ်စားကြီးက နဂါးခုနစ်ကောင်ကို သေတ္တာထဲမှယူလိုက်သည်၊ ဇူဆင်ကျင်က အလွန်စိတ်ဝင်စားစွာဖြင့် လှမ်း၍ကြည့်ရှုနေသည်။



'ဒါဟာ ကျုန်မရုပ်တုမဟုတ်ဘူး'

စူးစူးရှရှအသံစာလေး ပေါ်ထွက်လာ၏။နယ်စားကြီးသည် မင်စီကို ခက်ထန်တင်းမာသောမျက်နှာထားကြီးဖြင့် ကြည့်လိုက်၏။

'ဘာဖြစ်လို့ ဒီရုပ်တုမဟုတ်ရမှာလဲ၊ အင်မတန်လုံခြုံတဲ့ နေရာမှာထားတဲ့ဥစ္စာပဲ'

'ခဏပေးစမ်း၊ ကျွန်မသေသေချာချာကြည့်မယ်'

မင်စီသည် နယ်စားကြီး၏လက်ထဲမှရုပ်တုကို ရဲတင်းစွာ ဆွဲယူလိုက်လေသည်။

'ဒီမှာကြည့်၊ အရင်တုန်းက ဒီနေရာမှာ နင်ရှာဝေ နယ်စားကြီး ထိုင်နေတယ်၊ အခု နင်ရှာဝေနယ်စားကြီးရဲ့မျက်နှာ မဟုတ်ပြန်တော့ဘူး'

'ဟေ... ဒါဘယ်လိုဖြစ်သွားတဲ့သဘောလဲ'

နယ်စားကြီးသည် ထိတ်သန့်အံ့ဩစွာဖြင့် ရေရွတ်လိုက်၏။ မှန်သည်။ မင်စီပြောသည်မှာ မှန်နေ၏။

ပထမနဂါးကြီး၏ ကုလားထိုင်တွင် ထိုင်နေသူမှာ နင်ရှာဝေ နယ်စားကြီး မဟုတ်တော့။ အခြားတစ်ယောက်ဖြစ်နေသည်။ မင်စီသည် နယ်စားကြီး၏မျက်နှာကို စူးစူးစိုက်စိုက် ကြည့်၍ပြောလိုက်သည်။

'ဒီရုပ်တုဟာ ပထမရုပ်တုအဟောင်းကို ပြန်လည်ပြုပြင်ထားတာဖြစ်တယ်'

နယ်စားကြီးက အလွန်စိတ်လှုပ်ရှားနေဟန်ဖြင့် မင်စီကို မေးလိုက်၏။

မင်စီက....

'ပစ္စည်းကိုထားတဲ့နေရာက အလွန်လုံခြုံတယ်၊ အပြင်လူဝင်မလာနိုင်ဘူး'

'အပြင်လူဝင်မလာနိုင်ဘူးဆိုတော့ မိန်းကလေးက ကျုပ်ကို မသင်္ကာဘူးဆိုပါတော့ ဟုတ်လား'

'အဲဒီလိုယူဆရုံကလွဲလို့ တခြားဘာမှမရှိပါဘူး'

မင်စီကပြတ်သားစွာ ပြောလိုက်လေသည်။ နယ်စားကြီးသည် ဦးခေါင်းကိုစိတ်ပျက်စွာခါ၍...

'တစ်စုံတစ်ယောက်ဟာ ဒီအခန်းကိုဝင်လာ၊ ရုပ်တုခေါင်းကို ခိုးယူ၊ ဒီရုပ်တုသစ်ကို ထားရစ်ခဲ့တာ မဖြစ်နိုင်ဘူးလား'

မင်စီက လှပသောနှုတ်ခမ်းလေးကို မဲ့ရွဲ့လိုက်ပြီး....

'စက်ယန္တရားတွေတပ်ဆင်ထားတဲ့ ဒီအခန်းထဲကို အပြင်လူဝင်လာနိုင်တယ်ဆိုတာ အံ့ဩစရာပါပဲရှင်'

'ဘယ်နှယ်လဲဟေ့ စုံထောက်ချုပ်၊ ဒီအခန်းထဲကို ဘယ်လိုလူမျိုးဝင်လာနိုင်တယ်ဆိုတာ စဉ်းစားကြည့်စမ်း'

နယ်စားကြီး၏တပ်မှူးလေး စုမာချုံက သူ့ထင်မြင်ချက်ကို ပြောပြလိုက်သည်။

'ဘယ်လောက်ပဲ ဆင့်မြင့်တဲ့ သိုင်းပညာရှင် ဖြစ်ဖြစ်၊ ဒီအခန်းထဲကို ဝင်မလာနိုင်ပါဘူး အရှင်သခင်ကြီး၊ ဝင်လာတဲ့သူဟာ အရိုးတခြား အသားတခြား ဖြစ်သွားရမှာပါပဲ၊ ကျွန်တော်မျိုး ယူဆတာကတော့—'

'ဘယ်လိုယူဆသလဲ'



'အထဲက မူလပစ္စည်းပျောက်သွားပြီး ပစ္စည်းအသစ်ရောက်ရောက်လာတယ်ဆိုတော့ အပြင်လူဟာ ဒီအခန်းထဲဝင်လာတယ်ဆိုတာ ထင်ရှားပါတယ်၊ အဲဒီလိုဝင်လာနိုင်ဖို့အတွက် စက်ယန္တရားတွေဟာ ရပ်တန့်ပေးမှ ဖြစ်ပါတယ်'

တပ်မှူးလေးစုမာချုံက ပြောလိုက်သဖြင့် နယ်စားကြီး၏ မျက်လုံးများက စူးရှဝင်းလက်သွားသည်။ နယ်စားကြီးက သူ၏ရှေ့တွင် မတ်တတ်ရပ်နေကြသော သံချပ်ဝတ် နှစ်ယောက်ကို အကဲခတ်လိုက်သည်။

'ဘယ့်နှယ်လဲဟေ့ ဒီရက်ပိုင်းအတောအတွင်းမှာ ယန္တရားကြီး ရပ်တန့်သွားခဲ့ဖူးသလား'

သံချပ်ဝတ်တစ်ဦးက နယ်စားကြီး၏ရှေ့တွင် ဒူးတုပ်၍ ထိုင်လိုက်ပြီး....

'မှန်လှပါ အရှင်သခင်ကြီး၊ ဝင်ရင်လဲသေရပါမယ်၊ ထားရင်လဲ ရှင်ရပါတယ်၊ လွန်ခဲ့တဲ့သုံးရက်က ညဉ့်သန်းခေါင်ယံ အချိန်လောက်မှာ ဒီယန္တရားကြီးဟာ ခေတ္တရပ်တန့်သွားခဲ့ဖူးပါတယ်'

'ဟာ... ဒီလိုဖြစ်ခဲ့ဖူးရဲ့သားနဲ့ ဒီကိစ္စ ငါ့ကိုဘာဖြစ်လို့ မပြောကြတာလဲ'

'ရပ်တန့်သွားတဲ့အချိန်ဟာ စက္ကန့်အနည်းငယ်မျှသာကြာပါတယ်၊ ဒါကြောင့် သိပ်အရေးမကြီးဘူးထင်ပြီး ကျွန်တော်တို့ နယ်စားကြီးဆီကို အကြောင်းမကြားမိခဲ့တာပါ ခင်ဗျာ'

နယ်စားကြီး၏ မျက်နှာက ဒေါသကြောင့် နီမြန်းသွားလေသည်။

တပ်မှူးလေးမာစုမာချုံက ပြောလိုက်၏။

'ဒါဆိုရင် ဒီအခန်းကိုစောင့်တဲ့လူတွေ တာဝန်ပျက်ကွက်မှု ဖြစ်ပါတယ် နယ်စားကြီး၊ သူတို့ကို ပြင်းပြင်းထန်ထန် အရေးယူသင့်ပါတယ်'

'မှန်တယ်...ဒါဟာ ခွင့်မလွှတ်နိုင်တဲ့ တာဝန်ပျက်ကွက်မှုကြီးပဲ၊ ကဲ...ဒီအခန်းစောင့်တွေ အကုန်လုံးကို ဖမ်းချုပ်ထားလိုက်'

နယ်စားကြီးက အမိန့်ပေးလိုက်သော် တပ်မှူးလေးစုမာချုံသည် ယန္တရားစောင့် သံချပ်ဝတ်အမှုထမ်းဆယ်ဦးကိုဖမ်းဆီးချုပ်နှောင်၍ ခေါ်သွားလေတော့၏။

နယ်စားကြီးက သေတ္တာကြီးရှိရာသို့ ချဉ်းကပ်သွားပြီးလျှင် သေချာစွာစစ်ဆေးကြည့်ရှုလိုက်လေသည်။ အထဲမှ စာတစ်စောင်ကို တွေ့ရှိရလေသည်။

နင်ရှာဝေနယ်စားကြီးခင်ဗျာ။

သင်၏သမီးတော်ပင်တိုင်စံဘိုက်မေသီကို ကျွန်ုပ်တို့ ခေတ္တဖောယီခေါ်ယူသိမ်းထားပေသည်။

ပင်တိုင်စံ ကံကြမ္မာမှာ အသင်၏ ဆုံးဖြတ်ချက်အပေါ် မူတည်နေလိမ့်မည် ဖြစ်ပေသည်။

ကျွန်ုပ်နှင့် တွေ့ရန်အတွက် ဝူဇူးနန် မိစ္ဆာတောင်ကြားမှ သွေးနီရောင် ကမ်းပါးယံသို့ အမြန်ဆုံးလာစေလိုသည်။



နယ်စားကြီးနှင့်အတူ အစောင့်အကျပ် ရဲမက်သုံးဆယ်သာလျှင် ခေါ်ယူလာခွင့်ရှိသည်။

အကယ်၍ လူပိုများပါလာမည်ဆိုပါက သင်သည် ကျွန်ုပ်အား တွေ့ခွင့်လုံးဝရလိမ့်မည် မဟုတ်ကြောင်း သိစေလိုသည်။

(မှတ်ချက်။ ။မည်သူမျှ သံချပ်အင်္ကျီ ဝတ်ဆင်မလာရ)။

ပုံ–ရှိဝမ်တိ။

စာအား ဖတ်ရှုပြီးသည်နှင့်တစ်ပြိုင်နက် နယ်စားကြီး၏ မျက်နှာကြီးက အိုမင်းရှုံ့တွသွားရလေတော့၏။

## အခန်း (၁၇)

### လက်ရွေးစဉ်သုံးကျိပ် ဖွဲ့စည်းခြင်း

'ကိုင်း…ဇူဆင်ကျင်၊ ကျုပ်အခြေအနေ သိပ်မကောင်းလှဘူး၊ သမီးတော်ကိုစွ ကျုပ်တို့အပူဘုပြင်း ဆောင်ရွက်မှဖြစ်မယ်'

နယ်စားကြီးသည် သူ၏သမီးတော်အတွက် အလွန်အမင်း စိုးရိမ်စိတ်ပူနေပုံရ၏။

ဇူဆင်ကျင်က....

'ရှိဝမ်တီဆိုတာ ဘယ်သူလဲ'



မသိဟန်ပြု၍ မေးလိုက်ခြင်းပင်ဖြစ်၏။

နယ်စားကြီးက ပြန်ဖြေသည်။

'သူဟာနဂါးကြီးခုနစ်ကောင်ရဲ့ အကြီးအကဲပဲ၊ ချန်ဆား လျှို့ဝှက်ဆွေးနွေးပွဲက ရည်ရွယ်ချက်တွေ အောင်မြင်တဲ့အခါ ကျရင် ရှိဝမ်တီဟာ နဂါးပလ္လင်ပေါ်မှာ ဘုရင်အဖြစ်စိုးစံလိမ့်မယ်'

'သူကဘာပြုလို့နယ်စားကြီးရဲ့ သမီးတော်ကို ဖမ်းသွားလိုက်တာလဲ'

'ရှိဝမ်တီဟာ သူ့ရဲ့လှုပ်ရှားမှုတွေ အောင်မြင်တဲ့အခါ ကျုပ်ရဲ့သမီးတော်ကို မိဖုရားမြှောက်မယ်လို့ ကျုပ်ဆီကို စာချွန်လွှာ ပို့ဖူးတယ်၊ နောက် သူ့ရဲ့လှုပ်ရှားမှုတွေထဲမှာ ကျုပ်အနေနဲ့ တက်တက်ကြွကြွ ပါဝင်လာအောင် ကျုပ်ကိုအကျပ်ကိုင်ဖို့အတွက် သမီးတော်ကို ခုလိုဖမ်းထားလိုက်တာလဲ ဖြစ်နိုင်တာပဲ'

'ရှိဝမ်တီကို နယ်စားကြီး တွေ့ဖူးသလား'

ဇူဆင်ကျင်က မေးလိုက်လေသည်။

'ချူအိချင်မြို့မှာ ကျုပ်တို့ ရှက်သဘောကြီး ဆိုက်ကပ်ထားတုန်းက ညချမ်းအချိန်တစ်ခုမှာ ညှော်သည်တစ်ယောက်ကို လာတွေ့ဖူးတယ်၊ သူ့မျက်နှာပေါ်မှာ မျက်နှာဖုံး အုပ်ထားတယ်၊ အလွန်နှုပျိုတဲ့လူငယ်တစ်ယောက်ပဲ၊ ညကြီးအချိန်မတော် ရောက်လာတဲ့ သူ့ကို ကျုပ်လူတွေက ဝိုင်းဖမ်းပေမယ့် ကျုပ်လူအချို့သာ ကျဆုံးသွားပြီး သူ့ကိုဖမ်းလို့မရဘူး၊ သူ့ရဲ့သိုင်းပညာဟာ အလွန်အဆင့်မြင့်တယ်'

'ဟုတ်ကဲ့'

'အကျဉ်းချုပ် ပြောရရင်တော့ သူဟာသဘော်ာပေါ်မှာ ကျုပ်နဲ့ လာတွေ့တာပဲ၊ နဂါးကြီးခုနစ်ကောင်ဝီ လှုပ်ရှားမှုမှာ မှာ ကျုပ်ပါဝင်လာဖို့လာ ဆွေးနွေးတာဆိုပါတော့ ကျုပ်က သူဆွေးနွေးချက်တွေကို လက်မခံဘဲ ပယ်ချလိုက်တယ်၊ အခု သူဟာ ကျုပ်ကို ဒုတိယအကြိမ် တင်းတင်းကျပ်ကျပ် အကြပ်ကိုင်ဖို့အတွက် ကျုပ်ရဲ့သမီးတော်ကို ဖမ်းထားတယ်'

နယ်စားကြီး၏မျက်နှာသည် အိုမင်းရင့်ရော်နေလေတော့သည်။

မင်စီက အံ့သြွားသေးကြိုတ်၍ ငြိမ်သက်စွာ ရပ်နေလေသည်။

'ဒီမှာ ဇူဆင်ကျင်'

'ဟုတ်ကဲ့—အမိန့်ရှိပါ နယ်စားကြီး'

'နဂါးခုနစ်ကောင်ရုပ်တုထဲမှာ ကျုပ်မျက်နှာ ပါဝင်နေတဲ့အတွက် မင်းသားချန်ရဲ့ ဗဟိုဌာနချုပ်က ကျုပ်ကို သက်သာမကောင်း ဖြစ်နေတယ်မဟုတ်လား၊ ကျုပ်ကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးစမ်းပါ ဇူဆင်ကျင်'

'နယ်စားကြီးယူဆတဲ့အတိုင်း မှန်ပါတယ်'

'ကောင်းပြီ ဒီလိုမသက်သာဖြစ်နေမှုအတွက် ကျုပ်ကိုယ်တိုင် နေပြည်တော်ကို လိုက်လာပြီး မင်းသားချန်ကို ဖြေရှင်းပါ့မယ်'

'ဟုတ်ကဲ့....အလွန်သင့်မြတ်တဲ့ အစီအစဉ်ပါပဲ နယ်စားကြီး'



'အခု သမီးတော်ကိုစွ ဧည့် ကြရအောင်'

'နယ်စားကြီးက ရှိဝမ်တီဆီကို သွားဖို့ဆုံးဖြတ်ပြီးပြီလား'

'မသွားလို့မဖြစ်ဘူး၊ သမီးတော်ကို အဆုံးရှုံး မခံနိုင်ဘူး၊ ကျုပ်သမီးတော်ကို အမြန်ဆုံးသွားကယ်ရမယ်၊ ဒီလိုကယ်တင်ဖို့အတွက် မောင်တို့လဲ ကျုပ်ကို ကူညီပေးစေချင်တယ်'

'ဘယ်လိုအကူအညီပေးရမှာလဲ'

'ရှိဝမ်တီက သူ့ဆီကိုလာတဲ့အခါကျရင် ကျုပ်နဲ့အတူ အစောင့်အကြပ် ရဲမက်သုံးကျိပ်လိုက်ခွင့်ရပါတယ်၊ အဲဒီလိုက်ပါခွင့်ရသူတွေအားလုံးဟာ ဓားဘက်ဘက်ကို ထူးချွန်တဲ့ လက်ရွေးစင်တွေချည်းပဲဖြစ်စေချင်တယ်၊ မောင်တို့ နှစ်ယောက်ကို ကျုပ်နဲ့အတူ လိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါရစေ'

နယ်စားကြီး၏စကားကို ကြားရလျှင် ဇူဆင်ကျင်သည် မင်စီ၏မျက်နှာလေးကို အကဲခတ်လိုက်သည်။ မင်စီကလည်း ဇူဆင်ကျင်ကို ပြန်၍ကြည့်နေသည်။ ဇူဆင်ကျင်၏ ဆုံးဖြတ်ချက်ကို ငံ့လင့်နေပုံလက္ခဏာ။

ဇူဆင်ကျင်သည် နယ်စားကြီး၏လက်ထဲမှစာကို ယူ၍ ဖတ်လိုက်သည်။ ရှိဝမ်တီဆိုသူက ချိန်းဆိုထားသော နေရာမှာ ယန်စီမြစ်ကြီး ကမ်းနဖူးရှိ အိချန်မြို့၏ အနီးတစ်နေရာပင် ဖြစ်၏။

ထိုနေရာတွင်ကား မြစ်ကမ်းနဖူး၌ မတ်စောက်သော ကျောက်သားနံရံကြီးများ ကာဆီးလျက်ရှိရာ အသွားအလာ

ခဲ့ယဉ်းလွန်းလှသဖြင့် လူသူ အရောက်အပေါက် နည်းလေသည်။

ဇူဆင်ကျောင်သည် စာကို ဖတ်ပြီးနောက် နယ်စားကြီးကို မေးလိုက်၏။

'နယ်စားကြီးရဲ့သမီးတော်က ဘယ်ကိုသွားလို့ အခုလို အဖမ်းခံရတာပါလဲ'

'ဖန်ချန်မြို့မှာ အထူးအရေးကြီးတဲ့ ကိစ္စတစ်ခု ရှိနေတဲ့အတွက် သမီးတော်ကို ကျုပ်ကိုယ်စား လွှတ်လိုက်တာပါပဲ။ သမီးတော်နဲ့အတူကကွ အဖွဲ့ဝင်ငါးဦးပါသွားတယ်၊ ဖန်ချန်းမြို့ကို ရောက်ပြီလို့ သမီးတော်ဆီက ကျုပ်ထံ စာပို့ခို လွှတ်လိုက်တယ်၊ အခု သူတို့ဟာ ဖန်ချန်းမြို့ကအပြန်မှာ အဖမ်းခံရတာ ဖြစ်လိမ့်မယ်'

ဇူဆင်ကျောင်သည် ခေတ္တခဏ စဉ်းစားခန်းဝင်နေသည်။ နေပြည်တော် ဌာနချုပ်ရုံးခန်းထဲတွင် ဘုရင်ကေရာဇ်၏ ခမည်း တော်မင်းသား ချန်က မိမိကို ပြောပြချက်များကို ပြန်လည် ကြားယောင် လာမိသည်။

'ဇူဆင်ကျောင်၊ ဒီ နဂါးခုနစ်ကောင် အရေးအခင်းကြီးရဲ့ အဓိက ဇာတ်ဆောင်ကတော့ ရှိဝမ်တီပဲ၊ ရှိဝမ်တီဟာ နဂါးအဖွဲ့ကြီးကို ခေါင်းဆောင်နေသူဖြစ်တယ်၊ သူ ဘယ်သူဘယ်ဝါဖြစ်တယ်၊ သူဘယ်မှာရှိနေတယ်ဆိုတာ ငါတို့ စုံစမ်းရမယ်'

ယခု ရှိဝမ်တီ၏ သဲလွန်စကို ရလာပြီ ဖြစ်၏။ သို့သော် ဤသဲလွန်စသည် အမှန်အကန်လော၊ ထောင်ချောက်တစ်ခုလော၊ ရှုတ်တရက် ဝေခွဲရန် ခက်လှသည်။



နဂါးကြီးခုနစ်ကောင်ကား မည်မည်ရရမဟုတ်၊ တိုင်းပြည်တွင် အရေးပေါ်လှသော ထိတ်ထိတ်ကြဲ ထိပ်သီးပုဂ္ဂိုလ်များပင် ဖြစ်လေသည်။ ထိုအဖွဲ့အစည်းကြီးထဲတွင် နန်းတွင်းမှ မှူးမတ်ကြီးများနှင့် နယ်စားကြီးအချို့ပင် ပါဝင်ကြောင်း သိရ၏။

နင်ရှာဝေ့ နယ်စားကြီး ထိုက်ချီ။ ဤပုဂ္ဂိုလ်ကြီးကိုလည်း အကြွင်းမဲ့ ယုံကြည်စိတ်ချ၍ မဖြစ်။ ဌာနချုပ်မှ မသင်္ကာဖွယ် သတ်မှတ်ထားသူများထဲတွင် ဤ နယ်စားကြီးသည်လည်း အပါအဝင် ဖြစ်လေသည်၊

မည်သို့ပင်ရှိစေကာမူ....

ဇူဆင်ကျောင်သည် ရှိဝမ့်တီ ဆိုသူ ချိန်းဆိုသော နေရာသို့ နယ်စားကြီးနှင့် အတူ လိုက်ပါရန် ဆုံးဖြတ်လိုက်၏။ ဇူဆင်ကျောင်၏ အဖြေစကားကို ကြားရလျှင် နယ်စားကြီးမှာ အလွန်အမင်း ကျေနပ် ဝမ်းမြောက်သွားလေသည်။

နယ်စားကြီးနှင့်အတူ ဇူဆင်ကျောင်နှင့် မင်စီ လိုက်ပါမည်။ သို့ဖြစ်ရာ နယ်စားကြီးသည် ကျန်သောလူ နှင့်ဆယ့်ရှစ်ယောက်တို့ကို အကြွင်းဆုံး ရွေးချယ်ရလေ၏။

နယ်စားကြီး၏ တပ်မှူးလေး စုံမာချုံအား လက်ရွေးစင်များ ရွေးချယ်ရန် နယ်စားကြီးက အမိန့်ပေးလိုက်၏။ ညနေမ်း အချိန်သို့ ရောက်လာသောအခါ ရွေးချယ်ပြီးသား ဖြစ်သွားလေသည်။

'ကျုပ်နဲ့ သိုက်ပါတဲ့အတွက် မောင်တို့နှစ်ဦးကို အထူး ကျေးဇူးတင်ပါတယ်၊ သမီးတော် ကျုပ်တို့နောက် ပြန်ပါလာတဲ့အခါ မောင်တို့နှစ်ဦးကို ကျေးဇူးဆပ်ဖို့ ပြောရမယ်'

နယ်စားကြီးသည် ဇူဆင်ကျောင်နှင့် မင်စီတို့ နှစ်ဦးကို ကြီးကျယ်ခန်းနားလှသော စားသောက်ပွဲကြီးနှင့် ဧည့်ခံလေသည်။ ယင်းဧည့်ခံပွဲသို့ ကူးတို့ဆရာကြီး ချုံကိုင်းလည်း တက်ရောက်ခွင့် ရရှိ၏။

စားသောက်ပွဲ ကျင်းပပြီးသောအခါ နယ်စားကြီးက အခြားမှူးမတ်များနှင့် သဘော်သားများကို ပြန်ခွင့်ပြုလိုက်ပြီး လက်ရွေးစဉ်သုံးဆယ်ကို အခန်းကြီးထဲ ဘွင် နေခဲ့ကြရန် ပြောလိုက်သည်။

'လက်ရွေးစင်တပ်ဖွဲ့ကို ကျုပ်ကိုယ်စား စုမာချုံကဲ တပ်မှူးအဖြစ် အုပ်ချုပ်လိမ့်မယ်၊ ဇူဆင်ကျောင်က ဒုတိယတပ်မှူးအဖြစ် ဆောင်ရွက်ပါ၊ ဟုတ်လား ဇူဆင်ကျောင်'

'ဟုတ်ကဲ့ပါခင်ဗျာ'

'မင်စီကတော့ အမျိုးသမီးတွေကို အုပ်ချုပ်ရမယ်'

'ဟုတ်ကဲ့ပါရှင်'

လက်ရွေးစင်အဖွဲ့တွင် အမျိုးသမီးကိုးဦး ပါရှိလေရာ မင်စီသည် အမျိုးသမီးတပ်ဖွဲ့၏ တပ်မှူး ဖြစ်သွားခြင်းပင်တည်း။

'သမီးတော်ကို ဖမ်းထားတဲ့ ရှိဝမ်တီရဲ့ ရည်ရွယ်ချက်ဟာ ကျုပ်ကို အကြပ်ကိုင်ဖို့ပဲ၊ ကျုပ်ကို အကြပ်ကိုင်လို့မရတဲ့အခါ သူနဲ့ ကျုပ်ရဲ့ကြားမှာ ကြီးမားတဲ့ ပဋိပက္ခကြီး ပေါက်ကွဲလာလိမ့်မယ်၊ ဒီပဋိပက္ခကို လက်နက်နဲ့ ဖြေရှင်းရမှာ ဖြစ်လေ



တော့ ကျုပ်တို့အားလုံးဟာ ရှိဝမ်တီရှိရာ သွားတဲ့အခါ အမြဲတမ်း နိုးကြား သတိရှိနေဖို့လိုတယ်'

နယ်စားကြီးက လေးနက်စွာ ပြောကြားလိုက်၏။

'ကဲ....မောင်တို့ မယ်တို့အားလုံး ကျုပ်နောက်ကို ခဏလိုက်ခဲ့ကြပါဦး'

လက်ရွေးစဉ်သုံးကျိပ်သည် နယ်စားကြီးခေါ်ရာနောက်သို့ လိုက်သွားကြ၏။ မကြာမီ သင်္ဘောဦးပိုင်းရှိ အခန်းကျယ်ကြီး တစ်ခုထဲသို့ ရောက်လာကြပေသည်။

အခန်းကြီးထဲ၌ စားပွဲရှည်ကြီးတစ်လုံး ရှိနေ၏၊ နယ်စားကြီးက သူ၏ လက်ရွေးစင်သုံးကျိပ်တို့အား စားပွဲရှည်ကြီးကို ဝိုင်းရံနေစေလိုက်သည်။

'ဒါဟာ ယန်စီမြစ်ကြီးရဲ့ သရုပ်ပြ ပုံစံပဲ'

နယ်စားကြီးက အမိန့်ရှိသည်။

မှန်ပါသည်။ စားပွဲကြီးပေါ်၌ လက်ရာမြောက်စွာ ထပ်တူထပ်မျှ ပြုလုပ်ထားသော ယန်စီမြစ်ကြီး၏ ပုံစံကို တွေ့ရ၏၊

စီးဆင်းနေသော မြစ်ရေ အလျဉ်ကို မြသားရောင်ဖြင့်လည်းကောင်း၊ ကမ်းနဖူးဝဲယာရှိ ကျောက်ဆောင်၊ ကျောက်ထပ်၊ ကျောက်တလပ်များကို ညို့ညို့မှိုင်းမှိုင်း အရောင်ဖြင့်လည်းကောင်း အသေးစိတ် ပြသထားပေသည်။

တကယ့်ယန်စီမြစ်ကြီးကို အပေါ်စီးမှမိုး၍ အသေးစိတ်ကြည့်ရှုနေရသကဲ့သို့ ရှိ၏။

ဤသို့သော ဖန်တီးလုပ်ဆောင်မှုမျိုးကို ခင်းအား ချန်၏ သူလျှိုဌာနချုပ်မှာပင် မရှိသေးချေ။ ဤအတွက် ငွေဆင်ကျွန် သည့် နယ်စားကြီးကို စိတ်ထဲမှ ကျိတ်၍ ချီးမွမ်းလိုက်မိသည်။

'ရှိဝမ်တီက ကျုပ်ကို ချိန်းဆိုထားတဲ့ ဝူဌူ၊ နတ်မိတ္တာ တောင်ကြားက သွေးနီရောင် ကမ်းပါးယံဆိုတာ ဒီဥစ္စာပဲ၊ သေသေချာချာ ကြည့်ကြပါ'

နယ်စားကြီးက လက်ညှိုးညွှန်ပြ၍ ပြောဆိုလိုက်သည်။

'ဒီကမ်းပါးယံဟာ မြစ်ရေပြင်အထက်ကို ပေလေးရာလောက် မြင့်တက်နေတယ်၊ မောင်တို့မယ်တို့မြင်တဲ့အတိုင်းပဲ၊ ရဲတိုက်နံရံကြီးများလို မြင့်မားမတ်စောက်နေတယ်၊ ကျုပ်အသက် ငါးဆယ်လောက်တုန်းက ဒီသွေးနီချောက်ကမ်းပါးကို ရောက်ခဲ့ဖူးတယ်'

နယ်စားကြီးက သူ့လူများကို တစ်ချက်အကဲခတ်လိုက်ပြီးမှ ဆက်ပြောသည်၊

'ရှိဝမ်တီဟာ ဒီကမ်းပါးယံအောက်မှာ ကျုပ်တို့ကို တွေ့ဆုံမှာလား၊ ကမ်းပါးယံအထက်မှာ တွေ့ဆုံမှာလား၊ ဒါကို ကျုပ်အနေနဲ့ စဉ်းစားလို့မရသေးဘူး'

'ကမ်းပါးယံအထက်မှာ တွေ့ဆုံမှာဆိုရင် ကျွန်တော်တို့ ဘယ်လိုတက်သွားမလဲ'

နယ်စားကြီး၏တပ်မှူးလေး စုမာချုံ၏ မေးလိုက်ခြင်းပင် ဖြစ်လေသည်၊

နယ်စားကြီးက စုမာချုံကိုလှမ်း၍ကြည့်လိုက်ပြီး—



'မင်းဦးနှောက်နဲ့ အရင်ဆုံး နည်းနည်းပါးပါး စဉ်းစား ကြည့်ပါဦး'

'နည်းလမ်းတစ်ခုပဲရှိတယ်'

'ဆိုစမ်းပါဦး'

'ကျောက်ကမ်းပါးနံရံတွေမှာ လှေကားထစ်လိုဖြစ်အောင် သံငုတ်တွေစိုက်ပြီး တက်ရမှာပဲ'

နယ်စားကြီး၏မျက်နှာက ရှုံ့မဲ့သွားလေသည်။

တပ်မှူးလေးစုမာချုံကလည်း သူ့အဖြေအပေါ်၌ နယ်စားကြီး အလိုမကျဖြစ်သွားကြောင်း ချက်ချင်းပင် ရိပ်မိလိုက် သည်။

'သွေးနီရောင် ကမ်းပါးယံကြီးဟာ သက်ရင့်ကျောက် သားနဲ့ ဖွဲ့စည်းဖြစ်ပေါ်နေတာကွ၊ ဘယ်လိုနည်းနဲ့မှ သံငုတ် စိုက်လို့ မရနိုင်ဘူး'

နယ်စားကြီးက စိတ်ပျက်စွာခေါင်းခါ၍ အခိုင်အမာ ပြောဆိုလိုက်လေသည်၊

လက်ရွေးစင်တပ်ဖွဲ့ဝင်တို့သည်စိတ်ပျက်လက်ပျက်ဖြစ်သွား သော အမူအရာကိုယ်စီဖြင့် ရှိနေကြတော့၏။

'ကိုင်း...သံငုတ်မစိုက်ဘဲနဲ့ တက်လို့ရမယ့် တခြားနည်း တစ်နည်းကို စဉ်းစားကြည့်ပါဦး'

နယ်စားကြီးက လက်ရွေးစင်အားလုံးသို့ နှိုးဆော်လိုက် လေသည်။

အခြားသူများအနေနှင့် တုတ်တုတ်မျှပင်မလှုပ်ကြ။ ဇူဆင်ကျောင်းအား မင်စီကို ရွှေခြသေ့် အဖွဲ့ကြီးမှ သွားရောက်ဖယ်တင်ခဲ့သောညကို ပြေး၍သတိရလိုက်သည်။

'ရှေးတုန်းက စိတ်ဓာတ်သန့်ရှင်းသူများစွာတို့သည် အလွန်မြင့်မားသောနံရံများကို မကြောက်မရွံ့တွယ်ကပ်၍ တက်နိုင်ခဲ့ကြ၏တဲ့၊ အဲဒါကို ရော မင်း လက်ခံနိုင်ပါ့မလား'

ပုက္ကုဝဖိုင့်သော ယူချင်းချန်၏မေးခွန်းကို ပြန်လည်အမှတ်ရလာသည်။

ထိုညက ယူချင်းချန်သည် မြင့်မားသော ကမ်းပါးယံကြီးပေါ်သို့ လွယ်လင့်တကူပင် တွယ်ကပ်၍တက်သွား ပြီးလျှင် မင်စီကို ရွှေခြသေ့် အဖွဲ့ကြီးမှ ကယ်တင်ခဲ့လေသည်။

'ယူချင်းချန်...ယူချင်းချန်'

ဇူဆင်ကျောင်းက နှုတ်ခမ်းမှ တီးတိုးရေရွတ် လိုက်မိသည်။ ယူချင်းချန်သည် မင်စီကိုခက်ခဲစွာကယ်တင်ခဲ့၏။

သို့အတွက် မိမိက သူ့အား ငွေဒင်္ဂါးသုံးသောင်း ကတိအတိုင်း ပေးခဲ့ရသည်။

ထို့နောက် ယူချင်းချန်နှင့် သူ၏အပေါင်းပါဖြစ်သော မျက်မမြင်ချန်ချီတို့သည် မင်စီထံတွင်ရှိသော လျှို့ဝှက်စွာသိမ်းဆည်းထားသည့် 'ဌာနချုပ်မှစာ'ကိုခိုးယူ၍ ထွက်ပြေးသွားခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေကာမူ လူဝကြီးယူချန်းချန်သည် အစွမ်းထက်မြက်သူ ဖြစ်သည်ကတော့အမှန်ပင်။



ယူချင်းချန်ကဲ့သို့သော စွမ်းရည်အတတ်မျိုးရှိသူ ဖြစ်ပါက သွေးနီရောင်ကမ်းပါးယံပေါ်သို့ တက်နိုင်ပေလိမ့်မည်။

ဇူဆင်ကျော့က လူဝကြီးယူချင်းချန်၏အကြောင်းကို ပြောပြလိုက်သောအခါ နယ်စားကြီး၏မျက်လုံးများက ရွှန်းလက်တောက်ပသွားလျက်...

'ဪ...အဲဒီလိုလူမျိုးကို မင်းကတွေ့ဖူးသကိုး၊ အဲဒီ ယူချင်းချန်ဆိုတဲ့ ပုဂ္ဂိုလ်က အခုဘယ်မှာလဲ'

'အဲဒီလူကြီးဟာ စွမ်းရည်ထက်မြက်ပေမယ့် ကိုယ်ကျင့်တရား သိပ်မကောင်းဘူးခင်ဗျ၊ သူဟာ ကျွန်တော်တို့ဆီက တော်တော်အရေးကြီးတဲ့ စာတစ်စောင်ကို ခိုးယူထွက်ပြေးသွားပါတယ်'

'ယူချင်းချန်....ဟုတ်လား'

'ဟုတ်ပါတယ်'

နယ်စားကြီးသည် နံရံတွင် ရှိနေသော ခလုတ်တစ်ခုကို နှိပ်လိုက်၏။

ဆုံလည်တံခါး တစ်ချက်ပွင့်သွားလေသည်။

အထဲတွင် ရှိနေသော ဖိုင်တွဲများစွာအနက်မှဖိုင်တွဲတစ်တွဲကို ကြည့်ရှု စစ်ဆေး၍ ထုတ်ယူလိုက်၏။

'ဒီဖိုင်တွဲထဲမှာ ယူချင်းချန်ဆိုတဲ့နာမည်ပါသလားရှာကြည့်စမ်း'

ဟု ဇူဆင်ကျောင်ကို ပြောလိုက်၏။

ဇူဆင်ကျောင်သည် မာတိကာများကို ဖတ်ရှုစစ်ဆေးကြည့်ရာ ယူချင်းချန်ဟူသော အမည်ကို တွေ့ရလေ၏။

'တွေ့ပြီ….နယ်စားကြီး'

'ဖတ်ကြည့်စမ်း'

'ယူချင်းချန်—အရပ် ငါးပေ လေးလက်မ၊ ပုကွဲဖိုင့်သော ကိုယ်လုံးကိုယ်ထည် ရှိသည်။ အသွင်အမျိုးမျိုးနှင့် ရုပ်ဖျက် လှုပ်ရှားနေသူ ဖြစ်သည်။

မင်းကျွန်လွှင်ပြင်တောင်ပိုင်းတွင်ရှိသော ဖူကျိုမြို့တော်တွင် မွေးဖွား၏။

ဖခင်အမည် ယူရှန်ခဝ။

မိခင်အမည် ယူကွန်အိ ဖြစ်သည်။

၎င်းသည် ဟိုနန်ပြည်နယ်၊ ကျင်လင်တောင်တန်း၊ ဟိုနန်တောင်တန်း၊ ဝိုင်ဖန်တောင်တန်းများတစ်လျှောက်တွင် လှည့်လည် ကျက်စားနေလေ့ရှိသော တောပုန်းတစ်ဦးဖြစ်သည်။

(အဆင့်မြင့် သိုင်းပညာရပ်များ ဝိုင်ဖန်တောင်တန်းပေါ်တွင် နေထိုင်သော သိုင်းဆရာကြီး ချိန်တင်ဟွားထံတွင် တပည့်ခံ၍ နှစ်ပေါင်းများစွာ သင်ကြားခဲ့သည်၊ သူသည် သူ တောင်းစားပမာ ရုပ်ဖျက်၍ လှုပ်ရှားသွားလာနေလေ့ရှိသူဖြစ်သည်။)

ငှူဆင်ကျင် ဖတ်ပြနေသည်ကို နယ်စားကြီးက ငြိမ်သက်စွာ နားထောင်နေလေသည်။

ယူချင်းချန်၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်ကို ဖတ်ပြီးသော အခါ ငှူဆင်ကျင်သည် နယ်စားကြီးကို မခေလးစားဘဲမနေနိုင်အောင် ရှိသည်။



တိုင်းပြည်အတွင်း ရှိသမျှသော သိုင်းလောကသားများ အားလုံး၏ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်များကိုနယ်စားကြီးက ရှာဖွေ စုဆောင်းထားသည်မှာ အလွန်စနစ်ကျလှပေသည်။

နေပြည်တော်၏ ကောရုင်၏ အထောက်တော် ဌာနချုပ်၌ပင် လျှင် ဤသို့ စနစ်ကျသော မှတ်တမ်းမှတ်ရာများ မရှိပေ။ နယ်စားကြီး၏ မှတ်တမ်းများက ပို၍ အချက်အပြည့်အစုံရှိပြီး လျှင် အသေးစိတ် ဖော်ပြချက်များပါရှိသည်ကိုငှူဆင်ကျင်တွေ့ ရလေသည်၊

* * *

## အခန်း (၁၆)

### လက်ရွေးစင်မြင်း၊ လက်ရွေးစင်ခေါ်း

'ကျုပ်တို့ ရှိဝမ်တီ ချိန်းဆိုထားတဲ့ နေရာကို မြင်းနဲ့သွားမှ ဖြစ်မယ်၊ ကျုပ် သင်္ဘောပေါ်မှာ အကောင်းဆုံး မြင်းကြီးတွေ ပါလာတယ်'

နယ်စားကြီးသည် လက်ရွေးစင် သုံးကျိပ်တို့အား ရှက် သင်္ဘောကြီး၏ ပဲ့စင်အနီးရှိ မြင်းဇောင်းရှိရာသို့ ခေါ် သွားပြန် လေသည်၊

အနည်းဆုံး မြင်းကောင်ရေ နှစ်ရာခန့်ရှိသည်ကို တွေ့လိုက်ရ သည်။



သန်မာထွားကျိုင်းသော မြင်းညိုကြီးများပင် ဖြစ်လေ သည်။

'ဒီမြင်းတွေဟာ အထူးလေ့ကျင့်ထားတဲ့ လက်ရွေးစင် မြင်းတွေကွယ်၊ သူတို့ဟာသခင့်အလိုကိုသိတဲ့အပြင် အင်မတန် အကင်းပါးပြီး လိမ္မာရေးခြားရှိတယ်'

နယ်စားကြီးက မြင်းကြီးများအကြောင်းကို ညွှန်းလိုက် ပြီ လျှင် မိမိတို့နှစ်သက် ရွေးချယ်ရန် လက်ရွေးစင်မောင်မယ် များကို ပြောလိုက်၏။

'ဒီမြင်းကြီးတွေဟာ ကျက်ကျန်လွင်ပြင်ကြီးကို နှစ်ရက် တည်းနဲ့ ကျော်ဖြတ်နိုင်တယ်၊ ချင်လင်တောင်ရိုးကြီးကိုလဲ တစ်ရက်တည်းနဲ့ ဖြတ်ကျော်နိုင်တယ်'

မြင်းကြီးများ၏ အကြောင်းကို ညွှန်းပြီးနောက် နယ်စား ကြီးသည် ဇူဆင်ကျင်တို့အဖွဲ့ကို ဗဟိုရှက်ဟိုင်ကြီး အနီးရှိအခန်း ကြီး တစ်ခန်းထဲသို့ ခေါ်ဆောင်သွားပြန်လေသည်။

အခန်းကြီးအတွင်း၌မူကား....

လက်နက်မျိုးစုံ၊ ဓားမျိုးစုံ၊ လှံတိုမျိုးစုံ၊ လှံရှည်မျိုးစုံ၊ အဲမောင်းမျိုးစုံ အရွယ်အစားအမျိုးမျိုး။ ၎င်းလက်နက်များ ပြင်....

လေးမြားစသော အဝေးပစ်လက်နက်များ၊ သံကွင်း ဆက်လက်နက်ဆန်းများနှင့် လက်နက်ပုန်းမျိုးစုံ၊ ၎င်းတို့ကို တူညီသော လက်နက်အမျိုးအစားအလိုက် နံရံများတွင် စနစ် တကျ ချိတ်ဆွဲထားလေသည်၊

'မောင်တို့မယ်တို့ ဟိုနေရာကိုလိုက်ခဲ့ကြ'

ဇူဆင်ကျင်သည် နယ်စားကြီးနောက်သို့ လိုက်ပါသွားကြသည်၊

လက်နက်များ ချိတ်ဆွဲထားသော နံရံ တစ်ခု၏ ရှေ့သို့ အရောက်တွင် နယ်စားကြီးက....

'ရပ်ကြ'

ဟူသော အမိန့်အဓိပ္ပာယ်မျိုးနှင့် လက်ပြဟန့်တားလိုက်လေသည်။

သူတို့လူအယောက်သုံးဆယ်။

နံရံကြီးကို မျက်နှာမူ၍ ရပ်နေလိုက်ကြ၏။

၎င်းနံရံတွင် သွေးနီရောင် ကန့်လန့်ကာကြီး ရှိနေသည်။

နယ်စားကြီးသည် ကြိုးတစ်ချောင်းကို ဆွဲလိုက်ရာ ကန့်လန့်ကာကြီးသည် ဖြည်းညင်းစွာ နှစ်ခြမ်း ပွင့်ကွဲသွားလေသည်။

လက်ရွေးစင် သုံးကျိပ်တို့မှာ အံ့အား သင့်သွားကြရလေသည်။

သူတို့မျက်လုံးအားလုံးက နံရံကြီးဆီသို့ စူးစူးစိုက်စိုက် ကြည့်ရှုနေမိကြလေတော့၏။

နယ်စားကြီး၏ တည်ကြည်ခန့်ညားသော အသံကြီးက ထွက်ပေါ်လာသည်။

'ရှိဝမ်တီ ဘုရင်မင်းမြတ် လက်ထက်တော်အခါမှာ သူ့ရဲ့ သူရဲကောင်း ရဲမက်ကိုးဆယ့်ကိုးဦး ရှိခဲ့ဖူးတယ်၊ ဒီဓား ကိုး



ဆယ့်ကိုးလက်ဟာ အဲဒီအခါက သူ့ရဲကောင်းရဲမက် ကိုးဆယ့်ကိုးဦး ကိုင်ဆောင်ခဲ့တဲ့ သမိုင်းဝင်ဓားတွေဖြစ်တယ်'

ဇူဆင်ကျင်အပါအဝင် လက်ရွေးစင်သုံးကျိပ်တို့သည် ငြိမ်သက်စွာ နားထောင်နေကြသည်။ နယ်စားကြီးက ဆက်လက်ပြောကြားသည်။

'ရှိဝမ်တီမင်းမြတ်နဲ့ သူ့ရဲကောင်းတွေဟာ စစ်မြေပြင် မှန်သမျှမှာ အပြတ်အသတ် အောင်ပွဲရခဲ့တာဟာ ဒီဓားတွေရဲ့ အစွမ်းသတ္တိ ထက်မြက်မှုကြောင့်ဆိုရင် မမှားဘူး'

ရှိဝမ်တီ ဘုရင်မင်းမြတ်ကား ပဲကျင်းမြို့တော်ကြီးကို မိုင်နှစ်ထောင့်ခန့် ရှည်လျားသော ကမ္ဘာကျော်မြို့ရိုးကြီးနှင့် ဝိုင်းပတ် တည်ဆောက်ခဲ့သူပင်ဖြစ်၏။

ဇူဆင်ကျင်သည် နံရံတွင် ချိတ်တွဲထားသော ဓားများကို စူးစိုက်စွာကြည့်ရင်း သူ့မျက်လုံးများက တဖျပ်ဖျပ်တောက်ပလျက် ရှိလေသည်။

'ကဲ...မောင်မယ်တို့၊ ရှိဝမ်တီမင်းမြတ်ရဲ့ သူရဲကောင်းရဲမက်တွေ ကိုင်စွဲခဲ့တဲ့ ဓားတွေကို မိမိတို့ ကြိုက်နှစ်သက်ရာ ရွေးချယ်ပြီး တစ်ယောက်တစ်လက်ယူကြပါ'

ဇူဆင်ကျင်သည် မိမိဆွဲယူလိုက်သော ဓားလက်နက်ကို သေချာစွာ အနီးကပ်၍ ကြည့်ရှုလိုက်၏။

မိမိတွေ့ဖူးသမျှ လက်နက်တွင် အကောင်းဆုံးဓား ဖြစ်နေသည်ကို တွေ့ရလေတော့သည်။

တရုတ်ပြည်ကြီးတွင် ခေါးလုပ်ရာ၌ လွန်စွာနာမည်ကျော်ကြားလှသော ပန်းပဲဆရာကြီးသုံးဦးရှိ၏။ ၎င်းတို့မှာ ကန်ချီအန်၊ မူရေးနှင့် ချိပိတို့ပင်ဖြစ်ကြ၏။

ယင်းပန်းပဲဆရာကြီးများ ထုလုပ်ခဲ့သောဓားကို ဓားသမားတိုင်း အမြတ်တနိုး ကိုင်ဆောင်ကြသည်။ မတန်တဆဈေးကြီးပေး၍ ဝယ်ယူကြသည်။

ပန်းပဲဆရာကြီး ချိပိဓားဆိုလျှင် မွန်ဂိုစစ်မြင်းကြီး ဆယ်ကောင်၏တန်ဖိုးနှင့် ညီမျှလေသည်။

ယခု ဇူဆင်ကျင် တွေ့နေရသော ဓားသည်ကား....

ကန်ချီအန်၊ မူရေးနှင့် ချိပိတို့ ပြုလုပ်သော ဓားများထက် အဆပေါင်းများစွာ သာလွန်နေကြောင်းဇူဆင်ကျင် သိလိုက်ရ၏၊

ထူးခြားချက်မှာ ဓားသည် လွန်စွာ ပေါ့ပါးနေခြင်းပင်ဖြစ်တော့သည်။

'ကျွန်ုပ်ရဲ့ သမီးတော်သာ ဒီသင်္ဘောပေါ်မှာ ရှိနေရင် မောင်တို့ခယ်တို့ဟာ ဒီဓားတွေကို ကိုင်ခွင့်ရမှာ မဟုတ်ဘူး၊ သူဟာ ဒီဓားတွေကို နံနက်မိုးလင်းရင်တစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီးတစ်ကြိမ် အမြဲတိုင်း နှစ်ကြိမ်တိုင်တိုင် ဝင်ဝင်ပြီးစစ်ဆေးကြည့်ရှုလေ့ရှိတယ်'

'နယ်စားကြီး၏ မျက်နှာကား သူ၏ လက်ရွေးစင်ဓားများကို ကြည့်ရှုအော ပြုံးရွှင်နေသည်။

တစ်စုံတစ်ခုကို တွေးတောလျက် ဝမ်းမြောက်ဝမ်းသာဖြစ်လာပုံရသည်။



'ဒီဓားတွေကို တိမ်တိုက်စိမ်းဓားလို့ ခေါ်တယ်၊ မျက်စိနှစ်ဖက်ရှေ့မှာ ဓားသွားကိုထောင်ပြီး အသာကလေး စောင်းစောင်းကိုမော့ကြည့်ရင် တိမ်တိုက်တွေအားလုံးဟာ အစိမ်းရောင်ပြောင်းလဲသွားတယ်၊ ဒါကြောင့် တိမ်တိုက်စိမ်းဓားလို့ခေါ်တာ၊ ဒီဓားတွေထဲမှာ ထူးခြားတဲ့အာနိသင်တွေ ကိန်းဝပ်နေတယ်လို့ ယူဆရတယ်' ဥပမာ ဒီဓားကို လက်ဝယ်ကိုင်ဆောင်ထားချိန်မှာ ဓားသမားဟာ ဖျတ်လတ်ရွှင်လန်းနေတယ်၊ အမြဲသတိရှိနိုးကြားနေတယ်၊ သွက်လက်ပေါ့ပါးပြီးနေတယ်'

'အဓိကအကျဆုံး စွမ်းရည်ကတော့ ဒီဓားကိုကိုင်ဆောင်ထားချိန်မှာ ဓားသမားဟာ ကြောက်ရွံ့ခြင်း အလျဉ်းမရှိတော့ဘဲ ဒီဓားနဲ့သာခုတ်ဖြတ်လို့ရှိရင် ရောမနဂါးကြီးရဲ့လည်ပင်းကြီးတောင် ခုတ်လို့ပြတ်ထွက်သွားလိမ့်မယ်လို့ ယုံကြည်စိတ် အပြည့်အဝ မွေးမြူလာခြင်းပဲ၊ ဒါဟာ ကြုံတွေ့ရင်ဆိုင်လာတဲ့ တိုက်ပွဲတိုင်းမှာ အောင်နိုင်ရေးအတွက် အလွန်လိုအပ်တဲ့ ရှေ့တော်ပြေး သူရဲကောင်းစိတ်ဓာတ်ဖြစ်တယ်'

ဤသို့အစရှိသည်ဖြင့် နယ်စားကြီးပြောဆိုနေခိုက် လူတစ်ယောက်အ အခန်းထဲသို့ ဝင်ရောက်လာသည်။

ထိုသူ၏ဘယ်ပခုံးပေါ်၌ ခိုနှစ်ကောင်၊ ညာပခုံးပေါ်၌ ခိုနှစ်ကောင်ပါလာ၏။

ထိုသူ၏လက်ထဲ၌လည်း သီးခြားခိုတစ်ကောင် ခိုနား၍ လိုက်ပါလာသည်ကို တွေ့ရလေသည်။

စာပို့ခိုများပင် ဖြစ်သည်။

အခန်းတစ်ခန်းရှာတွင်ရှိနေသော နယ်စားကြီး၏လူများက နယ်စားကြီးထံသို့လှမ်း၍ စာပို့ဆက်သွယ်လိုက်ခြင်း ဖြစ်ဟန်တူသည်။

'ချိပ်ပိတ်ကိုသွား'

နယ်စားကြီးက လူသူရှင်းလင်းသော နေရာတစ်ခုသို့ လက်ညှိုးညွှန်ပြလိုက်၏။

ထိုနေရာတွင်မှန်ပြတင်းပေါက်တစ်ပေါက်ရှိနေရာ ကောင်းစွာ အလင်းရောင်ရသည့်အပြင် နံရံကွယ်၍ မိုးမီးအိမ်တစ်လုံး ထွန်းညှိထားလေသည်။

နယ်စားကြီးသည် စာပို့ခိုများ ယူဆောင်လာသောစာများကို အဆက်မပြတ် ဖတ်လိုက်သည်။

အချို့စာကိုဖတ်စဉ်သဘောကျဟန်ဖြင့် နယ်စားကြီးသည် ခေါင်းတညိတ်ညိတ်ပြုသည်၊ အချို့စာကိုဖတ်စဉ်၌မူ အလိုမကျဟန်ဖြင့် ဦးခေါင်းခါယမ်းသည်။

ပြီးလျှင် မျက်နှာကြီးတင်းမာသွားသည်ကို တွေ့လိုက်ရသည်။

ဇူဆင်ကျင်သည် နယ်စားကြီး၏ အရိပ်အခြည်ကို လှမ်း၍ အကဲခတ်နေသည်။မင်စီအလည်း စူးရှတောက်ပသောမျက်လုံးများနှင့် နယ်စားကြီးကို စူးစိုက်ကြည့်နေသည်ကို တွေ့ရ၏။

နယ်စားကြီးသည် စာများကိုဖတ်ရှုပြီးတိုင်း တစ်စောင်ပြီးတစ်စောင် မီးရှို့ပစ်လိုက်သည်။



အနယ်နယ်အရပ်ရပ်တွင်ရှိနေသော နယ်စားကြီး၏လူများထံမှ ထိပ်တန်းလျှို့ဝှက်သတင်းပို့ချက်များဖြစ်ကြောင်း ထင်ရှားသည်၊

'စာပို့ခိုများလာပို့သော ချိပ်ပိနယ်စားကြီး အပေါ်တွင် ဖူးထောက်၍ ကြောက်ရွံ့ရှိသေစွာ ခံစားနေ၏၊

နယ်စားကြီးသည် နောက်ဆုံးစာတစ်စောင်ကို ဖတ်ရှုလိုက်သည်။

စာအားဖတ်ရှုရင်း နယ်စားကြီး၏မျက်နှာက တင်းမာသွားသည်။ မျက်နှာကြီးက ဒေါသကြောင့် ရှုတ်ခြည်းနီမြန်းလာရသည်။

'စုမာချုံ'

'ဇူဆင်ကျင်'

'ဒီကိုလာကြစမ်း'

စုမာချုံနှင့်ဇူဆင်ကျင်တို့သည် နယ်စားကြီးအပေါ်သို့ လျင်မြန်စွာ ရောက်ရှိသွားကြသည်၊ နယ်စားကြီးက စာကို သူတို့အား ပေးလိုက်၏။

အဆွေတော်နင်ရှာဝေ နယ်စားကြီးခင်ဗျား။

ကျွန်ုပ်သည်သွေးနီရောင်တမ်းပါးယံပေါ်၌ ဒုတိယအကြိမ်မြောက် နဂါးကြီးခုနစ်ကောင် ဆွေးနွေးပွဲကြီးကို ကျင်းပမည်၊ ထိုဆွေးနွေးပွဲကြီး၌ အရေးကြီးသော ဆုံးဖြတ်ချက်များကို ချမှတ်မည်။

ထိုဆွေးနွေးပွဲကြီးပြီးဆုံးသောနေ့၌ သင်၏သမီးတော် ပင်တိုင်စံမင်းသမီးလေးတိုက်မေလီအား ကျွန်ုပ်၏ ကြင်ယာတော်အဖြစ် ကြေညာလျက် ထိမ်းမြားလက်ထပ်ပွဲကြီး ဆက်လက်ကျင်းပမည်။ သင်၏သမီးတော်ကလည်း ကျွန်ုပ်၏ရင်ခွင် ရွှေနန်းသို့ အသာတကြည်ဝင်ပါမည်ဟု ကတိပြုပြီး ဖြစ်သည်။

ရှိဝမ်တီဘုရင်မင်းမြတ်ကြီး သက်တော်ထင်ရှားရှိစဉ်အခါက ကိုင်ဆောင်ခဲ့သော တိမ်တိုက်စိမ်းဓားကြီး အသင်မြို့စားကြီးထံ၌ရှိနေကြောင်း နှမတော်ပင်တိုင်စံ၏ လျှောက်ထားချက်အရ ကျွန်ုပ်သိရပြီ ဖြစ်သည်။

ရှိဝမ်တီ၏ ထိုသိဒ္ဓိအောင်ဓားကြီးကို အသင် နယ်စားကြီး ကျွန်ုပ်ထံသို့ ကြွချီတော်မူလာသောအခါ တစ်ပါတည်း ယူဆောင်ခဲ့ပါလော့၊ အကယ်၍ ယူဆောင်လာရန် ပျက်ကွက်ခဲ့ပါမူကား အလွန်ကြေကွဲဖွယ်ရာ ကောင်းလှသောအနာဂတ်ကို အသင်မြို့စားကြီး ကြုံရလိမ့်မည်ဖြစ်ကြောင်း။

ပုံ–ဒုတိယရှိဝမ်တီ။

ဇူဆင်ကျင်နှင့် စုမာချုံတို့သည် စာကိုဖတ်ရှုပြီးနောက် နယ်စားကြီး၏မျက်နှာကို ပြိုင်တူအကဲခတ်လိုက်မိကြ၏။ နယ်စားကြီးကလည်း နီရဲပြောင်လက်လျက်ရှိသော မျက်လုံးကြီးများနှင့် ပြန်လည် ကြည့်ရှုလျက်ရှိကြောင်း တွေ့ရှိကြရပေသည်။



'ဒီအရှုးတွေများ ရှိဝမ်တီရဲ့လက်သုံးတော်ဓားကို လိုချင်သတဲ့၊ ထွီ–ရာရာစစ'

နယ်စားကြီးက ကြိမ်းဝါးပြောဆိုလိုက်သည်။

စုမာချုံက....

'အရှင်ထခင်နယ်စားကြီးဆီမှာ ရှိဝမ်တီရဲ့လက်သုံးတော်ဓားရှိနေမှန်း သူသိသွားတာကိုထောက်ရင် ပင်တိုင်စံသမီးတော် ကိုယ်တိုင်က သူ့ကိုထုတ်ပြောလိုက်လို့သာ ဖြစ်ပါလိမ့်မည်'

'သမီးတော်ဟာ အလွန်ဇွဲကောင်းတယ်၊ နှိပ်စက်မှုဟူသမျှကိုလဲ ခံနိုင်ရည်ရှိတယ်၊ သမီးတော်ဟာ ဒီလျှို့ဝှက်ချက်ကို လွယ်လွယ်ကူကူနဲ့ ဖွင့်ပြောမှာ မဟုတ်ဘူး၊ ဒီအရူးဟာ သမီးတော်ကိုကျလောက်အောင် အမျိုးမျိုးပြောဆိုသိမ်းသွင်းခဲ့လို့သာ ဒီလျှို့ဝှက်ချက် ပေါက်ကြားသွားခဲ့တာ ဖြစ်လိမ့်မယ်'

'အခု ကျွန်တော်တို့ ဘယ်လိုစီစဉ်မလဲ၊ ရှိဝမ်တီရဲ့ လက်သုံးတော်ဓားကို ယူသွားမလား'

'ဒီအရူးဟာ ရှိဝမ်တီရဲ့လက်သုံးတော်ဓားအစစ်နဲ့ မတန်ဘူး၊ ငါတို့ဟာ သူ့ကိုလှည့်စားရမယ်၊ ငါ့မှာ ရှိဝမ်တီရဲ့ဓားအစစ်နဲ့ လုံးဝခွဲမရအောင်တူတဲ့ ဓားတလက် ထုလုပ်ထားတာရှိတယ်၊ ဓားနှစ်လက်စလုံး အလေးချိန်အတူတူပဲ၊ သမီးတော်တောင် ဓားနှစ်လက်ရှိမှန်းသိတာ မဟုတ်ဘူး'

နယ်စားကြီး၏ စကားကို ကြားလိုက်ရသောအခါတပ်မှူးလေး စုမာချုံ၏ မျက်လုံးများက ကျေနပ်နှစ်သိမ့်သွားဟန်ရှိသည်။

နယ်စားကြီး၏ အမြော်အမြင်ကြီးမားလှစွာကြို့တင် စီစဉ်ထားမှုကို အထင်ကြီး လေးစားသွားဟန်ရှိသည်။

'ပြီးတော့ အဲဒီ ရှိဝမ်တီ ခေါးအတုဟာ ကိုင်ဆောင်သူကို ရက်ပိုင်းအတွင်း ဒုက္ခပေးလိမ့်မယ်'

ဇူဆင်ကျွင်က မေးလိုက်သည်။

'ဘယ်လို ဒုက္ခပေးမှာလဲ ခင်ဗျာ'

'အဲဒီ ခေါးကို ကိုင်ဆောင်အသုံးပြုတဲ့လူဟာ တဖြည်းဖြည်း သွေးအားနည်းလာပြီး ဖြူဖပ်ဖြူ ရော်ဖြစ်လာလိမ့်မယ်၊ နောက်ဆုံးမှာ သူဟာ စိတ်ဖောက်ပြန်လာပြီး သူ့ကိုယ်သူအဲဒီခေါးနဲ့ အဆုံး စီရင်သွားလေ့ရှိတယ်၊ အဲဒီလိုဖြစ်အောင် နှင်းတောင်ပေါ်က နတ်ဆရာမကြီး တစ်ဦးက စီစဉ်ပေးခဲ့တယ်၊ ဒီခေါးရဲ့ နာမည်ကတော့ ရှိဝမ်တီရဲ့ မိစ္ဆာခေါးလို့ခေါ်တယ်'

နယ်စားကြီးသည် ပြောပြောဆိုဆိုနှင့် ကတ္တီပါ လိုက်ကာကြီး တစ်ချပ် ကာဆီးထားသော နေရာသို့ မျက်နှာမူလိုက်သည်။

သူ့နောက်မှ လိုက်လာကြရန် ဇူဆင်ကျွင်နှင့် စုမာချုံကို လက်ရိပ်ပြပြီးလျှင် ကတ္တီပါလိုက်ကာကြီးကိုဖွင့်၍ ရှေ့ဘက်သို့ ဝင်ရောက်သွားလေသည်။

ဇူဆင်ကျွင်နှင့် စုမာချုံ နောက်မှ ပြေးလိုက်သွားကြ၏။

အခန်းထဲတွင် လက်နက်မျိုးစုံ မြင်ရပြန်၏။ သုံးချောင်းဆက်တုတ်များ၊ လှံရှိုးတပ်ဓားမကြီးများ၊ ချိတ်ဓားများ၊



အသွားနှစ်ဖက် ဓားရှည်များ၊ တစ်ဖက်သွား အရှယ်ကြီးဓားများ။

သံဆူးတပ် ကျာပွတ်များ၊ အဲမောင်းများ၊ ရိုက်ခင်းများ၊ သံချိတ်များ၊ ပေါက်မျှန်းများ။

ချိန်းကြိုးများနှင့် ဓားတိုဓားရှည် မျိုးစုံအပြင် အဝေးပစ်လက်နက်အဖြစ် အသုံးပြုသော လေးနှင့်မြားများ။

အဲမောင်းများ ချိတ်ဆွဲထားသော နံရံကြီး ... ၌ ခုံမြင့်ပေါ်တွင် တင်ထားသော လက်ကိုင်ဘီးဝိုင်း ... ခုကိုတွေ့ရ၏။

လက်ကိုင်ဘီးကို နယ်စားကြီးက လှည့်၏။

'ကျွီ...'

'ဝေါ'

နံရံကြီးမှ အပေါက်တစ်ပေါက် ပွင့်သွားပြီးလျှင် ထိုအပေါက်မှ ကျောက်သေတ္တာနှစ်လုံး ထွက်ပေါ်လာ၏။

ရှည်မျောမျော ပုံသဏ္ဍာန်မျိုး ရှိသည်။

သေတ္တာတစ်လုံး၏ ကျောက်သားရောင်က ဆွတ်ဆွတ်ဖြူလျက်ရှိ၏။

အခြားသေတ္တာတစ်လုံးမှာကား ညိုမှိုင်းမှိုင်း ကျောက်အမျိုးအစား ဖြစ်ပေသည်။

'ချောက်...'

'ဂလုပ်...'

နယ်စားကြီးသည် ရှေးဦးစွာ အညိုရောင်ကျောက်သေတ္တာကို ဖွင့်လိုက်၏။ အထဲတွင် လှပဆန်းကျယ်သော ဓားတစ်လက် တွေ့ရပေသည်။

ထိုဓား၏ အရောင်မှာ သက်တန့်ရောင်ဖြစ်လျက် ဓား၏ဝန်းကျင် တစ်ဝိုက်၌ ထားရှိသော ဝွမ်းစများကို ရောင်လျှံများ ထင်ဟန်လျက်ရှိနေလေသည်။

'ဒါဟာ နှစ်းတော်င် နတ်ဆရာမကြီး စီရင်ပေးတဲ့ မိစ္ဆာဓားပဲ၊ မြင်လိုက်ရုံနဲ့ ဒီဓားကို ကိုင်ကြည့်ချင်စိတ် ပေါ်ပေါက်မလာဘူး၊ အေး၊ ဒါပေမယ့် သွားမကိုင်လိုက်နဲ့၊ မြွေဟောက်အဆိပ်ကို မျိုချလိုက်တာထက် ဆိုးရွားတဲ့အဖြစ်မျိုးကိုရင်ဆိုင်ပြီး ကံဆိုးမိုးမှောင် ကျသွားလိမ့်မယ်'

နယ်စားကြီး အမိန့်ရှိတော်မူသည့်အတိုင်း မိစ္ဆာဓားသည် ကိုင်တွယ် ကြည့်ရှုချင်စရာကောင်းလောက်အောင် ဆွဲဆောင်မှု အပြည့်အဝ ရှိနေသည်၊

'ချောက်....'

'ဂလုစ်—'

'ချပ်....'

နယ်စားကြီးသည် အဖြူရောင်ကျောက်သေတ္တာကိုဖွင့်လိုက်ပြန်၏။

'ဒီဓားကတော့ ပဲကျင်း မြို့တော်ကြီးကိုအုပ်စိုးတော်မူခဲ့တဲ့ မဟာ စစ်ဘုရင် ဧကရာဇ်ကြီး ရှိဝမ်တီရဲ့ လက်သုံးတော်ဓား အစစ်ပဲ'



နယ်စားကြီးက အမိန့်ရှိတော်မူလိုက်၏။
ဓားတစ်လက်က ကံဆိုးမိုးမှောင်ကျစေသော မိစ္ဆာဓား၊
ဓားတစ်လက်က ရှိဝမ်တီ ဧကရာဇ်၏ သိဒ္ဓိအောင်ဓား။
ဓားနှစ် လက်တို့မှာ ခွဲခြား၍မရ။
တစ်ပုံစံတည်းပင်။
အတုလော။
အစစ်လော။
မည်သည့်လူမျိုးကမှ ရွေးချယ်၍ မရနိုင်။
ဓားသွားများ၌....

'မဟာဧကရာဇ် ရှိဝမ်တီ'

ဟူ၍ ကမ္ပည်းစာတန်း ရေးထိုးထားပေသည်။

'ချောက်—'

'ဂလုပ်—'

'ချောက်....'

'ဂလုပ်—'

'ချပ်—'

နယ်စားကြီးသည် ကျောက်သေတ္တာများကိုပြန်လည်ပိတ်လိုက်ပြီးလျှင် ငှူဆင်ကျူငီကို ရှန်းရှန်းစားစား ကြည့်လိုက်ပေသည်။

'ကဲ....ငှူဆင်ကျူင်၊ မိစ္ဆာဓားကြီးကိုမောင်ကိုယ်တိုင် ထိန်းသိမ်း ယူဆောင်ခဲ့ပေတော့'

ငှူဆင်ကျူင်သည်နယ်စားကြီး၏ညွှန်ကြားချက်ကိုနာခံရလေသည်။

အညိုရောင် ကျောက်သေတ္တာကို ပခုံးပေါ်၌ ထမ်းသိုက်ရသည်။

'ကျုပ်တို့ ဒီည အရှက်လင်းတာနဲ့ ခရီးစထွက်ရမယ်'

'ဟုတ်ကဲ့'

'စုမာချို…လက်ရွေးစင် မြင်းကြီးတွေကို အဆင်သင့်ပြင်ထားမှောတာ'

'ခွန်လှပါ အိုရှင်သခင်ကြီး'

* * *

## အခန်း ( ၁၇ )

## မြက်ရိုင်းတောမှ အန္တရာယ်

ကျင်ကျန်လွင်ပြင်ကြီးသည် တရုတ်ပြည်ကြီး၏ အရှေ့တောင်ပိုင်း၌ ပင်လယ်ကမ်းခြေနှင့်ကပ်ယှဉ်၍ တည်ရှိနေခြင်းမင်ပြစ်၏။

ချဲယန်မြစ်သည် ကျင်ကျန်နှင့် အန်ဝှိပြည်နယ်တို့၏ အစပ်တွင် စီနန်မြစ်ဟူသောအမည်ဖြင့် စတင်မြစ်ဖျားခံ၍ တောင်ဘက်သို့ စီးဆင်းနေရာမှ တစ်ဖန် အရှေ့မြောက်ဘက်သို့လှည့်၍ စီးဆင်းသွားပြန်၏။

ကွေ့ကောက်သည့် မြစ်ခကြောင်းကိုအစွဲပြု၍ ကျောက်ကျွန်ဟု ခေါ်လေရာ ထိုနာမည်မှပင် ကျောက်ကျွန်ပြည်နယ်ဟူ၍ အမည်တွင်ခဲ့ခြင်း ဖြစ်လေသည်။

ဖူယန်မြို့နယ်ထဲမှဖြတ်၍ စီးဆင်းနေသည့် မြစ်ဝှမ်းပိုင်းကို ဖူချန်ဟု ခေါ်ကြ၏။

ဤအပိုင်းနှင့် တန့်လူးမြို့နယ် အဘွဒ်း ကျိသိသူန်ဟု အမည်တွင်သော မြစ်ဝှမ်းပိုင်းတို့သည် စိမ်းစိုသည့် တောင်ကုန်းများအကြားတွင် မြသားအသွင် ကြည်သင်စွာ စီးဆင်းလျက် ရှိရာ အလှဆုံးဒေသအစ်ခုဖြစ်လေ၏။

ကျိလိလုန်မြစ်ဝှမ်းပိုင်းတွင် ကျယ်ပြန့်လှသော မြက်ရိုင်းတောကြီးများ မင်းမူလွှမ်းမိုးလျက်ရှိပေသည်။

မြက်ရိုင်းပင်ကြီးများမှာ သန်မာထွားကျိုင်းလျက် လူတစ်ရပ် သာသာခန့်အထိပင် မြင့်တက်လျက်ရှိကြ၏။

နှစ်ရှာဝေနယ်စားကြီးနှင့် လက်ရွေးစင် မြင်းတပ်ဖွဲ့အသည် မြက်ရိုင်းတောကြီးကို ဖြတ်ကျော်လျက်ရှိကြ၏။

အလွန်သန်စွမ်းလှသော မြက်ရိုင်းပင်ကြီးများကြားတွင် လှုပ်ရှားသွားလာရသည်မှာ ခရီးမတွင်ချေ။

မြင်းများသည်သည်းခံကောင်း၊ လူများသည် သည်းခံကောင်း မောပန်းနွမ်းနယ်လျက် ရှိကြချေတော့၏။

သည့်ကြားထဲ အန္တရာယ်အမျိုးမျိုးအသည်းပေါ်ပေါက်လာတတ်သေးသည်။



ထိုအန္တရာယ်အမျိုးမျိုးအနက် မြက်ရိုင်းမြွေဟောက်ကြီးများမှာ အလွန်တရာ ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

မြွေဟောက်ကြီးများသည် ခြေကျင်းဝတ်နီးပါးမျှ အလုံးအထည်ရှိလျက် လူကိုကိုက်လျှင် ဆေးမမီ၊

မြင်းကိုကိုက်လျှင် မြင်းသည် တုံးခနဲလဲ၏။ လူကိုကိုက်လျှင် ပြောဖွယ်မရှိတော့။

မြက်ရိုင်းမြွေဟောက်ကိုက်ပြီဆိုလျှင် အသက်နှင့်ခန္ဓာကိုယ် အိုးစားကွဲရသည်သာ များပေသည်။

ထို့အပြင်....

မြွေဟောက်ကြီးများသည် တစ်ကောင်တည်း နေတတ်ကြလေရာ မြက်ရိုင်းမြွေဟောက်အုပ်နှင့် တိုးမိပြီဆိုလျှင် အသက်ကို လု၍ ပြေးဖို့သာပြင်ပေတော့။

အဆိပ်ပြင်းထန်လှသော မြွေဟောက်ကြီးများ အန္တရာယ်ရှိသလို တောခွေးများကလည်း အချင်းခပ်သိမ်း အထိမ်းအမှတ်ပင် ဖြစ်သည်။

မြွေဟောက်ကြီးများကို ကြောက်ရသလို တောခွေးအုပ်ကလည်း အချင်းခပ်သိမ်း အသက်ကိုရန်ပြုလျက်ရှိသည်။

အလွန် အန္တရာယ်များလှသော ဤကျိလိလုန် မြက်ရိုင်းတောအုပ်ကြီးထဲသို့ အရပ်သူအရပ်သားများဖြတ်သန်းသွားလာလေ့မရှိကြ။

အရပ်သားများသည် မြက်ရိုင်းတောကြီးကိုကွင်းရှောင်၍ သွားလာလှုပ်ရှားကြသည်။

မြက်ရိုင်းတောကြီးကို ကွေ့ပတ်၍သွားမည်ဆိုလျှင် တိုင်ဟူးမြို့မှ ကျောရှင်မြို့သို့ ဆယ်ရက်ခန့်ကြာလိမ့်မည်၊

မြက်ရိုင်းတောကြီးအတွင်းမှ တည့်တည့်မတ်မတ်စွာ ဖောက်သွားလျှင်မူကား နှစ်ရက်ပြင်းပြင်းနှင့်ပင် ကျောရှင်မြို့သို့ရောက်နိုင်ပေ၏။

ကျောရှင်မြို့သို့ ရောက်သောအခါ တစ်ညတာတည်းခိုရပ်နားပြီးနောက် ဟူကျိုမြို့သို့ ဆက်သွားရန်ဖြစ်လေသည်။

ရှေ့တော်ပြေးအဖြစ် လမ်းပြသိမ်းငှက်ကြီးများက သွားကြ၏။

ငှင်းငှက်ကြီးများသည် အလွန်ပါးနပ်လိမ္မာမှုရှိ၍အန္တရာယ်ကို ကြိုတင်သိရှိနိုင်ကြသည်။

ပရိယာယ် မာယာများလှသော မြက်ရိုင်းမြွေဟောက်ကြီးများအလည်း သိမ်းငှက်ကြီးများကိုတော့မူ ကြောက်ရွံ့ကြသည်။

သိမ်းငှက်ကြီးများ၏ အော်သံကို ကြားသည်နှင့် မြွေဟောက်ကြီးများသည် ပြေးမိပြေးရာသို့ ထွက်ပြေးသွားကြလေသည်။

နယ်စားကြီးနှင့် လက်ရွေးစင်အဲဖွဲ့ကို နယ်စားကြီး၏နောက်တော်ပါ ကျွန်ယုံဖြစ်သော ဝမ်ယူပင်းကလမ်းပြအဖြစ်ဦးဆောင်သည်၊

ဝမ်ယူပင်းသည် ကျောရှင်မြို့သားဖြစ်သည်။

ကျိုလိုလှန်မြက်ရိုင်းတောကြီးကို အကြိမ်ကြိမ်ဖောက်ထွင်း၍ ဖြတ်သန်းသွားလာဖူးလေသည်။



ညမှောင်ရိပ်ကျိုးစ ပြုပြီဖြစ်၍ တောင်းကင်၌လည်းလရောင်ကစီးမဲ့နေသည်။

ဝမ်ယူပင်းအ လက်ရှိရောက်လာသောနေရာတွင် တစ်ညတာ ရပ်နားမှ သင့်မည်ဖြစ်ကြောင်း နယ်စားကြီးကိုအကြံပေးတင်ပြလိုက်သည်။

မြင်းများနှင့် လူများမှာ တစ်နေ့တာပတ်လုံးမရပ်မနားမြက်ရိုင်းတောကြီးကို စိုးဝှေ့ဖြတ်ဆန်းလာခဲ့ရသဖြင့် မောပန်းနွမ်းနယ်နေကြပြီဖြစ်သည်။

ဝမ်ယူပင်း၏ အကြံပေးချက်ကို နယ်စားကြီးက လက်ခံလိုက်သည်။

မြက်ရိုင်းတောအုပ်ကြီးအတွင်း၌ မှက်၊ခြင်၊ ယင်ရဲ လွန်စွာ ဆောင်းကျွန်းလှသည်ဖြစ်ရာ ရှေးဦးစွာ မီးများဖိုကြရ၏။

မီးဖိုကြီးများထဲသို့ ဆေးရွက်ကြီးများကို ရေဆွတ်၍ထည့်ထားကြရ၏။

ဆေးရွက်ကြီးများမှ ပျံ့လွင့်အူထွက်လာသော မီးခိုးများသည် မှက်၊ ခြင်၊ ယင်ရဲများကို အနီးသို့ မလာနိုင်အောင် ခြောက်လှန့်ပစ်လေသည်။

လူများအနားယူရန်အတွက် မြက်ရိုင်းပင်များကို ခုတ်ထွင်ရှင်းလင်းရ၏။

ထို့နောက်....

ဂိုန်နီဖျင်သားဖြင့် ယက်လုပ်ထားသော ကြီးမားလှသော ခြင်ထောင်ကြီးနှစ်လုံးကို ထောင်ကြရသည်။

လူများအတွက် ခြင်ထောင်ကြီးတစ်လုံး။
မြင်းများအတွက် ခြင်ထောင်ကြီးတစ်လုံး။
မီးများဖိုထားသည့်အတွက် မှက်၊ ခြင်၊ ယင်ရဲများအလာ သက်သာရုံသာရှိ၏၊

အေးအေးဆေးဆေး အနားယူနိုင်ရန် ခြင်ထောင်ကြီးများ ထောင်ထားခြင်းသည် အကောင်းဆုံးပင် ဖြစ်သည်။

ဤလုပ်ငန်းအားလုံးကို မြက်ရိုင်းတောကြီးအား ကျွမ်းကျင်သည့် ကျာရှင်မြို့သား ဝမ်ယူပင်းက အစစအရာရာ ဦးဆောင်၍ စနစ်တကျ လုပ်ကိုင်သွားသည်၊

အသင့်ယူဆောင်လာသော ထင်းခြောက်များကို အသုံးပြု၍ ခြင်ထောင်ကြီးများထဲတွင် မီးဖိုသုံးဖို ဖိုလိုက်သည်။ မင်စီခေါင်းဆောင်သော အမျိုးသမီးအဖွဲ့က ညစာအတွက် စတင်ချက်ပြုတ်ပြင်ဆင်ကြလေတော့သည်၊

အသင့်ပါလာသော ရိက္ခာခြောက်များနှင့် အရက်များကို စားသောက်ကြ၏။

တစ်နေ့ဘာပင်လုံး မောပန်းနွမ်းနယ်လာကြသည်ဖြစ်ရာ ဖြစ်ကတတ်ဆန်း ချက်ပြုတ်ပြင်ဆင်ရသော ညစာမှာ လူတိုင်း အရသာအရှိဆုံး ဖြစ်နေလေသည်။

စားသောက်ပြီးစီးသောအခါ နယ်စားကြီးက လမ်းပြ ဝမ်ယူပင်းကို ခေါ်လိုက်သည်။

'မနက်ကျရင် ငါတို့အဖွဲ့ ကျာရှင်မြို့ကို ဘယ်အချိန်ရောက်မလဲ'



'နေ့လယ်ခင်း မွန်းတိမ်းခါစလောက်မှာ ရောက်သွားနိုင်ပါတယ် နယ်စားကြီး'

မြက်ရိုင်းတောကြီးကို ကျော်ဖြတ်ပြီးလျှင် ဘာမျှပူစရာမလိုတော့။

ဟူကျို မြို့ကို ညနေခင်းအချိန်လောက်တွင် ရောက်သွားလိမ့်မည် ဖြစ်လေသည်။

မြက်ရိုင်း တောကြီးအပေါ်၌ကား မည်းမှောင်လျက်ရှိနေသည်။

မှက်၊ခြင်၊ယင်ရဲတို့၏ အော်သံကား လေပြင်းတိုက်နေသည့်ပမာ တဝုန်းဝုန်း ဆူညံလျက်ရှိသည်။

ထိုသည့်ကြားမှ တောခွေး အူသံများက ရံဖန်ရံခါ ပေါ်ပေါက်လာတတ်သေးသည်။

ထိုစဉ်—

အဝေးတစ်ရပ်မှ သိမ်းငှက်ကြီးများ၏ စူးစူးဝါးဝါးအော်သံများက ထွက်ပေါ်လာလေသည်။

'ဂီး....ဂဲ....ဂီး....ဂီး....ဂဲ'

'ဟေ့....ဒီအသံ ဘယ်ကကြားရတာလဲ'

နယ်စားကြီးက လမ်းပြ သိမ်းငှက်ကြီးများကိုတာဝန်ယူရသော ဟိုင်ယွမ်ကို မေးလိုက်သည်။

ဟိုင်ယွမ်က သိမ်းငှက်အော်သံများကို ခေတ္တနားစွင့်ထောင်ပြီးမှ သွက်လက်စွာ ပြန်ဖြေလိုက်သည်။

'မြက်ရိုင်းတောကြီးရဲ့ အနောက်ဘက်က ပေါ်လာတာပဲ'

'ဘာတွေ့လို့ အော်တာလဲ'

ဟိုင်ယွမ်သည်သိမ်းငှက်ကြီးများ၏အကျင့်စရိုက်ကိုကောင်းစွာ သိသူဖြစ်၏။

'သူတို့လူတွေလို့ပါ နယ်စားကြီး၊ အဲဒီလူတွေဟာမြင်းကိုယ်စီ စီးလာကြပါတယ်၊ သူတို့ဟာ မြက်ရိုင်းတောကြီးရဲ့အနောက်ဘက်မှာရှိတဲ့ မိုးကန့်တောင်တန်းပေါ်က ဆင်းလာကြတာဖြစ်နိုင်ပါတယ်'

မိုးကန့်တောင်တန်းသည် ဟန်ကျိမြို့မှ မိုင်လေးဆယ်ခန့် ဝေးလေသည်။

'သူတို့လဲ ကျွန်တော်တို့လိုပဲ မြက်ရိုင်းတောကြီးကို အရေးတကြီး ကျော်ဖြတ်လာပုံရတယ်၊ လူအရေအတွက် သုံးဆယ်လောက် ရှိလိမ့်မယ်'

နယ်စားကြီးသည် ဟိုင်ယွမ်၏အစီရင်ခံချက်များကိုအလေးအနက်ထားပုံရ၏။

ဟိုင်ယွမ်၏ ပြောဆိုချက်များသည် ယခင်အတွေ့အကြုံများအရ မှန်ကန်မှုများခဲ့ပုံရပေသည်။

'ကျွန်မအပြင်ဘက်ကိုထွက်ပြီး ခဏလောက် အကဲခတ်ကြည့်ဦးမယ်'

ဟု ပြောလျက် မင်စီသည် ခြင်ထောင်ကြီး အပြင်ဘက်သို့ ထွက်သွားသည်။

သူမနောက်မှလည်း အမျိုးသမီး နှစ်ဦး ပါသွားသည်။

ငူဆင်ကျင်သည် မြက်ခြောက်အိပ်ရာထက်ဝယ် ကျောခင်း၍ မျက်လုံးများကို မှိတ်ထား၏။



သို့ရာတွင် အိပ်၍မရပေ။ မျက်လုံးများကို မှိတ်၍ထားသော်လည်း စိတ်အာရုံကိုမူ သိမ်းငှက်ကြီးများ အော်သံကြားရာသို့ ပို့ဆောင်ထားလေသည်။

ငှက်ကြီးများသည် အထူး လေ့ကျင့်သင်ကြားထားပုံရပေသည်။

အဝေးဆုံးနေရာတွင် ရှိသော ငှက်ကြီးက အရင်ဦးစွာ အော်မြည်၍ အချက်ပေး၏။

ထိုအော်သံကိုကြားရသော ဒုတိယ ငှက်ကြီးကဆက်လက်၍ အော်၏။

ထို့နောက် တတိယ၊ စတုတ္ထ ဆက်၍—ဆက်၍ အော်မြည်နေခြင်းဖြင့် ရာစခန်းနှင့် အနီးဆုံးငှက်ကြီး၏အော်သံကအကျယ်လောင်ဆုံး ဖြစ်နေသည်။

မကြာမီ၊

တစ်စုံတစ်ဦးက အမိန့်ပေးလိုက်သည့်အလား ငှက်အော်သံများက ရပ်စဲသွားလေသည်။ ငူဆင်ကျင်သည် မျက်လုံးများကို မှိတ်ထားဆဲ၊

'မိုးကန့်တောင်တန်းဘက်က မီးတုတ်တွေ တွေ့ရတယ်'

ခြင်ထောင်ကြီးအပြင်ဘက်သို့ ထွက်သွားသော မင်စီတို့အဖွဲ့ထံမှ ပြောဆိုသံများ ပေါ်ထွက်လာ၍ ငူဆင်ကျင် ကြားနေရလေသည်။

'သူတို့ မြင်းကိုယ်စီနဲ့ အနည်းဆုံးလူပေါင်း သုံးဆယ်လောက် ရှိလိမ့်မယ်'

'ဒီလိုဆိုရင် ငှက်ဆရာဟိုင်ယွမ် မှန်းတာ ဘယ်ဆိုးလို့တုံး'

ဇူဆင်ကျင်သည် အပြင်ဘက်မှ အမျိုးသမီးများ၏ စကား ပြောသံများကို ကြားနေရ၏။

'ခြင်ကိုက်လိုက်တာ'

ဟူ၍ ညည်းညူသံကိုလည်း ကြားလိုက်ရ၏။

အတန်ကြာအောင် တိတ်ဆိတ်သွား၏။

'စုံမာချု…မိုးဆန် မတောင်တန်းဘက်ကို အထောက်တော် သုံးယောက် လွှတ်လိုက်ဟေ့'

'ဟုတ်ကဲ့….နယ်စားကြီး'

ခြင်ထောင်ကြီး အတွင်းမှ အထောက်တော် သုံးယောက် ထွက်သွားသံကို ကြားလိုက်ရ၏။

'အမယ်လေး'

'အား….'

'အား….'

အပြင်ဘက်မှ ရုတ်တရက် ထွက်ပေါ်လာသော အသံများ။ ဇူဆင်ကျင် လေကွဲသို့ လျင်မြန်သော အဟုန်ဖြင့် မြက်ရိုင်းအိပ်ရာ ပေါ်ခုန်၍ ထလိုက်သည်။ မင်စီအတွက် အလွန်အမင်း စိုးရိမ် ပူပန်သွားသည်။

တစ်ခဏအတွင်း ငယ်သံပါအောင် အော်သံများပေါ်ထွက် လာသော အပြင်ဘက် မြက်ရိုင်းပင်ကြီးများကြားသို့ ရောက်ရှိ သွားသည်။

ဇူဆင်ကျင်နောက်မှလည်း သုံးလေးဦး ကပ်ပါလာသည်၊



အပြင်ဘက်တွင် မှောင်နှင့်မည်းမည်းရှိနေသည်။ အမျိုး သမီးသုံးဦး မြက်ရိုင်းပင်ကြီးများကြားထဲတွင် လဲကျ၍ တွန့် လိမ် လူးလှိမ့်နေသည်ကို တွေ့လိုက်ရ၏။

'ဇူဆင်ကျင်….ဇူဆင်ကျင်'

အမှောင်ထဲမှ မင်စီ၏ တိုးတိုးတိတ်တိတ် ညည်းညူသံ ကလေးက ပေါ်ထွက်နေသည်။

'မင်စီ'

ဇူဆင်ကျင်သည် မင်စီကို စိုးရိမ်ကြီးစွာ ပွေ့ယူလိုက်ပြီးခြင် ထောင်ကြီးအတွင်းသို့ ယူဆောင်လာခဲ့သည်။ ကျန်ရှိသော မိန်း မကလေး နှစ်ဦးကိုလည်း အထဲသို့ ပွေ့ယူလာကြသည်၊

'ဘယ်လိုဖြစ်တာလဲဟေ့'

နယ်စားကြီးက မိန်းမကလေး သုံးဦး၏အခြေအနေကို လှ ကြည့်သည်၊

တစ်ယောက်က ပြောလိုက်သည်။

'မြက်ရိုင်း မြွေဟောက် ကိုက်တာထင်တယ်'

အခြားတစ်ယောက်က ပြန်ပြောသည်၊

'ဘယ်က မြွေဟောက်ကိုက်တာ ဟုတ်ရမှာလဲ၊ သူတို့ လက် မောင်းကိုကြည့်၊ ပိတုန်းရုပ် လက်နက်ပုန်း၊ တစ်ခုစီ စူးဝင်နေ တယ်'

မှန်ပေသည်။

မီးရောင်ဖြင့် သေသေချာချာကြည့်လိုက်သောအခါ မိန်းမ ချောလေးများ၏ ညာဘက်လက်မောင်းရင်းများ၌ ပိတုန်း

ရှုပ်ပါသော လက်နက်ပုန်းတစ်ခုစီ စူးဝင်နေသည်ကို တွေ့လိုက်ရ၏။

ဓာတ်ရုပ်များပေါ်တွင် စိုက်ခနေသော ပိတုန်းရုပ်များအနက်ရောင် ဓာတ်ဆုတစ်ခိုက်တွင် ချက်ချင်းလိုလို ညိုမည်းနေပြီးလျှင် သွေးစကလေးများ စတင်စီးကျနေသည်။

'ဒါဟာ ဆင်ကျွံးရှင်မယ်ခတော်ကြီးရဲ့ လက်ချက်ပဲဖြစ်ရမယ်'

လမ်းပြဝမ်ယွှပင်း၏ကြောက်ချက်ချသံ ပေါ်လာ၏၊

ဇူဆင်ကျိုင်က....

'ဆင်ကျွံးရှင်မယ်တော်ကြီးဆိုတာ ဘယ်သူလဲ'

'ဒီမြက်ရိုင်းတောကြီးထဲမှာ ပုန်းအောင်းနေတဲ့ အဆိပ်ဘုရင်မကြီးပဲ၊ သူဟာ စိတ်မထင်ရင် ပိတုန်းလက်နက်ပုန်းနဲ့ လူသတ်လေ့ရှိတယ်'

ဇူဆင်ကျိုင်က မတိုးတိုးရပ်လိုက်၏။

'ဟော့....ငါးယောက်၊ ငါနောက်ကလိုက်ခဲ့ကြ'

ဇူဆင်ကျိုင် ခြင်ထောင်ကြီးထဲမှ ပြေးထွက်သွားသည်။

သူ့နောက်မှ လက်ရွေးစင်ငါးဦးပါသွားလေသည်၊

* * *

အခန်း (၁၈)

ဓားတစ်လက်နှင့်အသက်တစ်ချောင်း

ဘာမျှမကြာလိုက်။

ဇူဆင်ကျိုင်တို့အဖွဲ့ ပြန်၍ရောက်လာကြ၏။

သူတို့သည် အရှုပ်ဆိုးအကျည်းတန်လှသော ဓာတ္တားကြီးတစ်ဦးကို ဖမ်းဆီးခေါ်ဆောင်လာကြလေ၏။

'ဟား....ဆင်ကျွံးရှင် မယ်တော်ကြီးကို ဖမ်းမိလာပါသား'

ဝမ်ယွှပင်းက ထိတ်လန့်အံ့သြစွာ ပြောဆိုလိုက်ခြင်းပင်ဖြစ်သည်။

အဘွားအိုကား အသက်ရှစ်ဆယ်ခန့်ရှိပြီထင်သည်။

မျက်နှာကြီးက ကြောက်စရာအရေခွံများတွန့်လိမ်၍ တွဲကျနေသည်။

ဆံပင်များက တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူ နေကြသည်။

ထိုဆံပင်ဖြူများသည် အချပ်အခဲကြီးဖြစ်လျက် ဦးခေါင်းပေါ်တွင် မြွေဟောက်ဖြူတစ်ကောင် အမြီးထောင်နေသကဲ့သို့ ပုံသဏ္ဌာန်မျိုး ဖြစ်ပေါ်နေသည်၊

အနက်ရောင်အဝတ်အစားနှင့် ဝတ်ရုံမည်းကို ဆင်မြန်းထားလျက် လက်ကိုင်နေရာတွင် မြွေဟောက်ပါးပျဉ်းကဲ့သို့ ထုလုပ်ထားသည့် တောင်ဝှေးအနက်တစ်ချောင်းကို ကိုင်ဆောင်ထား၏။

သစ်ငုတ်ရှင်တုကြီးတစ်ခုလို အကြည့်ရဆိုးလှစွာ ခါးကုန်းနေလေသည်။

'ဆင်ကျားရှင်မယ်တော်ကြီးဆိုတာ ခင်ဗျားလား'

ဇူဆင်ကျင်က ဒေါသကြီးစွာမေးလိုက်၏။

'ဟုတ်တယ်ဟေ့....ငါပဲ'

အဘွားအိုကကြောက်ရွံ့တုန်လှုပ်ခြင်းကင်းစွာဖြင့်ပြန်လည်ဖြေကြား၏။

ဇူဆင်ကျင်က ထပ်၍မေးလိုက်သည်။

'ဒီ ပိတုန်းလက်နက်ပုန်းတွေဟာ ခင်ဗျား ပစ်ခဲ့တာလား'



'ဟား....ဟား....ဟား....ဟား'

အဘွားအိုက မထီလေးစားဟန်ဖြင့် ရယ် မော လိုက်သည်။

ဇူဆင်ကျင်သည် ဒေါသကိုချုပ်တည်းထားလိုက်ပြီး....

'ကျုပ်မေးတာကိုဖြေစမ်း အဘွားကြီး၊ ကျုပ်ကို ဒေါသထွက်အောင် မလုပ်နဲ့နော်'

'ငါပစ်လိုက်တဲ့ လက်နက်ပုန်းတွေပဲဟေ့၊ အဲဒါ ဘာဖြစ်သလဲ'

'သူတို့မှာ ဘာအပြစ်ရှိလို့ ဒီလိုလုပ်ရတာလဲ'

'ဒီမြက်ရိုင်းတောအုပ်ထဲဖြတ်သွားတဲ့လူတိုင်းဟာ ငါ့ကိုဆလိုက်တာသိနဲ့ ပူဇော်ပသရမယ်၊ နင်တို့ဟာ အငဲ့တွဲနဲ့ရှိပြီးတယ်၊ ငါ့နယ်မြေက ဖြတ်သန်းသွားဖေမယ့် ငါ့ကို အခရးစိုက်ရကောင်းမှန်း မသိဘူး'

နယ်စားကြီးသည် အနီးသို့ရောက်လာလေသည်။

'ဒီကလေးမလေးသုံးဦးဟာ အဆိပ်သင့်နေကြပြီ၊ ခင်ဗျားဘာအဆိပ်တွေနဲ့ အသုံးပြုလိုက်တာလဲ'

'မြွေဟောက်နက်အဆိပ်၊ ပင့်ကူနက်အဆိပ်၊ အဲဒီ အဆိပ်နှစ်မျိုးကို ရောစိမ်လိုက်တဲ့အခါ ပိတုန်းနက်အဆိပ် ဖြစ်လာတယ်ရှင့်၊ ဒီအဆိပ်မိလို့ရှိရင် ဘယ်လိုလူမျိုးမှ အသက်မရှင်နိုင်ဘူး၊ တား....ဟား....ဟား....ဟား'

အဘွားအိုသည် မှည်သူ့ကိုမျှ ကြောက်ရွံ့ခြင်းမရှိချေ။

နယ်စားကြီးသည် အဘွားအိုအား အကြွမ်းကိုင်၍မရ ကြောင်း၊ချိုသာပျော့ပျောင်းစွာပြောဆိုနှုရမည်ဖြစ်ကြောင်း အကဲခတ်လိုက်မိမေသည်။

'ဒီ့လိုရှိပါတယ်၊ ကျုပ်တို့ဟာ ဒီတောအုပ်ကို အရင်အ မဖြတ်ဖူးခဲ့ပါဘူး၊ ဒီတော့ အစ်မတော်ကြီးကို ပသပူဇော်ရ မှန်းလဲ ကျွန်တော်တို့မသိပါဘူး'

'အင်း...ဆက်လက်အမိန့်ရှိတော်မူပါ မောင်တော်ကြီး'

'ဒီကလေးမလေးတွေကို အဆိပ်ပြန်ဖြေပေးပါ၊ အစ်မ တော်ကြီးကို ကျေးဇူးပြန်ဆပ်ပါ့မယ်'

'အဆိပ်ကသိပ်ပြင်းထန်တယ်၊ လွယ်လွယ်ကူကူနဲ့ မရနိုင် တော့ဘူး'

ဆင်ကျွားရှင်မယ်တော်ကြီးက အင်တင်တင်လုပ်နေလေ သည်။

ဇူဆင်ကျွင်မှာ မဗွီစီအဲ့တွက် အလှနီအမင်း ပူပန်စိုးရိမ်နေ မိသည်ဖြစ်ရာ အဘွားကြီးအပေါ် စိတ်မရှည် နိုင်တော့ ချေ၊

သို့ရာတွင် နယ်စားကြီးက အချိုသပ်နေမှန်းသိသဖြင့် အရိပ် အခြည်ကို ဆက်လက်စောင့်ကြည့်နေလိုက်သည်။

'သူတို့ဟာ ကျုပ်ရဲ့ လက်ရွေးစင်တပ်ဖွဲ့ဝင်တွေဖြစ်တယ်၊ သူတို့သေသွားလို့မဖြစ်ဘူး၊သူတို့ အသက်ပြန်ရှင်လာမယ်ဆိုရင် အစ်မတော်ကြီးတောင်းဆိုသမျှ ကျုပ်လိုက်လျောဖို့ ဆုံးဖြတ် ထားပါတယ်'



'မောင်တော်ကြီးက တောဝစနုံ အမိန့်ရှိတာလား'

'ကျုပ်ဟာ နင်ရှာဝေနယ်စားကြီးကိုယ်တိုင် ဖြစ်ပါတယ်'

'ကောင်းပြီ၊ ဒီလိုဆိုရင် ကျုပ် ဒီကလေးမလေးတွေကို အဆိပ်ပြန်ဖြေပေးမယ်'

'နှစ်ထောင်းအားရ ရှိလိုက်ပါဘိဗျာ၊ ကဲ...အစ်မတော် ကြီး စတင်ကြိုးစားပါတော့'

'အို...ဒီနေရာမှာ အဆိပ်ဖြေလို့မရဘူး၊ သူတို့ကို ကျာရှင် မြို့ကို ရောက်အောင်ယယ်သွားပါ၊ကျာရှင်မြို့ကိုရောက်မှ ကျုပ် စံအိမ်မှာ သူတို့ကိုအဆိပ်ဖြေပေးမယ်၊ဆေးဝါးပစ္စည်းတွေက မြို့မှာကျန်ရစ်ခဲ့တယ်'

'သူတို့ဟာ ကျာရှင်မြို့ကိုရောက်တဲ့အထိ အသက်ရှင်နိုင်ပါ့ မလား'

နယ်စားကြီးက စိုးရိမ်ပူပန်စွာ မေးလိုက်ခြင်းပင် ဖြစ်၏၊

'အခုလောလောဆယ် သူတို့ကိုအဆိပ်မတက်အောင်အဆိပ် တားပေးမယ်'

မယ်တော်ကြီးက ပြောပြီး လျှင် သူ၏ဘေးတွင် မှုန်ကုပ် ကုပ် အမူအရာဖြင့်ရပ်နေသော ဇူဆင်ကျွင်ကို ကြည့်လိုက်၏။

'ဟဲ့...သူငယ်'

ဇူဆင်ကျွင်က ယော်တော်ကြီးကို တင်းမာကော်ထန်သော မျက်နှာထားဖြင့် ပြန်၍ကြည့်နေလေသည်။

'နင့်ဓားခဏပေးစမ်း'

‘ခင်ဗျားဘာလုပ်မလို့လဲ’

‘ပေးမယ်ဆိုရင်ပေးစမ်း၊ စကားရှည်မနေနဲ့ဟ’

အဘွားအိုသည် အသက်ကြီးရင့် အိုမင်းနေသော်လည်း ငယ်ရွယ်သူများနှင့်မခြား ဖျတ်လတ်သွက်လက်နေဆဲပင် ဖြစ်သည်။ ဗိုးဗိုးဗတ်ဗတ်အမူအရာနှင့် ဇူဆင်ကျောင်း၏ခါးမှ လက်ရွေးစင်ဓားကို ဖြုတ်ယူလိုက်သည်၊

ဓားကိုဖြုတ်ယူလိုက်သော ဟန်ပန်ကို ကြည့်ရခြင်းအားဖြင့် ဓါးရင့်ဓားသိုင်းပညာရှင်တစ်ဦးဖြစ်ကြောင်း သိသာလှသည်၊

ဇူဆင်ကျောင်းသည် အဘွားအိုအား သဘောမလစ်ဘမ်း စူးစူး စိုက်စိုက်ကြည့်နေ၏။

အဘွားအိုသည် သူ၏သည်းဘင်းတွင်ဆွဲထားသော ရွှေ ကြုတ်ကလေးကို ဖြုတ်လိုက်၏။ ကြုတ်အဖုံးကို လှည့်၍ ဖွင့် လိုက်ပြီး အထဲမှ ဆေးတောင့်ငယ်တစ်ခုကို သွန်းချလိုက်သည်။

လက်သန်းလုံးခန့်ရှိသော အနီရောင်ဆေးတောင့်တစ်ခုပင် ဖြစ်သည်။ ထိုဆေးတောင့်ကလေးကို ဇူဆင်ကျောင်းထံမှ ယူလိုက် သောဓားနှင့် အနည်းငယ်မျှ ခြစ်ယူလိုက်သည်။

‘ဟဲ့ ....လူငယ်၊ ငါပြောတာ သေသေချာချာ နားထောင် စမ်း၊ အဆိပ်လွှမ်းနေတဲ့ ဒီကလေးမသုံးဦးရဲ့လျှာပေါ်မှာ ဒီ ဆေးမှုန့်ကလေးတွေ ပွတ်ပေးလိုက်’

‘ပွတ်ပေးလိုက်ရင် အဆိပ်တက်တာ ရပ်သွားမလား’

‘တော်တော်လျှာရှည်တဲ့ သူငယ်ပါလား၊ ရော့ မြန်မြန် ငါပြောသလိုလုပ်လိုက်’



အဘွားအိုက ဇူဆင်ကျောင်းကို ဆေးမှုန့်များ ခြစ်ယူထား သော စက္ကူပိုင်းကလေးကို ဇူဆင်ကျောင်းအား ပေးလိုက်၏။

နယ်စားကြီးက ပြုံးချိုသောမျက်နှာဖြင့် စကားဆိုသည်။

‘ကျေးဇူးတင်ပါတယ် အစ်မတော်ကြီး၊ ဟဲ့...ဟဲ့...ဟဲ့....’

‘ကျောရှင်မြို့ကိုရောက်ရင် သူတို့ကိုစတင်ပြီး အဆိပ်ဖြေပေး မယ်၊ ဆယ်ရက်တိတိကြာတဲ့အခါကျရင် အကောင်းပကတိ အတိုင်း ပြန်ဖြစ်လာကြလိမ့်မယ်’

‘ဟို...ဆယ်ရက်တောင်ကြာမှာလား’

‘ကြာမယ်၊ ဒီအဆိပ်က အင်မတန်ပြင်းထန်တယ်၊ အဆိပ် တွေကို တစ်ရစ်စီပြန်ချယူရမှာ’

နယ်စားကြီး စိတ်ပျက်သွားဟန်ဖြင့် ဦးခေါင်းခါယမ်း သည်ကို မယ်တော်ကြီးက တွေ့မြင်သွားသည်။

‘စိတ်မပျက်နဲ့လေ၊ သူ့ထုံးစံအတိုင်းလုပ်ရတဲ့ဥစ္စာပဲ၊ ဒီ ဆယ်ရက်လုံးလုံး ကျုပ်ရဲ့စံအိမ်ကြီးမှာ မောင်တော်ကြီးတို့ အဖွဲ့ တည်းခိုနေနိုင်ပါတယ်’

‘အစ်မတော်ကြီးရဲ့စံအိမ်က ကျောရှင်မြို့မှာရှိသလား’

‘ကျောရှင်မြို့အနောက်ပြင်ကပဲ၊ ဟိုင်းကန်တော်သာအနီးမှာ ရှိတယ်’

‘ဩော်....ဩော်....’

‘ဒါထက် စောစောကအပေးအယူကို ပြန်ပြီး စကားပြော ကြဦးမှဖြစ်မယ်’

'ဟုတ်ကဲ့၊ အမိန့်ရှိပါ အစ်မတော်ကြီး'

'ကျုပ်က ဒီဓာလေးမသုံးဦးကို အကြောင်းပကတို ဖြစ်အောင် ပြန်လုပ်ပြီ့ရင်—'

'ဟုတ်ကဲ့၊ အမိန့်ရှိပါ၊ အစ်မတော်ကြီးကို ထိုက်ထိုက်တန်တန် ကျေးဇူးပြန်ပြုပါ့မယ်'

'ကျုပ်တောင်းဆိုတာကို မောင်တော်ကြီးက မဖြစ်ဖြစ်အောင် ဆောင်ရွက်ပေးနိုင်ပါ့မလား'

'ငွေသားဒင်္ဂါးယူမလား၊ ကျောက်သံပတ္တမြား ယူမလား ကြိုက်ရာအမိန့်ရှိပါ'

'အဲဒါတွေ တစ်ခုမှမလိုချင်ပါဘူး'

'ဟုတ်လား၊ ဒါဖြင့် လိုချင်တာပြောပါ အစ်မတော်ကြီး'

ဆင်ကျားရှင်မယ်တော်ကြီးသည် နယ်စားကြီးကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြီးမှ....

'ဓားတစ်လက်နဲ့ အသက်တစ်ချောင်း' ဟု ပြောလိုက်၏၊

'ဘယ်လိုဓားတစ်လက်လဲ၊ ဘယ်လို အသက်တစ်ချောင်းလဲ'

နယ်စားကြီးက အမေးရှိလိုက်လျှင်—

မယ်တော်ကြီးသည် ဇူဆင်ကျစီ၏ရင်ညွန့်ကို ဓားဦးချွန်နှင့် လှမ်း၍ထိလိုက်ပြီးနောက် ပြောဆိုလိုက်လေသည်၊

'သူ့အသက်ရယ်—သူ့ကိုင်ဆဲ့ဓားရယ်'

ဇူဆင်ကျင်သည် နယ်စား ကြီးရှေ့တွင် တုန်လှုပ်ခြင်းကင်းမဲ့စွာဖြင့် တည်ကြည်စွာပင် မတ်တတ်ရပ်နေ၏။



'ဘယ့်နှယ်လဲ မောင်တော်ကြီး၊ သူ့အသက်ရယ် သူကိုင်တဲ့ ဓားရယ်၊ ကျုပ်ကိုပေးနိုင်မှါမလား'

'သူဟာ ကျုပ်ရဲ့လက်ရွေးစင်တစ်ယောက်ပဲ၊ ပြီးတော့ သူ့ဓားဟာလဲ'

နယ်စားကြီး၏စကားကို ဆုံးအောင်မစောင့်၊ မယ်တော်ကြီးက ပြတ်သားစွာ ပြောလိုက်သည်၊

'အပိုစကားတွေ မိန့်ကြားမနေပါနဲ့ နယ်စားကြီး၊ သူ့အသက်ရယ် သူ့ဓားရယ် ကျုပ်ကိုပေးမလား၊ မပေးဘူးလား၊ ဒါပဲသိချင်တယ်'

'အစ်မတော်ကြီးက ဒီဓားကိုဘာကြောင့်လိုချင်ရတာလဲ' ဒီဓားထက် အဖိုးထိုက်တန်တဲ့ အခြားအရာတွေ အများကြီးရှိတဲ့ဥစ္စာပဲဗျာ'

'ဟား—ဟား—ဟား'

'ရှိဝမ်တီမင်းမြတ်ကြီးလက်ထက်က သူရဲကောင်းတွေ ကိုင်စွဲခဲ့တဲ့ ဓားထက် ဘယ်လိုအရာဝတ္ထုကမှ တန်ဖိုးပိုပြီး မရှိနိုင်ဘူး'

အသွားအို၏ ပြောဆိုချက်ကြောင့် နယ်စားကြီး၏မျက်ခုံးကြီးတစ်ဖက်မှာ မြင့်တက်သွားရသည်၊ အလွန်အမင်း အံ့ဩသွားပုံရသည်။

'ရှိဝမ်တီဘုရင်မင်းမြတ်ကြီးလက်ထက်က သူရဲကောင်းတွေ ကိုင်စွဲခဲ့တဲ့ဓား ဟုတ်လား'

'ဟုတ်တယ်'

'အစ်မတော်ကြီးက ဒီခါးဟာ ရှိဝမ်တီမင်းမြတ်ရဲ့ သူရဲကောင်းတွေ ကိုင်စွဲခဲ့တဲ့ဓားဖြစ်မှန်း ဘယ်နည်းဘယ်ပုံ ပြောနိုင်တာပါလဲ'

'ပဲကျင်းမြို့ရိုးကို တည်ဆောက်တော်မူခဲ့တဲ့ရှိဝမ်တီဧကရာဇ်မင်းမြတ်ကြီးမှာ လက်ရွေးစင်သူရဲကောင်း ကိုးဆယ့်ကိုးဦး ရှိခဲ့တယ်၊ အဲဒီကိုးဆယ့်ကိုးဦး ကိုင်ဆောင်ခဲ့တဲ့သမိုင်းဝင်ဓားတွေဟာ ရှိဝမ်တီမင်းမြတ်ကြီးရဲ့ သင်္ချိုင်းဂူထဲမှာ မြှုပ်နှံထားကြောင်း ရှေးဟောင်းရာဇဝင်ကျမ်းတွေကဆိုတယ်'

အသက်အရွယ် အိုမင်းလှပြီဖြစ်သော မယ်တော်ကြီးက ရာဇဝင်အထောက်အထား အကိုးအကား ခိုင်မာလှစွာဖြင့် ပြောဆိုလိုက်၏။

နဂါးကြီးသည် တည်ကြည်ရင့်ကျက်စွာ နားထောင်နေသည်။

ဇူဆင်ကျင်သည် အဘွားအိုကို ငြိမ်သက်စွာ အကဲခတ်နေသည်၊

'လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်က ပေါင်ဟိုမြို့က စူပိလိဆိုတဲ့ သမိုင်းဆရာတစ်ဦးဟာ အာဏာပိုင်တွေရဲ့ခွင့်ပြုချက်ရယူပြီး ရှိဝမ်တီမင်းမြတ်ကြီးရဲ့ သင်္ချိုင်းဂူတော်ကို တူးဖော်ခဲ့တယ်'

အဘွားအိုသည် တောင်ဝှေးအနက်ကို ဟန်ပါပါးထောက်ထားရင်းမှ ပြောလိုက်သည်၊



'ဒါပေမယ့် စူပိလိခေါင်းဆောင်တဲ့ သုတေသနအဖွဲ့ဟာ ရှိဝမ်တီမင်းမြတ်ရဲ့ လက်သုံးတော်ဓားနဲ့ သူရဲကောင်း ကိုးဆယ့်ကိုးဦးရဲ့ ဓားကို လုံးဝမတွေ့ခဲ့ရဘူး၊ ဒီဓားတွေကို တစ်စုံတစ်ဦးက ဖောက်ထွင်းခိုးယူသွားပြီလို့ ပညာရှင်ကြီး စူပိလိက ကြေညာခဲ့တယ်'

'နေပါဦး၊ အစ်မတော်ကြီးက ဒီဓားကို မြင်မြင်ချင်း ဘယ်လိုလုပ်ပြီး ရှိဝမ်တီမင်းမြတ်ကြီးရဲ့ သူရဲကောင်းတွေကိုင်စွဲခဲ့တဲ့ဓားမှန်း တန်းပြီးသိတာလဲ'

'သူရဲကောင်း ကိုးဆယ့်ကိုးဦးရဲ့ဓားတွေမှာ ကိုင်စွဲသူရဲ့ အမည်တွေကို အမှည်းထိုးထားတယ်၊ ပိန်ကျင်းလို့ အမှည်းထိုးထားတယ်၊ သူရဲကောင်းပိန်ကျင်း ကိုင်စွဲခဲ့တဲ့ ဓားပေါ့'

'အစ်မတော်ကြီးက ဒီဓားကို ဘာကြောင့် လိုချင်တာလဲ'

'ဟဲလုံကျန်ပြည်နယ်က မြို့စားမင်းတစ်ပါးက ဒီဓားမျိုးကို သိပ်လိုချင်နေတယ်၊ အဲဒီဓားမျိုး သူ့ကိုရှာပေးနိုင်ရင် သူ့လက်ထဲမှာရှိနေတဲ့ အဖိုးမဖြတ်နိုင်တဲ့ ပြဒါးရှင်ကြီးကို ကျုပ်ကိုပေးဖို့ ကတိပေးထားတယ်'

နယ်စားကြီးသည် ဆင်ကျားရှင်မယ်တော်ကြီးထံ ထပ်မံမေးလိုက်သည်။

'ဒီဓားကိုရယူတာကတော့ ခိုင်လုံတဲ့အကြောင်းပြချက်ရှိပါပြီ၊ ဘာပြုလို့ ဒီသူငယ်လေးရဲ့အသက်ကို လိုချင်တာလဲဆိုတာ ရှင်းပြပါဦး'

အဘွားအိုသည် ဇူဆင်ကျင်၏ မျက်နှာကို စူးစူးဝါးဝါး စိုက်ကြည့်လျက် ပြန်ဖြေလိုက်၏။

'ဒီသူငယ်ဟာ ကျုပ်ကို မလေးမခန့်ဆက်ဆံဘယ်၊ ကျုပ်နယ်မြေထဲကို ဝင်လာပြီးတော့ ကျုပ်ကို စော်ကားတယ်၊ ဒီမိုက်ပြစ်အတွက် သူ့အသက်ကို ယမမင်းကြီးဆီ ပို့ခပေးမှဖြစ်မယ်'

နယ်စားကြီးသည် ဇူဆင်ကျင်၏ ပခုံးပေါ်သို့ လက်တစ်ဖက် အုပ်ဘင်လိုက်သည်။

'အခြေအနေကတော့ ကြားရတဲ့အတိုင်းပဲ၊ မင်း ဘယ်လိုသဘောရသလဲ ဇူဆင်ကျင်'

ဇူဆင်ကျင်သည် အတိပ်လွှမ်း၍ မေ့မြော သတိလစ်နေသော မင်းစီနှင့် မိန်းမချောလေးနှစ်ဦးကို အကဲခတ် ကြည့်လိုက်သည်။

အထူးသဖြင့် လှပနုနယ် ပျို့မျစ်ငယ်ရွယ်သော မင်းစီ၏ မျက်နှာလေးကို တရှောသက်စွာ ငေး၍ ကြည့်နေမိလေသသ။

'ကဲ...နယ်စားကြီး မြန်မြန်ဆုံးဖြတ်ပါ၊ ပိန္နကျင်းရဲ့ ဓားရယ်၊ ဇူဆင်ကျင်ရဲ့အသက်ရယ်၊ ပေးမလား မပေးဘူးလား၊ အဲဒီနှစ်ခုကို မပေးရင်တော့ ဒီမိန်းကလေးသုံးဦးရဲ့အသက်ကို မကယ်နိုင်ဘူး'



နယ်စားကြီးမှာ ဇူဆင်ကျင်၏မျက်နှာကိုတစ်လှည့်၊ မိန်းကလေးသုံးဦးကိုတလှည့်၊ တစ်လှည့်စီကြည့်ကာ စဉ်းစားရကြပ်နေပုံရလေသည်။

'ကိုင်း....ဘယ့်နှယ်လဲ မောင်တော်ကြီး'

'ဇူဆင်ကျိုင်ဟာ ကျုပ်အတွက် အင်မတန် အသုံးဝင်တဲ့ လက်ရုံးတစ်ဆူဖြစ်နေတယ်၊ သူ့ကို ကျုပ်အခုလောလောဆယ် အဆုံးရှုံးမခံနိုင်ဘူး'

'မောင်တော်ကြီးတို့အဖွဲ့ဟာ ဝူဇူးနတ်မိစ္ဆာတောင်ကြားက သွေးနီရောင်အမ်းပါးယံမှာ ဒုတိယ ရှာဝမ်တီနဲ့ တွေ့လို့ သွားကြတာပဲ မဟုတ်လား'

'အလို....အစ်မတော်ကြီးက ကျုပ်တို့ ခရီးစဉ်ကိုတောင်မှ သိနေပါလား'

'ဒုတိယရှိဝမ်တီဟာ မောင်တော်ကြီးရဲ့ သမီးတော်လေးကို ဖမ်းထားတယ်၊ မောင်တော်ကြီးဟာ သမီးတော်ကို ကယ်တင်ဖို့အတွက် ဒီလက်ရွေးစင် တပ်ဖွဲ့ကိုဖွဲ့လာတယ်၊ ဟုတ်တယ်မို့လား'

'မှန်ပါတယ်....မှန်ပါတယ်'

'ဟို....ပင်တိုင်စံမင်းဆမီးလေး တိုက်မေလီကို ကယ်တင်ဖို့အတွက် ဒီသူငယ်လေးဟာ အလွန် အရေးပါနေတယ် ဟုတ်တယ်မို့လား'

'ဟုတ်ဘယ်....ဒီသူငယ်ဟာ ကျုပ်ရဲ့ညာလက်ရုံးပါ၊ ကျုပ်နဲ့အတူ ဆွေးနိုဆောင်ကမ်းပါးယံဒေါ်ကို သူပါလာဖို့လိုတယ်၊ ခါကြောင့်....'

နယ်စားကြီး စကားကို ဆုံးအောင် မစောင့်။ မယ်တော်ကြီးက ကြားဖြတ်၍ ပြောလိုက်၏။

'မောင်တော်ကြီးမှာ သိပ်အရေးကြီးနေတဲ့ ပြဿနာတစ်ခု ရှိနေရင် သူ့အသက်ကို ခုချက်ချင်း မယူသေးပါဘူး၊ မောင်တော်ကြီးရဲ့ ကိစ္စတွေ ဆောင်ရွက်ပြီးလို့ ပြီးပြတ်သွားတဲ့အခါ ကျရင်သာ ဒီသူငယ်နဲ့အသက်ကို ကျုပ်လာယူပါ့မယ်'

'ငှူဆင်ကျင်... မောင်ရဲ့ ရင်ထဲမှာ ရှိနေတဲ့ဆန္ဒကို ကျုပ်သိပါရစေ'

ငှူဆင်ကျင်သည် မင်စီ၏ မျက်နှာလေးကို တစ်ချက်လှမ်း၍ ကြည့်လိုက်မိပြန်သည်၊

အပြစ်မဲ့သော မိန်းမချောလေးတစ်ဦး၊ မေ့တိမ်အနစ်မခံလို့။

မင်စီ အသက်ပြန်ရှင်လာမည်ဆိုပါက သူ့အသက်ကို အချိန်မရွေး စွန့်လွှတ်ရန် အဆင်သင့်ရှိနေလေသည်။

ငှူဆင်ကျင် အဘွားအိုကို ရင်ဆိုင်လိုက်သည်၊



'သူတို့သုံးဦး ဘယ်တော့လောက် အကောင်းပကတိ ပြန်ဖြစ်မလဲ'

'နောက်ဆယ်ရက်တိတိကြာမယ်၊ ကျောရှင်မြို့ကို ရောက်တဲ့အခါ သူတို့ကို ငါ့အိမ်မှာ ထားရစ်ခဲ့ပြီး နင်တို့က ရှေ့ကိုခရီးဆက်ကြပေါ့၊ ဆယ်ရက်ကြာတဲ့အခါ ငါရယ်၊ သူတို့သုံးဦးရယ် ဆွေးနိုဆောင် ကမ်းပါးယံကို လိုက်လာမယ်၊ အဲဒီအခါကျရင် နင့်အသက်ကို ငါယူမယ်'

မိန်းမချောလေး သုံးဦး။ မင်စီ၊ နန်ရွှမ်း၊ ဆွန့်ရိလင်း။

သတိလစ် မေ့မြောနေသည့် သူတို့သုံးဦးကို လှမ်းကြည့်နေသည့် ငှူဆင်ကျင်အား နယ်စားကြီးက အမေးရှိလိုက်သည်။

'ငှူဆင်ကျင်....မင်း ဘယ်လို ဆုံးဖြတ်မလဲ'

'စောစောက အချက်အလက်တွေအပေါ်မှာ ကျွန်တော် သဘောတူပါတယ်၊ သူတို့သုံးဦး အသက်ရှင်လာဖို့ကျွန်တော့် အသက်ထက် ပိုပြီး အရေးကြီးပါတယ်'

'ဟား....ဟား....ဟား'

ငှူဆင်ကျင်၏ အဖြေစကားကြောင့် ဆင်ကျွားရှင်မယ်တော်ကြီးက ရယ်မောလိုက်လေသည်။

ပီတုန်းလက်နက်ပုန်း စူးဝင်နေသော မိန်းကလေးများမှာ မူကား အသက်ဝိညာဉ် ကင်းမဲ့နေသည့်သဖွယ် ငြိမ်သက်နေကြလေသည်။

'ဒီမှာ မောင်တော်ကြီး၊ ကျုပ် ပီဆောင်းရဲ့ ဒီလက်ရွေးစင်ခေါင်းကို ပထမအရစ်အနေနဲ့ ယူသွားခွင့်ရှိပြီလား၊'

'ယူသွားပါ...ယူသွားပါ'

'ဟီး....ဟား....ဟား...ဟား'

ခါးကုန်းအဘွားအိုခါ နှစ်ခြိုက်စွာရယ်မောသံများအညှင်ယံကို ဖုံးလွှမ်းသွားလေသည်။

## အခန်း (၁၉)

### မိုကန်တောင်ပေါ်ကဆင်းလာသူများ

သိမ်းငှက်ကြီးများ၏ အော်သံက မြက်ရိုင်းတောအုပ်ကြီးထဲဝယ် ဆူညံသွားလေသည်။

မြင်းသံများနှင့်လူသံများသည် နယ်စားကြီးတို့အဖွဲ့ ရှိနေရာသို့ ခါ့ဦးကပ်လာလေတော့သည်။

ထိုစဉ် တပ်ဗိုလ်ှူး‌လား စုံမာချုံလွှတီလိုက်သောအဖောက်တော်သုံးဦးအနက် ကစ်ဦးသည် နယ်စားကြီးရှေ့သို့အခစားဝင်ရောက်လာသည်။

'ဘယ်သူတွေလဲဟေ့'

နယ်စားကြီးက အလောတကြီး မေးလိုက်သည်။

အထောက်တော်က ပြန်ဖြေလေသည်၊

'လူဝကြီး ယူချင်းချန်နဲ့ မျက်မမြင် ချိန်ချိတို့အဖွဲ့လို့ ပြောပါတယ် နယ်စားကြီး၊ သူတို့ စုစုပေါင်း လူပေါင်းသုံးဆယ်ရှိပါတယ်'

'သူတို့က ဘယ်ကိုသွားကြမှာတဲ့လဲကွ'

'သေနနီရောင်တာမ်းပါးယံကိုတဲ့ကွ'

'ဟော....ဟုတ်လား'

နယ်စားကြီးအ တအံ့တသြ ဖြစ်သွားပုံရသည်၊

သို့သော် အသေးစိတ် သေချာစွာ မမေးရသေးမီ ခြင်ထောင်ကြီးအတွင်းသို့ အထောက်တော်နှစ်ယောက်နှင့်အတူ လူဝကြီးနှစ်ဦး ဝင်လာသည်။

တစ်ယောက်မှာ ဂင်တိုတို၊ ပုကွကွ။

တခြားတစ်ယောက်မှာ အသားညိုညို၊ ထောင်ထောင် မောင်းမောင်း။

နှစ်ဦးစလုံး မျက်နှာပေါ်၌ မုတ်ဆိတ်ကျင်စွယ်များထူထပ်စွာ ရှိလေသည်။

'အင်း...လူဝကြီး ယူချင်းချန်နဲ့ မျက်မမြင်ချိန်ချိပါလား'

ဟု ဇူဆင်ကျင်က စိတ်ထဲတွင် တီးတိုးရေရွတ်လိုက်မိသည်။ သူ[illegible]ယောက်ကို မြင်မြင်ချင်းပင် မှတ်မိလေသည်၊



မှင်စီကို ရွှေခြေသံ့အဖွဲ့ကြီးထဲမှ သွားနောက် ကယ်တင်ပေးသူ၊ တောင်ကမ်းပါးယံတက် ဝိဇ္ဇာကြီး၊ ရှာရှိယူထံမှ အရေးကြီးသော စာတစ်စောင်ကို ခိုးယူ ထွက်ပြေးသွားပြီးလျှင် အူရှူးမူရှ မြို့သို့ ငွေဒင်္ဂါးသုံးသောင်းထုတ်ယူရန်ထွက်ခွာသွားသော လူဝကြီး ယူချင်းချန်၊

သူနှင့်ပါလာသူက ဂူထဲတွင် တွေ့ရသော မျက်မမြင် ချိန်ချိ။

ယူချင်းချန်နှင့် ချိန်ချိတို့သည် နယ်စားကြီးအားလေးစားစွာ ဂါရဝပြုလိုက်ကြသည်။ သူတို့၏ ပုံစံများက လူကြီး လူဆောင်းများကဲ့သို့ အဖိုးထိုက်တန်သော အဝတ်အစားများကို ဆင်မြန်းထားလျက်ရှိကြသည်၊

နယ်စားကြီးသည် လူဝကြီး ယူချင်းချန်အား စူးစူးစိုက်စိုက်ကြည့်လျက် စတင်မေးမြန်းလိုက်သည်။

'မောင့်နာမည်က ဘယ်သူလဲ'

'ယူချင်းချန်ပါခင်ဗျာ'

လူဝကြီးက ရည်မွန်စွာ ပြန်၍ဖြေသည်။

နယ်စားကြီးသည် ယူချင်းချန်၏မျက်နှာကိုတစ်လှည့်၊ ဇူဆင်ကျင်၏ မျက်နှာကိုတစ်လှည့် ကြည့်လိုက်ပြီး ဇူဆင်ကျင်ကို လှမ်း၍ မေးလိုက်သည်။

'တောင်ကမ်းပါးယံကိုတက်ပြီး မင်စီကိုကယ်ထုတ်ယူသွား

တဲ့ လူစွမ်းကောင်းဟာ ဇီယူချင်းချန်လားဟေ့’

‘မှန်ပါတယ်....နယ်စားကြီး၊ သူဟာ ကျောက်ဆောင်နံရံကြီးပေါ်ကို တောက်တဲ့တစ်ကောင်လို တွယ်ကပ်ပြီးတက်သွားခဲ့ပါတယ်’

နယ်စားကြီးမျက်နှာကဟည်ကြည်ရဖို့ကျက်လွန်းနေသည်၊

‘မောင်တို့အဖွဲ့က သွေးနီရောင်ကမ်းပါးယံကို ဘာကိစ္စသွားကြမှာလဲ’

‘ဒုတိယ ရှိဝမ်တီဆိုတဲ့လူ ကျွန်တော်တို့ကိုဖိတ်ခေါ်ထားလို့ပါ’

‘ဘာကိစ္စလဲ’

‘သူ့ဆီမှာ အလွန်ဆန်းပြားတဲ့ဓားအလက်သုံးဆယ်ရှိသတဲ့ ခင်ဗျ၊ အဲဒီဓားတွေကို စိတ်ဝင်စားရင်လာခဲ့ကြရင် လာခဲ့ကြပါ၊ အမျိုးမျိုး စစ်ဆေးကြည့်ရှုပြီးလို့ အဘောကျရင်ငွေသားဒင်္ဂါးတစ်သေခင်းတိတိပေးရင် ရောင်းမယ်တဲ့ခင်ဗျ၊ ကျွန်တော်တို့ အဲဒီကိစ္စနဲ့ သွားကြမလို့ပါပဲ၊ တဲ့....တဲ့...ဟဲ’

နယ်စားကြီးက မျက်မှောင်ကြီး ကြုတ်သွားလေသည်၊

‘အလွန်ဆန်းပြားတဲ့ ဓားအလက်သုံးဆယ်’

‘ဟုတ်ကဲ့’

‘ဘယ်လိုဆန်းပြားတာလဲတဲ့’



‘ပဲ့ကျွင်းမြို့ရိုးကြီးကို တည်ဆောက်ခဲ့တဲ့ ရှိဝမ်တီဘုရင်မင်းမြတ်ကြီးကို ကြားဖူးပါသလား ခင်ဗျာ’

‘ကြားဖူးတယ်၊ သမိုင်းရဲ့အထင်ကရပုဂ္ဂိုလ်ကြီးပဲ’

‘အဲဒီဘုရင်မင်းမြတ်ကြီးမှာ လက်ရွေးစင် သူရဲကောင်း ကိုးဆယ့်ကိုးဦး ရှိခဲ့သတဲ့၊ အဲဒီသူရဲကောင်း ကိုးဆယ့်ကိုးဦး ကိုင်စွဲခဲ့တဲ့ သမိုင်းဝင်ဓားအလက်သုံးဆယ်တိတိ သူ့ထံမှာ ရှိနေသတဲ့၊ ဓားကောင်းကောင်းကိုကိုင်ချင်ရင် သွေးနီရောင်ကမ်းပါးယံကို ကြွခဲ့ကြပါတဲ့’

လူဝကြီးယူချမ်းချန်၏စကားကို နားထောင်ရင်း နယ်စားကြီး၏မျက်နှာတာ သိသိသာသာ ရှုံ့မဲ့စပြုလာနေသည်။

‘မောင်တို့က အဲဒီဓားနမူနာကို တွေ့မြင်ဖူးလို့လား’

‘မတွေ့ဖူးသေးပါဘူး’

‘ဓားနမူနာကို မမြင်ဖူးသေးတဲ့နဲ့ အခုလိုလာဘယ်ဆိုတာ သိပ်ရယ်စရာကောင်းနေတယ်’

‘ဘာပြုလို့ ရယ်စရာကောင်းတာလဲ’

‘ရှိဝမ်တီရဲ့သူရဲကောင်းတွေ ကိုင်စွဲခဲ့တဲ့ဓားဆိုတာ ဒဏ္ဍာရီပုံပြင်သိပ်ဆန်နေတယ်၊ တစ်ခါတင်ရုံမှာ အိပ်မက်ဆန်တဲ့ ဒဏ္ဍာရီပုံပြင်တွေကို သမိုင်းရဲ့အမှန်တရားအဖြစ် ပြောင်းလဲမိနေတဲ့လူတင်စုဟာ ပေါ်ပေါက်လာတတ်ပြီး ရိုးသားတဲ့လူတွေကို လှည့်စားတတ်ကြတယ်’

'နယ်စားကြီးက ဒုတိယအရှိဝမ်တီဆိုတဲ့ပုဂ္ဂိုလ်ကို လူလိမ် လူညာကြီးလို့ ဆိုချင်တာလား ခင်ဗျာ'

'ကျုပ်က မောင့်ကို အရင်ဆုံးပြန်မေးပါရစေ၊အဲဒီဒုတိယရှိဝမ်တီဆိုထဲ့လူကို မောင်ရင် လူကိုယ်တိုင် မြင်ဖူးပြီးပြီလား'

'မမြင်ဖူးသေးဘူး'

'သူ့နာမည်ကို သတင်းကြားဖူးတာကော ကြာပြီလား'

'သူ့နာမည်ကို လွန်ခဲ့တဲ့ခြောက်လလောက်ကမှ စတင်ကြားဖူးတာပါပဲ'

'ဟဲ...ဟဲ...ဟဲ...ဟဲ'

နယ်စားကြီး‌က ခပ်သဲ့သဲ့ရယ်မောလိုက်ပြီးမှ...

'မောင်တို့ဥစ္စာက ဘယ်နေရာမှာရှိမှန်းမသိတဲ့ တောတောင်ကုန်းတစ်ခုပေါ်မှာ ဘာမှန်းမသိတဲ့ ရုပ်တုကြီးတစ်ခုရှိလေရဲ့ဆိုတဲ့ ဒဏ္ဍာရီလိုဖြစ်နေပြီပေါ့'

'တစ်ခါတရံမှာ ဒဏ္ဍာရီအချို့ဟာ မှန်မျှော်သဖြင့် အမှန်တရား ဖြစ်နေတာကိုတွေ့ရပြီး အမှန်တရားဆိုတာဟာလဲ ဒဏ္ဍာရီအဖြစ်နဲ့ ဇာတ်သိမ်းသွားတာမျိုးရှိတတ်ပါတယ် နယ်စားကြီး ခင်ဗျာ'

'ကောင်းပြီလေ....သေနှီရောင်ကမ်းပါးယံကို သွားကြည့်ကြဦးပေါ့၊ ဟိုရောက်တော့ ဒဏ္ဍာရီလား၊ အမှန်တရားလား ဆိုတာ သိရပေလိမ့်မယ်'



'နယ်စားကြီးအဖွဲ့ကရော ဘယ်ကို ကြွချီတော်မူလို့ပါလဲ ခင်ဗျာ'

'ကျုပ်တို့လဲ သွေးနီရောင်ကမ်းပါးယံကို သွားကြမလို့ပါပဲ'

လူဝကြီးယူချင်းချန်၏ မျက်လုံးတစ်ဖက်က မှေးသွားလေသည်။

'သွေးနီရောင်ကမ်းပါးယံ ဟုတ်လား'

'ဟုတ်တယ်'

'ဘာကိစ္စရှိလို့ပါလိမ့် နယ်စားကြီးခင်ဗျ'

'မောင်ကမေးလာတော့ ကျုပ်ကလဲ ဖြေရသေးတာပ'

'ဟုတ်ကဲ့—ဟဲ့....ဟဲ....ဟဲ'

'လူဆိုးတစ်ဦးဟာ ကျုပ်ရဲ့သမီးတော်ကို ဖမ်းထားပြီး ကျုပ်ကို သွေးနီရောင်ကမ်းပါးယံပေါ်ကိုလာခဲ့ဖို့ ချိန်းဆိုတာနဲ့ ကျုပ်တို့အဖွဲ့ ခရီးထွက်လာခဲ့တာပဲ'

နယ်စားကြီး၏အဖြေကိုကြားရလျှင် လူဝကြီး ယူချင်းချန်က ပြန်၍မေးလိုက်လေသည်။

'အဲဒီလူဆိုးရဲ့နာမည်ကို မသိဘူးလား'

'မသိဘူး၊ သူနဲ့အတူ သမီးတော်ရှိနေကြောင်း၊သမီးတော်ကိစ္စဆွေးနွေးဖို့ သွေးနီရောင်ကမ်းပါးယံပေါ်ကို တက်လာဖို့အကြောင်း ကျုပ်ဆီကို စာရေးသက်သွယ်ခဲ့တယ်'

လူဝကြီး ယူချင်းချန်သည် ခေတ္တစဉ်းစားဟန် ပြုလိုက်ပြီးမှ—

'ဒီလိုဆိုရင် မြို့စားကြီးအဖွဲ့နဲ့ကျွန်တော်တို့အဖွဲ့ ခရီးပန်းတိုင်ချင်းတူနေပြီ၊ တွေ့ဆုံရမယ့်လူချင်းကလဲ အတူတူပဲဖြစ်လိမ့်မယ် ထင်ပါတယ်'

ဤသို့ပြောဆိုနေရင်းမှ လူဝကြီးယူချင်းချန်သည် ခြင်ထောင်ကြီး၏ ထောင့်တစ်နေရာတွင် ငြိမ်သက်စွာရှိနေသော မိန်းအလေးသုံးဦးကို စတင်တွေ့မြင်သွားလေ၏။

'အလို....ဟိုမိန်းမလေးသုံးဦးက ဘာဖြစ်တာလဲ'

'ဟော....နင်တို့သိစရာမလိုဘူး'

ခါးကုန်းအဘွားအိုက လူဝကြီးယူချင်းချန်ကို ဒေါသကြီးစွာ အော်ပြောလိုက်သည်။

လူဝကြီးနှင့်မျက်မမြင်ကြီးသည် အဘွားအိုကိုလှမ်းကြည့်လိုက်ကြ၏။

သူတို့နှစ်ဦး၏ ခက်ထန်သောမျက်နှာများက ချက်ချင်းပျော့ပျောင်းသွားသည်။

စူးရှသောမျက်လုံးများက ရုတ်ခြည်း မှေးမှိန်နွမ်းဖျော့သွားသည်၊

ကျားမကြီးတစ်ကောင်ကို မမျှော်လင့်ဘဲ ပက်ပင်းတွေ့လိုက်ကြရသော ယုန်သူငယ်လေးများအလား သူတို့သည်



ခါးကုန်းအဘွားအိုရှေ့သို့ အလျင်အမြန် သွားပြီးလျှင် ဒူးထောက်၍ ဂါရဝပြုလိုက်ကြသည်။

'နင်တို့နှစ်ယောက်က သွေးနီရောင်ကမ်းပါးယံကို သွားမလို့ ဟုတ်လား'

'ဟုတ်ပါတယ်....မယ်တော်ကြီး'

'နင်တို့ကို ဒုတိယရှိဝမ်တီကဖိတ်ခေါ်တာ အမှန်တကယ်ပဲလား'

'အမှန်တကယ်ဖိတ်ခေါ်ခြင်းဖြစ်ပါတယ်'

'ဒုတိယရှိဝမ်တီဟာ ငါ့ကိုလဲဖိတ်ခေါ်ခဲ့တယ်'

'ဘာကိစ္စလဲ'

'လူဝကြီးယူချင်းချန်က မယ်တော်ကြီးကို မေးလိုက်ခြင်းပင် ဖြစ်၏။

'သွေးနီရောင်ကမ်းပါးယံပေါ်မှာ ထူးဆန်းတဲ့ ကျောက်တုံးကြီးတစ်တုံး ရှိသတဲ့၊ အဲဒီကျောက်တုံးကြီးထဲမှာ 'သိုင်းလောက၏ ဗျာဒိတ်တော်' ဆိုတဲ့ သိုင်းကျမ်းတစ်ကျမ်းရှိသတဲ့၊ မယ်တော်ကြီး ကျွန်တော့်ဆီကိုကြွလာခဲ့ပါ၊ အဲဒီ သိုင်းကျမ်းကြီးကို လာယူလှည့်ပါလို့ ဒုတိယရှိဝမ်တီက ငါ့ကိုဖိတ်ခေါ်ခဲ့တယ်'

နယ်စားကြီး၏မျက်နှာကြီးက ရင့်ကျက်တည်ကြည်သွားရသည်။

'ဟာ - ဒီလိုဆိုရင် အဆငီသင့်လိုက်ဘာ၊ ကျွန်ုတော်တို့နဲ့ အတူတူ လိုက်ခဲ့ပါလား'

'နင်တို့နဲ့လိုက်လို့ မဖြစ်ခသေးဘူး'

'ဘာဖြစ်လို့လဲ'

'အလေးမအေးသုံးဦး အဆိုပ်တက်တာ ဖြေပေးရဦး မယ်'

'ဩော်'

'ရှိဝမ်တီနဲ့တွေ့တဲ့အခါကျရင် ငါလာလိမ့်မယ်၊ နောက် ဆယ်ရက်လောက်ကြာရင် ရောက်လာလိမ့်မယ်လို့ ပြောလိုက်'

'ဟုတ် - ဟုတ်ကဲ့ ... မယ်တော်ကြီး'

လူဝကြီး ယူချင်းချန်သည် ခါးကုန်းအကွားအို ကြီးကို လွန်မင်းစွာ ကြောက်ရွံ့ရပုံပေါ်သည်။

ဇူဆင်ကျောင်သည် ယူချင်းချန်အဖွဲ့ကို သေချာစွာ အကဲခတ် လိုက်သည်။

လူဝကြီးယူချင်းချန်နှင့် မျက်မမြင်ချိန်ချီး

သူတို့နှစ်ဦးကား ခေါင်းဆောင်ဖြစ်ပုံရသည်။

သူတို့နောက်မှပါလာသူများက အီးဆိုး အဘိုးအိုများ ချည်းသာ ဖြစ်လေသည်။



ငယ်ရွယ်သူဟူ၍ တစ်ဦးတစ်ယောက်မျှပါမလာချေ၊

အသက် ၇၀ခန့်၊ အသက်၈၀ခန့်၊ အသက် ၉၀ခန့် အဘိုးအိုများချည်း။

အားလုံး မုတ်ဆိတ်မွေးပါးမြိုင်းမွေးကြီးများ ရှုပ်ယှက်ခတ် အောင် ပေါက်နေကြသည်။

အချို့က တစ်ခေါင်းလုံး ဖွေးဖွေးလှုပ်အောင်ဖြူလျက်ရှိ ကြပြီး အချို့က နီကျင်သော ဆံပင်မွေးများရှိသည်။

အဘိုးအို အားလုံးသည် လက်နက်မျိုးစုံကို ဟန်ပါပါ ကိုင်ဆောင်ထားကြသည်။

ဇူဆင်ကျောင်သည် ယူချင်းချင်၏ရှေ့သို့ သွားရပ်လိုက်သည်၊

'ဆရာကြီး ကျွန်တော့်ကိုမှတ်မိသေးရဲ့လား'

'ဟော - မင်းက ဒီမှာရောက်နေသကိုး၊ ဟဲ .... ဟဲ - ဟဲ .... ဟဲ -'

'ခင်ဗျား မရယ်ရဲ့၊ ရှာရှိယူဆိတ ခင်ဗျား ခိုးယူသွားတဲ့ စခ ဘယ်မှာလဲ'

'ဟဲ .... ဟဲ'

'ကျုပ်မေးတာကို မြန်မြန်ဖြေဗျာ'

'အဲဒီစာကို လူတစ်ယောက်ဆီမှာ ရောင်းစားလိုက်တယ်၊ ငွေသားဒင်္ဂါး ငါးထောင်းရတယ်၊ ဟဲ - ဟဲ'

လူဝကြီးယူချင်းချိန်က ပမာမခန့်ရယ်နေ၏၊

'ဘယ်သူ့ဆီမှာ ရောင်းစားလိုက်တာလဲ၊ နာမည်ပြော'

ယူချင်းချိန်က ခေါင်းခါသည်။

'ဝါနဲ့ဆက်သွယ်တဲ့လူတွေကို ပြောရိုးထုံးစံမရှိဘူး'

မင်းချိန်ထံမှ ရှာရှိယူထံသို့ ပေးပို့ထားသော ညွှန်ကြားလွှာကား ထိပ်တန်း လျှို့ဝှက်ချက်များ ပါဝင်၏။

ဤညွှန်ကြားလွှာကို ခိုးယူသွားသော လူဝကြီးအား ဇူဆင်ကျော် ခွင့်မလွှတ်နိုင်ချေ။

ဤကိစ္စအား သေနှင့်ဖြေရှင်းရမည့် ကိစ္စ ဖြစ်နေလေပြီ။

'ကိုင်း—ဒီလိုဆိုရင် ဆရာကြီးနဲ့ကျုပ်တော့ ဗိုနေရာမှာတင် စာရင်းရှင်းရအောင်'

'ဩ...မောင်ရင်က ငါ့ကိုစိမ်ခေါ်တာလား'

'သိပ်မှန်တာပေါ့'

'ဟဲ—ဟဲ'

'ယား'

ဇူဆင်ကျော်သည် ပြင်းထန်လှစွာလော လက်သီးချက် တစ်လုံး စဝင်၍ ပစ်သွင်းလိုက်၏၊

လူဝကြီး၏ ကြီးမားလှသော မျက်ခွက်ကြီး တည့်တည့်သို့ ထိုးသွင်းလိုက်ခြင်း ဖြစ်သည်။



အတွင်းအား အပြည့်ပါသည်ဖြစ်ရာ အုတ်နံရံကြီးပင်ချပ်ပင်လျှင် ပေါက်ထွက်သွားနိုင်လောက်အောင်ပြင်းထန်လှ၏။

လျှပ်စစ်ပမာကဲ့သို့ လျင်မြန်သွက်လက်၏။

လူဝကြီးကား ဖေါသော ကိုယ်ခန္ဓာကြီး ရှိသော်လည်း လျင်မြန်သွက်လက်လှစွာ၏။

သူက (ထိုင်တိမ်းနည်း)ဖြင့် ငုံ့ရှောင်ပေးလိုက်ရာ၊ သီသိဇလေး မြောက်သွားသည်။

ဇူဆင်ကျော်သည် သပြေရွက်သဏ္ဌာန် လက်ဝါးဖြန့်လိုက်သည်။

(ပါစုကျန်)။

ထိုလက်ဝါးဖြင့် လူဝကြီး၏ဝယ်ထိပ်ပေါ်သို့ ပုတ်ချလိုက်ပြန်သည်။

ပြင်းထန်လှသော သံလက်ဝါးကြီးအား အသုံးပြုလိုက်သည်နှယ် ဖြစ်ရာအရှိန်အဟုန် ပြင်းထန်လွန်းလှသည်။

သံတူကြီးနှင့် အထုခံလိုက်ရသော လိပ်တစ်ကောင်၏ အခွံများနှယ် လူဝကြီး၏ ဦးခေါင်းကြီးများ အစိပ်စိပ်အမွှာမွှာ ကွဲကြေသွားနိုင်လောက်သည်။

'ဟဲ...ဟဲ'

လူဝကြီးက မဖြုန်ရေးချမဖြုန်။

မာဖူကျသံခေါ် မြင်းစီးသဏ္ဌာန်ကာကွယ်နည်းဖြင့် ဇူဆင်ကျင်ကို ဟန့်တားလိုက်၏။

တစ်ဆက်တည်း ဇူဆင်ကျင်ကို တုံ့ပြန်တိုက်ခိုက်ခြင်းပြုရန် ခန္ဓာကိုယ်ဟန်ချက်ကို နောက်သို့စိုက်ချလိုက်ပြီး—

'ကျူလျှန်ဟောကြဲ' လက်သီးဖြင့် ခုခံတုံ့ပြန်ရန်ကြိုးစားလိုက်သည်။

အခေါ်သို့မြောက်၍ ပဒ္မိကော်သွင်းလိုက်သော ဝက်အူရစ်လက်သီးမျိုး ဖြစ်သည်။

သို့ရာတွင် လူဝကြီး ယူချိဝ်းချန်၏ အကြံကား မအောင်မြင်ချေ။

ဇူဆင်ကျင်သည် သူ၏ ရင်ညွန့်ဆီသို့ အရှိန်ပြင်းစွာတိုးဝင်သည့် ဝက်အူရစ်လက်သီးကို သယ်သက်ဖြင့်ချိတ်ဆွဲ၍ ပုတီဖိဆွဲဖယ်လိုက်ပြီးလျှင် ညာလက်ဖြင့် အုပ်ထုပစ်လိုက်သည်။

အလွန်ပြင်းထန်လှသော လိုစုခိုက်ဟန် လက်သီးချက်ပင်ဖြစ်သည်။

ခုခံသူကလည်း ပညာသားပါ၏၊

တိုက်ခိုက်သူကလည်း နည်းပရိယာယ်ကြွယ်ဝလှ၏။

ကြည့်၍မငြီးနိုင်သော သိုင်းကဟန်များ ဖြစ်နေလေရာ ဘေးမှရပ်ကြည့်နေသူများမှာ ခေတ္တမျှ မငြိသက်မိနေကြသလိုရှိသည်။



ဇူဆင်ကျင် တိုက်ခိုက်လိုက်သော လိုစုခိုက်ဟန် လက်သီးချက်မှာ လွန်စွာ ခိုင်မာသော သံမဏိချောင်းကြီး ပင်လျှင် တွန့်လိမ်ကောက်ကွေးသွားနိုင်လောက်အောင် ပြင်းထန်လှပေသည်။

သို့စေကာမူ—

လူဝကြီး ယူချင်းချန်အား၊ အယိုင်အယိမ်းအတိမ်းအညွတ် သွက်လက်လှသည်။

ပေါ့ပါးလှသည်။

အထိုင်အထမြန်ဆန်လှသည်။ သံပတ်ပေးထားသောစက်ရုပ်ကြီး တစ်ရုပ်ပမာ ထင်ရ၏။

သူက ဇူဆင်ကျင်၏ လိုစုခိုက်ဟန်လက်သီးချက်ကို—

(တစ်)အယိုင်နည်းဖြင့် ရှောင်ပေးလိုက်၏။

(နှစ်)ခန္ဓာကိုယ်ဟန်ချက်ကိုပြန်လည်ထိန်းကျောင်းလိုက်၏။

(သုံး)နောက် ညာခြေလှမ်းတက်လိုက်ပြီး—

(လေး)လက်ဝါးနှစ်ဖက် ပူးယှဉ်လိုက်၍—

(ငါး)ဇူဆင်ကျင်၏ ရင်ဘတ်ကို ဆောင့်တွန်းထုတ်လိုက်လေသည်၊

ဤသို့လျှင် အဆင်ဆင့်သော လှုပ်ရှားမှုတို့ကား မျက်စိတစ်မှိတ် လျှပ်တစ်ပြက်လောက်မျှသာ ကြာ၏။

အလှ မြန်ဆန်လွန်းလှသော ရှောင်လဲမှုန်တိုင်း သိုင်းလက်ပါး။

ဆရာကြီး တံခါးတွန်းဖွင့်ဟန် (စိန်ကွေးမင်) ကိုက်ကွက်ပင် ဖြစ်လေတော့သည်။

မုန်တိုင်းအရှိန်အဟုန်ထက် မြင်းထန်သည်ဖြစ်ရာ ဇူဆင်ကျင်သည် မဟာ စကြာဝဠာတံတိုင်းသို့အထိ လွင့်စဉ် ထွက်သွားနိုင်လေသည်။

သို့ရာတွင်....

ဇူဆင်ကျင်ကား တိုက်ခိုက်ရေး ဘာသာရပ်မျိုးစုံတို့ကို အသက်အရွယ်နှင့်မမျှအောင် သင်ကြားတတ်မြောက်ထားသူဖြစ်သော ကြောက်မက်ဖွယ်ရာ စိန်ကွေးမင် တိုက်ကွက်မျိုးကို အကြိမ်ကြိမ် တွေ့ဖူးပြီးခဲ့ပြီ။

လိစွန်ပိဖိချဖြင့် ပြန်လည်တိုက်ခိုက်လိုက်၏၊

လက်မောင်းလွှဲအားဖြင့် လက်သီး၊လက်ပြန်ခုတ်ဘုံယံခါချလိုက်ခြင်းပင် ဖြစ်သည်၊

'ဟော့....မင်းတို့နှစ်ယောက် ရပ်လိုက်ကြတော့'

ကျားဟိန်းသံကဲ့သို့ အသံတစ်သံက ပေါ်လာသည်၊ ခါးကုန်းအဘွားကြီးဆဲ့ရှားရှင်မယ်တော်ကြီး၏ အသံပင်ဖြစ်လေတော့သည်။



'နင်တို့နှစ်ယောက် လက်ရည်သိပ်တူတယ်၊ ဘွေးနီရောင်ဓာမ်းပါးယံပေါ်ကျရင် နင်တို့နှစ်ယောက်ကို ပွဲထုတ်ပေးမယ်၊ ဒီမှာ ခဏလောက် ရပ်ကြပါဦး'

'အစ်မတော်ကြီး အမိန့်ရှိတာ မှန်တယ်၊ မောင် လိုချင်တဲ့ကြေးကို ဘွေးနီရောင် ကမ်းပါးယံပေါ်ကို ရောက်မှ ပြန်တောင်းပါ'

နယ်စားကြီးကလည်း မယ်တော်ကြီးဘက်မှ ထောက်ခံ၍ လှမ်းပြောလိုက်သည်။

'အစာယ်၍ ဒီလူကြီးထွက်ပြေးသွားရင် ဘယ်လိုလုပ်မလဲ၊ ခင်ဗျား တာဝန်ယူမလား အဘွားကြီး'

ဇူဆင်ကျင်က မယ်တော်ကြီးကို တင်းမာပြတ်သားစွာမေးလိုက်လေသည်၊

'ငါ တာဝန်ယူကယ်၊ ယူချင်းချန်ဟာ ငါ့ရဲ့သားတပည့်ဖြစ်တယ်'

'ဒီလိုဆိုရင် ကောင်းပြီ'

*

## အခန်း (၂၀)

### အကျဉ်းခံ ဘုလျှိမယ်

ယူချင်းချန်နှင့် ပျက်မမြင်ချိန်ချိတို့ ခေါင်းဆောင်သည့် အဘိုးအိုအဖွဲ့သည် ညတွင်းချင်းပင် မြက်ရိုင်းတောကြီးကိုဆက်လက် ဖြတ်ကျော်သွားကြလေသည်။

နယ်စားကြီးတို့အဖွဲ့သည် နံနက်မိုးစင်စင်လင်းမှပင် မြက်ရိုင်းတောကြီးကို ဖြတ်သန်းကြ၏။

အဆိပ်မိနေသောမိန်းကလေးသုံးဦးကိုစောင်ပုခက်များနှင့် ထမ်းယူလာကြလေသည်။



ကြိုတင်ခန့်မှန်းထားသည့်အတိုင်း ကျောရှင်မြို့သို့ နေ့သည် မွန်းတိမ်းခါစလောက်တွင် ရောက်သွားကြ၏။ မြို့အနောက်ပြင်မှ ပဲဟိုင်းကန်တော်သာအနီးတွင်ရှိနေသော ဆင်္ဂကျောင်းရှင်မယ်တော်ကြီး၏ စံအိမ်သို့ သွားကြရလေသည်။

ကြီးမားလှသော အုတ်ချပ်ကြီးများနှင့် လှပသပ်ရပ်စွာ ဆောက်လုပ်ထားသည့် စံအိမ်ကြီးပင် ဖြစ်သည်။

မြက်ရိုင်းတောကြီးထဲတွင် ကျိုင်သည် ကျက်စားနေသော ဓါးကုန်းအဘွားကြီးတစ်ဦးက ဤမျှ ထည်ဝါခမ်းနားလှသော စံအိမ်ကြီးကို ပိုင်ဆိုင်ထားသည့်အတွက်နှုတ်ဆင်ကျင်မှာစဉ်းစား၍ မရနိုင်အောင် အံ့သြနေမိလေသည်။

တံခါးမှူးများ၊ အနိုင်းအခစများ၊ အစေခံအကြံပ်များ လိုလေသေးမရှိ၊

အဆောက်အဦးကြီး အတွင်းရှိ အပြင်အဆင်နှင့် အသုံးအဆောင်များမှာလည်း အဖိုးထိုက် အဖိုးတန်များချည်းသာ ဖြစ်လေသည်။

မယ်တော်ကြီးသည် နယ်စားကြီးနှင့် လက်ရွေးစင်များကို ညနေစာဖြင့် ဧည့်ခံကျွေးမွေးသည်။

ဟင်းလျာမျိုးစုံ၊ အရက်မျိုးစုံ၊ ဥမျိုးစုံ၊ သစ်သီးမျိုးစုံ၊ ချိုချဉ်ဖန်ခါး ဖွယ်ဖွယ်ရာရာ။

အလွန်အဆင့်အတန်းမြင့်စွာ ဧည့်ခံကျွေးမွေးခြင်းပင် ဖြစ်လေတော့သည်။

'မီးထေး မ သုံးဦးဟာ ဆယ်ရက်ပြည့်တဲ့ နေ့ကျရင် အကောင်းပကတိ ပြန်ဖြစ်လာလိမ့်မယ်၊ ကျုပ်သူတို့နဲ့အတူ သွေးနီရောင် ကမ်းပါးယံကို လာခဲ့မယ်'

ညစာစားအပြီးတွင် ဆင်ကျားရှင်မယ်တော်ကြီးက နယ်စားကြီးကို ကတိပေး၏။ ထို့နောက် ဇူဆင်ကျင်အားလည်း ပြောလိုက်၏။

'သွေးနီရောင် ကမ်းပါးယံပေါ်မှာ နှင်နဲ့ယူချင်းချန်ကို ပွဲထုတ်ပေးမယ်၊ အဲဒီပွဲမှာ ယူချင်းချန်က ငါ့ကိုယ်စား နှင့်အသက်ကို ယူလိမ့်မယ်၊ ကြားလားဟေ့'

'ကောင်းပါပြီဗျာ'

'ဒဲဟ့ သူငယ်၊ ဒါက ဘယ်ကိုလဲကွ'

'ကျုပ် မင်စီကို သွားကြည့်မလို့'

'ခဏပဲ ကြည့်ခွင့်ပေးမယ်ဟေ့၊ သူတို့ဟာ ငါ့လူမမာတွေ ဖြစ်နေတယ်ဆိုတာ မမေ့နဲ့ဟေ့'

ဇူဆင်ကျင်သည် ခန်းဆီးစကို ဖယ်ရှား၍ မင်စီတို့ သုံးဦးအား ထားရှိသော ဝရန်တာသို့ ချဉ်းကပ်သွားလေသည်။

မိန်းကလေး သုံးဦး အား ညောင်စောင်းရှည် တစ်ခု ပေါ်တွင် တင်ထားပေသည်။

သူတို့ကိုယ်ပေါ်တွင် ပါးလွှာသည့် အဖြူရောင်ပဝါစများ လွှမ်းခြုံပေးထားသည်။



သူတို့၏ခေါင်းရင်း၌ သစ်ခွပန်းဝတ်မှုန်ဖြင့် ပြုလုပ်သော အမွှေးတိုင်များ ထွန်းညှိထားရာ အခန်းတစ်ခုလုံး ကြိုင်လှိုင်၍ နေလေတော့သည်။

ဇူဆင်ကျင်သည် ဖိနပ်ငြိမ်သက်စွာဖြင့် အိမ်မောကျနေပန်ထင်ရသော မင်စီဘေးတွင် ရပ်လိုက်သည်။

ဇူဆင်ကျင်၏ ရင်ထဲတွင် အလွန်အမင်း လှုပ်ရှားနေလေသည်။

ဖြစ်နိုင်လျှင် တစ်ကြောင်းဇင်ဗီဇနာလေးမျှပင် သူမအပါးမှ ခွာမသွားလို၊

အရိပ်တကြည့်ကြည့်နှင့်သာ နေချင်လှသည်။

ချစ်ဦးသူလေးမို့လည်း အစွဲကြီးစွဲကာ အချစ်ကြီးချစ်ခဲ့ရသည်။

နုထွေးသော ပါးပြင်လေးများ နီမြန်းနေသည်။ မျက်ဝန်းနတ်ဆေးလေးများကို မှေးမှိတ်ထားသည်၊

လေးကိုင်းပုံသဏ္ဍာန် နှုတ်ခမ်းလေးက ပြုံးရယ်တော့မယောင်ယောင် ထင်မိသည်။

'အချစ်ကလေး မင်စီရယ်'

ရင်ထဲမှ တိတ်တခိုး မြည်ကျူးမိသံပါ။

'ဟေ့ သူငယ်၊ ပြန်လာခဲ့'

အဘွားအိုသံက ပေါ်လာ၏။

ငှက်ဆိုးမကြီး အော်လိုက်သကဲ့သို့ ခံစားရသည်။

တစ်ဆက်တည်းပင်....

နယ်စားကြီး၏ တပ်မှူးလေးဖြစ်သူ စုံချူ၏ ဇူဆင်ကျောင်ကို လှမ်းပြောသည်။

'ဇူဆင်ကျောင်၊ ကျွန်တော်တို့ သွားကြခယ်ဗျို့'

ဇူဆင်ကျောင်သည် မင်စီ၏အပေါ်မှခွာချင့်ခွာချင် နှင့် ခွာလာခဲ့ရ၏။

'ကျွန်တော်တို့ ဟူဒချောင်တည်းခိုရိပ်သာမှာ ညအိပ်ရမယ်၊ နံနက် အရုဏ်တက်လောက်မှ ခရီးထွက်မယ်ဘဲ့ဗျ'

'ဟုတ်ကဲ့'

နယ်စားကြီးနှင့် လက်ရွေးစင်အဖွဲ့သည် ပဲဟိုဒီ [illegible] သစအနီးရှိ မယ်တော်ကြီး၏စံအိမ်မှ ထွက်ခွာ [illegible] သည်။

မြင်းကိုယ်စီနှင့် ထွက်ခွာသော နယ်စား [illegible] စံအိမ်ရှေ့ လမ်းမကြီးပေါ်မှ ကွယ်ပျောက်သွား [illegible] ါ မယ်တော်ကြီးသည် ပြုံးလိုက်၏။

'ဟား....ဟား....ဟား'



'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

အဘွားအို၏ ရယ်သံများက ထပ်မံ ပေါ်လာပြန်သည်။

ထို့နောက်....

အဘွားအိုသည် အိမ်ရှေ့ခန်းတစ်နေရာရှိ ဗီရိုထဲမှ ဆေးပုလင်းငယ်တစ်ခုကို ထုတ်ယူလိုက်၏။

ဝါဖန့်ဖန့်အရောင်ရှိသည့် ဆေးမှုန့်အနည်းငယ်ကိုလက်ဝါးပေါ်တွင်တင်၍ ယူဆောင်လာခဲ့သည်။

အိပ်မောကျနေဘိသကဲ့သို့ ထင်ရသော မင်စီ၏ နှုတ်ခမ်းတွင်းသို့ ဆေးမှုန့်များ ညင်သာစွာထည့်ပေးသည်။ ရေစက်အနည်းငယ်ချပေးလိုက်သည်။

'မေလင့်ဖန်....မေလင်ဖန်'

'ဟင်....'

သူမသည် စတင်လှုပ်ရှား လူးလွန့်သည်။ မျက်ဝန်းပြာလေးများ အညှင်အသာ စတင်ဖွင့်လာသည်။

'အို....ခဏလေး ငြိမ်နေဦးနော်'

စုန်းမကြီးကဲ့သို့ အရုပ်ဆိုး အကျည်းတန်လှသော ခါးကုန်း အဘွားအို၏ အမူအရာမှာ အိပ်ပျော်နေသည့် သခင်မ

လေးဘစ်ပါး နီးလာသည်ကိုအသင့်စောင့်ကြို နေသောအထိန်းတော်ကြီးနှင့် ဥပမာတူနေပေ၏။

'ခေါင်းထဲမှာ ကြည်လင်ရဲ့လား'

'အင်း'

'အပေါ်လွှာ မျက်နှာဖုံးကို ချွတ်ပစ်လိုက်လို့ရနေလာက်ပါပြီ၊ ချွတ်ပစ်လိုက်ပါလား'

သူမက ခေါင်းညိတ်ပြ၏။

ကေရာဇ်မင်းမြတ်၏ သူလျှိုမယ်လေးမင်းစီမှာ အစာရေစာ ဝလင်စွာ စားသောက်ရပုံမပေါ်။

သူမ၏ ခန္ဓာကိုယ်လေးမှာ ယခင်အခါကလို ဝဝဖြိုးဖြိုးတောင့်တောင့်တင်းတင်း မရှိတော့။

သိသိသာသာ ပိန်လှီလျက်ရှိပြီး မျက်နှာလေးများအရိုးဝေ မှေးမှိန်နေလေသည်။

'ဟဲ့ ....နင်တို့ ငါ့ကို ဘယ်အထိ ညှဉ်းဆဲနှိပ်စက်နေကြမှာလဲ၊ ငါ့ကို မြန်မြန်သတ်ပစ်လိုက်ဟေ့'

အကျဉ်းခန်းထဲမှ မင်းစီက နယ်စားကြီး၏ သမီးတော်ကို စူးရှကျယ်လောင်စွာ ပြောဆိုလိုက်၏။

နယ်စားကြီး၏သမီးတော်က နှုတ်ခမ်းလေးများကို မဲ့ရွဲ့လိုက်လေသည်။



'အောင်မယ် ကောင်မက ခုအထိ လေသံမပြောင်းသေးပါလား၊ အဘွားကြီး ညကျရင် သူ့ကိုနည်းနည်းပါးပါးထပ်ပြီး ပညာပေးလိုက်ဦး'

'ဟုတ်ကဲ့အရှင်မသေး၊ ဒီတစ်ခါ သူ့ကိုဗျိုင်းလိုအတောင်ပေါက်ပြီး ပျံသွားအောင် ရေနွေးပူလောင်းချလိုက်မယ်'

'နင်တို့ ငါ့ကိုညှဉ်းဆဲမနေကြနဲ့၊ မြန်မြန်သတ်ပစ်လိုက်'

'မြန်မြန်သတ်လိုက်ရင် နင်ဟာ မြန်မြန်သေသွားမှာပေါ့၊ မြန်မြန်သေသွားရင် အခုခံစားရတဲ့ ဒုက္ခမျိုးကို နင် ဘယ်ခံစားရတော့မလဲ၊ ဒါကြောင့် နင့်ကို မသတ်သေးတာပဲ'

အကျဉ်းခန်းထဲမှ မင်းစီသည် အံသွားလေးများကို ကြိတ်ထားလိုက်သည်။

လက်သီးဆုပ်တာလေးများကိုလည်း တင်းကျပ်စွာဆုပ်ထားသည်။

ရက်ပေါင်းများစွာ အကျဉ်းခံနေရသော်လည်း စိတ်ဓာတ်ကျဆင်းသော လက္ခဏာမျိုးမရှိ။

ယခင်ကလိုပင် ရဲရင့်တည်ကြည်နေတုန်းပင်ဖြစ်သည်။ ဤကား သူရဲကောင်းစိတ်ဓာတ်ပင်ဖြစ်သည်။

'ဟဲ့ ကောင်မ မင်းစီ၊ နင် သိပ်ခေါင်းမာမနေနဲ့၊ နင့်ယောကျ်ား ဇူဆင်ကျင်ကိုလဲ ငါတို့ဖမ်းမိထားပြီ၊ ရှာစီမြို့အ

ယွန်ပိုက္ကန်လားမားကျောင်းတော်ကြီးအနီးကကွန်မင်ပိုတည်း ခိုရိပ်သာမှာ ပုန်းနေတဲ့ နင်တို့ဆရာ ဝမ်းပင်နန်းကိုလဲ သူတို့ သင်လိုက်ပြီးပြီ၊ ချိုင့်စူဝမ်အဖြစ် ရုပ်ဖျက်နေတဲ့ ဟွာတိုး၊ ပုံရှောက်အဖြစ်ရုပ်ဖျက်နေတဲ့ ရှာရှိယူတို့ကိုလဲ အချုပ်ခန်းထဲ မှာ ပို့ထားတယ်၊ ဟား....ဟား'

နင်ရှာဝေနယ်စားကြီး၏သမီးတော် တိုက်မေလီ သို့မဟုတ် ပင်တိုင်စံ အားရပါးရ ရယ်မောနေသည်။ မင်စီသည် အံ့ကြိတ် ထားရင်းမှ မျက်ရည်စများ စတင်စီး ကျလာနေသည်။

'လာ အဘွားကြီး၊ အပေါ်ထပ်ကို သွားကြစို့'

မင်းသမီးလေးနှင့် အဘွားကြီးသည် မြေတိုက်ခန်းထဲမှ တက်လာခဲ့ကြ၏။

'ရထားမှူးကြီး ချူတန်ကို ရထားတစ်စင်း အသင့် ပြင် ခိုင်းထား'

'ဘယ်ကိုကြွမြန်းမလို့လဲ သခင်မလေး'

'ဟန်ကျိုမြို့ကို သွားရမယ်၊ ဟန်ကျိုကိုရောက်မှ ခဲ့ထန်နီ တံတားကို မြင်းနဲ့ဖြတ်ကျော်ပြီး သွေးနီရောင် အမ်းပါးယံကို ရောက်အောင်သွားမယ်'

'ပိုအောင်မှ နှစ်ကောင်ကိုလဲ မြန်မြန် သတိရအောင် လုပ် ပေးလိုက်ဦး'

'ဟုတ်ကဲ့ သခင်မလေး'



ခါကုန်း အဘွားအိုသည် နယ်စားကြီး၏ သမီးတော် အပါးမှ မြန်မြန်ဆန်ဆန် ထွက်ခွာသွား၏၊ အံသက်အရွယ်နှင့် မမျှအောင် ထွက်လက်မှု ရှိပေ၏၊

မင်းသမီးသေး တိုက်မေလီသည် မှုန်နံ့သာများကို မြန် ဆန်စွာ ခြယ်မှုန်းလိုက်၏။ ပန်းနုရောင် မြင်းစီး ကိုယ်ကျပ် ဝတ်စုံကို ပြောင်းလဲဝတ်ဆင်၏၊ ထိပ်လယ်ခေါင်း၌ သံချွန် တိုတိုလေးပါသည့် သံခမောက်ပြားကိုလည်း ဆောင်းလိုက်၏၊

မင်းသမီးသေး တိုက်မေလီ(ဝါ) ပင်တိုင်စံ၏ပုံသဏ္ဌာန်မှာ အထက်တန်းစား သိုင်းဆရာမကြီးတစ်ဦး၏သဏ္ဌာန်မျိုး ပေါ် ပေါက်လာလေသည်။

'ရထား ပြင်ပြီးပါပြီ သခင်မလေး'

'အဘွားကြီး'

'အမိန့်ရှိပါ သခင်မလေး'

'ငှဆင်ကျောင်ဆီက ယူထားလိုက်တဲ့ သူရဲ့အောင်းပိန်ကျင်းရဲ့ ဓားရော ယူလာခဲ့စမ်း'

'ရော့ပါ သခင်မလေး'

ပင်တိုင်စံ တိုက်မေလီသည် ဝင်းလက် တောက်ပသော ဓားကို ကြည့်ရှုစစ်ဆေးလိုက်ပြီးလျှင် သူမ၏ရှေ့မှ စားပွဲ ပေါ်သို့ ညင်သာစွာ တင်ထားလိုက်၏၊

ထို့နောက်....

'ကုမုဒြာ လက်နက်ကို သွားယူချေ'

ခါးကုန်းအဘွားအိုသည် လိုက်ကာကြီးတစ်ချပ်၏ နောက်သို့ ဝင်ရောက်သွားသည်။ ပြန်၍ထွက်လာသောအခါ ထူးဆန်းသော ကြာပန်းလက်နက်ကြီးကိုယူဆောင်လာလေသည်။

'ဟား...ဟား...ဟား...ဟား'

ပင်တိုင်စံသည် ကြာဖူးလက်နက်ကြီးကို စူးရှ စိမ်းဝင်းသော မျက်လုံးအစုံဖြင့်ကြည့်ကာ အားရပါးရ ရယ်မောနေလေတော့သည်။

* *

# အခန်း (၂၁)

## ကဲ့တော်သာစံအိမ်၏ လျှို့ဝှက်ချက်

'ဟွချောင်' တည်းခိုရိပ်သာသည် ကျားရှင်မြို့လယ်၌ တည်ရှိလေသည်။ ကျယ်ကျယ်ဝန်းဝန်း သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ရှိသည်။

အစားအသောက်မျိုးစုံ အရက်မျိုးစုံ ရသည်။ အကယ်၍ ဆန္ဒရှိသည် ဆိုပါက ညဥ့်၏ ခရီးဖော်အဖြစ် မိန်းမချောလေးများကိုပင် ရနိုင်လေသည်။

အထူးသဖြင့် မြို့ခံများအတွက် ဆိုသည်ထက် ရပ်ဝေး ခရီးသွားများအတွက်ကို ရည်ရွယ်၍ ဖွင့်လှစ်ထားခြင်းပင် ဖြစ်၏။

အိပ်ခန်းများ အလုံအလောက်ရှိသည်။

ရေအလုံအလောက် ရသည်။

ဥပဒေမဲ့ ဒုစရိုက်သမားများပင် ဖြစ်စေကာမူ ဟွချောင် တည်းခိုရိပ်သာ၌ တည်းခိုနေခိုက် အာဏာစိုင်တို့က ဖမ်းဆီးပိုင်ခွင့် မရှိ။

ဤသို့ ကျာရှင်မြို့စားကြီးက ကြေညာထားသည်ဖြစ်ရာ ဟွချောင် တည်းခိုရိပ်သာ၌ တည်းခိုရန်ရောက်လာသူ အများစုမှာ ဥပဒေမဲ့ ဒုစရိုက်သမားများက အများစုဖြစ်လေသည်။

ဤသို့ ဘေးမဲ့ပေးထားခြင်းမှာ မြို့စားကြီးအနေနှင့် တရားဥပဒေကို ပြက်ရယ်ပြုလို၍ မဟုတ်။

ဘေးမဲ့ပေးထားခြင်းအားဖြင့် ဟွချောင်သို့ ဥပဒေမဲ့သမားများ လာရောက်တည်းခိုသဖြင့် မြို့စားကြီးအနေနှင့် အမှောင်ရိပ်ထဲမှ လူမျိုးစုံကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ခွင့် ရရှိ၏။

သည်အခါ မိမိက သူတို့ကို နှိပ်ကွပ်လိုသောအခါဖြစ်စေ ဖမ်းဆီး အရေးယူလိုသောအခါဖြစ်စေ လွယ်လင့်တကူ အခွင့်အရေး ရနိုင်မည်ဟု မြို့စားကြီးက ယုံကြည် ယူဆထားသော ကြောင့်ပင် ဖြစ်သည်။



ဟွချောင် တည်းခိုရိပ်သာမှာ ကျာရှင်မြို့စားကြီးပိုင်သော တည်းခိုရိပ်သာ ဖြစ်လေသည်၊ ထို့ကြောင့် ကျာရှင် မြို့တော်တွင် ပွဲဈေးစည်ဆုံး နာမည်အကြီးဆုံး ဖြစ်လေတော့သည်။

'အမှောင်ထုထဲမှလူပင်ဖြစ်စေ ကျွန်ုပ်တို့ တည်းခိုရိပ်သာမှ သင့်ကို လှိုက်လှဲစွာ ကြိုဆိုနေပါသည်'

ဤသို့သော စာတန်းကြီးကို တည်းခိုရိပ်သာ အဝင်ဝရှိ လက်ယာဘက်အုတ်နံရံမြင့်ကြီးတွင် ရေးသားထားလေသည်။ လက်ဝဲဘက်နံရံကြီးပေါ်၌ကား အောက်ပါ စာတန်းများကို ရေးသားထားလေ၏။

'ခိုက်ရန်ဖြစ်ပွားခြင်း၊ တစ်ဦး၏အသက်ကို တစ်ဦးက ရန်ရှာခြင်းစသော ကိုယ်ထိလက်ရောက်မှုများ မကျူးလွန်ရ၊ ကျူးလွန်သောသူအား တည်းခိုရိပ်သာရှေ့၌ ကွပ်မျက် စီရင်ခြင်း ခံရမည်'

များသောအားဖြင့် လာရောက်တည်းခိုသူများသည် ရပ်ဝေး ခရီးသည်များ၊ ဒုစရိုက်သမားများနှင့် သိုင်းသမားများပင် ဖြစ်ကြ၏၊ ဤတည်းခိုရိပ်သာကို ဖွင့်လှစ်ထားခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ ဖြစ်သည့်တိုင် ယခုအထိ အရှုပ်အထွေး အကျည်းတန်သော ဖြစ်ရပ်များ မပေါ်ပေါက်ဖူးသေးချေ။

နင်ရှာဝေ နယ်စားကြီးနှင့် လက်ရွေးစဉ်အဖွဲ့ ရောက်လာသောအခါ တည်းခိုရိပ်သာရှိ တာဝန်ရှိသူများက လေ

စားစရာ ဆီးကြိုကြ၏။ သို့ရာတွင် ထိုအမှုထမ်းများသည် နယ်စားကြီး အား ရာထူးစည်းစိမ် ကြီးမားလှသော နယ်စားကြီး မှန်း လုံးဝ မရိပ်မိကြချေ။

စုစုချုံ ဇူဆင်ကျင်စသော လက်ရွေးစင်အဖွဲ့ဝင်နှစ်ဆယ် အတွက် တစ်ယောက်အိပ် အခန်းနှစ်ဆယ် ငှားရမ်းလိုက်၏။ နယ်စားကြီးက သီးခြားအခန်းကြီးတစ်ခန်းတွင် သူ၏ ဝိုင်ရဲ တော် ကိုယ်လုပ်တော်ခုနစ်ဦးနှင့် အတူနေလေသည်။

ဇူဆင်ကျင်သည် သူရောက်ရှိလာသော အိပ်ခန်းလေး၏ အနေအထားကို အကဲခတ်ကြည့်လိုက်သည်။

လူတစ်ယောက် ချောင်ချောင်ချိချိအိပ်သာရုံ ကျယ်ဝန်း သည်။

စောင်၊ ခေါင်းအုံး၊ အပြည့်အစုံလုပ်ထားသော ခုတင် တစ်လုံးရှိသည်။ အချိန်မရွေးသောက်သုံးနိုင်ရန် အရက်စည် ငယ်တစ်ခု စားပွဲပေါ်၌ ထားရှိပေသည်။

'အား....'

ဇူဆင်ကျင်သည် အရက်အနည်းငယ်ကိုငှဲ၍ မြည်းလိုက်ရာ အလွန်ပြင်းထန်သောအရက်ဖြစ်ကြောင်း သိလိုက်ရသည်။

ရင်ထဲမှာပူ၍ နားထင်သွေးကြောကြီးများ ထောင်သွား သည်။ အရက်ကြိုက်သူများအတွက် အလွန်နှစ်လိုဖွယ်ရာ ကောင်းပါလိမ့်မည်။



ဇူဆင်ကျင်သည် အိပ်ချင်စိတ်လုံးဝမရှိ၊ ခေါင်းထဲတွင် တွေးစရာ တောစရာများက မျိုးစုံဝင်ရောက်လာနေသည်။

ရွာစီမြို့ တွန်ဟိုကွန်းလားမှာ ကျောင်းတော်ကြီးအနီးရှိ ကွန်မင်ပိုတည်းခိုရိပ်သာတွင်ရုပ်ဖျက်လျက်ရှိနေသော ကေဆုစ် သူလျှို ဝမ်းပင်နန်း။

သူနှင့်အဆက်အသွယ်ပြတ်သွားသည်မှာ ကြာပြီ။ ဝမ်းပင် နန်းသည် မိမိထက်ရာထူးတစ်ဆင့်မြင့်၍ မိမိ၏ခေါင်းဆောင် ပင်ဖြစ်သည်။ ဤသို့ ဇူဆင်ကျင် တွေးနေသည်။

ပြီးတော့ ပဲဟိုင်းကန်တော်သာအနီးရှိ မယ်တော်ကြီး၏ စံအိမ်ထဲတွင် ဘတိုသစ်မွေ့ရာပြောလျက်ကျန်ရစ်ခဲ့သော သူလျှို မယ်လေး မှင်စီအကြောင်းက ခေါင်းထဲမှာ ဝင်ရောက်နေရာ ယူလာသည်။

ညဉ့်နက်လာသည်နှင့်အမျှ သိလိုစိတ်က ကင်းမဲ့သည်ထက် ကင်းမဲ့လာသည်။

အရက်စည်အဖုံးကို ဖွင့်လိုက်ရပြန်သည်။

ပူပြင်းသောအရက်သည် အစာအိမ်ထဲတွင် မွှေးနှောက် သွား၏။ ထိုစဉ် အပြင်ဘက်မှ တံခါးခေါက်သံ [illegible] သည်။

'ဒေါက်....ဒေါက်....ဒေါက်...ဒေါက်'

'ဘယ်သူလဲ'

'ကျုပ်ပါ၊ တံခါးမြန်မြန်ဖွင့်ပါ' ဟု လေသံမျှဖြင့် ပြန်၍ ဖြေ၏၊

ဇူဆင်ကျင် တံခါးကို ထဖွင့်ပေးလိုက်၏။

လူသဏ္ဍာန်မည်းမည်းတစ်ခု အခန်းဝတွင် ရပ်နေသည်ကို တွေ့ရ၏။

ဇူဆင်ကျင်သည် အခန်းထဲမှ မီးအိမ်ကို မီးစာမြှင့်ရင်း ဆန် ပြင်လိုက်၏၊

'ဒီအတိုင်းနေပါစေ၊ မလုပ်နဲ့'

ဟု အရိပ်မည်းက သတိပေးသည်။ အခန်းထဲသို့ လှစ်ခနဲ ဝင်ရောက်လာသည်။ ဇူဆင်ကျင် အံ့အားသင့်သွားသည်။

'ဟင်....ခင်ဗျား အဘိုးကြီးအိုအဖွဲ့ကလား'

'ဟုတ်တယ်'

'ဘာကိစ္စ'

အဘိုးအိုသည် ဘာမပြော ညာမပြောနှင့် သူ့မျက်နှာမှ မုတ်ဆိတ်ကြီးကို ဆွဲချွတ်လိုက်သည်၊ မျက်နှာဖုံးတစ်ခုက ကွာကျသွားလေတော့သည်။

'...ဝမ်းပင်နန်း'



'ဟုတ်တယ် ဇူဆင်ကျင်၊ ငါပဲ'

ရှာစီမြို့၊ ဟွန်ဟိုကွန်လားမားကျောင်းတော်အနီးရှိ ကွန်မင်ပိုတည်းခိုရိပ်သာတွင်ရှပ်ဖျက်၍နေသော ကောရာဇ်၏သူလျှို ဝမ်းပင်နန်း။

ဇူဆင်ကျင် ဝမ်းသာသွားရသည်။

'ဝမ်းပင်နန်း၊ ခင်ဗျားသွေးနီရောင်ကမ်းပါးယံကို သွားမလို့လား'

'ဘာကိစ္စသွားရမှာလဲ'

'ဒုတိယရှိဝမ်တီ'

ဇူဆင်ကျင်၏စကားမဆုံးမီ ဝမ်းပင်နန်းက ကြားဖြတ်ပြော ဆိုလိုက်သည်။

'ဘယ်ကလာ ရှိဝမ်တီလဲ၊ ရှိဝမ်တီဆိုတာ ဘာမှမရှိဘူး၊ သွေးနီရောင်ကမ်းပါးယံကို ချိန်းတာကလဲ ရန်သူတွေရဲ့ လှည့်ကွက်ပဲ'

'ဘယ်လိုလှည့်ကွက်လဲ၊ ဆိုပါဦး'

'နေပြည်တော်ကဆင်းလာတဲ့ တို့ဆောက်လှမ်းရေးအဖွဲ့ တွေကို ဒီဒေသမှာ ယာယီရှင်းသွားအောင် ကြံစည်တာကွ၊ တို့ တတွေ သွေးနီရောင်ကမ်းပါးယံကို စိတ်ဝင်စားနေတုန်းမှာ

သူတို့က နင်ရှာဝေနယ်စားကြီးသားအဖကိုဒေတာင် ပဒီလယ်ကို ခိုးထုတ်သွားကြလိမ့်မယ်'

ဝမ်းပဒီနန်း၏ပြောဆိုချက်ကို ဗူဆင်ကျင် မရှင်းလှပါ။

'ဘယ်လိုဗျ.... ဘယ်လို၊ နင်ရှာဝေ နယ်စားကြီးသားအဖ ကို ဟုတ်လား'

'ဟုတ်တယ်၊ နယ်စားကြီးသားအဖဟာ အကျဉ်းခံနေရ တယ်'

'ဒါဖြင့် ဗီရိပ်သာမှာရှိနေတဲ့ နယ်စားကြီးကရော'

'သူက နယ်စားကြီးအတုပဲ၊ နယ်စားကြီးနဲ့လုံးဝခွဲခြား မရအောင် တူတဲ့ရုပ်ဖျက်ထားတဲ့ လူဆိုးကြီးတစ်ဦးပဲ'

'ဒါဖြင့် နင်ရှာဝေနယ်စားကြီးတို့သားအဖ ဘယ်မှာလဲ'

'ပဲဟိုင်းဆန်တော်သာအနီးက စံအိမ်ကြီးရဲ့ မြေတိုက်ခန်း ထဲမှာ ရှိနေတယ်၊ မင်းအဲဒီစံအိမ်ကြီးကို ရောက်ခဲ့တယ် မဟုတ် လား'

'ရောက်ခဲ့တယ်'

'ဟိုမြက်ရိုင်းတောအုပ်ထဲမှာတွေ့ခဲ့တဲ့ ခါးကုန်း အဘွား ကြီးအကြောင်းကို မင်းဘယ်လောက်အထိ သိသလဲ'

'သူဟာ ဆင်ကျားရှင်မယ်တော်ကြီးလို့နာမည်ကြီးတာပဲ'



ဝမ်းပင်နန်းက ခပ်သဲ့သဲ့ရယ်လိုက်သည်။

'မင်းတွေ့ခဲ့တာဟာ ဆင်ကျားရှင် မယ်တော်ကြီး အစစ် မဟုတ်ဘူး၊ အဲဒင်ကို တို့ဖမ်းထားပြီး မယ်တော်ကြီးအတုကို ဖန်တီးထားတာပဲ'

'ဟုတ်လား'

'မင်းညနေတုန်းက ရောက်ခဲ့တဲ့စံအိမ်ထဲမှာ နင်ရှာဝေ နယ် စားကြီးရယ်၊ ဥမ်းတော်ပင်တိုင်စံရယ်၊ မင်စီရယ် မြေတိုက် ခန်းထဲမှာ ရှိနေတယ်'

'ဗျာ... မင်စီ ဟုတ်လား၊မင်စီဟာ ညတုန်းက မြက်ရိုင်းတော ကြီးထဲမှာ လက်နက်ပုန်းထိုးပြီး သတ်လာနေတဲ့ဥစ္စာ'

'အဲဒါ မင်စီအစစ်မဟုတ်ဘူးကွ၊ မင်စီ အယောင်ဆောင် နေတဲ့ ဒုစရိုက်ဂေဇာရီတစ်ယောက်ပဲ'

'အလို...'

ဗူဆင်ကျင်သည် ကျောချမ်းသွားရသည်။

'ဗူဆင်ကျင်.... တို့အတွက် အချိန်သိပ်မရဘူး၊ ပဲဟိုင်းကန် တော်သာ စံအိမ်ကြီးကို သွားကြစို့၊သူတို့သုံးယောက်ကို တို့ သွားကယ်ထုတ်ကြရမယ်'

'ဒီမှာ ကျန်ခဲ့တဲ့အယောင်ဆောင် နင်ရှာဝေ နယ်စားကြီး ကို ဒီအတိုင်း ထားရစ်ခဲ့တော့မလား'

'ဒီရိပ်သာမှာ တိုက်ခိုက်ရေးအဖွဲ့တစ်ဖွဲ့ ကျန်ရစ်ခဲ့လိမ့်မယ်၊ သူတို့က ဒီမှာရှိနေတဲ့လူတွေကို စာရင်းရှင်းပစ်လိမ့်မယ်၊ တို့က မဲ့ပှိုင်းဆာန်တော်သာ စံအိမ်ကိုသွားမယ်'

'အင်း....'

'လာ....မင်း ငါ့နောက်လိုက်ခဲ့'

ဝမ်းပင်နန်းသည် ရှေ့မှဦးဆောင်၍ အခန်းထဲမှထွက်သွားသည်။

ဇူဆင်ကျင်နောက်မှ လိုက်သွား၏။

တည်ခိုရိပ်သာ၏ နောက်ဖေးဆောဖီသို့ ရောက်လာ၏။ ထိုနေရာတွင် မီးအလင်းရောင်မရှိ။မှောင်ရိပ်ကျရောက်နေလေသည်။

'ပဲဟိုင်းဆာန်တော်သာ စံအိမ်ကို သွားကြမယ့် အဖွဲ့ဝင်တွေ အောက်က သစ်ပင်တွေအောက်မှာ ရောက်နေပြီ၊ ငါနဲ့မင်းကို စောင့်နေကြတာ၊ လာ'

ဝမ်းပင်နန်းသည် ပြောပြောဆိုဆိုနှင့် ဝရန်တာမှအောက်သို့ သွယ်တန်းထားသော ကြိုးစ တစ်ခုကို တွယ်ကပ်ယှဉ်းလေးခို၍ အောက်ရှိ အမှောင်ရိပ်ထဲသို့ ဆင်းသွားလေသည်။ ဇူဆင်ကျင် နောက်မှ လိုက်ပါသွားသည်၊



အောက်သို့ ရောက်သောအခါ မှောင်ရိပ် သစ်ပင်များအောက်တွင် လူပေါင်း သုံးဆယ်ခန့် စောင့်ဆိုင်းနေသည်ကို တွေ့ရ၏။

ဝမ်းပင်နန်းက ဇူဆင်ကျင်ကို ပြောလိုက်သည်။

'ရော့—ဇူဆင်ကျင်၊ ဒီဝတ်ရုံမည်းကို ဝတ်လိုက်'

'ဟုတ်ကဲ့'

'ရော့....ဒီမြက်ခမောက်ကို ဆောင်းလိုက်'

'ပေး—'

'တို့ဟာ မြက်ရိုင်းသူပုန်တွေ ယောင်ဆောင်ပြီး ပဲဟိုင်း စံအိမ်ကြီးကို တွေ့ရမယ်၊ ဒါမှ တို့ကို ထံခါးမှူးက တံခါး ဖွင့်ပေးမှာ'

ဤ အယောင်ဆောင် မြက်ရိုင်းသူပုန် အုပ်စုကိုဝမ်းပင်နန်းက ခေါင်းဆောင်သွားလိမ့်မည် ဖြစ်ပုံရ၏။

'ဇူဆင်ကျင်'

'ဗျာ—'

'မင်းစီ ယောင်ဆောင်နေတဲ့ ဟို....အမျိုးသမီးနာမည်ကမေ လင်ဖန်တဲ့ကွ၊ သူဟာ တိုင်းပြည်တွင်းက အဖိုးတန်ပစ္စည်းတွေကို နိုင်ငံခြားထုတ်ရောင်းနေတဲ့ မှောင်ခိုဂိုဏ်းကြီးရဲ့ဂိုဏ်းချုပ်ပဲ၊ အရွယ်ငယ်သလောက် အကြံကြီးတယ်၊ အလိုရမ္မက်ကြီးတယ်၊ မြွေပွေးမြွေဟောက်ထက် ရက်စက်တယ်'

'မေလင်ဖန်....မေလင်ဖန်'

ဟူသော နာမည်ကို ဇူဆင်ကျွင်စာ နှုတ်မှရွတ်ဆိုကြည့်လိုက်သည်။

လှန်စွာ ချောမွေ့သော နာမည်လေး တစ်ခုဖြစ် နေသည်။

ဝမ်းပင်နန်းဘုဦးဆောင်သော မြက်ခမောက်အဖွဲ့သည် ဟွာချောင် တည်းခိုရိပ်သာနောက်ရှိ သစ်ပင်ကြီးများကြားမှအလျှိုလျှို ပျောက်ကွယ်သွားကြလေသည်။

* * *

အခန်း (၂၂)

## ကိုးပြည်ထောင်ခေါ်အပေးအယူ

တိတ်ဆိတ်ငြိမ်သက်သော အကာလညအခါ၌ ပုရစ်တစ်ကောင်စာ အောင်မြည်လိုက်သည်။

စူးရှသော ပုရစ်အော်သံပင် ဖြစ်သည်။

ပထမအကြိမ်အော်သည်။

ဒုတိယအကြိမ်အော်သည်။

တတိယအကြိမ်အော်သည်။

သုံးကြိမ်တိတိ။

တံခါးမှူးဝူကျိသည် ပုရစ်အော်သံများကို ကြားရသည့်အခါတိုင်း သူ့တာဝန်က တံခါးဖွင့်ပေးရသည်။

အပြင်ဘက်မှ ဝတ်ရုံမည်း ဝတ်ဆင်ထားသော မြက်ခမောက်ပြန့်ကြီးများ ဆောင်းထားသည့် ညဥ့်လူများသည် စံအိမ်ကြီးထဲ ဝင်လာလေ့ရှိသည်။

သူတို့သည် သခင်မလေး၏ ညွှန်ကြားချက်များကို ဦးထိပ်ပန်ဆင်ပြီးလျှင် မိုးမလင်းမီ စံအိမ်ကြီးထဲမှ ထွက်ခွာသွားပြန်သည်။

ဤသည်ကား....

ပုရစ်အော်သံနှင့်ပတ်သက်သော တံခါးမှူး ဝူကျိ၏အတွေ့အကြုံ။

ဤယနေ့ညလည်း ပုရစ်အော်သံများကို ကြားရ၏။ သုံးကြိမ်ပင် ဖြစ်၏။ တတိယအကြိမ်အော်သံကားအနည်းငယ် စူးရှသည်။

သူတို့ ပြန်လာချေပြီ။

'ကျွိ....ကျွိ....ကျွိ'

လေးလံထုထဲလှသော တံခါးကြီးက ပွင့်သွား၏။လျင်မြန်စွာလက်သွက်လှသော အရိပ်မည်းများက စံအိမ်ကြီးထဲသို့တစ်ဦးပြီးတစ်ဦး ဝင်ရောက်လာကြသည်။

ထို့နောက် တံခါးနီကြီးအနီးမှ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြသည်။

ခါတိုင်းလည်း ဆည်လိုပဲ၊

မြက်ခမောက်ပြန့်ကြီးများ ဆောင်းထားသော ဤလူများသည် ဝံပုလွေများနှယ် ကုပ်ချောင်းကုပ်ချောင်း ရှိသည်။ အလွန် လျှို့ဝှက်သိပ်သည်းသူများ ဖြစ်ကြသည်။

သခင်မလေးကလည်း ထိုသူများကို မည်သူမည်ဝါ ဖြစ်ကြောင်း အခြားသူများကို မသိစေလို၊



ထူ့လူများကို လျှို့ဝှက်စွာ တွေ့ဆုံသည်။ လျှို့ဝှက်ပြီး ပြန်လွှတ်သည်ချည်းသာဖြစ်သည်။

တံခါးမှူး ဝူကျိ၏ ဝင်းတံခါးကြီးကို ဖွင့်ပေးသည်။

စံအိမ်ပင်မ အဝင်တံခါးကြီးကိုမူ ခါးကုန်းအဘွားအိုက ဖွင့်ပေးသည်။

'တဲ့....ဆွန်ချီယွန်း'

'ဟုတ်ကဲ့...ကျွန်တော်ပါအဘွား'

'လာဟေ့....ငါ့နောက်ကလိုက်ခဲ့'

ခါးကုန်းအဘွားအိုက ဦးဆောင်လိုက်ကာ အလယ်ထပ်ကာရံထားသော အခန်းကြီးတစ်ခန်းထဲသို့ခေါ်ဆောင်သွားသည်။

အခန်းကြီးထဲမှာ မီးအိမ်နှစ်လုံးကိုသာ ထွန်းညှိထားသည်၊

'သခင်မလေး၊ ဆွန်ချီယွန်းတို့အဖွဲ့ ရောက်လာပါပြီ'

အခန်းလယ်ရှိ လှပခန့်ညားသော ကုလားထိုင်ကြီးပေါ်တွင် ထိုင်နေသော သခင်မလေးကို ခါးကုန်းအဘွားအိုက ရိုသေလေးစားစွာ ပြောလိုက်သည်။

အဘွားအိုသည် သခင်မလေး၏ရှေ့တွင် ရှိသော လေးမြတီပျပ်ဝပ်စွာဖြင့် ပိပိပြားပြား ထိုင်ချလိုက်သည်။

မြက်ခမောက်တို့၏ ခေါင်းဆောင်ဖြစ်သည့် ဆွန်ချီယွန်း အမည်ခံ ဝမ်းပင်နန်းတလည်း သခင်မလေး၏ရှေ့တွင် လေးစားစွာ ပုဆစ်ဒူးတုပ်၍ ထိုင်လိုက်သည်။

သူ့လူများကလည်း သူတို့ဆရာ၏ နောက်မှ တန်းစီ၍ နေရာယူလိုက်ကြသည်။

ဇူဆင်ကျင်တာ သခင်မလေး၏ မျက်နှာကို မသိမသာ ခိုး၍ ကြည့်လိုက်သည်၊

နှင်ရှာဝေ နယ်စားကြီး၏ သမီးတော် ပင်တိုင်စံတိုက်မေလီ။

သူမအား ပန်းနုရောင်မြင်းစီးကိုယ်ကျပ်အင်္ကျီနှင့် မီးရောင်အောက်တွင် တွေ့မြင်ရသည်မှာ အစွမ်းကုန် လှပရွှန်းသစ်နေသော ပန်းပွင့်တစ်ပွင့်ပမာ ထူနေလေသည်၊

'မင်စီအယောင်ဆောင်နေတဲ့ ဟိုအမျိုးသမီး နာမည်က မေလင်ဖန်တဲ့ကွ'

'မင်း ညနေတုန်းက ရောက်ခဲ့တဲ့ စံအိမ်ထဲမှာ နှင်ရှာဝေ နယ်စားကြီးရယ်၊ သမီးတော်ပင်တိုင်စံချန်၊ မင်စီရယ် မြေတိုက်ခန်းထဲမှာ ရှိနေတယ်'

ဝမ်းပင်နန်း၏ စကားများကို ပြန်လည်ကြားနေရ၏၊

နှင်ရှာဝေနယ်စားကြီး၏သမီးတော် ပင်တိုင်စံ အချုပ်ခံနေရ၏။

ယခု....

ပင်တိုင်စံကိုတွေ့နေရသည်။

သည်သို့ဖြစ်ရသည်မှာ မိန်းမလှလေးသည် အကြံအစည် တစ်ခုခုကြောင့် တင်စုံဘစ်ဦးသော ပုဂ္ဂိုလ်ကို လှည့်စားရန် ပင်တိုင်စံမင်းသမီးလေး တိုက်မေလီအဖြစ် ပြုပြင်ရုပ်ဖျက်ခြင်းပင် ဖြစ်ပေလိမ့်မည်။



'ဟဲ့....ဆွန်ချီယွန်း'

'ဟုတ်ကဲ့...အရှင်သခင်ဓ၊ အမိန့်ရှိတော်မူပါ'

'ငါတို့ရဲ့ ဧည့်သည်တော်ကြီးဟာ ပစ္စည်းလက်ခံဖို့အတွက် မြို့ပြင်ဘက်က တောအုပ်ကြီးထဲမှာ ရောက်နေပြီ'

'ဟုတ်ကဲ့....အရှင်သခင်မ'

'မြက်ရိုင်းပိုလ်အဖြစ် သရုပ်ဆောင်နေသော ဝမ်းပင်နန်း၏ အမူအရာမှာ ပီရိသေသပ်လှ၏။

'ဒီနေ့ည အရှေ့ပြင် မြို့တံခါးမှာ ဘယ်သူ စောင့်နေသလဲ'

'တံခါးမှူးကြီး ကွန်ရှပ်ဖူး ဖြစ်ပါတယ်၊ အရှင်သခင်မ'

'အဲဒီတံခါးက ထိုထွက်သွားလို့ အဆင်ပြေပါ့မလား'

'အစစအရာရာ အဆင်ပြေမှာပါ၊ ညနေတုန်းကကျွန်တော် ကိုယ်တိုင် တံခါးမှူးကြီးရဲ့ စံအိမ်ကိုသွားပြီး အရှင်မ ပေးခိုင်းလိုက်တဲ့ ငွေသားဒင်္ဂါး ငါးသောင်းတိတိ တံခါးမှူးကြီးကို ပေးပြီးပါပြီ'

'ကောင်းပြီ၊ ဒီလိုဆိုရင် အခုချက်ချင်း သွားကြစို့'

'ဟုတ်ကဲ့....သင့်မြတ်လျော်ကန်တဲ့ အချိန်ပါအရှင်သခင်မ'

'ဟို အရေးကြီးတဲ့ ပစ္စည်းကို မြင်းရထားပေါ်မှာအသင့် တင်ထားပြီးပြီ၊ ငါကိုယ်တိုင် ရထားပေါ်မှာလိုက်မယ်၊ နင်တို့က မြင်းကိုယ်စီနဲ့ ရထားကိုရံပြီးလိုက်ခဲ့ကြ'

'ဟုတ်ကဲ့ပါသခင်မ'

မကြာမီ—

မြင်းနှစ်ကောင်တပ်သော ရထားတစ်စီးနှင့်မြင်းစီးသမား များသည် ပဲဟိုင်းကန်တော်သာ စံအိမ်ကြီးအတွင်းမှ ထွက်ခွာသွားကြလေတော့သည်။

လမိုက်သောညလည်းဖြစ်သည်။

ညဉ့်လည်းနက်လှပြီဖြစ်ရာ ကျာရှင်မြို့ကြီးမှာ အမှောင်ထုကြီးအောက်ဝယ် ငြိမ်သက်တိတ်ဆိတ်စွာ နစ်မြုပ်လျက်ရှိသည်၊

လမ်းတွင် အနှောင့်အယှက်ဘာမျှမရှိ၊

အနှောင့်အယှက်ပေါ်ပေါက်လာလျှင်လည်း ဘာမျှပူစရာမလို၊

မြက်ရိုင်းခေါသမားများ၏ စွမ်းရည်ကို မေလင်ဖန်က သိထားပြီးဖြစ်သည်၊

မြို့အရှေ့ပြင် မြို့တံခါးသို့ရောက်လာ၏။

'ဆွန်ချိယွန်းတဲ့လား'

ဟု မြို့ရိုးပေါ်မှ ခပ်အုပ်အုပ်မေးသံ ပေါ်လာ၏။

'ဟုတ်တယ်'

ဆွန်ချိယွန်းအဖြစ် နာမည်သစ်ခံယူထားသော ဝမ်းပင်နန်းကလည်း ပြန်ဖြေလိုက်၏။

မြို့ရိုးတံခါးမှူးကြီး ကွန်ရှန်ဖူးကိုယ်တိုင် ဆင်းလာသည်။

'ဒီည ပြန်လာကြဦးမှာလား'

'ပြန်မလာဘူး'

'ဪ...ဟုတ်လား၊ ဒီလိုဆိုရင် မြို့တံခါးကို ပြန်ပိတ်ထားလိုက်မယ်နော်'



'ဟုတ်ကဲ့'

ငွေသားဒင်္ဂါးငါးထောင်၏ ဘန်ဖိုးသတ္တိကား ကြီးမားလှပါဘိ၊

တံခါးမှူးကြီး ကွန်ရှန်ဖူးသည် သူတို့အဖွဲ့ကို အစစ်ဆေးလုံးဝမပြုလုပ်ဘဲ မြို့ပြင်ဘက်သို့ ထွက်သွားခွင့် ပြုလိုက်လေသည်။

မကြာမီ...

တောအုပ်ကြီးတစ်ခုအတွင်းရှိ ဂူဘစ်ဂူထဲသို့ သူတို့အဖွဲ့ရောက်လာသည်။

ဂူထဲတွင် မီးအိမ်ကြီးတစ်လုံး ထွန်းညှိထားသဖြင့်အသင်းရောင် စောင်းစွာရရှိနေသည်။

ဂူထဲတွင် အရင်ရောက်နှင့်၍ စောင့်ဆိုင်းနေသူက နိုင်ငံခြားသားကိုးယောက်၊ ဆာမူရိုင်းခေါသမားကိုးယောက်။

မင်းထမီးလေး တိုက်မေလီအဖြစ် ရုပ်ဖျက်ထားသော မေလင်ဖန်သည် ဆာမူရိုင်းကိုးယောက်အနက်မှ ခေါင်းဆောင်ဖြစ်ပုံရသော ပုဂ္ဂိုလ်ကို မြင်လျှင်မြင်ချင်း ပြုံးပြီ နှုတ်ဆက်လိုက်သည်၊

'အသင် ဇိုကူဂါရာ၊ အသင်လိုချင်တဲ့ပစ္စည်း ပါလာပြီဖြစ်ပါတယ်၊ အသင့်ဘက်မှ ကျွန်ုပ်ကိုပေးဖို့ရှိသော ရတနာများ အသင့်ရှိပါပြီလော'

မေလင်ဖန်သည် အလွန်ကျွမ်းကျင်သော နိပ္ပွန်ဘာသာစကားဖြင့် ဆာမူရိုင်းထူရဲခေါင်း တိုကူဂါရာကို ပြောလိုက်လေ၏၊

'အသင် အရှင့်သမီးတော်၊ ကျွန်ုပ်ဘက်မှ ကတိဖျက်စေရမှါ၊ အသင့် အရှင့်သမီးတော်ကသာ ပါလာသော ပစ္စည်းများကို ရှေးဦးစွာ ပြသပေးပါလော့'

ပင်တိုင်စိမ်းမင်းသမီးလေး တိုက်ခေသီအဖြစ် ရှာဖျက်သွားသော ဒုစရိုက်မယ် မေလင်ဖန်သည် ဆာမူရိုင်း သူရဲကောင်း တိုကူဂါရာကို ပြုံးပြလိုက်ပြီးလျှင် သူမ၏နောက်ပါးတွင် ငြိမ်ဆိမ်စွာ ဒူးတုပ်ထိုင်နေသော ဝမ်းမင်နန်းကို အချိန့်ပေးလိုက်၏။

'ဟဲ့…ဆုမ်ချီယွန်၊ ရထားပေါ်က ပစ္စည်းတွေကို သွားသယ်လာပေတော့'

'မှန်လှပါ အရှင်သခင်မ'

ဝမ်းပင်နန်းနှင့် သူ့လူများသည် ရထားပေါ်မှ ပစ္စည်းများကို သွား၍ သယ်ပိုးယူဆောင်လာကြ၏။ ပစ္စည်းများကို ဆာမူရိုင်းသူရဲကောင်း တိုကူဂါရာ၏ရှေ့တွင်ချထားလိုက်၏။

ခေါင်းကြီးတစ်လုံးနှင့် ရှည်မျောမျော ကျောက်သေတ္တာတစ်လုံးပင် ဖြစ်သည်။ မေလင်ဖန်က ခေါင်းအဖုံးကို ဖွင့်လိုက်သည်။ ဆေးစိမ်ထားသဖြင့် မပုပ်မသိုးဘဲ ရှိနေသော ရှေးခေတ် ဘုရင်မင်းမြတ်ဘစ်ပါး၏ ရုပ်ကလာပ်ကို တွေ့ရသည်။

'ဒါဟာ ပုံကျန်းမြို့ကို တည်ဆောက်ခဲ့တဲ့ ဘုရင်မင်းမြတ် ရှိဝမ်တီရဲ့ ရုပ်အလောင်းပဲ ဖြစ်တယ်'

တိုကူဂါရာက ပြုံးထေ့ထေ့ အမူအရာနှင့် ရှိဝမ်တီ၏ ရုပ်ကလာပ်ကို ငုံ့ကြည့်နေသည်။



'ဒီကျောက်သေတ္တာထဲကပစ္စည်းကတော့ အသင် တိုကူဂါရာ အင်မတန်လိုချင်ပါတယ်ဆိုတဲ့ ကိုးပြည်ထောင် ဓားကြီးပါပဲ'

တိုကူဂါရာသည် ဝင်းလက်တောက်ပသော ဓားကြီးကို ပီတိဖြစ်စွာ ငုံ့ကြည့်နေလိုက်၏။ မေလင်ဖန်က ဆက်လက်ပြောဆိုလိုက်သည်။

'ဒီဓားဟာ ရှိဝမ်တီဘုရင်မင်းမြတ်ကြီး ကိုင်စွဲတော်မူခဲ့တဲ့ ဓားပါပဲ'

'အင်း…အင်မတန် အစွမ်းထက်မြက်မယ့် ဓားကြီးပါပဲ'

တိုကူဂါရာက မှတ်ချက်ပြုလိုက်၏။

'ကဲ….အသင်တိုကူဂါရာ၊ ကတိအတိုင်း တုံ့ပြန်ပါ'

မေလင်ဖန်က နှိုးဆော်လိုက်၏၊ သူမ၏လက်ထဲတွင် လှပသော ကြာပွင့်တစ်ပွင့်ကို ပွေ့ဖက်ထားလေသည်။

မေလင်ဖန်၏ မျက်လုံးများက တိုကူဂါရာ၏ နောက်မှ ဆာမူရိုင်းရှစ်ယောက်ကို စူးရှစွာ စိုက်ကြည့်နေသည်။ ဆာမူရိုင်းများသည် လုံး၀ လှုပ်ရှားမှုမပြုကြ။ နီရဲသော ကြောက်စရာ မျက်လုံးကြီးများနှင့် မိမိကို စိုက်ကြည့်နေသည်ဟု ထင်မိသည်။

'ဒီဓားဟာ အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိတဲ့ သမိုင်း၀င် ဓားပါပဲ၊ ဒီဓားကို ကိုင်ဆောင်သူဟာ ကြီးကျယ်တဲ့ စစ်ပွဲကြီးတွေကို အလွယ်တကူ အောင်မြင်ပါလိမ့်မယ် အသင် တိုကူဂါရာ'

'ဟား….ဟား…ဟား…ဟား'

ရယ်သံတစ်ခုက သူမ၏ဘေးမှ ပေါ်ပေါက်လာလေ၏။ ရယ်သံရှင်ကား မြက်ရိုင်းပိုလ်ဆွန်ချီယွန်း၊ ရှေးယခင်အခါက သူမ၏အပေါ်၌ လွန်စွာ ကျိုးနွံခဲ့သော လူယုံတော် တစ်ယောက်။

'ဟင်– ဆွန်ချီယွန်း၊ နင် ဘာကိစ္စရယ်တာလဲ'

မေလင်ဖန်သည် ဆွန်ချီယွန်းကို ဒေါသကြီးစွာ ရင်ဆိုင်လိုက်၏။

'ငါ ဆွန်ချီယွန်း မဟုတ်ဘူး၊ ဒီမှာကြည့်'

မျက်နှာဖုံး ကွာကျသွားသည်။

မေလင်ဖန် အလွန်အမင်း အံ့သြသွားရသည်။

'ဟင်...နင်ဘယ်သူလဲ'

'ငါက ဘုရင်ကေရာဇ်ရဲ့သူလျှို ဝမ်းပင်နန်းပါ၊ ဟဲ...ဟဲ'

မေလင်ဖန် ဝမ်းပင်နန်းကို မီးလျှံများ ထွက်လုမတတ်သော မျက်လုံးများဖြင့် စူးစိုက်ကြည့်ချိန်တွင် ဇူဆင်ကျင်ကလည်း မြက်ရိုင်းခေါင်းဆောင်ကြီးအား ချွတ်၍ လွှင့်ပစ်လိုက်၏။

'ဟား...ဟား...ဟား...ဟား'

'ဟင်'

'ဟုတ်ကဲ့၊ ကျွန်တော်က ဇူဆင်ကျင်ပါခင်ဗျာ'

မေလင်ဖန်သည် ဇူဆင်ကျင်ကိုအံ့အားသင့်စွာ လှမ်းကြည့်နေခိုက် မြက်ရိုင်းသူပုန်အားလုံးသည် သူတို့၏ ခေါင်းစွပ်များကို လွှင့်ပစ်လိုက်ကြပြီးနောက် ဟားဟားနှင့်ရယ်မောနေကြလေတော့သည်။

'ဟား...ဟား...ဟား...ဟား'



'ဝါး...ဟား...ဟား...ဟား'

ဂူထဲ၌ ရယ်သံများနှင့် ဖုံးလွှမ်းနေလေတော့သည်။

ထိုအခါ မေလင်ဖန်သည် ဆာမူရိုင်းသူရဲကောင်း တိုကူဂါရာနှင့် သူ့လူများကို လှည့်ကြည့်လိုက်သည်။

တိုကူဂါသည် တုန်လှုပ်သောလက္ခဏာ၊ စိတ်လှုပ်ရှားသောလက္ခဏာဘာမျှမရှိ၊ မေလင်ဖန်ကိုသာ ပြုံးတေ့တေ့နှင့်ကြည့်နေသည်။

တိုကူဂါရာ၏နောက်တွင် ရပ်နေကြသော ဆာမူရိုင်း ရှစ်ယောက်တို့သည်လည်း နဂိုပုံစံအတိုင်းပင်။ ကျောက်ရုပ်၊ ကြေးရုပ်များပမာ မလှုပ်မယှက်နှင့် ငြိမ်သက်စွာ ရပ်နေကြ၏။

'အသင်တိုကူဂါရာ ဘာလုပ်နေတာလဲ၊ သူတို့ဟာ သစ္စာဖောက်ရန်သူ၊ သူတို့ဟာ ကေရာဇ်ရဲ့သူလျှိုတွေ့ရှိ'

မေလင်ဖန်က မချင့်မရဲနှင့် ပြောလိုက်သော်လည်း တိုကူဂါရာသည် မေလင်ဖန် တည်ကြည်လှစွာသော မျက်နှာထားနှင့်ပင် စိုက်ကြည့်နေသည်၊

'အို...ဘယ်လိုလူစားတွေပါလိမ့်'

မေလင်ဖန်သည် တိုကူဂါရာတို့အဖွဲ့ကို နားမလည်နိုင်အောင်ရှိတော့သည်။

'ကဲ...မေလင်ဖန်၊ နင့်မျက်နှာပေါ်ကအတုကို ဖွင့်လိုက်ပါ'

'သြော်...နင်တို့က ငါ့ကိုတောင်သိနေကြပြီကိုး'

မေလင်ဖန်သည် ဒေါသကြီး၍ခက်ထန်သူဖြစ်သည်။

ဆုံးဖြတ်ချက်မြန်ဆန်သူလည်း ဖြစ်သည်။

သူမ၏ မျက်နှာပေါ်မှမျက်နှာဖုံးကို ဆွဲချွတ် ပစ်လိုက်သည်၊

ယခုမှ ဒုစရိုက်မယ် မေလင်ဖန်၏ရုပ်ပုံအစစ်အမှန်က ဘွား ခနဲ ပေါ်ထွက်လာလေတော့သည်။

'နင်တို့ ငါ့အကြောင်းသိရစေမယ်....ဟိတ်'

မေလင်ဖန်သည် လက်ထဲမှကုမုန္ဒြာလက်နက်ဆန်းကို အသုံး ပြုတိုက်ခိုက်ရန် ဟန်ပြင်လေတော့သည်။

'ကဲ—ဒီဂူထဲမှာ အတုံးအရုံးသေရစ်ခဲ့ကြ'

'ရှစ်....ရှစ်....ရှစ်'

'ရှစ်....ရှစ်....ရှစ်'

ကုမုန္ဒြာလက်နက်ဆန်းမှ ပွင့်ချပ်များသည် တစ်ဖတ်ပြီး တစ်ဖတ် ဖြာထွက်သွားလေသည်။

'ဝါး—ဟား....ဟား'

'ဟား....ဟား....ဟား'

ဟူသောရယ်သံများက တစ်ခဲနက်ပေါ်ထွက်လာလေတော့ သည်။

အကြောင်းမှာ သူမပစ်လွှတ်လိုက်သော ကုမုန္ဒြာလက်နက် မှ ပွင့်ချပ်များသည် ယခင်အခါများကလို အသွားချွန်ထက် သော လက်နက်များမဟုတ်ချေ။

တကယ့်ကြာပန်းတစ်ပွင့်၏ ပွင့်ချပ်များဖြစ်နေလေတော့ သည်။

'ဟင်'



မေလင်ဖန်သည် ကုမုန္ဒြာလက်နက်ကို အံ့အားသင့်စွာ ငုံ့ ကြည့်နေခိုက် ဂူဝမှရယ်သံတစ်သံပေါ်လာတော့သည်။

ရယ်သံရှင်က ခါးကုန်းအဘွားအို၊

အဘွားအိုက ဂူထဲသို့ဝင်ရောက်လာလေသည်။

'ဩော်....ဒါက ရှင့်လက်ချက်ကိုး'

'ဟုတ်ပါတယ် မေလင်ဖန်—ဟုတ်ပါတယ်၊ ဒါ ကျုပ် လက်ချက်ပါပဲ'

'ရှင်... ရှင်ဟာ'

'ကျွန်မက ဆင်ကျားရှင်ယေတောင်ကြီး မဟုတ်ပါဘူး၊ ဇေရုဇ်ရဲ့ လူလျှို့ဝှက်နချုပ်တဆင်းလားတဲ့ သူလျှိုယ် အဘွား ကြီး တစ်ဦးပါ၊ ဟီး... ဟီး... ဟီး'

မေလင်ဖန်သည် တစ်စုံတစ်ခုကိုပြတ်သားစွာ ဆုံးဖြတ်ချက် ချလိုက်ပုံရ၏၊

သူမ၏မျက်နှာက သံမဏိစူးမျှတင်းမာသွားပြီးလျှင်ခါးကုန်း အဘွားကြီးဆီသို့ ပြေးဝင်သွားသည်၊

မြားတစ်စင်းပစ်လိုက်ဘိသည့်နှယ်။ လွန်စွာ မြန်ဆန်လှ သော အရှိန်အဟုန်ပင်ဖြစ်၏၊

'အိကျွတ်ကျွန် ကျားရှဲ'

ဟူသောတိုက်ကွက်။

ဤတိုက်ကွက်မှာ အလွန်ကြောက်မက်ဖွယ်ရာ ကောင်းလှ သည်၊

တစ်ချက်တည်းဖြင့် အသေထိုးနှက်လိုက်သော တိုက်ကွက် ပင် ဖြစ်လေတော့သည်။

'ယား'

အဘွားအိုသည် မိမိ၏သည်မျိုကို မြားတစ်စင်းပမာဝင်လာသော မေလင်ဖန်၏သက်ကို 'ကျောင်ကိုးကွ'ဖြင့် လက်ဝါးစောင်းခုတ်၍ ဟန့်တားလိုက်နိုင်၏။

'ယား'

မေလင်ဖန်သည်မြန်လှ၏။

တိုက်ကွက်တစ်ခု မခံအောင်မြင်မှန်းသိ၍ အခြားတစ်ခုသို့ ရုတ်ခြည်း ပြောင်းလိုက်၏။

သူမ၏ မာကျောသောလက်ချောင်းချွန်များကို ဝက်အူရစ်ပမာအသုံးပြု၍ အဘွားအို၏မျက်ခွက်ကို တအားကုန်လှည့်ထိုးလိုက်သည်။

'ဟဲ...ဟဲ့...ဟဲ'

အဘွားအိုအား လျင်မြန်လှစွာ 'ကျားခွာနန်စု'ဖြင့် မေလင်ဖန်၏ လက်ကောက်ဝတ်ကိုဆုပ်ကိုင်ဖမ်းလိုက်သည်။

ဆုပ်မိလိုက်သည်။

သို့ရာတွင် ချုပ်ကိုင်မရ။

ငြွေတစ်ကောင်ပမာတွန့်လိမ်၍ မေလင်ဖန်၏ လက်သည် လွတ်ထွက်သွားသည်၊

မေလင်ဖန်သည် အပျော့သိုင်း၌ လွန်စွာအဆင့်မြင့်နေမှန်း ရိပ်မိလိုက်ရသည်။

ခါးကုန်းအဘွားအိုကား တုန့်ချီတုန်ချီဟုတ်၊ နုနယ်ပျိုမျစ်ငယ်ရွယ်သော သူမျှားနှင့်ခြား မေလင်ဖန်ကိုလိုက်၍ တိုက်ခိုက်သည်။



ဂျိုင်းကြားကိုတိုက်ခိုက်လိုက်သည်။ (အိချချင်ကျိ)

မေလင်ဖန်ကလည်း ပြန်လည်ခုခံသည်။

စွန်ကုပ်နည်းဖြင့် ပြန်၍တိုက်သည်။ (ကျရင်းကိုစု)။

အဘွားအိုက ပရိယာယ်ပြောင်းသည်၊

လက်သီးဖြင့်လည်းထိုး၊ ခြေဖြင့်လည်း ကန်သည်။ (ကျွတ်ချီစု) တိုက်ကွက်ဖြစ်သည်။

မေလင်ဖန်(အိချိကြိုစန်ကြာ)နှင့်ပြန်ခံထားသည်၊တံတောင်ဆစ်ကိုကွေ့ဝိုက်၍ ခန္ဓာကိုလှည့်ပတ်သည်။

ဒီရည်အသွေးချင်း သိပ်မကွာသဖြင့် ပွဲကြာနေမည်ကို ဇူဆင်ကျင်က မလိုလားချေ။

လက်နက်ပုန်းတစ်ခုကို ထုတ်လိုက်သည်။ ရွှေစေ့ပမာသေးငယ်လှသော အလုံးကလေးတစ်ခုပင် ဖြစ်သည်။

'ရှစ်'

မေလင်ဖန်၏ လည်တိုင်တစ်နေရာကို ထိမှန်လိုက်၏။

'အာ့....အား'

သူမသည် လဲကျသွားပေပြီ။

မေ့ကြောပိတ်လိုက်ခြင်းပင် ဖြစ်သည်။

သို့သော် အဖြစ်အပျက်များကို မျက်တောင်မခတ် စူးစူးစိုက်စိုက်ငြိမ်သက်စွာကြည့်နေသူကား ဆာမူရိုင်းသူရဲကောင်းတိုကူးဂါရာ။

သူသည် ကျောက်ရုပ်ပမာ ငြိမ်သက်စွာရပ်နေသကဲ့သို့ သူ့နောက်မှ ဆာမူရိုင်းရှစ်ယောက်သည်လည်း မလှုပ်ရှားကြ။ ငြိမ်သက်စွာပင် ရပ်နေကြဆဲ။

'မိတ်ဆွေတို့ဟာ ကျွန်ုပ်တို့နိုင်ငံကပိုင်တဲ့ ရှေးဟောင်းပစ္စည်းတွေကို တရားမဝင်တဲ့နည်းနဲ့ရယူဖို့ ကြိုးစားသူတွေဖြစ်တယ်၊ ဒါကြောင့် မိတ်ဆွေတို့ကို ကျွန်ုပ်တို့ဖမ်းရလိမ့်မယ်'

ဗူဆင်ကျော်က ကျွမ်းကျင်လှသော နိပွန်ဘာသာစကားဖြင့် နိုင်ငံခြားသားကိုးယောက်ကို ဝမ်းပင်နန်း၏ညွှန်ကြားချက်အရ လှမ်း၍ပြောကြားလိုက်၏။

တိုကူဂါရာက ပြုံးသည်။

လိုက်လိုက်လဲ့လဲ့ အပြုံးဖြစ်သည်၊ နွေးထွေးလန်းဆန်းသော အပြုံးဖြစ်သည်။ ချီးမွမ်းဂုဏ်ပြုလိုက်သော အပြုံးမျိုးဖြစ်သည်၊

ဗူဆင်ကျော်နှင့် ဝမ်းပင်နန်းတို့သည် တိုကူဂါရာရှိရာသို့ တစ်လှမ်းချင်း လှမ်းတက်သွားသည်။ သူတို့ခါးမှ သေနတ်များက အဆင်သင့်၊

'ရပ်....'

တိုကူဂါရာက လက်ပြ၍ ဟန့်တားလိုက်သည်။

ထို့နောက် သူ့နှုတ်ခမ်းပေါ်မှ နှုတ်ခမ်းမွေးအတုကို လက်နှင့်ဖြုတ်ယူလိုက်သည်။ ခေါင်းပေါ်မှ ဆံပင်အတုကိုလည်း ခွာချလိုက်သည်။

'ဟင်....အရှင်မင်းသား ကိုယ်တော်တိုင်ပါလား'

ဝမ်းပင်နန်းနှင့် ဗူဆင်ကျော်တို့သည် ဒူးထောက်၍ အရိုအသေပေးနေလိုက်ကြသည်၊

သူတို့မျက်လုံးများထဲတွင် အံ့သြခြင်း အရိပ်အခြည်များက လွှမ်းပတ်ဝန်းလည်နေရလေသည်။



'ငါဟာ မေလင်တို့အဖွဲ့က ဒီကိုးပြည်ထောင်စားကြီးကို တိုင်းတပါးရောင်းစားဖို့ ကြံစည်နေတာ ကြိုတင်သိခဲ့ရတယ်'

ကေရာဇ်မင်းမြတ်၏ မဟာသူလျှိုချုပ်ဖြစ်သော မင်းသားချန်က စတင်၍ အမိန့်ရှိတော်မူလေသည်။

'ပြည်ပက တိတ်တဆိတ်ဝင်လာတဲ့ နိုင်ငံခြားသား ကိုးယောက်ကို ကံအားလျော်စွာ ဖမ်းမိလိုက်တယ်၊ အခု သူတို့ကို ဌာနချုပ်မှာ ချုပ်ထားပြီး ငါတို့က နိုင်ငံခြားသား ကိုးယောက်အဖြစ် ရုပ်ဖျက်ပြီး ဒုစရိုက်မှူး မေလင်ဖန်နဲ့ ဆက်သွယ်ခဲ့တယ်'

'မှန်လှပါ'

'ကဲ...ဝမ်းပင်နန်းတို့အဖွဲ့ ရှိဝမ်တီမင်းမြတ်ကြီးရဲ့ ရုပ်ကလာပ်နဲ့ ဒီကိုးပြည်ထောင်စားကြီးကို ရထားပေါ်ကို ပြန်ယ်သွားကြ'

'မှန်လှပါ အရှင်မင်းသား'

'အခု ငါတို့ ပဲပင်တိုင်းကန်တော်သာအနီးက မေလင်ဖန်ရဲ့ စံအိမ်ကြီးကို သွားကြဦးစို့ရဲ့၊ ဟိုမှာ နင်ရှာဝေနယ်စားကြီးရယ်၊ ပင်တိုင်စံရယ်၊ မင်စီရယ် အချုပ်ခံနေကြရတယ်'

'မေလင်ဖန်ရဲ့လက်ထဲကို ဒီစားကြီးနဲ့ ဒီရုပ်ကလာပ်က ဘယ်ပုံဘယ်နည်းရောက်နေတာပါလဲ'

'သူတို့ဟာ ရှိဝမ်တီရဲ့သင်္ချိုင်းကြီးကို ဖောက်ထွင်းခိုးယူခဲ့တာပဲ'

'ဘာပြုလို့ နင်ရှာဝေနယ်စားကြီးသားအဖကို ဖမ်းရတာပါလဲ အရှင်မင်းသား'

ဝမ်းပင်နန်းက သိလိုစိတ်ပြင်းပြစွာဖြင့် မဟာသူလျှိုချုပ်မင်းသားချန်ကို လျောက်ထားမေးမြန်းလိုက်သည်။

'သူ့ကိုယ်သူ နယ်စားကြီးရဲ့သမီးတော်ယောင်ဆောင်ချင်လို့ နယ်စားကြီးသားအဖကို ဖမ်းထားတာပေါ့'

'ဘာပြုလို့ နယ်စားကြီးရဲ့ သမီးတော်ယောင်ဆောင်ချင်တာပါလဲ ဘုရား'

'နယ်စားကြီးရဲ့သမီးတော်ဘဝနဲ့ ဂုဏ်ရှိရှိရောင်းရင်ပိုပြီး ဈေးကောင်းရလိမ့်မယ်လို့ ယူဆပုံရတယ်'

အဖြစ်အပျက်များက ရှင်းလင်းသွားပြီ ဖြစ်ပါသည်။

အိမ်ရှေ့မင်းသားချန် ဦးဆောင်သောအဖွဲ့သည် သမိုင်းဝင် ရှေးဟောင်းပစ္စည်းများကို သယ်ဆောင်၍ ကျောက်ရှင်မြို့ဘက်သို့ ချီတက်လာကြသည်။

ကျောက်ရှင်မြို့အုတ်ရိုးကြီးသို့တိုင် ရောက်လာကြသည်။ အရှေ့ဘက်မြို့တံခါးအဝင်အဝပင် ဖြစ်သည်။

'ဘယ်သူတွေလဲဟေ့'

မြို့ရိုးပေါ်မှ အသံခပ်အုပ်အုပ်အမေးသံ၊ တံခါးမှူးကြီးကွန်ရှန်ဖူး၏အသံပင်ဖြစ်ကြောင်း ဝမ်းပင်နန်းက သိလိုက်၏။

ဝမ်းပင်နန်းသည် မြင်းပေါ်မှ ညင်သာစွာ ခုန်ဆင်းလိုက်ပြီး....

'တံခါးမှူးကြီး....တံခါးမှူးကြီး'ဟု အသံပြုလိုက်သည်။

'ဘယ်သူလဲ'

'ကျွန်တော်ပါ၊ ခွန်ချီယွန်းပါ'



'ဒါနဲ့ ဒီညပြန်မလာတော့ဘူးလို့ပါပဲ၊ အခုတော့ အခြေအနေအရပေါ့ ခင်ဗျာ'

'မေလင်ဖန်ပါသလား'

'ပါလာပါတယ် ခင်ဗျာ'

'ငွေသားဇက်ါး သုံးထောင်ပေးရင် တံခါးဖွင့်ပေးမယ်လို့ပြောလိုက်'

'ဟုတ်ကဲ့'

ဝမ်းပင်နန်းသည် အမှောင်ထဲတွင် ခေတ္တငြိမ်နေပြီးမှ....

'တံခါးမှူးကြီး....တံခါးမှူးကြီး'

'ဘယ်လိုလဲဟေ့'

'အရှင်သခင်မက သဘောတူပါတယ်၊ တံခါးဖွင့်ပါ'

'ဒီညတွင်းချင်း ပေးရမယ်နော်'

'ဟုတ်ကဲ့....ပေးမှာပေါ့ခင်ဗျာ'

'ကောင်းပြီ'

မြို့တံခါးသည် ပွင့်သွား၏။သူတို့အဖွဲ့မြို့ရိုး အတွင်းဘက်သို့ရောက်လာကြ၏။

တံခါးမှူးကြီး ကွန်ရှန်ဖူးက အသင့် စောင့်ကြိုနေလေသည်။

'ဆွန်ချီယွန်း....ငွေသားဇက်ါး'

'လာပါပြီဗျာ'

ဝမ်းပင်နန်းသည် တံခါးမှူးကြီးကွန်ရှန်ဖူးရှိရာသို့ တိုးကပ်သွား၏။

'တံခါးမှူးကြီး'

'ဟဲ...ဟဲ့...ဟဲ့'
'ဒုတ်....'
'အား...'
'ဒုတ်...'
'ဒုတ်....'
'အား....'
'အီး...'
'ဒုတ်....'

'အမယ်လေးဗျ'

ကိုယ်ကျိုးအတွက် တံစိုးလက်ခဆောင်ယူ၍ အထက်အမိန့်ကို လည်တစ်လုံးခြား လိမ်လည်နေသော ဝိသမလောဘသားကြီး တံခါးမှူးကြီး ကွန်ရှန်ဖူးသည် ဒူးညွတ်၍ လဲကျသွား၏။

ငှူဆင်ကျောင်သည် ကြီးမားဝဖိုင့်လှသော တံခါးမှူး ကိုယ်လုံးကြီး ကို မြင်းရထားနောက်မြီးပေါ်သို့ ပစ်တင်လိုက်သည်။

'အင်း...တိုင်းပြည်မှာ ဒီလိုလူမျိုးတွေ ဘယ်နှစ်ယောက်လောက် ရှိနေပါလိမ့်'

မင်းသားချန်ကတံခါးမှူးကြီး ကွန်ရှန်ဖူး၏အဖြစ်အပျက်ကို စဉ်းစားကာ ရေရွတ်လိုက်မိလေသည်။

ငှူဆင်ကျောင်သည် မြင်းကြီးပေါ်သို့ လျင်မြန်စွာခုန်တက်၍ ရှေ့တူရူကို ဒုန်းစိုင်းစီးသွားသည်။

ပဲဟိုင်းတန်ခေတာ်သာအနီးရှိ စံအိမ်ကြီးရှိရာသို့ ဦးတည်၍ သွားနေခြင်းပင် ဖြစ်သည်။



ငယ်ရွယ်သူဆိုတော့ အခက်သား၊ နှလုံးသားအတွေ့အကြုံ ခေါင်းပါးသေးသည်။

လှိုင်းဂယက်သို့နှယ်ထကြွနေသော အချစ်စိတ်တို့ကိုမတားဆီးနိုင်ပါ။

မင်စီ၏ မျက်နှာလေးကို တစ်လမ်းလုံး ထင်တရေးရေးမြင်ယောင်နေသည်။

တိတ်ဆိတ်မှုညှိုးမှောင်နေသော ညဉ့်ယံငယ် မြင်းခွာ သံများက ပဲဟိုင်းတန်ခေတာ်သာနှင့်နီးကပ်သည်ထက်နီးကပ်သွားနေလေသည်။

ဇာတ်သိမ်းပိုင်း
ပြီးပါပြီ၊